www.burmeseclassic.com

# မေတ္တာအရွမ်းအုံမခန်း

## ဖြစ်ရုပ်ဆန်းများ

မေတ္တာရှင် (ရွှေပြည်သာ)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဤကျမ်းစာသည် ၁၃ နှစ်ကျော် အချိန်ယူ
စုဆောင်းပြီးမှ ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။

အရှင်ဇဝန
(မေတ္တာရှင်–ရွှေပြည်သာ)

# မေတ္တာအစွမ်း အံ့မခန်း
# ဖြစ်ရပ်ဆန်းများ

ဖြန့်ချိရေး

**ရွှေပြည်သာစာပေ**

မန္တလေးကျောင်း၊ ဥပသကာအဖွဲ့၊ ၆/၁၀ ရပ်ကွက်၊
ချင်းတွင်းလမ်း၊ ရွှေပြည်သာ၊ ရန်ကုန်။
ဖုန်း – ၀၉ ၅၀၁ ၆၆၆၃

ဖုန်း - ၆၁၁၆၂၂

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၃၂၀၄၁၂၀၅၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၅၃၈၀၅၀၉

ထုတ်ဝေသည့်လ ၂၀၀၅၊ ဒီဇင်ဘာလ

ပုံနှိပ်ခြင်း ဒုတိယအကြိမ်

အုပ်ရေ ၃၀၀၀

ပုံနှိပ်သူ ဦးဇော်မြင့်ဝင်း

ကာလာစုံပုံနှိပ်တိုက်

၁၇၄၊ (၃၁)လမ်း။

ထုတ်ဝေသူ ဦးကျော်ဟင်း

ယုံကြည်ချက်စာပေ

၁၁၁၊ (၃၃)လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး ၈၀၀ကျပ်


မှားယွင်းမှုဟူသည်
မောဟမကင်းသူ လူတိုင်းနှင့် ဆက်ဆံ၏။
သူတစ်ပါးမှားလျှင်
အမှန်ရောက်အောင် ငါပြင်မည်။
ငါမှားလျှင်
သူတစ်ပါးအပြင်ကို ငါခံမည်။
ငါ့ကိုပြုပြင်သူကို
ငါ့ဆရာဟု အသိအမှတ်ပြုမည်။
သူတစ်ပါးအကျိုးကို ငါလိုလားမှ
ငါ့အကျိုးကို သူတစ်ပါးက လိုလားမည်။
ငါ့တာဝန်ကို ငါကိုယ်တိုင်သိ၍
ဆောင်ရွက်မည်။
ငါ့အလိုသို့သာ တစ်ဖက်သတ်လိုက်သူမှာ
ငါ့မိတ်ဆွေမဟုတ်။
သုခ၏မျိုးစေ့ဖြစ်သော ဒုက္ခကို
ရဲဝံ့စွာငါခံယူမည်။
ဒုက္ခ၏ မျိုးစေ့ဖြစ်သော သုခကို
ရဲဝံ့စွာ ငါရှောင်ရှားမည်။
ငါ့အလုပ်နှင့်တူသော အကျိုးကို
မချွတ် ငါရမည်။

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ
စေတုတ္တစံကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလ။

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာအစွမ်း (၁) [illegible]

## စာကျဉ်းချုပ် မာတိကာ


၁။ မေတ္တာနှင့်ယုံကြည်ခြင်း (သဒ္ဓါ) ၁၇

(က) အသက်နဲ့ လက်ဖွဲ့

(ခ) မျက်စိနှာပျောက်သော ယုံကြည်ချက်

(ဂ) တကယ်ယုံလျှင် တကယ်သေ

၂။ မေတ္တာနှင့် အကောင်းမြင်ဝါဒ ၂၇

(က) သနားစရာ ခြင်သတ္တဝါ

(ခ) လောကအလို အကောင်းမြင်နည်းများ

(ဂ) ဗုဒ္ဓအလို အကောင်းမြင်နည်းများ

၃။ မေတ္တာနှင့် ဒေါသ ၃၉

(က) ကောဓအပြစ် ၇ ပါး

(ခ) ဒေါသကြောင့် သေသောနတ်သားများ


www.burmeseclassic.com

www.burmeseclassic.com

(ဂ) ဗွန်းလွန်းဆရာတော်ဟောသော ကိုယ်တွေ့ဒေါသ
(ဃ) ဒေါသကို အကျိုးရှိအောင်အသုံးချနည်း

၄။ မေတ္တာနှင့် သက်သတ်လွတ် ၅၄

(က) သက်သတ်လွတ်သည် မေတ္တာကိုအကျိုးပြုမပြု
(ခ) အသားဝယ်စားရုံဖြင့် ပါဏာတိပါတာကံ
ထိုက်၊ မထိုက်
(ဂ) အသားမစားခြင်းနှင့် ဒေဝဒတ်ဝါဒ
(ဃ) ဗုဒ္ဓဟောကြား အသားမစားခြင်း အကျိုးများ
(င) အသားစားခြင်းနှင့် ကျန်းမာရေးသိပ္ပံအမြင်
(စ) ရောဂါပေးသော အသား

၅။ မေတ္တာ၏ ရှေးဦးအကျင့် ၇၃

(က) စွမ်းနိုင်သူဆိုတာ
(ခ) မေတ္တာရှေးဦးအကျင့်ကို လူတိုင်းကျင့်နိုင်မလား

၆။ တိရစ္ဆာန်တို့၏ မေတ္တာအစွမ်း အံ့မခန်း ၈၀

(က) သမင်မေတ္တာ မြားမလွတ်သာ
(ခ) ခြသေ့်မေတ္တာ မြားမလာ
(ဂ) လုံ့ခွေရသော နွားမမေတ္တာ
(ဃ) မြွေပွေးမမေတ္တာ အံ့စရာ
(င) မေတ္တာ ဒရဝမ်

၇။ လူပုဂ္ဂိုလ်တို့၏ မေတ္တာအစွမ်း အံ့မခန်း ၉၁

(က) ဘုရားပေးသော အနိုင်ယူနည်း
(ခ) တိုင်းပြည်ကိုပင်ပြန်အပ်ခံရသော ယဋမင်း၏မေတ္တာ
(ဂ) မေတ္တာပွားကျိုး ပြသနာ
(ဃ) ရာမညအနော်ရထာ သိစရာ
(င) တောင်ထိပ်ပေါ်က မိခင်မေတ္တာ
(စ) မေတ္တာကို သစ္စာဆိုတဲ့သား
(ဆ) မြွေဆိပ်နှင့် မေတ္တာ
(ဇ) စိုင်ဘုံမိုင်းက မေတ္တာရှင်
(ဈ) တရားသမားနဲ့ ဓားသမား
(ည) မေတ္တာပေါက်ရောက်ရန် အင်္ဂါ ၈ တန်
(ဋ) ကိုယ်တွေ့မေတ္တာပေါက်သော ဦးဉာဏ်ထွန်း

၈။ ရဟန်းပုဂ္ဂိုလ်တို့၏ မေတ္တာအစွမ်း အံ့မခန်း ၁၂၈

(က) လူသေကြောင့် သေကြောင်းကြံခံရသောဆရာတော်
(ခ) လူဆိုးဖမ်းတဲ့မြွေ
(ဂ) နတ်ချစ်ဆေး
(ဃ) ဓားစွမ်းနှင့် မေတ္တာစွမ်း
(င) ဒေါသအပူကို မေတ္တာအအေးက
လွှမ်းနိုင်၊ မလွှမ်းနိုင်
(စ) ဗုံး၏အစွမ်း မေတ္တာလွှမ်း

www.burmeseclassic.com

www.burmeseclassic.com

(ဆ) ရှိင်းသူကိုပင် ယဉ်စေတဲ့မေတ္တာ
(ဇ) သာသနာမပျက်စေချင် မေတ္တာဆင်
(ဈ) သီလစွမ်းအင် မေတ္တာရှင်
(ည) သရဲစီးသော ကျော့မှူးဆင်ဆိုး
(ဋ) မေတ္တာထက်မြက် ကျည်မထွက်
(ဌ) ကျွဲကိုရေချိုး မေတ္တာမိုး
(ဍ) လူမသေသော တိုက်ပွဲ
(ဎ) နွားနှစ်ကောင် ဟောသောတရား
(ဏ) အဆိပ်မသင့် မီးမလောင်တာမေတ္တာ
(တ) လိုက်မမီစရာ အိုမေတ္တာ

၄။ အဆင့်ဆင့် မေတ္တာပွားနည်းများ ၁၆၇

(က) ကုသိုလ်ပါရမီဖြစ် မေတ္တာပွားနည်း
(ခ) မေတ္တာကို ဈာန်တရားထိရအောင်ပွားများနည်း
(ဂ) မေတ္တာဈာန်မှဝိပဿနာကူး၍ နိဗ္ဗာန်အထိသွားနည်း

## နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးပေးနိုင်သောမေတ္တာ

မေတ္တာတရားကို ပွားများလေ့ရှိ၍
မြတ်စွာဘုရားသာသနာ၌
ကြည်ညိုသောရဟန်းသည်
ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို ရနိုင်၏။

(ဓမ္မပဒ၊ သမ္ဗဟုလာ ဘိက္ခုဝတ္ထု-၆၆)

မိခင်သည် မိမိ၏ တစ်ဦးတည်းသောသားကို
အသက်စွန့်၍ စောင့်ရှောက်သည့်နည်းတူ
သတ္တဝါတို့၏ အပေါ်၌
အကန့်အသတ် အပိုင်းအခြားမရှိသော
မေတ္တာစိတ် ထားရမည်။

(မေတ္တာသုတ်)

www.burmeseclassic.com



ဘုရားနှင့်တကွ သံဃာတော်အားလုံးကို
ဆွမ်းကျွေးခြင်းကုသိုလ်၊
ကျောင်းဆောက်လှူခြင်း ကုသိုလ်တို့ထက်
နံ့သာတရှူခန့်
သို့မဟုတ်
နွားနို့တစ်ညှစ်ခန့်
သတ္တဝါတွေ
စိတ်ချမ်းသာကြပါစေ
ကိုယ်ကျန်းမာကြပါစေဟု
ပွားများလိုက်သော မေတ္တာဘာဝနာ
ကုသိုလ်အကျိုးက ပို၍ကြီးမားသည်။

(အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ်၊
သီဟနာဒဝဂ်ဝေလာမသုတ်)



## သူတော်စင်မေတ္တာ နံ့သာပမာ

တောမီးသည် သစ်ရွက်ခြောက်ကို လောင်လွယ်၏
သစ်ရွက်စိုကို မတတ်နိုင်
မသူတော်မီးသည်
မေတ္တာခန်းသူကို လောင်လွယ်၏
မေတ္တာဖျန်းသူကို မတတ်နိုင်
နံ့သာတုံးသည်
မီးရှို့သူကို
မကျွမ်းမချင်း အနံ့ဖြင့် မွှေးစေ၏
သူတော်ကောင်းသည်
ညှဉ်းဆဲသူကိုသော်လည်း
မသေမချင်း အကျိုးဆောင်၏
အကောင်းသည် အရှုံးနှင့်ပြိုင်၍
အဝတ်မလစ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းသည်
မသူတော်နှင့်ပြိုင်၍ ဒေါသမဖြစ်ကောင်း
ကျားကြောက်၍ပြေးစဉ်
ခွေးဟောင်သည်ကို အရေးမယူရ
ငရဲကြောက်၍ သီလစောင့်စဉ်
မသူတော်ညှဉ်းသည်ကို အရေးမယူရ
ဒါနပြုသူကိုမှီ၍ ဒါနပါရမီပြည့်သည်
မသူတော်ကိုမှီ၍ သည်းခံလျှင်
ခန္တီပါရမီပြည့်သည်။

(ပထမ ရွှေကျင်ဆရာတော် ဘုရားကြီး)



## မေတ္တာအမြဲယှဉ် သူတော်စင်

သူများအကျိုးပျက်စီးစရာကို
ဘယ်သောအခါမှ
မလုပ်နှင့် မပြောနှင့် မကြံနှင့်
ကြမ်းတမ်းသောစကားကို မဆိုနှင့်
မေတ္တာနှင့် ယှဉ်သောစိတ်ကို ဖြစ်စေရမည်
အကောင်းကြံ အမှန်လုပ်
အဟုတ်ပြော
ယခုလက်ရှိအချိန်ထက်
ကောင်းသောအချိန်မရှိ
,လက်ရှိအချိန်ကို
နိဗ္ဗာန်အထိ
အကျိုးရှိအောင်သုံးပါ။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မဟာရဋ္ဌဂုရု
အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ
မင်းကွန်း ဓမ္မနာဒ ဆရာတော်
ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ။

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာနိုင်နမို

ကမ္ဘာသူကမ္ဘာသားအပေါင်းတို့
ဘာသာရေးတရားကို အလေးထားကြကုန်လော့
စစ်ကို ဘာသာရေးက တားဆီးနိုင်သည်။
ဘာသာရေးမှတစ်ပါး
စစ်မီးငြိမ်းရန် မျှော်လင့်ချက်မရှိ
ကမ္ဘာပေါ်တွင်
အအောင်နိုင်ဆုံး ပုဂ္ဂိုလ်မှာ
ဗုဒ္ဓသာလျှင်ဖြစ်သည်
တုဖက်ပြိုင်ကင်းသော
အောင်နိုင်သူကြီးဖြစ်၏
အယ်လက်ဇန္ဒား၊ ဆီဇာ၊
နပိုလီယံ စသောစစ်ဘုရင်တို့ကား
ကမ္ဘာကို ဒေါသဖြင့်
အနိုင်အုပ်စိုးသူများသာဖြစ်သည်
ဗုဒ္ဓကား ကမ္ဘာကို



မေတ္တာဖြင့်သာ အုပ်စိုးသူဖြစ်သည်
ကျွန်ုပ်တို့ ဗုဒ္ဓလမ်းစဉ်ကို လိုက်ကြပါစို့
ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့အားလုံး
မေတ္တာဒိုင်နမို
မေတ္တာဘက်ထရီ
မေတ္တာအသံလွှင့်ကြိုးများအဖြစ်
ပြောင်းလဲကာ
စကြဝဠာတစ်ခုလုံး
မေတ္တာဖြင့် လွှမ်းဖုံးကြပါစို့။

(အဓိဋ္ဌာနလျှံဘုန်းတော်ကြီး ဦးလောကနာထ)

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာသုခ၊ တုမရ

လောကကြီးထဲမှာ မေတ္တာလောက်ကောင်းတာ
ဘာမှမရှိဘူး
မေတ္တာဟာ လောကကြီးတစ်ခုလုံးတွင်
တန်ဖိုးအထက်ဆုံး
အချမ်းသာဆုံး တရားကြီးပဲ
ချမ်းသာမှု တကာတို့တွင်
ဘယ်ချမ်းသာနဲ့မှ မတူဘူး
မေတ္တာတရားကိုသာ
စွဲစွဲမြဲမြဲ လက်ကိုင်ထားနိုင်ရင်
သံသရာကျင်လည်ရသည့်တိုင်အောင်
ဘာမှကြောက်စရာမရှိတော့ဘူး။

(တောင်တန်းဆရာတော် ဦးဥတ္တမသာရ)



## လောကကို သာယာဝပြောစေသည်မှာ မေတ္တာ

ဤလောက၌ ကြီးပွားကြောင်း ပျက်စီးကြောင်းတို့မှာ
မေတ္တာတရားသာလျှင် အကြောင်းရင်းရှိ၏။
ငြိမ်းချမ်းခြင်း၊ ဝပြောသာယာခြင်းတို့မှာ
မိုးသာလျှင် အကြောင်းအရင်း ဖြစ်သကဲ့သို့တည်း။

(မဟာပဏ္ဍိတ စံကျောင်းဆရာတော်)
ရွှေဟသာ်ဘတောရ၊ ညောင်တုန်းမြို့

www.burmeseclassic.com

www.burmeseclassic.com



ဟိရိသြတ္တပ္ပတရားနှစ်ပါးသည် လောကကို စောင့်ရှောက်တတ်ရသောကြောင့် လောကပါလတရား နှစ်ပါးဟု ခေါ်ဆိုရသည်။ ထိုနည်းတူစွာ မေတ္တာနှင့် ကရုဏာတရားနှစ်ပါးသည်လည်း လူ့ပြည်လောကကြီး၌ အသည်းနှလုံး အစစ်ဖြစ်၍နေသောကြောင့် လောကဟဒယတရားမည်ပေသည်။

မေတ္တာကရုဏာ မှိုးခေါင်၍နေခြင်းသည် လောကကြီးကို ခန်းခြောက်၍ ပျက်စီးစေနိုင်၏။ ဆုတ်ကပ်ဟူ၍ ဖြစ်လာသည်မှာ ထိုတရားနှစ်မျိုး မှိုးခေါင်ခြင်းကြောင့် ဖြစ်ရလေသည်။

(လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)



## လောက၌အလိုအပ်ဆုံးသောအရာ

နယူးယောက်မြို့ရှိ ဆင်းရဲသားရပ်ကွက်က လူကလေးများကို အနီးအနားရှိ လယ်ပိုင် ခြံပိုင်ရှင်တို့၏ အိမ်များတွင် တစ်အိမ် တစ်ယောက်ကျ စိမ်းစိမ်းလန်းလန်း ယာခင်းတောတောင်တို့ကို ပထမအကြိမ်ကြည့်ရှု၍ စိတ်ပျော်ရွှင်ကြစေရန် မ,စကြမည်ဟု ကူညီမ,စခြင်း အသင်းသားများက သဘောတူကြ၏

ဆင်းရဲသော လူကလေးတစ်ယောက်ကို လက်ခံလိုက်သော လယ်ရှင်အိမ်ထောင်မှာ အသင်းတော်များနှင့် ပျော်ပွဲစားထွက်ကြမည့် အချိန်နှင့် ကြုံကြိုက်နေ၏။ ထိုလူကလေးကို မိမိတို့အိမ်၌ ထားခဲ့ရမည်လော၊ ပျော်ပွဲစားရန် ခေါ်သွားရမည်လောဟု ဝေခွဲမရ ဖြစ်နေ၏။ နောက်ဆုံး၌ အိမ်၌ထားခဲ့လျှင် မတော်တဆ ပစ္စည်းများကို ခိုးယူထွက်ပြေးမည်ထက် ခေါ်သွားသောအခါ သူတစ်ပါးတို့အား အနှောင့်အယှက်ပေးသည်က သက်သာလိမ့်မည်ဟု ဆုံးဖြတ်ပြီး ခေါ်သွားကြသေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပွဲစားသောနေရာတွင် ရေစီးသန်လှသောချောင်း၌ လူကလေးတို့သည် ဖောင်စီး၍ ကစားကြရာ၌ အလွန်ပျော်ရွှင်ကြ၏။ သို့ရာတွင် လူကြီးများသည် ကုန်းပေါ်သို့သွားနေခိုက် ဖောင်၌ကစားနေသော လူကလေးတစ်ယောက်သည် ချောင်းထဲသို့ လိမ့်ကျလေ၏။ သူ၏ ထိန့်လန့်တကြား အော်ဟစ်သောအသံကို ထိုလူကြီးများက ကြား၍ ပြေးလာနေကြ၏။

သို့ရာတွင် သူတို့မရောက်မီ ဆင်းရဲသောလူကလေး တစ်ယောက်က ရေထဲသို့ ရုတ်တရက်ခုန်ဆင်း၍ လိမ့်ကျသော လူကလေးကို ဆွဲငင်ယူနေလေပြီ။ ထိုအချိန်သည် ဆောင်းဥတုဖြစ်၍ ချမ်းအေးလှ၏။ လိမ့်ကျသောလူကလေးကို လူအများတို့သည် လျှင်မြန်စွာ နွေးစေရန် အပေါ်အင်္ကျီများကို ချွတ်၍ ခြုံပေးကြ၏။

ဖက်သူကဖက် နမ်းသူကနမ်း ဝိုင်း၍အရေးယူကာ ယုယစွာပြုစုကြ၏။ ဆင်းရဲသောလူကလေးမှာ လူကြီးများအနား၌ အလွန်ချမ်းအေးခိုက်ခိုက်တုန်လျက် ရပ်နေ၏။ လူတစ်ယောက်သည် ရေနစ်သောလူကလေးကို ကယ်ဆယ်သည့်အတွက် ငွေအနည်းငယ်စု၍ ပေးကြလျှင် ကောင်းမည်ဟု အကြံပေးသဖြင့် အနည်းငယ်စီထည့်ကြ၍ စုစုပေါင်း လေးငါးကျပ်လောက်ရ၏။

သူတို့က ဦးပုသိမ်စာဖြေကျောင်း ဦးက္ကဋ္ဌလက်ဖြင့် လူကလေးအား ပေးစေ၏။ ဦးက္ကဋ္ဌက–

“သည်မှာလူကလေး မင်းပြုသောအမှုကို ကျွန်ုပ်တို့သဘောကျ၍ ဤငွေကို ပေးချင်သည်” ဟုဆိုကာ လူကလေးကို ပေးလေ၏။



ခိုက်ခိုက်တုန်နေသော ဆင်းရဲသားလူကလေးက ပိုမိုတုန်ရီလာသောအသံဖြင့်–

“ကျွန်တော် ငွေကို မလိုချင်ပါ။ ကျွန်တော်ကို မ,စလိုလျှင် တစ်ယောက်ယောက်က ကျွန်တော်ကို ချစ်ဖို့သာ အလိုရှိပါသည်” ဟု ပြန်ပြောရှာလေသည်။ ထိုကဲ့သို့ ဘဝကံ မကောင်းရှာသူလေးများ လိုအပ်နေသော မေတ္တာကို ကျွန်ုပ်တို့ အဘယ့်ကြောင့် မပေးနိုင်ဘဲ ရှိအံ့နည်း။

တစ်ခါက မိဘမဲ့ကလေး ဂေဟာတစ်ခုသို့ ရောက်လာသော သင်းအုပ်ဆရာကြီး တစ်ဦးက ဆံပင်ရှည်ပြီး လိမ်ကောက်နေသော မိန်းကလေးတစ်ယောက်ကို အောက်ပါအတိုင်း မေးလိုက်သည်။

“သမီး ယခု ခရစ္စမတ်ပွဲတော်အချိန်ရောက်ဖို့ နီးလာပြီ၊ ထိုနေ့ရောက်လျှင် သင့်အဖို့ စံတာကလော့စ် ဘာလက်ဆောင် ယူခဲ့ပေးစေချင်ပါသလဲ”

မိန်းကလေးက တည်ငြိမ်သောမျက်လုံးကလေးများနှင့် ကြည့်ပြီး ပြောလိုက်သည်မှာ–

“ကျွန်မ လက်ဆောင်များတို့ထက် ပို၍လိုချင်သောအရာ တစ်ခုမှာ လူတစ်ဦးတစ်ယောက်က ကျွန်မကို သူ့လက်ပေါ်မှာချီပြီး ကျွန်မကိုချစ်ပြီး နမ်းဖို့ပဲဖြစ်ပါတယ်” ဟူ၏။ ဤကဲ့သို့ မေတ္တာဓာတ်ကို ငတ်မွတ်နေကြသော ဘဝမလှကြသူများ၊ လောကအလယ်တွင် ဒုနှင့်ဒေး များပြားစွာ ရှိကြပေရာ၊ ကျွန်ုပ်တို့ထံမှ ကာယကံ၊ ဝစီကံ၊ မနောကံ မေတ္တာများကို မပေးပို့နိုင်ကြပြီလော။

ကမ္ဘာတစ်ဝှန်းလုံးတွင် ဖြစ်ပွားနေသော သွေးချောင်းစီး စစ်ပွဲများ မှ ဒုက္ခသည်များကလည်း ငြိမ်းချမ်းသော မေတ္တာဓာတ်ကို

www.burmeseclassic.com

www.burmeseclassic.com



အဘယ်မျှ ဝေါ်မွတ်နေကြသည်ကို မှန်းဆကြည့်ကြကုန်လော၊ ကျည်ဆန်တို့၏အလယ် သွေးအိုင်တို့၏ကြားဝယ် တဆတ်ဆတ် လူးလွန့်ကာ ဒုက္ခရောက်နေကြသော ဝေဒနာသည်များထံသို့ မေတ္တာဓာတ်များကို မပေးပို့နိုင်ဘဲ ရှိရအံ့နည်း။

* မေတ္တာအလင်း တောက်ပခြင်းဟာ
ကမ္ဘာ့မိသားစုကြီး တစ်ခုလုံး
ထာဝစဉ် အားထားမြတ်နိုးရမည့်
လျှို့ဝှက်ကယ်တင်ရှင် ဖြစ်ပေမယ့်

* မေတ္တာတရား ခေါင်းပါးမှုနတ်ဆိုးက
ကမ္ဘာ့မိသားစုကြီး တစ်ခုလုံးအတွက်
ယနေ့. . .မျက်ရည်နှင့်သွေးများ
စနစ်တကျ ဖန်တီးပေးနေတယ်

* သစ္စာအလင်း ပြန့်နှံ့ခြင်းဟာ
ကမ္ဘာ့မိသားစု တစ်ခုလုံးအတွက်
ထာဝစဉ်ဆောင်ရွက်ရမယ့်
လျှို့ဝှက်အင်အား ဖြစ်ပေမယ့်

* သစ္စာတရားခေါင်းပါးမှုနတ်ဆိုးက
ကမ္ဘာ့မိသားစုကြီး တစ်ခုလုံးအတွက်
ယနေ့. . .သဘာဝ ဘေးအန္တရာယ်ဆိုးများ
စနစ်တကျ ဆောင်ကျဉ်းပေးနေတယ်



* မေတ္တာသစ္စာရောင်ခြည်တို့သည်သာ
ကမ္ဘာ့မိသားစုကြီး တစ်ခုလုံးအတွက်
"ငြိမ်းချမ်းရေး နိဗ္ဗာန်ဘုံများ"
ဖန်ဆင်းပေးနိုင်ပေမယ့်

* စစ်ဆိုတဲ့. . .စစ်ပွဲဆင်နွှဲမှုတွေက
ကမ္ဘာ့မိသားစုကြီး တစ်ခုလုံးအတွက်
ကြေကွဲဖွယ် ငရဲခန်းများ
စနစ်တကျဖန်တီးပေးနေကယ်။ **(မောင်ရဲမြင့်)**

## ချစ်ခြင်းနှစ်မျိုး

ဓမ္မဒွတ်တိမေတ္တာ သိနိယုတ်တိမေတ္တာ ဟူသော ဝိသုဒ္ဓိမဂ်လာ ဝိဂြိုဟ်အရ ချစ်ခင်တတ်သောကြောင့် မေတ္တာဟု အဓိပ္ပါယ်ရသည်။ ဤ၌ ချစ်ခြင်းသည်–

တဏှာပေမ = တဏှာဖြင့်ချစ်ခင်ခြင်း

မေတ္တာပေမ = မေတ္တာဖြင့် ချစ်ခင်ခြင်း ဟု နှစ်မျိုးရှိ၏။ ထိုတွင် တဏှာပေမ ခေါ် တဏှာဖြင့် ချစ်ခင်ခြင်းသည် မောဟ ပြဋ္ဌာန်းခြင်းရှိသော လောဘတရားတည်း၊ အကုသိုလ်တရား စစ်စစ် ဖြစ်၏။

မေတ္တာပေမ = မေတ္တာဖြင့် ချစ်ခြင်းသည် ပညာပြဋ္ဌာန်းခြင်း ရှိသော အဒေါသတရားတည်း၊ အလောဘတရားနှင့် ယှဉ်သောကြောင့် မတွယ်တာ မကပ်ငြိဘဲ အေးမြကြည်လင် ချစ်ခင်ခြင်း သဘောရှိ၏။ ကုသိုလ်တရား စစ်စစ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ဆိုသော သိနိယှတိ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို ဝိသုဒ္ဓိမဂ် မဟာဋီကာ ဆရာက ဤသို့ ရှင်းပြသည်။

သိနိယှတိတိ သတ္တေသုဇ္ဈာ ပဇ္ဇဝသေန
လူခဘာဝဿ ပဋိပက္ခဘူတံ ဉာဏပုဗ္ဗင်္ဂမံ
ဟိတာကာယ ပဝတ္တိ ဝသေန သိဝနေဟံ ဒဿတံ
န တဏှာယဝသေန
သိနိယှတိ ဟူသော ဤပုဒ်၌
သတ္တဝါတို့၌ ဖျက်ဆီးသည်၏ အစွမ်းဖြင့် ကြမ်းတမ်း ခြောက်သွေ့သော အဖြစ်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်သော
ဉာဏ်ပြဋ္ဌာန်းသော အကျိုးစီးပွားကို ကျင့်လိုခြင်း၏ အစွမ်းဖြင့် ချစ်ခြင်းဟု မှတ်ရမည်။
တဏှာဖြင့် ချစ်ခြင်းဟု မမှတ်ရ။
ထို့ကြောင့် အချုပ်အားဖြင့် သူတစ်ပါးကို ချမ်းသာစေလိုခြင်း ကောင်းစေလိုခြင်း အကျိုးစီးပွားကို လိုလားတတ်သောသဘောမျိုးကို မေတ္တာဟု မှတ်ရမည်။

* * *



အခန်း (၁)

## မေတ္တာနှင့်ယုံကြည်ခြင်း (သဒ္ဓါ)

မေတ္တာဘာဝနာ အောင်မြင်စေရန်အတွက် အရေးကြီးဆုံး လိုအပ်ချက်မှာ မေတ္တာဘာဝနာကို ယုံကြည်ခြင်း (သဒ္ဓါ)ပင် ဖြစ်ပါတော့သည်။ အရာရာတွင် သဒ္ဓါတရား မည်မျှအရေးပါကြောင်း သိသာရန် မိလိန္ဒပဉှာ ပါဠိတော်တွင် သဒ္ဓါတရားသည် လိုရာဝယ်ယူနိုင်သော အဖိုးငွေနှင့်တူ၏ ဟူ၍ပင် ဟောကြားတော်မူခဲ့သည်။

သုတ်တော်ကောင်းတရား (၇)ပါး၊ ဒုလ္လဘတရား (၅)ပါးတို့တွင် သဒ္ဓါတရားကို ထည့်သွင်းဟောကြားခြင်းကို ထောက်ဆသောအားဖြင့် သဒ္ဓါတရားအရေးပါပုံကို မှန်းဆနိုင်ပေသည်။

နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်လမ်းတစ်လျှောက်တွင်
အလွန်အစွမ်းထက်သော စိတ်ပိုင်းဆိုင်ရာ
တန်ခိုးသတ္တိတစ်ခုသည် သဒ္ဓါတရား–
သို့မဟုတ် ယုံကြည် စိတ်ချမှုပင်ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် မိမိတို့ဆောင်ရွက်သော အမှုကိစ္စများ၌
ယုံကြည်စိတ်ချမှု သဒ္ဓါတရားရှိသောအခါ
ကျွန်ုပ်တို့၏ အားထုတ်မှုကို ပျက်စီးအောင်ပြုတတ်သော
ယုံမှားသံသယများ (ဝိစိကိစ္ဆာများ)သည်
အနှောင့်အယှက် မပြုနိုင်တော့ချေ။

**(အမေရိကန် ဗုဒ္ဓကမ္မဋ္ဌာန်းပြဆရာကြီး ဂိုးလ်စတိန်း)**

ပညာရှင်တစ်ဦးက ယုံကြည်ခြင်းသည် လုပ်ငန်းတစ်ဝက်ကို ပြီးစေသည်ဟု ဆိုခဲ့ဖူးသည်။ တကယ်တော့ ယုံကြည်ခြင်း သဒ္ဓါသည် အကျိုးတစ်ဝက်ကိုသာမက အကျိုးတစ်ခုလုံးကိုပင် ပြီးစေခဲ့သော လက်တွေ့သာဓကပေါင်း များစွာရှိခဲ့ရာ လက်တွေ့သမား ခေတ်လူငယ်တို့အတွက် အနည်းငယ် တင်ပြပါအံ့။

## အသက်နဲ့ လက်ဖွဲ့

ရွာတစ်ရွာ၌ သူငယ်ချင်းနှစ်ယောက်ရှိရာ တစ်ယောက်က စစ်ထဲဝင်ရန် တိုက်တွန်းသောအခါ ကျန်တစ်ယောက်က မိမိတော့ မဝင်လိုကြောင်း၊ သို့သော် အချစ်ဆုံးမိတ်ဆွေဖြစ်၍ ဘိုးစဉ်ဘောင်ဆက် သိမ်းဆည်းလာသော ကျည်လွှဲလက်ဖွဲ့တစ်ခုကို ပေးလိုက်လိုကြောင်း ပြောပြီးလျှင် နောက်တစ်နေ့၌ သတ္တုပြားဖြင့်လိပ်ထားသော လက်ဖွဲ့တစ်ခုကို ပေးလိုက်လေသည်။

စစ်ထဲဝင်သွားသော မိတ်ဆွေမှာ လက်ဖွဲ့အပေါ်ရော သူငယ်ချင်းအပေါ်ရော ယုံကြည်ခြင်းက အားကြီးလှသောကြောင့် ရှေ့တန်းသို့ အကြိမ်ကြိမ်အခါခါ ထွက်ရသော်လည်း ကျဖို့ဝေးစွ အနည်းငယ်မျှပင် ဒဏ်ရာမရခဲ့ပေ။ စစ်မှုထမ်းသက် ခြောက်နှစ်ပတ်ဝန်းကျင်ခန့်ရှိသော် တပ်မှခွင့်ယူပြီး ရွာသို့အလည် ပြန်ခဲ့သည်။

ရွာရောက်ရောက်ခြင်း ကျေးဇူးရှင် မိတ်ဆွေကို မတွေ့တွေ့အောင်ရှာပြီး ပေးလိုက်သောလက်ဖွဲ့အတွက် ကျေးဇူးများစွာတင်ကြောင်း၊ ဤလက်ဖွဲ့အစွမ်းကြောင့် တိုက်ပွဲကျဖို့ဝေးစွ ဒဏ်ရာပင်မရကြောင်းကို အားရဝမ်းသာ ပြောပြရှာသည်။ ထိုအခါ လက်ဖွဲ့ပေးလိုက်သော မိတ်ဆွေက " မင်းငါပေးလိုက်တဲ့ လက်ဖွဲ့ကို တစ်ခါမှဖွင့်မကြည့်ခဲ့ဘူးထင်တယ်၊ ငါက မင်းကို နောက်လိုက်တာကွ"ဟု ပြောကာ ခွက်ထိုးခွက်လန် ရယ်မောလေသည်။

ထိုအခါကျမှ လက်၌စည်းထားသော လက်ဖွဲ့ကို ဖြေ၍ သေချာကြည့်လိုက်သောအခါ အောက်ပါစာသားကို ရေးသားထားလေသည်။

"သူငယ်ချင်း မင်းတိုက်ပွဲကျရင်
မင်းနှမကို ငါယူလိုက်မယ် " ဟူ၏။

တပ်ထဲမှ သူငယ်ချင်းမှာ ထိုအခါကျမှ ဒေါသကြီးစွာဖြစ်ပြီး များစွာ စိတ်မချမ်းသာဖြစ်ကာ လက်ဖွဲ့ကို အဝေးသို့ လွှင့်ပစ်လိုက်လေတော့သည်။ ရွာမှ ပြန်ခဲ့ပြီး နောက်တစ်ခါ ရှေ့တန်းထွက်သောအခါ တိုက်ပွဲကျရှာလေတော့သည်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်လို့ပါဟု ဆောဒက တက်ချင်လျှင် အောက်ပါသာဓကကို ဆက်လက်ကြည့်ရှုပါ။



www.burmeseclassic.com

www.burmeseclassic.com



## မျက်စိနာပျောက်သော ယုံကြည်ချက်

ရွာတစ်ရွာတွင် မျက်စိရေမန်းလွန်စွာကောင်းသော ဘုန်းကြီးတစ်ပါး ရှိလေသည်။ ဆရာတော်၏ ရေမန်းစွမ်းရည်ကြောင့် ရွာနီးချုပ်စပ်အပြင် ဝေးဝေးလံလံရွာများမှပင် မျက်စိနာ လူနာများ လာရောက်၍ ရေမန်းတောင်းကာ ခတ်ကြလေသည်။ တစ်နေ့သ၌ ရေမန်းဆရာတော်ရွာနှင့် ၈ မိုင်ကျော်ကျော်ခန့် ဝေးသောရွာမှ ရွာသားတစ်ယောက်သည် မျက်စိအကြီးအကျယ်နာလေသည်။

အချိန်မှာလည်း ညသန်းခေါင်ကျော်ဖြစ်၍ မြွေပါး၊ ကင်းပါး အပြင် သူခိုး၊ ဓားပြ အန္တရာယ်က စိုးရိမ်ဖွယ် ဖြစ်နေသောကြောင့် လူနာထပ်တလဲလဲ တောင်းနေသော ဆရာတော့်ရေမန်းကို ဘယ်သူမှ သွားမယူ ရဲကြပေ။ လူနာကလည်း မျက်စိက စူးရှ ကိုက်လှသဖြင့် ဆရာတော်၏ ရေမန်းကိုသာ မရ အရ ယူပေးရန်ဖွတ်တောင်းနေရှာလေသည်။

လူအများက လူနာကိုလဲသနား၊ ရေမန်းလည်းသွားမယူရဲနှင့် ဒုက္ခရောက်နေချိန်တွင် ယုံကြည်ခြင်း၏စွမ်းရည်ကို သေချာသိထားသော အမျိုးသားတစ်ယောက်က–

“ကဲကဲ ရေမန်းကိုဘယ်သူမှ သွားမယူရဲရင်လဲနေကြ၊ ငါကိုယ်တိုင်သွားယူမယ်။ မြူအိုးထဲ သောက်ရေနည်းနည်းထည့်ကွာ၊ တိုင်မှာ ချိတ်ထားတဲ့ ငှက်ကြီးတောင်ဓားကိုလည်း ပေးကွာ၊ လမ်းက သိပ်စိတ်ချရတာမဟုတ်ဘူး” ဟု ပြောဆိုကာ လက်နှိပ်ဓာတ်မီးကို ယူ၍ တခါထဲ ထွက်သွားလေတော့သည်။



လူနာနှင့်တစ်ကွ အိမ်သားအားလုံးပင် တကယ်သွားသည်ဟု ယုံကြည်လိုက်ကြသော်လည်း ၎င်းအမျိုးသားမှာ ရွာထိပ်က အိမ်တွင် အေးအေးဆေးဆေးထိုင်၍ စကားပြောနေသည်မှာ ၂ နာရီ ကျော်ခန့် ကြာသွားလေသည်။ အားရအောင်စကားပြောပြီးသောအခါမှ ရေမန်းအိုးကိုယူကာ မှင်နှင့်မောင်းနှင့် ပြန်လာခဲ့လေတော့သည်။

အိမ်သားများနှင့် လူနာယုံကြည်ချက် အားကိုရသည်နှင့် တပြိုင်နက်–

“ကဲ ဆရာတော်ဆီက ရေမန်းရခဲ့ပြီ ခတ်ရအောင် ရတနာသုံးပါးကို အာရုံပြုပြီး ပက်လက်လှန်လိုက်ပါ”

ယုံကြည်ချက်စွမ်းရည်ကား အံ့ဩဖွယ်ကောင်းပေစွ၊ ရေမန်းမျက်စိထဲရောက်သွားသည်နှင့် လူးလိမ့်ကာအော်နေရသော လူနာမှာ ချက်ချင်း ထထိုင်ကာ အကောင်းပကတိ ဖြစ်သွားလေတော့သည်။ ဤနေရာ၌ လူနာ၏ မျက်စိရောဂါကို ပျောက်အောင် ကုသပေးသည်မှာ ယုံကြည်ချက်သာ ဖြစ်ကြောင်း သတိပြုမိပါလိမ့်မည်။

## တကယ်ယုံလျှင် တကယ်သေ

ပေါ်ပြပါ သာဓကကိုပင် တိုက်ဆိုင်လို့ပါဟု ပြောချင်သူများအတွက် ခေါင်းစဉ်ပါ သာဓကကို ဆက်လက်တင်ပြပါဦးမည်။ ယုံကြည်ချက်စွမ်းရည်ကို သေချာသိထားသော အမျိုးသားတစ်ဦးက “လူမှာ စိတ်အဓိကပါ၊ အဲဒါကြောင့် စိတ်ကိုသာ သေအောင်သတ်နိုင်ရင် လူပါသေတယ်” ဟုဆိုရာ အများက လူ့ခန္ဓာမှာ သေလောက်သော အဆိပ်ရာတစ်ခုမှ မရဘဲ စိတ်ကသေပြီဟု ယုံကြည်တာနှင့် မသေနိုင်ကြောင်း စောဒကတက်ကြသဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



အစိုးရထံ ခွင့်တောင်းကာ အောက်ပါအစီအစဉ်အတိုင်း စိတ်ကို သေအောင် သတ်ပြခဲ့လေသည်။ ထိုအချိန်က လူသတ်မှုမှန်လျှင် အသေစား သေရသော ဥပဒေရှိနေသည့်အပြင် လူသတ်တရားခံကို လည်း သူကျူးလွန်သည့်အပြစ်အတိုင်း ပြန်သတ်ကာ အပြစ်ပေးလေ့ ရှိသည်။ လက်တွေ့စမ်းသပ်မည့်တရားခံကား သူတစ်ပါး၏ လည်ပင်း ကို မသေမချင်း သင်တုန်းဓားနှင့် သတ်ခဲ့သူဖြစ်ပါသည်။

ထို့ကြောင့် တရားရုံးကလည်း ၎င်းကျူးလွန်ခဲ့သည့် အတိုင်းပင် ပြန်လည်ကွက်မျက်ရန် ပြစ်ဒဏ်ချမှတ်လိုက်ပါသည်။ ဆရာတော်က သရဏဂုံတင်ပြီး တရားဟောပြီးသည်နှင့် တရားခံကို ပက်လက်လှန် ကာ မလှုပ်နိုင်အောင် ချုပ်ထားလိုက်လေသည်။

အချိန်ကျရောက်သည်နှင့် တရားခံ၏ ခေါင်းကို အဝတ်နက် ခေါင်းစွပ်ကြီးများ စွပ်လိုက်ကြသည်။ ထိုအခါကျမှ စိတ်ကို သေအောင် သတ်မည့် အမျိုးသားက အသင့်စီမံထားသော ရေခရားကိုယူကာ အနားသို့ရောက်လာသည်။ ခရားမှာ ငှဲ့လိုက်လျှင် လူမန္တာကိုယ်မှ သွေးထွက်ချင်နေသည့် ပုံစံနှင့်တူအောင် သေချာပြုပြင်စီရင်ထားသည်။

တရားခံအနီးသို့ရောက်သည်နှင့်–

“တရားခံမောင်နီ သင်သည် သူတစ်ပါး၏ လည်ပင်းကို မသေမချင်း သင်တုန်းဓားနှင့်လှီး၍ သတ်ခဲ့သည့်အတိုင်း သင့်ကိုလည်း ထို့အတူသတ်ရတော့မည်။ ဘဝကူးကောင်းရန်အတွက် ရတနာ သုံးပါးကိုသာ အာရုံပြုနေပါ”

စကားဆုံးသည်နှင့် တရားခံ၏ လည်ပင်းမှ အရေကိုဆွဲပြီးလျှင် သင်တုန်းဓားဖြင့် သွေးစို့ရုံသာ လှီးလိုက်သည်။ သွေးပင်မထွက်ပါ။



ကြက်သွန်လှီးစဉ် လက်ကို ဓားရှသလောက်ပင် မရှိပါ။ ထိုသို့ လှီးပြီးသည်နှင့် အသင့်ဆောင်လာသော လျှို့ဝှက်ရေခရားဖြင့် တရားခံ၏ လည်ပင်းနားမှ မသိမသာကပ်ခါ ရေကို ငှဲ့ချလိုက် လေသည်။ ထိုသို့ ငှဲ့ရင်း–

“တရားခံမောင်နီ သင်၏ လည်ပင်းကား ဟက်တက်ကြီး ကွဲလေပြီ၊ သွေးများဟာ ဒရဟော ကျနေပေပြီ၊ သင်ကား မိနစ်ပိုင်း အတွင်း ဘဝပြောင်းရတော့မည်။ ရတနာ သုံးပါးကိုသာ အာရုံပြုပါ” ဟု တတွတ်တွတ် ပြောပေးနေသည်။

ငါးမိနစ်ခန့်ကြာ၍ ခေါင်းစွပ်ကို ဖွင့်လိုက်သောအခါ တရားခံ ကား အသက်မရှိတော့ပါချေ။ သေလောက်သည့် ဒဏ်ရာမဟုတ်ဘဲ တရားခံသည် အဘယ်ကြောင့် သေသွားရသနည်း။

၁။ ကေန်မုချ သေဒဏ်ကျမည်ဟု ယုံကြည်ခြင်း၊

၂။ ယုံကြည်နေသည့်အတိုင်းလည်း သေဒဏ်ချမှတ်ခြင်း၊

၃။ သေဒဏ်ချမှတ်သည့်အတိုင်း သေအောင်မသတ်သော် လည်း သေအောင်သတ်နေသည်ဟု ပြောလိုက်သောစကားကို တကယ် ယုံကြည်လိုက်သောကြောင့်ပင် ဖြစ်ပါတော့သည်။ မေတ္တာကိုသာ တကယ်ယုံကြည်ပါ။ မေတ္တာအစွမ်းဖြင့် စစ်ပွဲကိုလည်းတားနိုင်သည်။ မိုးညှင်းဆရာတော်ကို ကြည့်ပါ။

စစ်သားနှင့် ပြည်သူပြည်သားများ အတုံး အရုံးသေဆုံးကာ မီးကုန် ယမ်းကုန် တိုက်ခိုက်နေကြသည့် အီတလီနှင့် အဘီဆီနီယား (အီသီယိုးပီးယား) တို့၏ စစ်ပွဲကို ဆရာတော်နှင့်တကွ ယောဂီများက ငါးရက်အတွင်း ပြီးအောင် မေတ္တာပို့နိုင်ခဲ့သည်။

www.burmeseclassic.com



မေတ္တာစွမ်းရည်ဖြင့် မိုးလေဝသ မှန်ကန်၍ တိုင်းပြည်ကို သာယာဝပြောစေနိုင်သည်။ စရိယ ပိဋကလာ ဂရုဓမ္မဇာတ်ကိုကြည့်ပါ။ ကလိင်္ဂရာဇ်ပြည်တွင် မိုးခေါင်ရေရှားပြီး လယ်ယာများ ပျက်စီးကုန်သောကြောင့် မိုးလေဝသမှန်၍ စိုက်ပျိုးတိုင်းအောင်မြင်နေသော ကုရုပတ္တနတိုင်းပြည်မှ ဆင်ဖြူတော်ကို အလှူခံခဲ့သော်လည်း မိုးကားကောင်းမလာခဲ့–

နောက်မှ ပညာရှိများ အကြံပေးချက်အရ ကုရုပတ္တနတိုင်းပြည်မှ ဂရုဓမ္မကို ရအောင်သင်ယူခဲ့ပြီးလျှင် ကျင့်သုံးသောအခါကြမှ မိုးလေဝသ ပြန်ကောင်းပြီး ပြည်သူပြည်သားများ ချမ်းသာကြရပါသည်။ ဤဂရုဓမ္မ ပြန်တမ်းကို မြန်မာနိုင်ငံတွင် တကောင်းမင်းလက်ထက်မှစ၍ မင်းအဆက်ဆက်ကျင့်သုံးခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဂရုဓမ္မပြန်တမ်း အပြည့်အစုံမှာ

၁။ တိုင်းသူပြည်သားတို့သည် ဝါတွင်းဝါပ တစ်လလေးသီတင်း အဋ္ဌင်္ဂဥပုသ်ကို စောင့်ထိန်းကြရမည်။

၂။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်ထိန်းကြရမည်။

၃။ ရတနာသုံးပါးကို နေ့ညအမြဲမပြတ် ဝတ်ကပ်ဝတ်ထက်ပြု၍ မေတ္တာဗြဟ္မစိုရ်တရားကို အထူးပွားများရမည်။

၄။ မိဘဘိုးဘွား ဆရာသမားများကိုလည်းကောင်း၊ အကျင့်သီလနှင့်ပြည့်စုံသော သူမြတ်တို့ကိုလည်းကောင်း မင်္ဂလာတရားတော်နှင့်အညီ ရိုသေမြတ်နိုးပူဇော်ရမည်။



ဤဂရုဓမ္မပြန်တမ်းတော်ကား ဘုရားဟော အစစ်ကေန် ဖြစ်သောကြောင့် ယုံယုံကြည်ကြည်ဖြင့် တကယ်လိုက်နာကျင့် သုံးပါက၊ တကယ်ကောင်းကျိုးချမ်းသာကို ခံစားရပါလိမ့်မည်။

မေတ္တာ၏ စွမ်းရည်ဖြင့် ရောဂါဘယ အမျိုးမျိုးကို ခဏခြင်း ပျောက်ကင်းစေနိုင်သည်။

တော်ကူးဆရာတော်ဘုရားကြီး၏ လက်တွေ့ဖြစ်ရပ်ကို လည်းကောင်း၊ တောင်ကြီးမှ ပယောဂဝေဒနာရှင်မလေး၏ လက်တွေ့ဖြစ်ရပ်ကိုလည်းကောင်း ကြည့်ပါ။

တော်ကူးဆရာတော်ဘုရားကြီး ရဟန်းဘဝမရောက်ခင်ကပင် ဖြစ်ပါသည်။ တစ်နေ့သောအခါ သည်းကြီးမဲကြီး ဝေ့နေကြသော အိမ်မှ နွားနှစ်ကောင်ကို သွား၍ဖျင်ပေးရာမှ တစ်ကောင်သောနွား၏ ချိုက ဆရာတော်လောင်းလျာ၏ လည်ပင်းကို ထုတ်ခြင်းခတ်မိသည်အထိ ဝေ့မိသွားပါတော့သည်။

ဆရာတော်လောင်းလျာ၏ လည်ပင်းမှ သွေးများက အိမ်ဝိုင်းတစ်ခုလုံးကို ချင်းချင်းနီသွားစေသည်။ ဘယ်လိုမှ ဆေးကု၍မရနိုင်တော့မှန်း ဆရာတော်လောင်းလျာရော၊ အိမ်သူအိမ်သားများပါ သဘောပေါက်လိုက်ကြသည်။ သို့သော် အနာရောဂါမှန်သမျှကို ကုနေကြဖြစ်သော ဆရာတော်လောင်းလျာက ဘုရားစင်ရှေ့ကို မှီ၍ ထိုင်နေနိုင်ရန် ဘေးမှလူများကို အကူအညီတောင်းလိုက်သည်။ မေတ္တာပွား၍ သေရန်ပြင်ဆင်လိုက်ခြင်းပင်။ ပြီးသည်နှင့် ဘေးမှ လူများကို မခေါ်မချင်း အနားသို့မလာကြရန် မှာကြားပြီးလျှင် မေတ္တာဘာဝနာကို တွင်တွင်ကြီးစိုက်ခါ ပွားနေလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မောဟဝေရရက္ခတိ ဓမ္မစာရီ တရားကို ကျင့်သုံးသောပုဂ္ဂိုလ်ကို တရားက ပြန်လည်စောင့်ရှောက်၏ ဟူသောစကားတော်ကား မှန်ကန်လှပေစွ။ အနည်းငယ်သောရက်ပိုင်းအတွင်းမှာပင် ဘယ်ဆေးမှ မထည့်ရဘဲ အနာမှမန်းများ အလိုလိုပေါက်ကျကာ အရှင်းပျောက်ကင်းသွားခဲ့ရပါသည်။

မေတ္တာဘာဝနာ၏ အစွမ်းဖြင့် သက်တော် ၉၀ ကျော်သည်အထိ ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုတော်မူခဲ့ပါသည်။

တောင်ကြီးမှ မိန်းမပျိုလေးတစ်ဦးမှာ ပယောဂပြုစားခံရသဖြင့် အိပ်ရာထဲပက်လက်လဲကာ ဒုက္ခဝေဒနာ ခံစားနေရသည်မှာ နှစ်ချီ၍ပင် ကြာလေပြီ။ ဘယ်လိုဆရာနှင့်မှ ကု၍ မရနိုင်သဖြင့် သေရမည့်ရက်ကိုသာ လက်ချိုး၍ စောင့်နေရတော့သည်။ တစ်နေ့တွင် ခရီးသွားမိတ်ဆွေတစ်ယောက်၏ အကြံပေးချက်အရ တောင်တန်းဆရာတော်ကြီး၏ ရေမေတ္တာကို စွဲစွဲမြဲမြဲ ပို့သလေရာအနည်းငယ်သော လပိုင်းအတွင်းမှာပင် ရှင်းရှင်းလင်းလင်း ပျောက်ကင်းသွားခဲ့ရပါသည်။

ရေမေတ္တာဆိုသည်မှာ သန့်ရှင်းသော ဖန်ခွက်ထဲတွင် ရေအပြည့်ထည့်လိုက်ပါ။ ပြီးလျှင် ကျောက်ခဲသေးသေးတစ်လုံးကို ရှာပြီးလျှင် မိမိကို မကောင်းပြုလုပ်သောရန်သူအမှတ်နှင့် ဖန်ခွက်ထဲ ထည့်လိုက်ရမည်။

"ဤကျောက်ခဲလေး အေးမြချမ်းသာသလို ငါ့ကို မကောင်းမှုပြုလုပ်သော သူသည်လည်း အေးမြချမ်းသာပါစေ။ သတ္တဝါအားလုံး အေးမြချမ်းသာကြပါစေ စသောအားဖြင့် မေတ္တာပို့ခြင်းပင် ဖြစ်ပါသည်။

မေတ္တာစိတ်သည် ဒေါသစိတ်ထက် တန်ခိုးကြီးသည်။

**(အမေရိကန်သမ္မတ ရူစဗဲ့)**

* * *



## အခန်း (၂)

## မေတ္တာနှင့် အကောင်းမြင်ဝါဒ

မေတ္တာ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်လေးပါးကို ရှိသော ပိဋကအဋ္ဌကထာ၌ ဤသို့ခွဲပြထားသည်။

၁။ မေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကပ်၍ဆောင်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘော လက္ခဏာရှိ၏။

၂။ သတ္တဝါတို့ထံ အကျိုးစီးပွားကို ကပ်၍ဆောင်ခြင်းကိစ္စရှိ၏။

၃။ အေးမြငြိမ်းချမ်းသော စိတ်သဘောထားလျှင် ဉာဏ်၌ ရှုထင်လာတတ်သော အခြင်းအရာ ပစ္စုပဋ္ဌာန်ရှိ၏။

၄။ သတ္တဝါတို့၏ နှစ်သက်ဖွယ်ရာ ဂုဏ်ကိုသာ ရှုမြင်တတ်သော ယောနိသောမနသိကာရ (အကောင်းမြင်ဝါဒ) လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

ဤနေရာ၌ အမိကသိစေချင်သောအချက်မှာ မေတ္တာကို ...ယ်ပွားများလာနိုင်ပြီဆိုလျှင် အကောင်းမြင်ဝါဒ အလိုလိုရှိလာခြင်း

www.burmeseclassic.com



ပင်ဖြစ်ပါသည်။ မေတ္တာရှင်ဖြစ်တော်မူသော စာချဆရာတော်တစ်ပါး၏ ထူးခြားသော အကောင်းမြင်ဝါဒအချို့ကို ဤကဲ့သို့ လက်တွေ့သိရှိရပါသည်။ တစ်ခါတွင် ဒကာတစ်ယောက်နှင့် အောက်ပါအတိုင်း ပြောဆိုဆွေးနွေးသည်ကို လေ့လာတွေ့ရှိပါသည်။

**ဒကာ**။ ။တပည့်တော်တို့ ညီအစ်ကို မောင်နှမတွေထဲမှာ တပည့်တော်ဟာ ကံအဆိုးဆုံးပဲဘုရား၊ ဘာကြောင့်လဲဆိုတော့ တခြားညီအစ်ကို မောင်နှမတွေကျတော့ မိဘဆွေမျိုး၊ ယောက္ခမတွေရဲ့ အထောက်အပံ့ကို ရသလောက် တပည့်တော်ကျတော့ သူတစ်ပါးရဲ့ အထောက်အပံ့ကို မရဟဲ့အပြင် ကိုယ်ကပဲ သူများကို ထောက်ပံ့နေရတယ် ဘုရား”

**ဆရာတော်**။ ။ဘယ်က ကံဆိုးရမှာလဲ ဒကာတော် ကံကောင်းတာ၊ ပညာရှိသူတော်ကောင်းမှန်သမျှ ယူရခြင်းထက် ပေးရခြင်းကို ပိုပြီးပိုဝမ်းသာကြတယ်။ ဘာကြောင့် လဲဆိုတော့ သံသရာမျက်စိနဲ့ ကြည့်မယ်ဆိုရင် ယူရတဲ့သူဟာ ဘာမှရမသွားဘဲ ပေးတဲ့သူကပဲ ရသွားတာကြောင့်ပဲ။ ခုခေတ်ရေစက်ချတဲ့အခါ သတိထားနားထောင် ကြည့်ပါလား၊ ဖြစ်လေရာ ဘ၀တိုင်းမှာ ပေးပါ၊ ကမ်းပါ၊ စွန့်ကြဲပါ ဟူသောစကားကို တောင်းခံလာသည်ရှိသော်မရှိ၊ မရ၊ မမှုနိုင်ပါ ဟူသောစကားကို မျက်နှာနွမ်းညှိုး မပြောဆိုရပါကုန် ဆိုတဲ့ရေစက်ချအတိုင်း ဒကာတော်အနေနဲ့ ဆုတောင်းပြည့်နေတာပေါ့။

**ဒကာ**။ ။အခုလိုဆရာတော်အမိန့်ရှိတော့လည်း ကိုယ့်ကိုယ်ကို ကံကောင်းတယ်ဆိုတာ သိရပါပြီဘုရား။



## သနားစရာ ခြင်သတ္တဝါ

တစ်ခါကလဲ ခြင်များဆိုးကြောင်း၊ လူသွေးကို စုတ်ပြီးမှ အသက်ရှည်ကြောင်းကို ပြောလာသောရဟန်းတစ်ပါးအား ထိုဆရာတော်က အမိန့်ရှိနေသည်မှာ–

“ တကယ်ကျတော့ ခြင်တွေဟာ သနားစရာ သတ္တဝါတွေပါ။ ယင်တို့၊ ခွေးတို့၊ ကြောင်တို့ အစရှိတဲ့သတ္တဝါတွေဟာ အစားအစာကို ဘယ်လိုခဲယဉ်းအောင် ရှာရတယ်ဆိုပေမယ့် အသက်နဲ့တော့လဲ မရှာပါဘူး။ ခြင်တွေမှာတော့ အစားလေးတစ်လုပ်အကွက် အသက်နဲ့ အရော်အစားလုပ်ပြီး ရှာကြရတယ်။ သူတို့ရဲ့အကုသိုလ် ဝဋ်ကြွေးတွေပေါ့။ အဲဒါကြောင့် ခဲခဲယဉ်းယဉ်း ရှာဖွေစားသောက်ရတဲ့ သတ္တဝါတွေကို သနားချင်ရင် ခြင်တွေကို အရင်ဆုံး သနားသင့်တယ်”

၎င်းဆရာတော်ပေးသော ဩဝါဒလေးတစ်ခု မှတ်မိသေးသည်။

ကောင်းကွက်ကိုသာ ကြည့်မယ်ဆိုလျှင်
မပေါင်းနိုင်စရာ ပုဂ္ဂိုလ်မရှိ။
မကောင်းကွက်ကိုသာ ကြည့်မယ်ဆိုလျှင်
ပေါင်းနိုင်စရာ ပုဂ္ဂိုလ်မရှိ။

## လောကအလို အကောင်းမြင်နည်းများ

တစ်ခါက အကောင်းမြင်ဝါဒရှိသော အမျိုးသားတစ်ယောက် အိမ်သို့ သူခိုးဝင်ကပ်လေသည်။ သူခိုးဝင်ကပ်သောအချိန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသား အိပ်ရာကနိုးနေသောအချိန်တို့မှာ အကိုက်ဖြစ်နေသဖြင့် သူခိုးမှာ ခိုးခွင့်မရရှိနေလေသည်။ ထို့ကြောင့် စိတ်တိုသဖြင့် အိမ်ရှင်အမျိုးသားကို တုတ်ဖြင့် ပစ်လိုက်လေသည်။

နဖူးကိုမှန်သဖြင့် ပက်လက်လန် လဲသွားသော အိမ်ရှင် အမျိုးသားသည် အကောင်းမြင်ဝါဒဖြင့် အောက်ပါအတိုင်း ပြောကြားလိုက်လေသည်။

"တော်တော် လက်ဖြောင့်တဲ့ သူခိုးပါလား၊ အမှောင်ထဲက ပစ်တာတောင် နဖူးကို တည့်တည့်မှန်တယ်" ဟူ၏။

လောကက သံပုရာပေးလာလျှင် မိမိက ဖျော်ရည်ဖြစ်အောင် လုပ်ရမည်ဟူသော စကားပုံသည်လည်း အကောင်းမြင်ဝါဒကို ထွန်းပြသော မီးမောင်းတစ်ခုပင်ဖြစ်ပါ၏။ ထိုမီးမောင်း၏ အလင်းရောင်ကို ခံစားလိုက်ရသော ပုဂ္ဂိုလ်တစ်ယောက်ကို မှတ်မိနေသေးသည်။ နိမ့်ကျသောစိတ်၏ တိုက်တွန်းချက်အရ ခြံချင်းကပ် အိမ်မှ လူများသည် နောက်ချေးများကို ထိုပုဂ္ဂိုလ်နေအိမ်ထဲသို့ နေ့စဉ် သွန်ချနေလေသည်။

ရန်ဖြစ်ဖို့ စိတ်ကူးနေရင်းမှ အကောင်းမြင်ဝါဒကို လှစ်ကနဲ အမှတ်ရလိုက်သည်နှင့် တပြိုင်နက် ခြံထဲသို့ကျလာသော နောက်ချေးများကို သေချာစုပုံ၍ မြေဩဇာပြုပြီးလျှင် ဗူးပင်များကို စိုက်ရာ ခဏအတွင်း အောင်မြင်ဖြစ်ထွန်းလာလေသည်။ အသီးများ သီးလာသောအခါ နောက်ချေးပစ်ချသောအိမ်ကိုပင် လက်ဆောင်သွား၍ ပေးနိုင်သဖြင့်ရန်သူဖြစ်ရမည့် အိမ်နီးချင်းသည် အကောင်းဆုံး မိတ်ဆွေ ဖြစ်သွားသည်။



တစ်ခါကလည်း ကုန်သည် သူဌေးကြီးတစ်ဦးသည် ငွေအခိုးခံရသဖြင့် အလွန်စိတ်မကောင်းဖြစ်ကာ ရှေ့ဆက်ဘယ်လို ဆောင်ရွက်သင့်ကြောင်း မိတ်ဆွေတစ်ဦးနှင့် အောက်ပါအတိုင်း တိုင်ပင်နေလေသည်။

**သူဌေး။** ။ကျွန်တော့် လူယုံတပည့်ဗျာ မီးခံသေတ္တာဖွင့်ပြီး ငွေတွေ ခိုးထွက်ပြေးသွားတယ် ၊ ဘယ်လိုဆက်လုပ်ရင် ကောင်းမလဲ။

**မိတ်ဆွေ။** ။ရှိသမျှ အကုန်ပဲလား။

**သူဌေး။** ။နှစ်သောင်းထားတာ တစ်သောင်းယူသွားတယ်။ (ရွှေတစ်ကျပ်သားကို ခုနစ်ရာမပြည့်သေးသော အချိန်က ဖြစ်သောကြောင့် ငွေနှစ်သောင်း၏ တန်ဖိုးကို ခန့်မှန်းကြည့်ပါ)

**မိတ်ဆွေ။** ။အဲဒါဆိုရင် ဘာမှအရေးမယူတဲ့အပြင် သူ့ကို ကျေးဇူးတင်သင့်တယ်။

**သူဌေး။** ။ခင်ဗျားနှယ် ကြံကြံဖန်ဖန်ဗျာ၊ ကိုယ့်ပစ္စည်းခိုးတဲ့ သူကို ကျေးဇူးတင်ရမယ်လို့။

**မိတ်ဆွေ။** ။ကျွန်တော်ရှင်းပြမယ် သေသေချာချာ နားထောင်၊ အခုပြောမယ့်စကားဟာ ခင်ဗျားဘ၀ တစ်သက်တာလုံး လိုက်နာကျင့်သုံးသလောက် စိတ်ချမ်းသာမှုကို ပေးမယ့်နည်းပဲ၊ စိတ်ပညာရဲ့အလိုအရဆိုရင် အပြုစိတ်ဓာတ်လို့ခေါ်တယ်။ ပါဠိလို ယောနိသော မနသိကာရ၊ တိတိကျကျ မြန်မာပြန်ရင် သင့်လျော်အောင် (ကုသိုလ်ဖြစ်အောင်) နှလုံးသွင်းခြင်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အရပ်စကားနဲ့ပြောရင် အကောင်းမြင်ဝါဒပေါ့ဗျာ၊ တကယ်တော့ ဒီအကောင်းမြင်ဝါဒဟာ မိမိအတွက်ပါပဲ။ သူတစ်ပါး အတွက် မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ချို့က မိမိမှာအကျိုးရှိတယ် ဆိုတာ သေချာမသိကြဘူး။ ဥပမာအားဖြင့် မင်္ဂလသုတ်မှာ ဘုရားဟောတဲ့ အတိုင်း သူတစ်ပါးကို အရိုအသေပြုခြင်း ဂါ၀ရမင်္ဂလာကို မသိတဲ့ သူတွေက သူတစ်ပါးအတွက်လို့ပဲထင်တယ်။

မဟုတ်ဘူး၊ တကယ်တော့ မိမိအတွက်ပဲ သူတစ်ပါးကို အရိုအသေပေးလိုက်ရင် ပေးတဲ့သူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းဆိုတဲ့ အကျိုးတွေ ရသွားတာကြောင့် အာဋာနာဋိယသုတ်နိဂုံးမှာ တိတိကျကျဆိုထားတယ်။ အရိုအသေပြုခံရတဲ့ ပုဂ္ဂိုလ်မှာတော့ ဘာမှရမသွားဘူး။ အရို အသေပြုခံထိုက်တဲ့ သီလ၊ သမာဓိ၊ ပညာမရှိဘူးဆိုရင် အပါယ်တောင်ကျသွားရ သေးတယ်။

အကောင်းမြင်ဝါဒဟာလဲ ဒီသဘောမျိုးပါပဲ။ အကုသိုလ်ဖြစ် မယ့်ဟာ ကုသိုလ်ဖြစ်သွားရတယ်။ မိတ်ပျက်မယ့်ဟာ မိတ်ဆက် သွားတယ်။ စိတ်ချမ်းသာခြင်း မချမ်းသာခြင်းမှာ ဝတ္ထုအကြောင်း အရာထက် နှလုံးသွင်းက ပိုပြီးအဓိကကျတယ်။ ဥပမာ ဝက်သားဟာ ဟာရတ်များအတွက် အင်မတန်နှစ်သက်ဖွယ်ကောင်းတဲ့ အစားအစာ ဖြစ်ပေမယ့်။

ကုလားတွေအတွက်တော့ စက်ဆုတ်စရာ ဖြစ်နေပြန်တယ်။ ဝက်သားကတော့ ဒီဝက်သားပဲ တရုတ်ကမြင်ကတော့ စိတ်ချမ်း



သာတယ်။ ကုလားက မြင်ကတော့ စိတ်ဆင်းရဲတယ်၊ စိတ်ချမ်းသာခြင်း စိတ်ဆင်းရဲခြင်းဟာ နှလုံးသွင်းကြောင့်ဆိုတာ ပိုပြီးထင်ရှားစေတယ်၊ နောက်ဥပမာ တစ်ခုကို ကြည့်ကြရအောင်၊ အခန်းတစ်ခုက စားပွဲပေါ်မှာ သံပုရာဖျော်ရည်ဖန်ခွက်နဲ့ တစ်ဝက်ထည့်ပြီး တင်ထားတယ်။

ဒီအချိန်မှာ အပျက်စိတ်ထား မကောင်းမြင်ဝါဒရှိတဲ့ ပုဂ္ဂိုလ်က ဝင်လာပြီး အခုလိုပြောတယ်။ "ကြည့်စမ်း ငါ့အတွက် ဖျော်ရည်ကို တဝက်ထဲပဲ ချန်ထားတယ်၊ တော်တော်စေတနာနည်းတဲ့ သူတွေပဲ တောက်" အဲဒီလိုဒေါသဖြစ်ပြီးမှ သောက်တော့ ဒေါသရဲ့ အရှိန်အဝါကြောင့် ဖျော်ရည်ဟာလည်း အရသာမရှိတော့ဘူး။ ဒေါသ ဆပေးမယ့်ရောဂါတွေ၊ အကုသိုလ်အကျိုးတွေကို တနင့် တပိုးကြီး ခံစားလိုက်ရတယ်။

ဒီဖျော်ရည်တစ်ဝက်သာရှိတဲ့ ဖန်ခွက်ကိုပဲ အပြုစိတ်ထား အကောင်းမြင်ဝါဒရှိတဲ့ ပုဂ္ဂိုလ် မြင်လိုက်ပြန်တော့ ဘယ်လိုပြောသလဲ၊ "ဪ-ငါ့အတွက် ဖျော်ရည်ချန်ထားဖို့ သတိရရှာကြသားပဲ၊ ကျန်းမာ ချမ်းသာကြပါစေ" အဲသလိုမေတ္တာပို့ပြီး စိတ်ချမ်းသာစွာနဲ့ သောက် လိုက်တော့ ကုသိုလ်လည်းဖြစ်တယ်။ အာဟာရလည်း ပိုဖြစ်တယ်။

ဒီသဘောတရား အတိုင်းပါပဲ၊ ခင်ဗျားရဲ့လှူယံ့ဟာ ငွေနှစ် သောင်းစလုံး ယူရင်ရနိုင်သားနဲ့ တစ်သောင်းပဲယူသွားတာဟာ သူ့ကို ခင်ဗျားက ကျေးဇူးတင်စရာအချက်ပဲပေါ့။

သူဌေး။ ။ဟုတ်ကဲ့ ကျွန်တော်အကောင်းမြင်ဝါဒကို တကယ်ကို သဘောပေါက်သွားပါပြီဗျာ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထား မပြည့်ဝသေးတဲ့သူဟာ
သူတစ်ပါးအပြစ်ကိုပဲမြင်တယ်
စိတ်ထားတစ်ဝက်လောက် ပြည့်ဝတဲ့သူကျတော့
မိမိကိုယ်ပဲ အပြစ်မြင်တယ်။
စိတ်ထားလုံးဝ ပြည့်ဝသွားတဲ့သူကျတော့
ဘယ်သူကိုမှ အပြစ်မမြင်တော့ဘူး။

(ကွန်ဖြူရှပ်)

## ဗုဒ္ဓအလို အကောင်းမြင်နည်းများ

ဗုဒ္ဓသည် သတ္တဝါအားလုံး၏ သန္တာန်တွင် ပြစ်မှားသော ဒေါသစိတ်ကို တစ်ခါတစ်ရံမှ မဖြစ်စေချင်၊ အေးမြသော မေတ္တာဓာတ်ကိုသာ အစဉ်အမြဲရှိစေချင်သည်။ မည်မျှထိရှိစေချင်သနည်းဆိုသော်–

မုံရှသည် လူကောင်းလူဆိုးမရွေး
စင်ကြယ်အေးမြခြင်းကို
ထပ်တူညီမျှ ပြုမူသကဲ့သို့
မိမိအပေါ် အကျိုးပြုသူကိုဖြစ်စေ
အကျိုးမဲ့ကြောင်း ပြုသူကိုဖြစ်စေ
မေတ္တာစိတ်ဓာတ်ကိုထပ်တူညီမျှ
ထားရှိနိုင်မှသာ ချမ်းသာရ၏။

(ဗုဒ္ဓဝံသအဋ္ဌကထာ–၁၃၇)



ဟူ၍ပင် ညွှန်ပြတော်မူခဲ့သည်။ မိမိ၏ အကျိုးမဲ့ကို ပြုနေသူပင်ဖြစ်သော်လည်း ပြစ်မှားသော ဒေါသစိတ်ကို အဖြစ်မခံရန် ဤကဲ့သို့ဆုံးမတော်မူခဲ့သည်။

ရဟန်းတို့ ယုတ်မာသော အကျင့်ရှိသူတို့သည် အရိုးနှစ်ဖက် တပ်သော လွှကြီးဖြင့် သင်တို့၏ အင်္ဂါကြီးငယ်တို့ကို အကယ်၍ တိုက်ဖြတ်ကုန်ငြားအံ့။ ဤကဲ့သို့တိုက်ဖြတ်ကုန်သော်လည်း ထိုခိုးသူတို့အား စိတ်ပြစ်မှားခြင်းကို သင်တို့ မပြုအပ်၊ ဤကဲ့သို့ ပြုလုပ်၍ စိတ်ပြစ်မှားသူသည် ငါ၏အဆုံးအမကို လိုက်နာသည်မမည်။

**(မဇ္ဈိမနိကာယ်၊ ဩပမ္မဝဂ် ကကစူပမသုတ်၊ ၁၈၁)**

သတ္တဝါတိုင်းတွင် ကိုယ်ဖြင့်ပြုသောကာယကံ၊ နှုတ်ဖြင့်ပြုသော ဝစီကံ၊ စိတ်ဖြင့်ပြုသော မနောကံဟု သုံးမျိုးရှိရာ ကောင်းသောကံကိုသာ နှလုံးသွင်း၍ မေတ္တာပွားကြရန် ဗုဒ္ဓက အင်္ဂုတ္တရနိကာယ်၊ အာဃာတဝဂ် ဒုတိယအာဃာတဝိနယသုတ်၌ ဤကဲ့သို့ညွှန်ပြတော်မူခဲ့သည်။

မျက်နှာပြင်ပေါ်တွင် မှော်၊ ရေညှိများဖြင့် ညစ်ပတ်နေသော ကန်မှရေကို သောက်ချင်လျှင် ဦးစွာရေညှိများကို ဖယ်ရှားပြီးမှ ရေကြည်သန့်သန့်ကို သောက်ရသကဲ့သို့ ထိုအတူ ကာယကံကောင်းပြီး ဝစီကံ၊ မနောကံမကောင်းသောသူဖြစ်ခဲ့လျှင် မကောင်းသော ဝစီကံ မနောကံများကို ဖယ်ရှား၍ ကောင်းသော ကာယကံကိုကြည့်ကာ မေတ္တာပွားရမည်။

www.burmeseclassic.com

www.burmeseclassic.com



ပံသကူ=မြေမှုန့်အထပ်ထပ်ကို လိမ်းကျံသောသင်္ကန်းကို ဆောင်သောရဟန်းသည် သုံး၍မရအောင် မစင်ကျင်ကြီးများ လိမ်းကျံကာ ဆွေးရိသော အစများကို ဖယ်ရှား၍ ကောင်းသောအစများကိုသာ ယူသကဲ့သို့ ထိုအတူ ဝစီကောင်းပြီး ကာယကံ၊ မနောကံမကောင်းသူဖြစ်ခဲ့လျှင် မကောင်းသော ကာယကံ၊ မနောကံများကို ဖယ်ရှား၍ ကောင်းသောဝစီကံကိုသာ ကြည့်ကာ မေတ္တာပွားရမည်။

ခရီးပန်းလာသော ခရီးသွားယောက်ျားသည် နွားခြေရာခွက်၌ ရှိသော ရေကိုတွေ့လျှင် ၎င်းရေကို လက်ခုတ်ဖြင့် ဖြစ်စေ၊ ခွက်ဖြင့်ဖြစ်စေ သောက်ပါမူ ထိုရေသည် လှုပ်ရှားပြီးလျှင် နောက်ကျု ပေလိမ့်မည်။ ထို့ကြောင့် ရေကြည်ရေသန့်ကို သောက်နိုင်စေခြင်း အကျိုးငှာ လက်ခုတ်၊ ခွက်တို့ဖြင့် မခပ်ယူပဲ လေးဖက်ထောက်ဝပ်၍ နွားကဲ့သို့ သောက်ရသကဲ့သို့

ထို့အတူ မနောကံကောင်းပြီး ကာယကံ ဝစီကံ မကောင်းခဲ့လျှင် မကောင်းသော ကာယကံများ ဝစီကံများကို ဖယ်ရှားပြီး ကောင်းသော မနောကံကို မဖြစ်ဖြစ်အောင် အာရုံပြု၍ မေတ္တာပွားရမည်။ ထိုအချက်ကို ရည်ရွယ်၍ မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်၌

ရန်သူကိုကား ရန်မပွားဘဲ၊
သုံးပါးထိုသူ၊ ကံအမူ၌
ကောင်းပြုကိုသာ ရှုပါလျက် (နှာ ၃၂၊ ပိုဒ်ရေ ၄၃၆)
ဟုစပ်ဆိုတော်မူခဲ့သည်။



အကယ်၍ ကံသုံးပါးလုံး မကောင်းသူဖြစ်ခဲ့လျှင် မေတ္တာပွား၍ မရပါက ကရုဏာပွားနိုင်ရန် ဤကဲ့သို့ ဆက်လက်၍ ဟောကြားတော်မူခဲ့သည်။

လူသူမနီး၊ လမ်းခရီးဖြစ်ခြင်း၊ ဆေးဝါးအစာရေစာလည်း မရှိခြင်း၊ ပြုစုယုယ ကူသမည့်သူလည်းမရှိခြင်း ဤအင်္ဂါသုံးချက်ဖြင့် ပြည့်စုံသောနေရာတွင် အနာရောဂါ ဝေဒနာကို ဆင်းရဲစွာ ခံစားနေရသော လူနာကိုတွေ့လျှင် သက်သာဖွယ်အချက် တစ်ခုမှ မရှိသောကြောင့် လွန်စွာသနားရသကဲ့သို့ ထို့အတူ ကံသုံးပါးလုံး မကောင်းသူဖြစ်ခဲ့လျှင် ဩော်-ကောင်းကံတစ်ခုမှ မရှိသောကြောင့် မကောင်းသောနေရာသို့ ရောက်ရတော့မှာပါလားဟူ၍ သနားခြင်း ကရုဏာကို ပွားများရမည်။

သံ၊ ၁ ၊ ၃၉၅ ၌လည်း ရဟန်းတို့ရှေးက အမိမဖြစ်ခဲ့ဖူးသူ၊ အဖမဖြစ်ခဲ့ဖူးသူ အစ်ကိုအစ်မစသည့် မဖြစ်ခဲ့ဖူးသူဟူ၍မရှိ၊ ဤရန်သူသည် ရှေးကငါ၏ အမိဖြစ်ခဲ့၍ ကိုးလလွယ် ဆယ်လဖွားပြီး ငါ၏ ကျင်ကြီး ကျင်ငယ် နှပ်တံတွေး စသည်တို့ကို စန္ဒကူး နံ့သာ အသွင် စက်ဆုပ်ရွံရှာခြင်းမရှိ သုတ်သင်ခဲ့ဖူးလေပြီ ။

ထိုရန်သူသည် ငါ၏အဘဖြစ်၍ ငါ့အား ကုန်သွယ်ခြင်း လယ်လုပ်ခြင်း မငြီးမငြင်ကျွေးမွေးခဲ့ဖူးလေပြီ စသည်ဖြင့် နှလုံးသွင်းကာ မေတ္တာပွားနိုင်ရမည်ဟု ညွှန်ပြတော်မူခဲ့ပါသည်။

ဘယ်သူမဆို
ကျင့်ဝတ်တရားပြည့်ဝသူ
ကိုယ်ကျိုးစွန့်သူ၊ မေတ္တာတရားထားသူသည်
မြင့်မြတ်သူဖြစ်သည်။ (ကွန်ဖြူးရှပ်)

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် မည်သူကိုမျှမကြောက် သောသူသည် မိမိအား အချည်းနှီး အနှာတရဖြစ်အောင် လုပ်သူအပေါ်၌ ဒေါသဖြစ်ရန်ကိုပင် အနှောက်အယှက် တစ်ခုဟုသဘော ထားသည်။ (ဂန္ဓီ)

ခွင့်လွှတ်ခြင်းသည် အပြစ်ဒဏ်ပေးခြင်းထက် ပို၍ ယောကျ်ားပီသသည်။ (ဂန္ဓီ)

*   *   *



## အခန်း (၃)

## မေတ္တာနှင့်ဒေါသ

အကြင်သူသည်
ဒေါသထွက်နေသောသူကို
တစ်ဖန်ပြန်ပြီးဒေါသထွက်၏၊
ထိုသူသည် ပထမဒေါသထွက်နေသူထက်
မိုက်မဲသူ၊ ယုတ်မာသူဖြစ်၏။

***(အပဏ္ဏကဇာတ်အဋ္ဌကထာ)***

အားသက်လုံပျက်သောနွား အမြှုပ်ထွက်လွယ်သည်၊ ဝန်မနိုင် မေတ္တာသက်လုံပျက်သူ ဒေါသအမြှုပ်ထွက်လွယ်သည်။

**ခန္တီဝန်မနိုင်**

အ,လောဘသက်လုံပျက်သူ၊ ရာဂအမြှုပ်ထွက်လွယ်သည်။

**သမထဝန်မနိုင်**

အ,မောဟသက်လုံပျက်သူ၊ မောဟအမြှုပ်ထွက်လွယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



### ဝိပဿနာဝန်မနိုင်

ဟိရိဩတ္တပ္ပသက်လုံပျက်သူ၊ ကိလေသာအမြှုပ်ထွက်လွယ်သည်။

### သီလဝန်မနိုင်

သဒ္ဓါသက်လုံပျက်သူ၊ မစ္ဆေရအမြှုပ်ထွက်လွယ်သည်။

### ဒါနဝန်မနိုင်

**ရာဇဂူရုမောင်းထောင်ဆရာတော်**

ဒေါသဟူသည် ခေတ္တရူးသွပ်မှုဖြစ်၏။

**(ဟိုရေ့စ်အီပစ္စတဲလ်စ်)**

ဒေါသဖြစ်ခြင်းသည် သူတစ်ပါးအပြစ်ကို မိမိအပြစ်ဖြစ်အောင် လုပ်ခြင်းပင်ဖြစ်၏။

**(ပုပ်)**

ဒေါသသည် လူဖျင်းလူညံ့တို့အား ဉာဏ်နီဉာဏ်နက်ထွက်စေနိုင်သော်လည်း ဆင်းရဲတွင်းနက်စေနိုင်သည်။

**(ဘေကွန်)**

ဒေါသဟူသည် စိတ်၏အကုသိုလ်တစ်ခုဖြစ်၏။

**(ဖူးလား)**

မြင့်မြတ်ခြင်း၏ နောက်ဆုံးသက်သေခံချက်များကားစော်ကားဆဲရေး၊ နှောင့်ယှက် (ဆန့်ကျင်)မှုတို့ကို ဒေါသမဖြစ်စေဘဲ သည်းခံနိုင်သောခံနိုင်ရည်သတ္တိ၌ တည်ပေသည်။

**(အဲဗတ်ဟတ်ဘတ်)**

သူတစ်ပါးကို အညစ်အကြေးဖြင့် ကျဲပက်လိုသောသူသည် မိမိကိုယ်တိုင် အညစ်အကြေးကို ဦးစွာကိုင်တွယ်ရသဖြင့် မိမိသာလျှင်



အရင်ဆုံးအညစ်အကြေးပေကျံရသကဲ့သို့ သူတစ်ပါးကို ဒေါသဖြင့်ပြစ်မှားလိုသောသူသည်လည်း မိမိကိုယ်တိုင် ဒေါသ၏ ဆိုးကျိုးများကိုဦးစွာခံစားရလေသည်။

အပေါ်ယံဖြစ်သော ဆေးပညာ အမြင်ဖြင့်ကြည့်လျှင်ပင်ဒေါသ၏ဆိုးကျိုးများမှာ မနည်းလှပါ။ ဒေါက်တာမက္ကမိလန်အမည်ရှိ ဆရာဝန်ကြီးတစ်ဦး ရေးသားထားသော စာအုပ်တစ်အုပ်တွင် ရန်ငြိုးစိတ်၊ ကလဲ့စားချေလိုစိတ်၊ မုန်းတီးစိတ်ထားများ လွှမ်းမိုးဖန်များလျှင် လူတို့၌ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါ၊ အူမကြီးယောင်သောရောဂါ၊ သွေးကြောပိတ်ရောဂါ၊ ဦးနှောက်ကြောပြတ်ရောဂါများရတတ်ကြောင်းကို အကျယ်တဝင့် ရေးသားထားပါသည်။

ဆေးရုံကြီးတစ်ရုံ၌ "ကိုလိုက်တစ်(စ်)ခေါ် အူမကြီးယောင်ရောဂါ"ရသူများအား စစ်ဆေးမေးမြန်းကြည့်သောအခါ ၉၆ ရာခိုင်နှုန်းသည် ရန်ငြိုးစိတ်၊ ကလဲ့စားချေလိုစိတ်ပြင်းပြနေသူများဖြစ်သည်ကိုတွေ့ရသည်။

### ကောဓအပြစ် ၇ ပါး

ဒေါသတွင် အကြုံးဝင်သော ရန်ငြိုးဖွဲ့ခြင်းကောဓ၏ အပြစ်(၇)မျိုးကို သတ္တကအင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓက ဤကဲ့သို့ ဟောပြတော်မူခဲ့သည်။

ကောဓဟူသော ရန်ငြိုးဖွဲ့ခြင်းကို မိမိသန္တာန်၌ လက်ခံမိလျှင်

www.burmeseclassic.com

www.burmeseclassic.com



၁။ ရုပ်ရည်အဆင်းပျက်စီး၍ အိုစာလွယ်ခြင်း၊

၂။ အိပ်ကောင်းခြင်း၊ မအိပ်နိုင်ခြင်း၊

၃။ ရရှိမည့်အကျိုးတရားများ လက်လွတ်ရခြင်း၊

၄။ စည်းစိမ်ဥစ္စာများပျက်စီးခြင်း၊

၅။ အခြွေအရံများပျက်စီးဆုံးရှုံးခြင်း၊

၆။ မိတ်ဆွေကောင်းများပျက်စီးဆုံးရှုံးခြင်း၊

၇။ သေပြီးနောက်အပါယ်သို့သွားရခြင်းဟူသော အကျိုးများကို ခံစားရမည်။

**ဆောင်ပုဒ်**

ရုပ်ရေဆင်းပျက်၊ အိပ်စက်မပျော်
ကျိုးသော်မရ၊ ဘောဂခြွေရွေ
မိတ်ဆွေပျက်ပြား၊ အပါယ်လား
ခုနစ်ပါး ကောအပြစ်တည်း။

ဒေါသ၏ အပူပြင်းထန်လှပုံကို တရားရကြရန် ဒီပဲရင်းဆရာတော်က ပရမတ္ထစက္ကူကျမ်းတွင် အောက်ပါလင်္ကာလေးတစ်ပုဒ်ကို ရေးသားတော်မူခဲ့သည်။

အပျော်လွန်ခြင်း၊ ဒေါသပြင်း၊
ချက်ချင်းသေသည့် စတုဝတီသာ၊
ပျော်လွန်သေဆုံး၊ ခြောက်ထပ်လုံး၊
ပေါင်းရုံးတစ်နည်းသာ ဟူ၍ဖြစ်ပါသည်။



အဓိပ္ပါယ်မှာ နတ်ပြည်ခြောက်ထပ်ရှိရာတွင် စတုမဟာရာဇ်ဘုံနှင့် တာဝတိံသာဘုံတို့မှာ အပျော်လွန်ပြီး အစားစားရန် မေ့ခြင်းကြောင့်လည်း သေနိုင်သည်။ ဒေါသလွန်ခြင်းကြောင့်လည်း သေနိုင်သည်။ အပျော်လွန်ခြင်းကြောင့် သေခြင်းကား ခြောက်ထပ်လုံး၌ပင်ရှိပါသည်ဟု နောက်တစ်နည်းကိုလည်း ဆက်ဖွင့်ပြသည်။

ဤနေရာ၌ အဓိကသိစေချင်သည်မှာ ဒေါသအပူလှိုင်းကြောင့် လူများသာမက နတ်များပင် သေနိုင်သည်ဟူသော အချက်ပင်ဖြစ်ပါတော့သည်။ နတ်များသေပုံ သာဓကတစ်ခုကိုလည်း ထုတ်ပြထားပါသေးသည်။ သေခါနီးအချိန်ကား သတ္တဝါအားလုံးအတွက် အရေးကြီးဆုံးသောအချိန်ပင်ဖြစ်ပါ၏။

သေခါနီးတွင် ကောင်းသောကုသိုလ်ကံကို အာရုံပြုမိပါက ကောင်းသောဘုံသို့ရောက်ရသည်။ မကောင်းသောကံကို အာရုံပြုမိပါက မကောင်းသောဘုံသို့ ရောက်ရပြန်သည်။ သီဟိုဠ်မှ ဒမိဠတံငါသည်သည် အနှစ်ငါးဆယ်ကျော် တံငါအလုပ်ကို လုပ်ခဲ့သော်လည်း သေခါနီးတွင် ဆွမ်းခံရဟန်းတစ်ပါးချပေးသော သရဏဂုံကို ရွတ်ဆိုရင်း သေဆုံးရသောကြောင့် လူ့သက်ဖြင့် အနှစ်ကိုးသန်း အသက်ရှည်သော စတုမဟာရာဇ်ဘုံသို့ ရောက်ရသည်။

ရဟန်းတရားကို နှစ်ပေါင်းများစွာ ကျင့်ကြံထားသော ဗုဒ္ဓလက်ထက်တော်က တိဿရဟန်းသည် ပျံလွန်တော်မူခါနီးတွင် တစ်ထည်သောသင်္ကန်းကို လောဘစိတ်ဖြင့် စွဲလန်းသော မကောင်းသောကံကို အာရုံပြုမိပြန်သောကြောင့် သန်းဗြိတ္တာဘဝသို့ ရောက်ခဲ့ရလေသည်။ ထိုသို့သော အကြောင်းများကို ထောက်ဆ၍

www.burmeseclassic.com



တချို့သော နတ်သား နတ်သမီးများသည် ဆွမ်းလေးတစ်ဇွန်း၊ ပန်းလေးတစ်ပွင့်၊ သစ်သီးလေးတစ်လုံးလှူခဲ့သော ကုသိုလ်တို့ကြောင့် နတ်ပြည်သို့ရောက်လာခဲ့ကြသောအခါ တခြားကုသိုလ်အားကြီးသော နတ်သား နတ်သမီးတို့က ပြောင်လှောင်မိကြသည်။

တစ်ခါ၌ နတ်သားတစ်ဦးသည် အခြွေအရံ နတ်သမီးများနှင့် အတူလှည့်ပတ်သွားလာနေစဉ် တခြားနတ်သားတစ်ဦးက "ဆွမ်းလေးတစ်ဇွန်း လှူခဲ့တဲ့ကုသိုလ်ကြောင့် နတ်သားဖြစ်လာတဲ့သူက အခုမှ ကြီးကျယ်နေလိုက်တာ"ဟု မကြားတကြား ပြောကြားလိုက်သည်နှင့် အပြောခံရသောနတ်သားက–

"သင့်ကုသိုလ်ကရော ဘယ်လောက်ကြီးမားလို့ သူတစ်ပါးကို လာပြောနေရတာလဲ၊ သင်ဟာ နတ်သားဖြစ်ရက်နဲ့ မနာလိုခြင်း ဣဿာတရား အလွန်ကြီးတယ်" စသည်ဖြင့် ပြန်ပြောလေတော့သည်။ စကားစ၍များသည်ဆိုသည်နှင့် အခြံအရံ နတ်သမီးများက "အရှင်နတ်သားတို့၊ ဒေါသအဖြစ်မခံကြပါနဲ့၊ ဒေါသတရားဟာ အရှင်နတ်သားတို့ရဲ့ နတ်သက်ကို ခြွေပစ်ပါလိမ့်မယ်"

စသည်ဖြင့် များများသလဲ တောင်းပန်ကြပါသော်လည်း ဒေါသကို မထိန်းနိုင်ကြသော နတ်သားနှစ်ဦးမှာ တစ်ယောက်ကို တစ်ယောက် သတ်ပစ်ချင်သော ဒေါသဖြစ်လာသည်နှင့် ထိုဒေါသက နတ်သားနှစ်ယောက်စလုံး၏ ခန္ဓာကိုယ်ကို ချက်ချင်းပျောက်သွားသည် အထိ လောင်ကျွမ်းပစ်ကာ အပါယ်ငရဲသို့ ဆွဲချလိုက်လေတော့သည်။

ထိုအချက်ကို ရည်ရွယ်၍ ရှေးဆရာတော်ကြီးတစ်ပါးက အောက်ပါအတိုင်း ဩဝါဒပေးသနားတော်မူဖူးပါသည်။



"လူဆိုတာ ခွေးလိုမကျင့်ရဘူး၊ ခြင်္သေ့လို့ကျင့်ရတယ်၊ ခွေးဆိုတာ ပစ်လိုက်တဲ့ခဲကိုသာ ကိုက်တတ်တယ်၊ ပစ်တဲ့ ရန်သူကို လိုက်မကိုက်တတ်တော့ ပစ်ရင်း ကိုက်ရင်းနဲ့ လုံးချာလိုက်နေတော့တာပဲ၊ ဘယ်တော့မှ မပြီးတော့ဘူး။

ဒီအတိုင်းပဲ၊ တချို့လူများဟာ ဒေါသဖြစ်အောင်လုပ်တဲ့သူကိုသာ ဒေါသဖြစ်ပြီး ရန်ရှာနေတော့ ရန်ရှာလို့ကို မပြီးနိုင်တော့ဘူး။

ခြင်္သေ့ကျတော့ ခဲပစ်တဲ့သူကိုသာ တစ်ခါတည်း ကိုက်သတ်ပစ်လိုက်တာ၊ ခဲကို လိုက်ကိုက်မနေတော့ဘူး၊ ဒီအတိုင်းပဲ ပညာရှိသူတော်ကောင်းများကျတော့ ဒေါသဖြစ်အောင်လုပ်တဲ့ ပုဂ္ဂိုလ်အပေါ်မှာ ဒေါသဖြစ်မနေတော့ဘူး၊ ဖြစ်လာမယ့်ဒေါသကိုသာ အပြစ်မြင်ပြီး မေတ္တာဘာဝနာနဲ့ ထိန်းလိုက်တော့ ပြဿနာများဟာ ဘဝတစ်လျှောက် တစ်ခါတည်း အေးချမ်းသွားတော့တာပေါ့"

သာကီဝင်မင်းများနှင့်တကွ ဝိဋူဋဘမင်းသားတို့ ပျက်စီးဆုံးရှုံးကြရသည်မှာလည်း ဒေါသနှင့် မာနတို့က အရင်းခံပင်ဖြစ်ပါ၏။ ကောသလမင်းကြီးသည် ဗုဒ္ဓနှင့်ဆွေမျိုးတော်စပ်ချင်လှသဖြင့် သာကီဝင်မင်းများထံ မင်းသမီးတစ်ပါးကိုတောင်းရာ မာနခက်ထန်လှသော သာကီဝင်များက ကျွန်မတစ်ယောက်ကိုသာ မင်းသမီးဟု လိမ်ညာပြီး ဆက်သလိုက်လေသည်။

ကောသလမင်းကြီးမှာ မသိရှာဘဲ မိဖုရားမြှောက်ပြီးနောက် သားတစ်ယောက်ရလေသည်။ ဝိဋူဋဘဟု အမည်တွင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် အမေ့ဘက်မှ ဆွေမျိုးများကို တွေ့ချင်သည်ဆိုကာ သာကီဝင်တို့၏ ကပိလဝတ်နေပြည်တော်သို့ သွားလေသည်။ ရောက်သောအခါ သာကီဝင်မင်းတို့၏ ထုံးစံအတိုင်း ကြီးသူကို ငယ်သူက ဝတ်ချရှိခိုးကြရာ ဝိဋူဍူပမင်းသားမှာ သူကချည်း ရှိခိုးနေရသည်။ သူရှိခိုးခံရမည့် သူ့လက်အောက်ငယ်သားများကို မတွေ့ဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်မ၏သားဖြစ်သော ဝိဋူဍူပကို ရှိမခိုးစေနိုင်ရန်အတွက် ဝိဋူဍူပအောက်ငယ်သော သာကီဝင်များကို ကျူးတောထဲတွင် ပုန်းအောင်းခိုင်းထားသောကြောင့်ဖြစ်ပါသည်။

ထိုမျှမကသေး၊ ဝိဋူဍူပ ပြန်သွားသောအခါ ကျွန်မသားထိုင်ခဲ့သော နေရာ မသန့်ဟုဆိုကာ နို့ရည်နှင့်ဆေးလိုက်ကြသေးသည်။ အကြောင်းစုံသိသွားသော ဝိဋူဍူပ၏ ဒေါသကား တစ်ကိုယ်လုံးသို့ ပြန့်နှံ့သွားလေပြီ။ မင်းဖြစ်၍ စစ်သည်အင်အားကောင်းသည်နှင့် သာကီဝင်မင်းတို့ထံ ချီတက်၍ သာကီဝင်မျိုးမှန်သမျှ အကုန်သတ်လေတော့သည်။ ဗုဒ္ဓသုံးကြိမ်တိုင်တိုင်တားသော်လည်း မရနိုင်တော့ပါ။

လူများကိုသာမက သူ့ထက်ငယ်သော သာကီဝင်များ ပုန်းအောင်းခဲ့သည့် ကျူပင်တောကိုပင် ကျူငုတ်မှမကျန်အောင် သုတ်သင်လေတော့သည်။ ကျူပင်ခုတ် ကျူငုတ်ပါမကျန်စေရဟူသော စကားပုံသည် ဤဗုဒ္ဓဝင်ကပင် စလာလေသလောဟု ထင်မှတ်ရသည်။ သာကီဝင်များကို အားရအောင်သတ်ပြီးသည်နှင့် တပ်ခေါက်ကာ ပြန်လာခဲ့သော ဝိဋူဍူပမင်းသားသည် တပ်သားများနှင့်တကွ မြစ်ပြင်သဲခုံပေါ်တွင် စိတ်ချလက်ချအိပ်နေခိုက် တက်လာသော မြစ်ရေများ



က ဝိဋူဍူပနှင့်တကွ တပ်သားအားလုံးတို့၏ အသက်ကို ယူဆောင်သွားတော့သည်။ မာနဖြင့် ဒေါသတို့၏ ဆိုးပြစ်ကား ကြီးမားလှပေစွ။

ဖျက်ဖျက်ဆီးဆီး၊ လောင်သည်မီးသို့၊
နီးစပ်ရာရာ၊ ပရိဝါနှင့်
ဉာတကာမျိုးဆွေ၊ ပျက်စီးစေ၏။
ရေနိမ့်ရာစီး၊ မီးမြင့်ရာလောင်၊
ဆိုသောယောင်သို့၊ မရှောင်စိတ်က၊
မျက်ဒေါသနှင့်၊ မာနလွန်စွာ၊
ဖြစ်လေရာ၏။ ***(မဃဒေဝ ၂၃၅)***

ထို့ကြောင့်လည်း ဓွန်းလွန်းဆရာတော်ကြီးက ဒေါသနှင့်ပတ်သက်၍ ယခုလို ဩဝါဒတရား ပေးသနား တော်မူဖူးပါသည်။

"ဘုန်းကြီးဟာ လူဝတ်တုန်းက တောင်သူလုပ်ကိုင်စားသောက်ခဲ့တာဖြစ်တော့ နွားကျောင်းရတာပေါ့၊ နွားတွေဟာ သူ့နွား ကိုယ့်နွား များစွာစုရုံးမိတော့ သည်အထဲမှာ နွားသိုးတွေကလည်းပါတော့ တစ်ကောင်နှင့်တစ်ကောင် တွန်းကြဆောင်ကြနှင့် တော်တော်ကြာတော့ ခေါင်းချင်းတည်မိသွားပြီး ဇေ့ကြတော့တာပေါ့။

ဇေ့ကြလို့ တော်တော်ကြာတော့ အားသာတဲ့နွားက နိုင်ပြီး အားနည်းတဲ့နွားဟာ ပြေးရော၊ အဲသည်တော့ နွားနှစ်ကောင်ဟာ ချိုရင်းမှာ သွေးစက်လက်နဲ့ ခေါင်းကလေး တခါခါနှင့် နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ အင်း––သူတို့နှစ်ကောင်ဟာ ဒေါသချင်း ပြိုင်ကြတဲ့အကောင်တွေပဲ၊ ဒေါသတရားဆိုတာ အခိုက်အတန့် ကာလ ခဏကလေးသာဖြစ်သော အာဂန္တုကဓာတ်ပဲ၊ အစွမ်းကောင်းသော ဝရမ်းပြေးနှင့်တူတယ်။

ဘယ်လိုပင် ဖော့ကြဆော်လည်း ဒေါသကို ဘယ်သော အခါမှ မထိဘူး၊ ဒေါသတည်းဟူသော ဝရမ်းပြေးကို လက်ခံသော ခန္ဓာအိမ်သည်သာလျှင် ခေါင်းကလေးတခါခါနှင့် ကျန်ရစ်ခဲ့ပါကလားဟု စဉ်းစားဆင်ခြင်ပြီး၊ နင် ဟိုအကောင်တွေကဲ့သို့ ဒေါသတည်းဟူသော ဝရမ်းပြေးကို လက်မခံနှင့်၊ လက်ခံခဲ့ပါလျှင် ဟိုအကောင်တွေကဲ့သို့ ဆင်းရဲဒုက္ခရောက်ရမည်မှာအမှန်ဟု ဉာဏ်မျက်စိဖြင့် မြင်အောင်ရှုကြည့်ကြပါလေ တပည့်ယောဂီတို့။ **(စွန်းလွန်းဆရာတော်)**

ဝိသမဒေါသကို သတ္တဝါများလက်ခံမိသည်နှင့် ထိုဒေါသက ပေးလာမည့်ဆိုးကျိုးများမှာ

၁။ သတ္တန္တရကပ်=လက်နက်ဘေးဆိုက်ရောက်ခြင်း၊

၂။ ကမ္ဘာလောကကြီးမီးဖြင့်ပျက်စီးခြင်း၊

၃။ သေပြီးနောက် ငရဲဘုံသို့ရောက်ရခြင်းတို့ဖြစ်ပေသည်။ ထိုမျှ ပစ္စုပ္ပန် သံသရာ နှစ်ဖြာလုံး ကောင်းကျိုးမပေးသော ဒေါသဟူသောမီးကို ငြိမ်းစေနိုင်သောတရားကား အဘယ်ပါနည်း။

ရွှေဟင်္သာမင်းပျို့ ၆၄ ဒွိ ရှင်တေဇောသာရက–

ဒေါသအမျက်၊ ထွက်သည့်မီးကျီး၊

တောက်ညီးစဲကြောင်း၊ ဆင့်လောင်းထပ်ကာ၊



ချမ်းမြေ့စွာသား၊ မေတ္တာပဖျန်း၊

မိုးရွာဟုန်ဖြင့်၊ အကုန်ဖျန်းလတ်၊

ငြိမ်းအောင်သတ်ဟူ၍ ညွှန်ပြခဲ့ပါသည်။

ဆိုလိုရင်းကား ဒေါသမီးကို မေတ္တာရေနှင့်သာ ငြိမ်းစေနိုင်သည်ဟု ဆိုလိုရင်းပင်ဖြစ်ပါသည်။ ဤနေရာ၌ ဒေါသဖြစ်ပေါ်လာခြင်း၏ အဆင့်သုံးဆင့်ကို နားလည်ရမည်။ ဒေါသသည်

၁။ စိတ်အစဉ်တွင် အမြဲမပြတ် သိမ်မွေ့စွာကိန်းအောင်းနေသော အနုသယဒေါသ

၂။ စိတ်အစဉ်တွင် ထကြွသောင်းကျန်းစပြုလာသော ပရိယုဋ္ဌာနဒေါသ

၃။ ကာယကံ၊ ဝစီကံတို့ဖြင့် ထကြွသောင်းကျန်းလာသော ဝီတိက္ကမဒေါသ

ဟု သုံးမျိုးသုံးဆင့်ရှိရာ အနုသယ ဒေါသကို အနာဂါမိမဂ်ဖြင့်သာ ပယ်သတ်နိုင်သည်။ ထို့ကြောင့် မင်းကွန်းတိပိဋကဆရာတော်ကြီး ပို့သတော်မူသော ကြောက်တတ်၊ မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်၊ မြဲပါစေ ဟူသော မေတ္တာပို့၌ ကြောက်တတ်သော ပုဂ္ဂိုလ်များမှာ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်များဖြစ်သည်။ ဒေါသကို ပယ်ပြီးဖြစ်၍ မကြောက်တတ်သော ပုဂ္ဂိုလ်များမှာ အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များပင် ဖြစ်ပါသည်။ ထိုအချက်ကိုထောက်၍ ကြောက်တတ်သော သဘောတရားမှာ ဒေါသဖြစ်သောကြောင့် အနာဂါမ်၊ ရဟန္တာဖြစ်လျှင် အကြောက်တရားမရှိတော့ဟု မှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဖြစ်သော ပရိယုဋ္ဌာနဒေါသကို မေတ္တာဘာဝနာဖြင့် ပယ်သတ်နိုင်သည်။ တတိယဖြစ်သော ဝီတိက္ကမဒေါသကိုကား သီလဖြင့် ပယ်သတ်နိုင်သည်။ အရင်းလဲ အဖျားထင်းဖြစ်ဟူသော စကားပုံကဲ့သို့ ပရိယုဋ္ဌာနဒေါသမဖြစ်အောင် မေတ္တာဘာဝနာက ထိန်းသိမ်းနိုင်ခဲ့လျှင် ဝီတိက္ကမဒေါသမှာ ဘယ်လိုမှ ဖြစ်မလာနိုင်တော့ပါ။

### ဒေါသမှ မေတ္တာသို့

"ကျွန်ုပ်သည် မိမိအမျက်ကို အပြင်မထွက်အောင် သိုမှီထားရန်အတွက် ခါးသီးသောအတွေ့အကြုံဖြင့် သင်ခန်းစာ ရခဲ့သည်။ ထိုသင်ခန်းစာကား ထိပ်တန်းထားထိုက်သော သင်ခန်းစာတစ်ရပ်ဖြစ်ပါ၏။

အပူရှိန်ကို သိုလှောင်ပြီး စွမ်းအင်အဖြစ် ပြောင်းလဲပေးနိုင်သလို ကျွန်ုပ်တို့၏ အမျက်ဒေါသသည်လည်း ထိန်းချုပ်မျိုသိပ်ထားခြင်းဖြင့် ကမ္ဘာကို ဟုန်လှုပ်အောင်ပင် ထက်မြက်သော တန်ခိုးအဖြစ် ပြောင်းလဲပေးနိုင်ပါသည်။

***(မဟာတ္တမဂန္ဓီ)***

မဟာတ္တမဂန္ဓီ၏ ညွှန်ပြချက်အတိုင်း ဖြစ်ပေါ်လာသောဒေါသကို ထက်မြက်သောတန်ခိုးအဖြစ် ပြောင်းလဲပေးနိုင်သော ပုဂ္ဂိုလ်သုံးဦးကို လေ့လာတွေ့ရှိရသည်။

၁။ ဝီ(လ်)ဘာဖို့(စ်)ဆိုသည့် အင်္ဂလိပ်လူမျိုး သူတော်စင်တစ်ဦးရှိခဲ့ဖူးသည်။ သူသည် အထက်တန်းလွှာ သူဌေးသူကြွယ်တစ်ဦး



ဖြစ်ရုံမက အင်္ဂလန်နိုင်ငံ ပါလီမန်အထက်လွှတ်တော်အမတ်ဖြစ်၍ လော့ဒ်ဟူသောဘွဲ့ကို ဘုရင်က ချီးမြှင့်ထားခြင်းခံရသူဖြစ်သည်။ သို့သော် လူအချင်းချင်း အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ကာ ကျွန်အဖြစ်နှင့် ရောင်းစားနေသည်ကို တွေ့ရသဖြင့် ဒေါသအမျက်ချောင်းချောင်းထွက်ခဲ့ရသည်။

သို့သော် ထိုဒေါသကို မေတ္တာစွမ်းအားအဖြစ် အသုံးပြုကာ အထက်လွှတ်တော်၌ ဥပဒေတစ်ရပ်တင်သွင်း၍ ကျွန်အရောင်းအဝယ်စနစ် ပပျောက်အောင် ပြုလုပ်ခဲ့ပါ၏။ ထို့ပြင် အရွယ်မရောက်သေးသော လူငယ်လူရွယ်ကလေးများကို ကျောက်မီးသွေးတူးရာတွင် ခိုင်းစေခြင်းကို ပိတ်ပင်ရန်၊ ကာယလုပ်သားကြီးများ၏ လူနေမှုစနစ်ကို တိုးမြှင့်လာစေရန် လုပ်ငန်းပေါင်းများစွာကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။

၂။ အက်(ဖ်)ဒဗလျူ၊ ရောဘတ်ဆင်ဆိုသည့် ကမ္ဘာကျော်ဓမ္မဆရာကြီးတစ်ဦးသည် လမ်းပေါ်၌ မတ်တတ်ရပ်နေစဉ် မသိနားမလည် အရွယ်မရောက်သေးသော မိန်းမပျိုကလေးတစ်ဦးအား ယောကျ်ားကြီးတစ်ဦးက လှည့်ဖြားသွေးဆောင် မြူဆွယ်နေသည်ကို တွေ့ရသဖြင့် ဒေါသထွက်ပြီး မိမိနှုတ်ခမ်းများကို ကိုက်ထားခဲ့သည်မှာ သွေးများဖြာထွက်လာသည်အထိ ဖြစ်ခဲ့ရဖူးသည်။

သို့သော် ထိုဒေါသကို ရန်ဖြစ်ခြင်းဖြင့် အသုံးမချခဲ့ပါ။ ခိုကိုးရာမဲ့ မိန်းမပျိုလေးများအား ကာကွယ်စောင့်ရှောက်သည့်အဖွဲ့တို့ ဖွဲ့စေပြီး ထိုမိန်းမပျိုလေးများကို လိုက်လံကယ်ဆယ်ခဲ့သည်။

၃။ လန်ဒန်မြို့၌ ပလိပ်ရောဂါကြီးဖြစ်၍ လူပေါင်းများစွာသေဆုံးနေကြရ၏။ အလောင်းများ မြုပ်နှံရန်ကိုပင် အခက်အခဲ

www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရချိန်ဖြစ်သည်။ တစ်မနက်တွင် အရက်မူးနေသည့် လူနှစ်ဦးသည် အလောင်းတစ်လောင်းကို လက်တွန်းလှည်းဖြင့် တင်ဆောင်လာပြီး သီချင်းများ အော်ဆိုလာသည်။

လက်တွန်းလှည်း၏ ရှေ့ဘီးသည် ကျောက်ခဲကြီးတစ်လုံးနှင့် တိုက်မိသဖြင့် လှည်းသည် တိမ်းစောင်းသွားရာ အလောင်းသည် ခြေကားယား လက်ကားယား မြေပေါ်သို့ကျသွားသည်ကို ထိုအရက်မူးသမားနှစ်ဦးက အူနိပ်ရယ်မောနေကြသည်ကို တွေ့ရသဖြင့် ဟော့(ဒ်)ရား(စ်)ဘယ်ရီသည် ဒေါသထွက်ပြီး မျက်ရည်များ ဖြိုင်ဖြိုင်ကျသည်အထိ ဖြစ်ခဲ့ရဖူးပါ၏။

ဘယ်ရီသည် အမူးသမားများနှင့် သွား၍ရန်ဖြစ်မနေပါ။ ထိုနေ့မှစ၍ ဘယ်ရီသည် ကပ်ရောဂါနှိမ်နင်းရေးတွင် အင်တိုက်အားတိုက် ဆောင်ရွက်ရုံမက နောင်တွင် လူ့အကျိုးပြုလုပ်ငန်းပေါင်းစုံကိုပါ ဆောင်ရွက်လုပ်ကိုင်ခဲ့ပါသည်။

> အမြင့်ဆုံး ကိုယ်ကျင့်တရားမှာ လူ့ဘောင်ကောင်းကျိုးကို မပြတ်လုပ်ဆောင်နေခြင်းပင် ဖြစ်သည်။ *(မဟတ္တမဂန္ဒီ)*

> အောင်မြင်မှုဆိုတာကို ငွေတွေ၊ ဝတ်ကောင်းစားလှတွေနဲ့ မတိုင်းတာ မသတ်မှတ်ကြနဲ့။ တကယ့်အောင်မြင်မှုအစစ်ဆိုတာ လူအများအတွက် ကိုယ်က ဘယ်လောက်အထိ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သလဲ၊ ဘယ်လောက် အကျိုးကျေးဇူးပြုနိုင်သလဲ ဆိုတာနဲ့ပဲ တိုင်းတာရတယ်။
>
> *ကရုဏာရှင်=ဂျော့ဝါရှင်တန်ကာဗာ (အမေရိကန်)*



ဒေါသတွင် အောင်မြင်ခြင်းမရှိနိုင်၊ ဒေါသတွင် ရှင်းလင်းစွာပင် မစဉ်းစားနိုင်။ ကျွန်ုပ်သည် တစ်နာရီကြာမျှ ဒေါသအခိုးအလျှံတပြောင်ပြောင်ဖြင့် တောက်လောင်ခဲ့ဖူးသည်။ ထို့ကြောင့် ကျွန်ုပ်သည် နောက်နောင်၌ ဘယ်သောအခါတွင်မှ ဒေါသမဖြစ်အောင် ရှောင်ကြဉ်မည်ဟူသောအချက်ကို ယုံကြည်မှုအယူဝါဒတစ်ရပ်အဖြစ် ပြုလုပ်ထားရှိ၍ နှစ်ပေါင်းများစွာ ကျင့်သုံးဆောက်တည်ခဲ့ပေပြီ။

*(အမေရိကန်သမ္မတကြီး အိုင်စင်ဟောင်ဝါ)*

ဒေါသဟူသည်၊ စွယ်ရှည်ငေါငေါ
မြွေသဘောသို့၊ ငရဲတိုင်းပြည်
များလေသည်တွင်၊ တစ်ပြည်ကတက်
တစ်ပြည်သက်မှ၊ ထွက်တုံဝင်တုံ
တစ်လုံးလဲလဲ၊ ဆင်းရဲဥဒဟို
မစဲထိုကြောင့်၊ ချေျုနုံ့သင်း
ကြာညိုခင်းသို့၊ ယမမင်းရွာ
မမှတ်ပါနှင့်။

*(ဥပါသကောဝါဒ-၁၇ ဆီးတန်နီဆရာတော်)*

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

# မေတ္တာနှင့်သက်သတ်ရှောင်

"ပညာရှိသူတော်ကောင်းမှန်သမျှ ရေးသမျှစာ၊ ပြောသမျှစကား၊ ဟောသမျှတရားတို့၌ အတ္တုက္ကံသန = မိမိကိုယ်ကိုသာ ချီးမြှောက်ခြင်း၊ ပရဝမ္ဘန = သူတစ်ပါးကို ပြစ်တင်ရှုတ်ချခြင်းဟူသော အစွန်းနှစ်ပါးကို ရှောင်ကြသည်သာဖြစ်ပါသည်။ ဤကဏ္ဍတွင် အသားမစားခြင်းဖြင့် မေတ္တာဘာဝနာကို ဝသီဘော်ပေါက်မြောက်အောင် ပွားများနိုင်ပြီး ဈာန်အဘိညာဉ်ရပုံ ဇာတ်တော်လာ သာဓကဝတ္ထုများ-

ကျန်းမာရေးရှုထောင့် သိပ္ပံအမြင်အရ အသားမစားခြင်း၊ စားခြင်း၏ ကောင်းကျိုးဆိုးပြစ်များ၊ ဘာသာရေးရှုထောင့် ဗုဒ္ဓအမြင်အရ အသားမစားခြင်း၏ ကောင်းကျိုးဆိုးပြစ်များကို အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြသွားမည်ဖြစ်ပါသည်။



မူဂပက္ခခေါ် တေမိယဇာတ် တေမိမင်းသားသည်လည်းကောင်း၊ ကောသဝဇာတ်လာ ကေသဝရှင်ရသေ့အမှူးရှိသော ရသေ့ငါးရာတို့သည်လည်းကောင်း၊ နကုလဇာတ်လာ ရသေ့ငါးရာတို့သည်လည်းကောင်း၊ မဟာသုဒဿနစကြာမင်းကြီးနှင့်တကွ တိုင်းသူပြည်သားအားလုံးတို့သည်လည်းကောင်း၊ နေမိဇာတ်တော်လာ နေမိမင်းကြီးသည်လည်းကောင်း အသားငါးကို လုံးလုံးမစားကြဘဲ သစ်သီးကြီးငယ်တို့ကို စားခြင်းဖြင့် မေတ္တာဈာန်အဘိညာဉ်ကို အရထူထောင်ကာ လူ့ဘုံ၊ နတ်ဘုံထက် သာလွန်သော ဗြဟ္မာ့ဘုံသို့ အရောက်သွားခဲ့ကြဖူးလေပြီ။

ဘုန်းတော်ကြီး ဦးသီလ၊ ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော်၊ လယ်တီဆရာတော်၊ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်၊ ဒန်လည်ဆရာတော်စသော ဆရာတော်များ သည်လည်း အသီးအနှံတို့ဖြင့်ပင် ရောင့်ရဲတင်းတိမ်ကာ မေတ္တာဈာန်နှင့်တကွ တရားထူးတရားမြတ်တို့ကို အရယူသွားခဲ့ကြလေပြီ။ ပြခဲ့ပြီး သာဓကတို့ကို ထောက်ထားသောအားဖြင့် သက်သတ်လွတ်စားခြင်းသည် မေတ္တာဘာဝနာကို ဧကန်မုချ အထောက်အပံ့ပြုသည်ဟူ၍ကား မှတ်ယူရပါမည်။

ကြိုတင်မှာကြားထားမှုမရှိဘဲ အမှတ်တမဲ့ လမ်းမှာတွေ့သဖြင့် ပုံသကူသားကို ဝယ်စားသောသူများကို သက်သတ်လွတ်စားသူများက ပါဏာတိပါတကံထိုက်သည်ဟု သွား၍မပြောသင့်သလို၊ မေတ္တာဘာဝနာကို အထောက်အပံ့မှုဖြစ်ပါစေတော့၊ သတ္တဝါများ အနည်းငယ်မျှ ချမ်းသာလည်း ချမ်းသာပါစေတော့ဟူသော မေတ္တာစေတနာဖြင့် သက်လွတ်စားနေသော သူများကိုလည်း အသား

www.burmeseclassic.com

www.burmeseclassic.com



စားသူများက ဒေဝဒတ်လမ်းစဉ်လိုက်သူဟူ၍ ပက်ပက်စက်စက် မဆိုသင့်ပါ။ တစ်ခုချင်းရှင်းပါမည်။

သူ့အသက်သတ်ခြင်း ပါဏာတိပါတကံထိုက်ရန်အတွက် အင်္ဂါငါးချက် လိုအပ်ပါသည်။ ၎င်းတို့မှာ–

၁။ သတ္တဝါဖြစ်ခြင်း

၂။ သတ္တဝါမှန်းသိခြင်း

၃။ သတ်လိုသောစိတ်ရှိခြင်း

၄။ တစ်နည်းနည်းဖြင့်သတ်ဖြတ်ခြင်း

၅။ သေသွားခြင်း

ဤအင်္ဂါငါးချက်ဖြင့်ညီမှသာလျှင် ပါဏာတိပါတကံမြောက်ပါသည်။ သို့အတွက် ဈေးမှာ အမှတ်မထင် ပုံသကူသားကိုတွေ့၍ ဝယ်ချက်စားခြင်းဖြင့်ကား ပါဏာတိပါတကံမထိုက်ပါ။ ထိုသို့ မဟုတ်ဘဲ မနက်ဖြန် သုံးထပ်သားလေး ပါအောင်ယူခဲ့ပါ၊ အသားလေး များများယူခဲ့ပါ စသောအားဖြင့် ဈေးသည်ကိုမှာမိလျှင်ကား မှာသူမှာ အပြစ်မကင်းနိုင်တော့ပါ။

ဉပဒေကို လက်တစ်လုံးခြား ကျူးလွန်သူများမှာ မမိလျှင် တော်သေးသော်လည်း မိခဲ့လျှင် မသက်သာသည့်နည်းတူ အသားငါးကို မက်မက်မောမော မစားရမနေနိုင်၊ ဝယ်စားသူများမှာကား အဘိမ္မောသသောဖြင့် သေချာဆန်းစစ်ကြည့်လျှင်ကား အပြစ်လွတ်ဖို့ရန် အတော်ခဲယဉ်းလှသည်ကို တွေ့ရသည်။ ဆန်းစစ်ပြပါအံ့။

ဝိဘင်းအဋ္ဌကထာတွင် တိုက်ရိုက်လာသည်မှာ–



၁။ သူ့အသက်ကို ကိုယ်တိုင်သတ်သူမှာ ငရဲသို့ကျမည်၊

၂။ သတ်ခြင်းကို ချီးမွမ်းသူမှာ ပြိတ္တာဘုံသို့ရောက်မည်၊

၃။ သူသတ်လို့သာ ငါစားရသည်ဟု ဝမ်းမြောက်သောသူမှာ တိရစ္ဆာန်ဘုံသို့ ရောက်ရမည်ဟုဟောထားရာ ကာယကံဖြင့် သတ်ခြင်း၊ ဝစီကံဖြင့် ချီးမွမ်းခြင်းများကို မပြုဖြစ်အောင် ထိန်းသိမ်းနိုင်မည် ဖြစ်သော်လည်း စိတ်ထဲမှ ရုတ်တရက် ဝမ်းသာသွားခြင်းမျိုးကိုကား မဖြစ်အောင် ထားနိုင်ဖို့ခဲယဉ်းလှပါသည်။

အဘယ့်ကြောင့်နည်း၊ လက်ဖျစ်တစ်တွက် အတွင်းမှာပင် စိတ်အကြိမ်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်နိုင်သောကြောင့်ပါတည်း။ သာဓကတစ်ခုပြပါအံ့။ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တော်တိုင်ပင်လျှင် နုစဉ် အခါက တံငါတစ်ယောက် ငါးခေါင်းကို ထုနေသော အခြင်းအရာကို မြင်ရလျှင် ရုတ်တရက် ကျေနပ်ဝမ်းမြောက်သော စိတ်ကလေး ဖြစ်သွားမိရှာသည်။ ထိုဝမ်းမြောက်ကျေနပ်သော စိတ်ကလေးကပင် တခြားဘဝများကို မဆိုထားနှင့် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဖြစ်သော ဘဝ၌ပင် ကြီးစွာသော ခေါင်းကိုက်ရောဂါကို ဖြစ်ပွားစေခဲ့ပါသည်။ ဤနေရာ၌ စာချဆရာတော်တစ်ပါးပေးခဲ့သော ဩဝါဒမှာ ပညာရှိသူတော်ကောင်းမှန်သမျှ သိသင့်လှပါသဖြင့် အောက်တွင် အပြည့်အစုံ ဖော်ပြအပ်ပါသည်။

"အရှင်ဘုရားတို့ သံသရာအတွက် စိတ်မချရတဲ့အလုပ်ဆိုတာ မလုပ်တာကောင်းပါတယ်၊ လုပ်ရင်ဘာဖြစ်မလဲဆိုတော့ ကိုယ်ပဲ ခံရမယ်ပေါ့၊ ဉပမာ–တမလွန်ဘဝကို ယုံသင့်မယုံသင့် ပြဿနာကို

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓက အများလက်ခံအောင် ဘယ်လိုဆုံးဖြတ်ပေးခဲ့သလဲ၊ မဇ္ဈိမပဏ္ဏာသ၊ အပဏ္ဏကသုတ်မှာ တိုက်ရိုက်ကို ဟောထားတယ်။

တမလွန်ဘဝကို လက်မခံတဲ့သူဟာ သေလျှင်ပြတ်တာပဲဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိထဲ အလိုလိုဝင်သွားပြီဖြစ်လို့ မကောင်းတာမှန်သမျှ အကုန်လုပ်ရဲသွားတယ်၊ အဲဒါကြောင့် အခု ပစ္စုပ္ပန်ဘဝမှာလည်း ပညာရှိများရဲ့ ကဲ့ရဲ့အပြစ်တင်ခြင်းကို ခံစားရတယ်၊ အကယ်၍ သူထင်သလိုမဟုတ်ဘဲ တမလွန်ဘဝရှိနေပြန်ရင်လည်း ငရဲမှာ အလူးအလဲ ခံစားရမယ်။

ဒါကြောင့် တမလွန်ဘဝကို လက်မခံသူဟာ ပစ္စုပ္ပန်၊ တမလွန် နှစ်ဘဝလုံး ကောင်းကျိုးတစ်ခုမှမရှိနိုင်ဘူး၊ တမလွန်ဘဝကို လက်ခံသူမှာတော့ ယခုဘဝမှာလည်း ကောင်းမှုကိုသာပြုဖြစ်လို့ ပညာရှိတို့ရဲ့အလယ်မှာ တင့်တယ်စွာနေနိုင်တယ်၊ တမလွန်ဘဝ မရှိလို့လည်း သူ့အတွက် ဘာမှအကျိုးမယုတ်ဘူး၊ တမလွန်ဘဝ ရှိခဲ့ရင်လည်း ကောင်းမှုကိုသာပြုခဲ့တာဖြစ်၍ ကောင်းကျိုးကိုပဲ ခံစားရမယ်။

နောက်တစ်ခုကြည့်ရအောင်၊ ကျောင်းဝိုင်းထဲမှာ ဖိနပ်စီးသင့် မစီးသင့်ဆိုတဲ့ဝါဒ၊ စီးသင့်တဲ့ ပုဂ္ဂိုလ်ဘက်ကလည်း ကားဆိုတဲ့ ယာဉ်နဲ့တောင် ကျောင်းဝိုင်းထဲ စီးဝင်တာ ခွင့်ပြုသေးရင် ဖိနပ်ဆိုတဲ့ ယာဉ်ကိုလည်း စီးပြီးဝင်ခွင့်ပြုသင့်တယ်ပေါ့၊ ပြီးတော့ ဖိနပ်မစီးခဲ့ရင် ကျောင်းပေါ်မှာ အညစ်အကြေးလည်း ပိုပြီးတင်နိုင်တယ်၊ ဒါကြောင့် ဖိနပ်စီးသင့်တယ်ပေါ့။



မစီးသင့်တဲ့ပုဂ္ဂိုလ်ဘက်ကလည်း ရှေးထုံးမပယ်နဲ့ဆိုတဲ့ စကားအတိုင်း ရှေးလူကြီးသူမများက အပြစ်ရှိတယ်လို့ယူဆလို့ မစီးခိုင်းတာကို မစီးဘဲနေသင့်တယ်ပေါ့၊ ဒီအချက်တွေနဲ့ပတ်သက်ပြီး ပညာရှိတိုင်း လက်ခံနိုင်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို အဘိဓဇမဟာရဋ္ဌဂုရုပထမမစိုးရိမ်ဆရာတော် ဘုရားကြီးကဆုံးဖြတ်ပြခဲ့တယ်၊ ဘယ်လိုလဲဆိုတော့---

ကျောင်းထဲမှာ ဖိနပ်စီးရင်အပြစ်ရှိတယ်၊ မရှိဘူးဆိုတဲ့ ဟောကြားချက်ကိုတော့ တို့လည်း စာထဲမှာ တိုက်ရိုက်တော့ မတွေ့ဖူးဘူး၊ ဒါပေမယ့် လေးလေးနက်နက်တစ်ခု သတိထားရမှာက သူတို့ပြောတဲ့အတိုင်း ကျောင်းဝိုင်းထဲ ဖိနပ်စီးလို့ သံသရာမှာ အပြစ်မရှိရင်တော့ တော်ပါသေးတယ်၊ အကယ်၍ အပြစ်ရှိခဲ့မယ် ဆိုရင် ဖိနပ်စီးမိသူသာ ခံရမယ်ဆိုတာကတော့ ကြပ်ကြပ်သတိထား သင့်တယ်”တဲ့၊ ဆရာတော်ကြီးရဲ့ စကားအတိုင်း အရှင်ဘုရားတို့ကို သတိပေးချင်တာကတော့ စာမေးပွဲကတော့ ခိုးဖြေကောင်း မဖြေကောင်း; ဝါဒနှစ်ခုလုံး ရှိနေတယ်။

ခိုးဖြေကောင်းတယ်၊ သံသရာအပြစ်မရှိဘူး ဆိုရင်တော့ တော်ပါသေးတယ်၊ အကယ်၍ အပြစ်ရှိခဲ့မယ်ဆိုရင် ခိုးဖြေတဲ့သူသာ ယခုဘဝ ပါရာဇိကကျပြီး လူဖြစ်ရတဲ့အပြင် သံသရာမှာလည်း အပါယ်ငရဲမှာ နစ်မွန်းရမယ်။ အဲဒါကြောင့် သံသရာမှာ စိတ်မချရတဲ့ အလုပ်ဟာ မလုပ်တာဘဲကောင်းပါတယ်။

### အသားမစားခြင်းနဲ့ ဒေဝဒတ်ဝါဒ

အသားငါးမစားခြင်းသည် ဒေဝဒတ်ဝါဒဟုဆိုသော အယူအဆသည် အဘယ့်ကြောင့် ဖြစ်ပေါ်လာရသနည်း။ ပါရာဇိကအော်ပါဠိ

www.burmeseclassic.com

www.burmeseclassic.com



တော်၌လာရှိသော ဒေဝဒတ်၏ သံဃာသင်းခွဲခန်းကိုကြည့်၍ မှန်းဆကာ ပြောကြားနေကြခြင်းဖြစ်ပါသည်။ ဘုရားရှင်ကို သတ်၍ မရသည့်အဆုံး၌ ဒေဝဒတ်သည် အကြံကုန် ဂဠုန်ဆားချက်သည့်သဘောမျိုးဖြင့် အကြံတစ်မျိုးထုတ်လာခဲ့ပါသည်။ ၎င်း၏ ပက်စက်လှသော အကြံကား---

ငါသည် ဘုရားထံသွား၍ မြတ်စွာဘုရား ခွင့်မပြုနိုင်သည့် အချက်ငါးမျိုးကိုတောင်းမည်။ ထိုအချက်များကား-

၁။ ရဟန်းမှန်သမျှ တောထဲမှာသာနေရမည်၊ မြို့ရွာမှာ မနေစေရ၊

၂။ ရဟန်းမှန်သမျှ ဆွမ်းခံ၍သာစားရမည်၊ အိမ်မှာ ကပ်သောဆွမ်း၊ ပို့သောဆွမ်းတို့ကို မစားရ၊

၃။ ရဟန်းမှန်သမျှ လမ်းဆုံလမ်းခွ၊ သင်္ချိုင်းဝတို့မှာသာ တွေ့ရသော အဝတ်စုပ်များကို ကောက်ယူ၍ သင်္ကန်းလုပ်ဝတ်ရမည်၊ လာလှူသော သင်္ကန်းများကို မဝတ်ရ၊

၄။ ရဟန်းမှန်သမျှ သစ်ပင်အောက်မှာသာ အမြဲနေရမည်၊ လှူဒါန်းကြသော ကျောင်းများမှာမနေရ၊

၅။ ရဟန်းမှန်သမျှ အသားငါးအားလုံးကို ရှောင်ကြဉ်၍ သက်သတ်လွတ်ချည်းသာ စားကြရမည်၊

ဤအချက်ငါးချက်ကို မလိုက်နာလျှင် အာပတ်(အပြစ်)သင့်စေဟု ပညတ်စေမည်။ ပရပင္ဍိဘဒ္ဒ = သူတစ်ပါး၏ အထောက်အပံ့ကိုယူ၍ အသက်မွေးကာ သာသနာပြုကြရသော ရဟန်းတော်များ



အနေဖြင့် ထိုအချက်အားလုံးကို လိုက်နာ၍မဖြစ်နိုင်မှန်း ဗုဒ္ဓက သိသည့်အတွက် ဘယ်လိုမှ အာပတ်သင့်စေဟု ပညတ်ပေးလိမ့်မည် မဟုတ်ပေ။ ထိုအခါကျမှ ငါက ကောင်းသောစည်းကမ်းချက်များကို တင်ပြပါလျက် ဗုဒ္ဓက လက်မခံ၊ ငါနှင့် ငါ၏ အဖွဲ့အစည်းကား ထိုငါးချက်အတိုင်း ကျင့်ကြံလိုက်နာမည်ဟူ၍ သတင်းလွှင့်လိုက်လျှင် ခေါင်းပါး (ဆင်းရဲ) သော အကျင့်ကိုမှ ကြည်ညိုကြသော ရဟန်းရှင်လူများသည် ငါ့ဘက်သို့ ပါလာကြလိမ့်မည်။

ထိုကဲ့သို့သော အကြံမျိုးဖြင့် ဗုဒ္ဓအား လျှောက်ထားခဲ့ခြင်းဖြစ်သည်။ သူကိုယ်တိုင်လည်း တကယ်ကျင့်ခဲ့သည် မဟုတ်ပေ။ ဤနေရာ၌ ဗုဒ္ဓတားမြစ်သောအရာကား အဘယ်နည်း။ သေချာသိဖို့ လိုပါသည်။ တောင်းသောအချက်များမှာ အကောင်းများပင်ဖြစ်သော်လည်း ရဟန်းတိုင်းကျင့်နိုင်သောအရာများ မဟုတ်ပါချေ။

အစဆုံးလေးချက်မှာ ဆင်းရဲဒဏ်ခံနိုင်ရည်ရှိသော ပုဂ္ဂိုလ်ထူးများသာ ကျင့်သုံးနိုင်သည့် ဓုတင်များပင်ဖြစ်ပါသည်။ ဗုဒ္ဓသာသနာ်တော်ထင်ရှား ရှိစဉ်အခါကပင် အရှင်မဟာကဿပတစ်ပါးသာ ဓုတင် ၁၃ ပါးလုံး ပေါ်ပေါ်ထင်ထင် ကျင့်သုံးခဲ့ဖူးသည်။ အသားငါးတို့ကို ရှောင်ကြဉ်လျှင် လိုရာဆန္ဒပြည့်ဝလွယ်၍ ကျန်းမာရေးကို အထောက်အကူပြုရိုးမှန်ပါသော်လည်း ပုဂ္ဂိုလ်တိုင်း ကျင့်သုံးနိုင်သောအရာ မဟုတ်ပါချေ။

ရဟန်းတိုင်း မကျင့်သုံးနိုင်သောအရာများကို အာပတ်တပ်၍ မဖြစ်မနေ ကျင့်သုံးစေခဲ့လျှင် ဗုဒ္ဓသာသနာ မည်သို့စည်ပင်စေနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါမည်နည်း။ ထို့ကြောင့် ဗုဒ္ဓက ငင်းငါးချက်ကို ကျင့်နိုင်သူကျင့်စေ၊ မကျင့်နိုင်သူနေစေ၊ မကျင့်သည့်အတွက် အာပတ်တပ်မပေးနိုင်ဟု အာပတ်တပ်ပေးခိုင်းသောအရာကိုသာ တားမြစ်ခြင်းဖြစ်သည်။

အသားငါးမစားဖို့နှင့် ပတ်သက်၍ကား တိုက်ရိုက်မဟုတ်ဘဲ ပရိယာယ်အားဖြင့် ဟောထားသောသုတ်များ ရှိပါသည်။ အင်္ဂုတ္တိုရ် ပါဠိတော်၊ တိကနိပါတ်၌

ရှေးကနဦးအခါ လူအပေါင်းတို့သည် သက်ရှိသတ္တဝါ တို့ကို မသတ်ဖြတ်ကြ၊ အသားကိုလည်း မစားကြ၊ ဥက္ကာ ကရာဇ်မင်း လက်ထက်မှစ၍ သတ်ဖြတ်စားသောက်လာခဲ့ သည်မှာ ယနေ့လက်ထက်တိုင်ပင်။

တိရစ္ဆာန်တို့၏ အသားကို စားသုံးသည့်အချိန်မှစ၍ လူ့လောကကြီးကို စောင့်ရှောက်ခဲ့ကြသော သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့သည် ရှောင်လွှဲစွန့်ခွာသွားကြတော့သည်။ ထိုအခါမှစ၍ လူတို့အပေါ် ရောဂါဘေးဘယာ အမျိုးမျိုး အထွေထွေ ဖိစီးနှိပ်စက်လာတော့သည်ဟု ဟောကြားတော် မူခဲ့သည်။

သုတ္တနိပါတ်ပါဠိတော်၊ ဗြဟ္မဏဓမ္မိကသုတ်၌လည်း

လောကေတယောရောဂါ၊

ပုရေအာသုံ၊ ဣစ္ဆာအနသနံဇရာ၊

ပသူနဉ္စသမရမ္ဘာ အဋ္ဌနဝုတိမာဂမုံ။

လောက၌ အသားစားသူတို့မရှိမီက မိမိ၌မရှိသေးသော ဥစ္စာဓနကို လိုချင်တောင့်တခြင်း၊ စားချိန်ကျလျှင် မစားရ၍ ဆာလောင်ခြင်း၊ အိုချိန်ကျ၍ အိုရခြင်း ဟူသောအရာတို့သာ အနာရောဂါအဖြစ်ဖြင့် ရှိကြကုန်၏။

တိရစ္ဆာန် သတ္တဝါတို့ကို သတ်ဖြတ်စားသောက်ကြ သောအခါမှပင် ၉၈ ပါးသော အနာရောဂါတို့သည် လူ့ လောက၌ ပေါ်ပေါက်လာကုန်သည်ဟူ၍ ဟောကြားတော် မူခဲ့ပါသည်။

ကမ္ဘာလောကကြီးတွင် အခြေအမြစ် လုံးဝကင်းသော ယုံကြည်စွဲလမ်းမှုတစ်ခုရှိ၏။ ၎င်းသည်ကား လူတို့သည် တိရစ္ဆာန်ဖြင့် ယဇ်ပူဇော်ရန် လိုအပ်သည်ဟူသော အချက် ဖြစ်သည်။

ထို့ထက်သာလွန်ထူးကဲ ညှင်းပန်းနှိပ်စက်မှု၊ အညာ အတာကင်းမဲ့မှုတို့ကို ဖြစ်ပွားစေသောအချက်သည်ကား လူတို့ သည် တိရစ္ဆာန်အသားကိုစားရန် လိုအပ်သည်ဟူသောအချက် ပင် ဖြစ်တော့သည်။

(သတိပဋ္ဌာန်ဆရာကြီး = ဂျေကရစ်ရှနာမူတိ)

## အသားစားခြင်းနှင့် ကျန်းမာရေးသိပ္ပံအမြင်

အမေရိကန်နိုင်ငံလုံးဆိုင်ရာ ကင်ဆာရောဂါအဖွဲ့ကြီးမှ အကြီးအကဲဖြစ်သူ ဒေါက်တာဟဲလားက ၁၉၆၄ ခုနှစ်၊ ဧပြီလထုတ် အမေရိကန်သတင်းနှင့် ကမ္ဘာ့သတင်းမှတ်တမ်းတွင် သက်သတ်လွတ် အသီးအရွက်သာစားသော ဟွန်ဇာလူမျိုးများနှင့် အသားငါးချည်းသာ စားကြသော မြောက်အမေရိကတိုက်ရှိ အက်စကီးမိုး လူမျိုးတို့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း နှိုင်းယှဉ်ပြထားသည်မှာ လူတိုင်းမှတ်သားဖို့ကောင်းလှပါသည်။

အနောက်ဟိမဝန္တာတောင်စွန်းနှင့် ကာရာကိုရမ်တောင်စွန်း အကြားတွင် ဟွန်ဇာတိုင်းပြည်တည်ရှိသည်။ မြောက်ဘက်လားသော် တရုတ်ပြည်မှ ဆင်တီရန်နယ်နိမိတ်ဖြစ်သည်။ တောင်ဘက်လားသော် ပါကစ္စတန်မှ ဟာဇရာခရိုင်ဖြစ်သည်။ သင်းဟွန်ဇာတို့၏ နေရာဒေသသို့သွားရန် လမ်းခရီးသည် အလွန်ကြောက်မက်ဖွယ်ကောင်းအောင် ကြမ်းတမ်းခက်ခဲလှသဖြင့် လူသူအရောက်အပေါက် မရှိသလောက်ပင် ဖြစ်ပါသည်။

၁၉၆၅ ခုနှစ် စာရင်းအရ လူဦးရေ လေးသောင်းကျော်ရှိသည်။ သက်သတ်လွတ် အသီးအနှံများကိုသာ ရာသက်ပန်မှီဝဲကြသဖြင့် အနာရောဂါလုံးလုံးမဖြစ်ကြသည့်ပြင် အသက် (၉၀) ကျော်သည်အထိ ကျန်းမာရွှင်လန်းစွာဖြင့် အလုပ်ကြမ်းများကို မမောမပန်းဘဲ လုပ်ကိုင်နိုင်ကြသည်။

အင်္ဂလိပ်အစိုးရလက်ထက်က ဆရာဝန်ကြီးအဖြစ် ဟွန်ဇာနိုင်ငံသို့ စေလွှတ်ခံရသော မက်ကာရီဆန်သည် (၇) နှစ်ရှိသော်လည်း ဟွန်ဇာတိုင်းသူပြည်သားအားလုံးတို့ကို ဘာရောဂါမှ ကုသခွင့်မရခဲ့ပါပေ။ ထိုအကြောင်းများနှင့်ပတ်သက်၍ မက်ကာရီဆန်က အောက်ပါအတိုင်း လူသိရှင်ကြား ကမ္ဘာသို့ တအံ့တသြ ကြေညာခဲ့ပါသည်။

သက်သတ်လွတ်စား ဟွန်ဇာလူမျိုးတို့သည် အခြားလူမျိုးများနှင့်မတူဘဲ အနာရောဂါလည်း တစ်ရံတစ်ဆစ်မျှ



မဖြစ်ကြ။ အမြဲတစေ ကျန်းမာဝဖြိုးပြီး ကိုယ်လက်ကြံ့ခိုင်အားအင်သန်စွမ်းလျက်သာရှိကြသည်။ လူပျော့၊ လူပိန်၊ လူစဉ်မမီသူဟူ၍ လုံးဝမရှိ။ တောတောင်အထပ်ထပ်တွင် နေထိုင်သွားလာသူများဖြစ်သည့်အလျောက် မတော်တဆ လိမ့်ကျဒဏ်ရာရရှိရန် အကြောင်းများစွာရှိသော်လည်း သူတို့၏ လျင်မြန်ဖျတ်လတ်မှုကြောင့် ထိုအမှုမျိုး ပေါ်ပေါက်လေ့မရှိ။ သူတို့သည် ရိုးသားဖြောင့်မတ်ခြင်း၊ စိတ်ပျိုကိုယ်နုခြင်း၊ ကိုယ်ခန္ဓာထွားကြိုင်းခြင်းစသော သုခအပေါင်းတို့နှင့် ပြည့်စုံကြသူများဖြစ်ပေသည်။ ထို့ပြင် ရာဇဝတ်မှုမှကင်းဝေးသူများဖြစ်၍ ရဲအမှုထမ်းတို့၏ အစောင့်အရှောက် တစ်စုံတစ်ရာမျှ မလိုကြောင်းဟူ၍ ဖြစ်ပါသည်။

ဆယ့်နှစ်ရာသီ ရေခဲအတိဖြစ်နေသော မြောက်အမေရိကတိုက်ရှိ အက်စကီမိုးလူမျိုးတို့သည် တိရစ္ဆာန်တို့၏အသားကို ၉၀ ရာခိုင်နှုန်းမျှ မှီဝဲကြသည်။ ထို့ကြောင့် အသက် ၂၅ နှစ်အရွယ်ထိသာ သန်မာ၍ ၃၅ နှစ်အရွယ်ရောက်သော် ခန္ဓာမအိ၊ ကြုံလှီပင်ပန်း၊ စိတ်လက်မချမ်းမသာဖြစ်ကြရသည်။

ကိုယ်ခန္ဓာထွားကြိုင်းမှုမရှိ၊ အရုပ်ဆိုးသည်မှာလည်း ပြောစရာမရှိ။ ကမ္ဘာလောကကြီးတစ်ခွင်တွင် ထိုလူမျိုးထက် ဉာဏ်ဖျင်း၊ ဉာဏ်ညံ့၊ အောက်တန်းကျသူများ ရှိတော့မည်မဟုတ်။ သူတို့၏ ပျမ်းမျှအသက်မှာလည်း ၂၇ နှစ်ခွဲသာရှိသည်ဟူ၍ဖြစ်ပါသည်။

အကယ်၍ လူတစ်ဦးတစ်ယောက်သည် လောကဓာရာ ရေးရာ အားထုတ်ခြင်း၌ တကယ်စိတ်ပါဝင်စားမှုရှိလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏ ဦးစွာပထမဆောင်ရွက်ရမည့် ဝတ္တရားကား အသားစားမှုမှ ရှောင်ကြဉ်ရန်ပင်ဖြစ်သည်။

အကြောင်းမှာ အသားသည် လူတို့အား စိတ်၏ အုပ်ထိန်းမှုကို အနှောင့်အယှက်ပေးစေသည့်ပြင် လောဘ၊ ဒေါသ၊ ရာဂစသော မလိုလားဘွယ်ရာတရားများကို တိုးပွားစေလေသည်။

အမှန်မှာ အသားစားမှုသည် သက်ရှိသတ္တဝါတို့အား သတ်ဖြတ်မှုကိုဖြစ်စေသောကြောင့် ဒုစရိုက်မှု ကေန်ဖြစ်ရလေတော့သည်။ ***(တော်စတွိုင်း)***

တပ်မက်မှုရာဂစိတ်များကို ပယ်လိုသူအတွက် တိရစ္ဆာန်အသားအဆိစသည်သည် မသင့်တော်ကြောင်း အတွေ့အကြုံက သင်ပြသည်။

***(မဟာတ္တမဂန္ဒီ)***

### ရောဂါပေးသောအသား

လူတို့သည် ယဉ်ကျေးသည်ဟု ဝါကြွားကာ တိရစ္ဆာန်တို့၏ အသွေးအသားများကို နှစ်ခြိုက်စွာ မှီဝဲသဖြင့် အပုပ်အစပ် အညှီအဟောက်များသည် အချဉ်ဖောက်အဆိပ်ဖြစ်ပေါ်ကာ သွေးကြောများထဲသို့ဝင်၍ ရောဂါဖြစ်ပွားကြသည်။

သတ္တဝါတို့ အသက်ပျောက်၍ သွေးအေးကာ ပုပ်ဆွေးရှိခွဲသော သဘာဝသို့ အလျင်အမြန် ကူးပြောင်းနေသော တိရစ္ဆာန်အသေကောင်၊ မသာကောင်သည် လူတို့၏ ဝမ်းဗိုက်



အတွင်းသို့ အစာအဖြစ် ဝင်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ခတ်ပျက်ကာ တရိရိ တရွဲရွဲ တဆွေးဆွေး တမြေ့မြေ့ ပြင်းပြစွာ ပုပ်စော်နံဟောင်၍ အူမကြီးအတွင်းဝယ် ကိန်းအောင်းလျက် ရောဂါစတင်ရာဌာနကြီး ဖြစ်နေလေတော့သည်။

မိမိ၏ ခန္ဓာကိုယ် အားအင်ပြည့်ဖြိုး ကျန်းမာစေရန်အတွက် အသားစားသုံးခြင်းဖြစ်သော်လည်း အသားစားသုံးခြင်းဖြင့် လူသားတို့၏ သွေးများကိုပင် အဆိပ်ဖြစ်စေကာ မဖြစ်သင့်သော ရောဂါများစွာပင် ဖြစ်လာရသည်။

***(ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး ရောဘတ်ဘဲလ်)***

ဘဲလ်၏စကား မည်မျှမှန်ကန်ကြောင်းကို ဆရာဝန်ကြီး **မက်ကာရီဆန်က** အောက်ပါအတိုင်း **လက်တွေ့စမ်းသပ်ပြခဲ့သည်။ သုတေသနလုပ်ရာတွင်** ပထမဦးစွာ ကြွက်ဖြူ**ပေါင်းများစွာကို** မွေးမြူ**လိုက်သည်။** ထို့နောက် ကောင်ရေတစ်ဝက်စီခွဲပြီးလျှင် ပထမအုပ်စု**ကို အသီး**အနှံများချည်းသာ ကျွေးမွေးသည်။

**ကျန်**တစ်စုကို အသား၊ ငါးများသာ ကျွေးမွေးသည်။ ထိုအခါ **အသီးအနှံ**များကိုသာစားသော ကြွက်ဖြူအားလုံးသည် ကျန်းမာဝဖြိုး**တောင့်တင်းကြ၏**။ သဘောသဘာဝ ကောင်းကြ၏။ ရောဂါဘယလုံးဝမရှိ၊ **လွှယ်ကူ**စွာ သားဖွားကြ၏။ သားငယ်များအား မိခင်နို့ကို**တိုက်ကျွေးလျက်** ကောင်းစွာပြုစုစောင့်ရှောက်ကြသည်။

**အင်္ဂလိပ်**တို့ကဲ့သို့ အသား၊ ငါး စသော အနှောက်တိုင်းအစာကိုသာ မှီဝဲသော ကြွက်ဖြူများမှာ အင်္ဂလိပ်ဆေးကျမ်းတွင် အမည်နာမ

www.burmeseclassic.com

www.burmeseclassic.com



မှည့်ခေါ်ထားသော ရောဂါဟူသမျှ အကုန်ဖြစ်သည်။ အထူးသဖြင့် အရိုးအမြစ်ရောင်နာ၊ ကင်ဆာ၊ အူအတက်ပေါက်နာ၊ အူရောင်နာ စသော အသားစားများသည့် အနောက်နိုင်ငံများ၌ ဖြစ်ပွားတတ်သော ရောဂါဆိုးဘေးဥပါဒ်အမျိုးမျိုး ဖြစ်ပွားကြသည်။

စိတ်ခက်ထန်ကြမ်းတမ်းကာ အချင်းချင်း ရန်မူလျက် ကိုက်သတ်စားသောက်ကြသည်။ ထို့ပြင် သားဖွားရာတွင်လည်း မလွယ်ကူကြ၊ သားလျှောမှုအဖြစ်များသည်။ မိခင်နို့ကို ကောင်းစွာ မတိုက်ကျွေးနိုင်။ သားကောင်များ မမွေးဖွားမီ သေကုန်ကြ၏။ ဤစမ်းသပ်ချက်ကို ဆရာဝန်ကြီး မက်ကာရိဆန်က ဓာတ်ပုံများနှင့် တကွ အတိအလင်း ထုတ်ဖော်ကြေညာခဲ့သည်။

ကိုလံဘီယာတက္ကသိုလ်မှ ဒေါက်တာရှားမင်းကလည်း ယို့ အတူပင် စမ်းသပ်၍ အသေးစိတ် ဆက်လက်လေ့လာကြည့်ရာ သက်သတ်လွတ်စားသည့် ကြွက်များမှာ ခွန်အားဗလရှိမှု၊ ဖျတ်လတ်မှု၊ အမျိုးအဆက်အနွယ် (၅၀) တိုင်အောင် အသက်ရှည်မှု စသည်တို့နှင့် ပြည့်စုံကြောင်း သိသိသာသာတွေ့ရသည်။

အသားစားကြွက်ဖြူများမှာ ထိုသို့မဟုတ်ဘဲ လူ့အသက်တမ်းနှင့်စာလျှင် (၂) နှစ်သားကလေးအရွယ်ခန့်တွင် ကိုယ်အလေးချိန်ယုတ်လျော့လာပြီး ခန္ဓာကိုယ် ပိန်ချုံးကာ မောဟိုက်လျက် ကိုယ်ပစ်၊ လက်ပစ် ခြေမသယ်နိုင်၊ လက်မသယ်နိုင်ဖြစ်ကာ မမာမကျန်းဖြစ်ကြလေသည်။ ဒုတိယမျိုးဆက်တိုင်အောင်ပင် ဆက်လက်မတိုးပွားမဖွံ့ဖြိုးနိုင်ကြဘဲ သေကြေပျက်စီးကြရသည်။



## တစ်ပတ်ရစ်ပရိုတင်း

ပရိုးတင်းဓာတ်သည် လူ့ခန္ဓာကိုယ်၌ အမှန်ပင် လိုအပ်ပါသည်။ ထိုပရိုတင်းဓာတ်ကို အပင်များမှ အများဆုံးရရှိနိုင်သည်။ အပင်တို့သည် သဘာဝနေရောင်ခြည်နှင့် မြေဆီမြေသြဇာတို့ကို အသုံးပြု၍ ဖြစ်ပေါ်လာသော ပရိုတင်းများကို သိုလှောင်ထားသောကြောင့်ဖြစ်သည်။ လူနှင့်တိရစ္ဆာန်တို့သည် အပင်များကို စားသုံးခြင်းဖြင့် သိုလှောင်ထားသော ပရိုတင်းများကို အပြည့်အဝ ရနိုင်သည်။

တိရစ္ဆာန်အသားများကို စားသုံးခြင်းဖြင့်ကား တစ်ပတ်ရစ်ပရိုတင်း (အပင်ရှိ ပရိုတင်းလောက် မပြည့်ဝသော ပရိုတင်း)ကိုသာ ရနိုင်ပါတော့သည်။ ထို့ကြောင့် ဆရာဝန်များ မကြာခဏပြောလေ့ရှိသော ပရိုတင်းခေါ် အသားဓာတ်ကို များများလိုလျှင် အသီးအရွက်များကိုစားရန် မမေ့ပါနှင့်။ အသားငါးစားခြင်းထက်ပင် ပို၍အားအင်ပြည့်ဖြိုးကြောင်း လက်တွေ့သိလာပါလိမ့်မည်။ သာဓကပြပါအံ့။

ဩစတြေးလျနိုင်ငံသား မာရေရိုစ်သည် မွေးဖွားကာစကပင် သက်သတ်လွတ်စားသူတစ်ဦးဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် အသက် ၁၄ နှစ်ရှိပြီဖြစ်သည်။ သူသည် ဩစတြေးလျနိုင်ငံတစ်ဝန်းလုံးရှိ အားကစားပြိုင်ပွဲ၊ အပြေးပြိုင်ပွဲများနှင့် ရေကူးပြိုင်ပွဲများတွင် အမြဲနိုင်လိစ်စွဲသူဖြစ်သည်။ ကျောင်းကစားခုန်စားပြိုင်ပွဲများနှင့် နိုင်ငံလုံးဆိုင်ရာပြိုင်ပွဲများတွင်လည်း အစဉ်အနိုင်ရရှိခဲ့လေသည်။

၁၉၅၅ ခုနှစ် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု နှစ်ဆုရရှိခဲ့ရာ တစ်ဆုသည် မီတာ ၄၀၀ ပြေးပွဲ၌ အိုလံပစ်ချန်ပီယံကို ချိုးနိုင်သောကြောင့်ဖြစ်သည်။ ကျန်တစ်ဆုသည် မီတာ ၁၅၀၀

www.burmeseclassic.com

www.burmeseclassic.com



အလွတ်ပြေးပွဲတွင် ၀၇ မိနစ် ၅၀ စက္ကန့်ဖြင့် ပထမရရှိခဲ့သောကြောင့် ဖြစ်သည်။

၁၉၅၆ ခုနှစ် အသက် ၁၇ နှစ်တွင် ရွှေတံဆိပ်ဆု သုံးဆု ရရှိခဲ့ပြန်သည်။ ၁၉၅၆ ခုနှစ် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် ဆင်နွဲသူများအား မာရေရိုစ်က ၎င်းကဲ့သို့ ချန်ပီယံဖိုလ်စွဲနိုင်ရန် အောက်ပါ အစားအစာများကို မှီဝဲသုံးဆောင်ရမည်ဟု ဝေငှခဲ့လေသည်။

(က) ရှောင်ကြဉ်ရမည့်အစားအစာများ

၁။ တိရစ္ဆာန်အသား၊ ကြက်၊ ဘဲ၊ ငှက်၊ ငါးအပြင် ၎င်းတို့မှထုတ်လုပ်ထားသော ဝက်ပေါင်ခြောက်၊ နို့မှုန့်စသည်များ၊

၂။ ပေါင်မုန့်ဖြူနှင့် ဂျုံဖြူတို့မှ စီမံထားသော ဘီစကွတ်၊ ကိတ်မုန့်စသည်များ၊

၃။ သကြားဖြူနှင့် သကြားပါဝင်သော ယို၊ အချိုရည်စသည်များ

(ခ) စားရန်လိုအပ်သောအစာများ

၁။ ပဲဆံအမျိုးမျိုး၊ ပဲပုပ်ဆံ၊ ပဲတောင့်အမျိုးမျိုး၊ သစ်စေ့၊ သစ်ဆံ၊ လူး၊ ဆတ်၊ နှမ်း၊ နေကြာစေ့၊

၂။ အခွံပါ ကြိတ်ထားသော ဂျုံဖြင့်ပြုလုပ်သည့် ပေါင်မုန့်၊ ဖွဲနုကုန်အောင်မကြိတ်သော ပဲပုပ်ဆံ၊ လူး၊ ဆတ်၊ ဖွဲနုနှင့် ကောက်အမျိုးမျိုး၊ ၎င်းတို့မှ ပြုလုပ်ထားသည့် ကိတ်စသော မုန့်အမျိုးမျိုး၊



၃။ ပျားရည်၊ သစ်သီး၊ စပျစ်သီး၊ စွန်ပလွံသီး စသော သစ်သီးခြောက်များ၊

၄။ သကြားညို၊ လတ်ဆတ်သောနို့ (အထူးသဖြင့် ဆိတ်နို့)၊ ကျောက်ကျောဖြင့်ခဲထားသော ဂျယ်လီမုန့်များ၊

၅။ အရေးအကြီးဆုံးမှာ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် အရွက်စိမ်းများကို ဖောဖောသီသီ စားရန်ဖြစ်သည်။

သူကိုယ်တိုင် အထက်ပါအတိုင်း စားသုံးခဲ့သည့်အတွက် ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မီတာ ၄၀၀ အပြေးပြိုင်ပွဲ၌ ၄ မိနစ် ၂၇ စက္ကန့်ဖြင့် ပြေးနိုင်သောကြောင့် ကမ္ဘာ့စံချိန်ကို ချိုးနိုင်ခဲ့ပြန်လေသည်။ ထို့ပြင် ရေကူးပြိုင်ပွဲတွင် ကိုက်ပေါင်း ၁၆၅၀ ကို ၁၈ မိနစ် ၄ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်ကိုချိုး၍ အောင်မြင်စွာ ပထမဆုကို ဆွတ်ခူးခဲ့လေသည်။

ကျွန်ုပ်တို့သည် တိရစ္ဆာန်တို့အား ညှင်းပန်းနှိပ်စက်သတ်ဖြတ်လျက် အသားကိုစားနေသမျှ ကာလပတ်လုံး ကမ္ဘာပေါ်တွင် စစ်မက်ရေးရာသည် ရှိမြဲရှိနေမည်။ ဤသို့ဖြင့် ကောင်းမွန်မြင့်မြတ်သော၊ အထက်တန်းကျသော လိုလားတောင့်တချက်များ အဘယ်မှာရရှိခံစားနိုင်ပါအံ့နည်း။

သက်လွတ်စားသူတစ်ယောက် ဖြစ်လာနိုင်ရန်မှာ တွေးခေါ်စဉ်းစားတတ်သော ဉာဏ်များစွာရှိရန် လိုအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အကျွန်ုပ်သည် ကမ္ဘာ့အာဏာရှင်ကြီးဖြစ်ခြားအံ့၊ ထိုအခါတွင် ကျွန်ုပ်သည် သဘာဝမှအတိုင်းသာဖြစ်သေါသော အစာရေစာဖြင့် လူအပေါင်းတို့၏ ကျန်းမာရေး၊ အနာကင်းမဲ့ရေး၊ အင်အားပြည့်ဖြိုးရေးစသည်တို့ကို ဖြစ်အောင်ဆောင်ရွက်မည်။

ထိုအခါ အရက်သေစာ၊ အသား၊ ငါး၊ ငှက် စသည့်သက်ရှိသတ္တဝါတို့ကို စားသုံးရန် လိုအပ်တော့မည်မဟုတ်ပေ။

လူအချင်းချင်း တိုက်ခိုက်သတ်ဖြတ်ခြင်းမှ လွတ်ကင်းချမ်းသာလိုလျှင် တိရစ္ဆာန်အသားကို စားသုံးခြင်းမှ ရှောင်ကြဉ်ရန် အရေးကြီးသည်။

*(ဘားနဒ်ရှော)*

**မှတ်ချက်။** ။အသားလွတ်အကျိုးကျေးဇူးများကို ယခုထက်ပို၍ သိလိုလျှင် ဦးအောင်မြင့်ထွန်း ရေးသားသော စားတတ်လျှင်မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ ကျမ်းစာကို ဆက်လက်ကြည့်ရှုပါရန် တိုက်တွန်းအပ်ပါသည်။

* * *



## အခန်း (၅)

## မေတ္တာ၏ရှေးဦးအကျင့်

လူတို့အတွင်းသဏ္ဍာန်၌ မေတ္တာ၊ အလိမ္မာ၊ အကြင်နာတို့ ခေါင်းပါး၍၊ မာနတရားတို့မလျှော့သမျှ၊ လောဘတို့ဖြင့် အကြမ်းဖက်နေသမျှ သိပ္ပံပညာနှင့်ရုပ်ပိုင်းပစ္စည်းတို့ မည်မျှ တိုးတက်စေကာမူ ငြိမ်းချမ်းမှုကိုကား ရနိုင်မည်မဟုတ်၊ တိုးတက်မှုကိုလည်း ရနိုင်မည်မဟုတ်၊ လွတ်လပ်မှုကိုလည်း ရနိုင်မည်မဟုတ်ချေ။ *(တဂိုး)*

မေတ္တာဘာဝနာပွားများလိုသူသည် ဖော်ပြပါအကျင့် ၁၅ မျိုးကို မိမိသန္တာန်မှာရှိအောင် ကြိုးစားရမည်။

သက္ကောစ=မိမိကိုယ်နှင့် သူတစ်ပါးကောင်းကျိုးဟူသမျှ တတ်နိုင်သလောက် ပြုလုပ်နိုင် ကူညီနိုင်စွမ်းရှိရမည်။ သူတစ်ပါးတို့ကောင်းကျိုးလုပ်သည်ကို ကုသာ၊ မစ္ဆရိယအကုသိုလ်စိတ်တွေ မဖြစ်ဖို့နှင့် ဝမ်းမြောက်မှု မုဒိတာစိတ်ဖြစ်ဖို့ အရင်းခံဖြစ်သည်။ မည်ကဲ့သို့သော စွမ်းနိုင်သူဖြစ်ရမည်ကို သပြေကန်ဆရာတော်က ယခုကဲ့သို့ ဖွင့်ပြတော်မူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကဌ် အကျိုးဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်ချက်မရှိသူ၊ မကျန်းမာသူ၊ ပျင်းသူ၊ ဉာဏ်မရှိသူများကား ဉာဏ်ဖြင့်လုပ်ရမည့် အလုပ်မျိုးကို လုပ်လိမ့်မည်မဟုတ်။ လုပ်သော်လည်း ဖြစ်မြောက်အောင် ပြုစွမ်းနိုင်မည်မဟုတ်။ ယုံကြည်ချက်ရှိသူ၊ ကျန်းမာသူ၊ ဝီရိယရှိသူ၊ ဉာဏ်ရှိသူများကသာ ထိုအလုပ်မျိုးကို ဖြစ်မြောက်အောင် လုပ်နိုင်ကြ၏။ ဓမ္မအရာဌ်လည်း ဤနည်းပင်ဖြစ်သည်။

ဤအချက်ကို မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ် (၂၉၇) ဖြင့်သိအပ်၏။ ထိုသုတ်ဌ် ဗောဓိမင်းသားက–

"အရှင်ဘုရား၊ ဘုရားမြတ်ဟူသော ဆုံးမနည်းညွှန်မည့်ပုဂ္ဂိုလ်ကိုရသော ရဟန်းသည် ဘယ်လောက်ကြာမှ အရဟတ္တမဂ်၊ ဖိုလ်ကို ရပါသနည်း"ဟုလျှောက်သော်

"မင်းသား၊ ဤအရေး၌ သင့်ကိုပင် မေးရဦးမည်၊ သင် ဆင်စီး ချွန်းကိုင်အတတ်ကို တတ်သလော"ဟုမေးတော်မူရာ

"တတ်ပါကြောင်း" လျှောက်၏။

"လူတစ်ယောက်သည် သင့်ထံ ဆင်စီး ချွန်းကိုင်အတတ်ကို သင်မည်ဟုလာ၏၊ ထိုသူကား ယုံကြည်မှုလည်းမရှိ၊ ကျန်းလည်း မကျန်းမာ၊ ကောက်ကျစ်လှည့်ဖြားတတ်သူလည်းဖြစ်၏၊ ပျင်းလည်း ပျင်း၏၊ ဉာဏ်လည်းမရှိ၊ ထိုသူဖြစ်မြောက်အောင် သင်နိုင်ပါမည်လော"ဟု မေးတော်မူ၏။

"ဤအင်္ဂါငါးပါးအနက် တစ်ပါးပါးနှင့် ပြည့်စုံနေလျှင်ပင် သင်နိုင်မည်မဟုတ်ပါ၊ ငါးပါးလုံးပြည့်စုံနေလျှင်ကား ဆိုဖွယ်မရှိတော့ပါ"ဟု လျှောက်၏။



"တစ်ယောက်သော်ကား ယုံကြည်ချက်ရှိသူ၊ ကျန်းမာသူ၊ ဖြောင့်မတ်သူ၊ မပျင်းမရိ ကြိုးစားတတ်သူ၊ ဉာဏ်ရှိသူဖြစ်၏။ ထိုသူကား သင်ကြားတတ်မြောက်နိုင်ပါမည်လော"ဟုမေးသော်–

"ထိုသူမျိုးမှာ တစ်ခုခုသောအင်္ဂါနှင့် ပြည့်စုံလျှင်ပင် သင်ကြားတတ်မြောက်နိုင်ပါ၏၊ ငါးပါးလုံး ပြည့်စုံတော်မူပါကား ဆိုဖွယ်မရှိတော့ပါ"ဟုလျှောက်၏။

မင်းသား၊ ထို့အတူပင် တရားအားထုတ်သူဖြစ်ကြောင်း အင်္ဂါ (ပဓါနိယင်္ဂ)များကား ငါးပါးတို့တည်း။

ဘုရား၌ယုံကြည်သောသဒ္ဓါရှိခြင်း

ကျန်းမာခြင်း

မစဉ်းလဲ၊ မလှည့်ဖြား မိမိအဖြစ်မှန်ကို တင်ပြတတ်ခြင်း

အားထုတ်မှုရှိခြင်း

ပညာရှိခြင်းတို့ဖြစ်၏။ ဤငါးပါးနှင့် ပြည့်စုံသော် တရားလျင်မြန်စွာရနိုင်၏ဟု ဟောတော်မူသည်။ ထို့ကြောင့် ဤ၌

၁။ သဒ္ဓါ= စွမ်းနိုင်သူဆိုသည်မှာ ထိုပဓါနိယင်္ဂတရားငါးပါး ပြည့်စုံသူဖြစ်ရမည် ဟု သိအပ်သည်။

၂။ ဥဇုစ=ဝစီနှုတ်ထွက် တော်မှန် ဖြောင့်မတ်ခြင်းဖြင့် လူအချင်းချင်း လှည့်ပတ်လှည့်စားခြင်းစသော မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ရမည်။

၃။ သုဟုဇုစ=ကောက်ကျစ်စဉ်းလဲမှု မရှိစေရ၊ အလွန်ဖြောင့်မတ်ရမည်။ ရေမြင်ရေလွှမ်း၊ ကြာမြင်ကြာလွှမ်းဆိုသကဲ့သို့ ငွေ့ရာမြင်ရာ အာရုံတိုင်း၌ဝင်၍ စိတ်ပါဝင်စား အကုသိုလ်မပွားရ၊ ဆင်ခြင်တုံ

www.burmeseclassic.com

www.burmeseclassic.com



တရား ယောနိသောမနသိကာရအားဖြင့် သင့်တင့်လျောက်ပတ်သော တရားကို နှလုံးသွင်းရမည်။

၄။ သုဝစောစ=ပြောဆိုဆုံးမရာ၌ ကြီးငယ်မဟူ ဝန်ခံလွယ်သူ၊ နာယူလွယ်သူ၊ ပြုပြင်ဖို့မခက်သူဖြစ်စေရမည်။

၅။ မုဒုစ=ကိုယ်နှုတ်နှလုံး သုံးပါးလုံး နူးညံ့ပျော့ပျောင်း သိမ်မွေ့သူဖြစ်ရမည်။

၆။ အနတိမာနီစ=မာနထောင်လွှားသူမဖြစ်စေရ။

၇။ သန္တုဿကောစ=ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်လွယ်သူ ဖြစ်စေရမည်။

၈။ သုဘရောစ=မွေးမြူလွယ်သူဖြစ်စေရမည်။ ဤနေရာ၌ သူတစ်ပါးတို့၏ ကူညီပြုစုစောင့်ရှောက်ခြင်းကို ခံယူသူဖြစ်လျှင် အပြုအစု မခက်ခဲသူ၊ ပေါင်းသင်းဆက်ဆံရေး၌ မခက်သူဖြစ်စေရမည်။

၉။ အပ္ပကိစ္စောစ=ဗာဟီရ၊ ပလိဗောဓနည်းပါးသူ ဖြစ်ရမည်၊

၁၀။ သလ္လဟုကဝုတ္တိစ=အသက်မွေးပေါ့ပါး၊ ချောင်ချိသူ ဖြစ်စေရမည်။ အကျင့်ဓာမချို့သူ၊ ကိန်းမကြီးသူ၊ ပေါ့ပါးသွက်လက်သူ ဖြစ်စေရမည်။

၁၁။ သန္တိန္ဒြိယောစ=မျက်စိ၊ နားစသော ဣန္ဒြေခြောက်ပါး၊ စောင့်စည်းထိန်းသိမ်းသဖြင့် သိမ်မွေ့ငြိမ်သက် တည်ကြည်အေးချမ်းသူ ဖြစ်စေရမည်။

၁၂။ နိပကောစ=ဉာဏ်ပညာအမြော်အမြင်၊ အကြံအစည်၊ အကျင့်ဟူသော လောကရေး၊ ဓမ္မရေးတို့၌ မိမိနှင့် ပတ်ဝန်းကျင်



အကျိုးမဲ့မဖြစ်စေရန် ရင့်ကျက်သောဉာဏ်ရှိသူဖြစ်အောင် ကြိုးစားရမည်။

၁၃။ အပဂဗ္ဘောစ=ကိုယ်နှုတ်နှလုံးသုံးပါး မြင့်မောက်တက်ကြွမှု မရှိစေရ၊ ကြီးသူကိုရိုသေခြင်း၊ တန်းတူကိုလေးစားခြင်း၊ ငယ်သူကို သနားခြင်းအကျင့်ရှိရမည်။

၁၄။ ကုလေသွနာနုဂိဒ္ဓေါ=အဆွေအမျိုး၊ ဒကာ ဒကာမအစွဲ၊ ယောဂီအပေါင်းအဖော်အစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲကင်းစေရမည်။

၁၅။ နစခုဒ္ဒမာစရေကိဉ္စိ ယေနဝိညူပရေ ဥပဝဒေယျုံ=ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့မည့် သေးငယ်သောအပြစ် (လူမြင်ကွင်း၌ သိက္ခာမဲ့သောအလုပ် အသေးအဖွဲကိုပင်) မပြုကျင့်ရဟု ဘုရားရှင် ဆုံးမထားတော်မူခြင်းဖြစ်သည်။

မေတ္တာရှေးဦးအကျင့် ၁၅ ပါးနှင့်ပတ်သက်၍ ဒကာတစ်ဦးနှင့် ဆရာတော်တစ်ပါး အောက်ပါအတိုင်း ဆွေးနွေးမေးမြန်းနေကြသည်ကို နာခံမှတ်သားခဲ့ရပါသည်။

**(ဒကာ)**။ ဆရာတော်၊ မေတ္တာသုတ်မှာပါတဲ့ မေတ္တာရှေးဦးအကျင့် ၁၅ ပါးကို အပြည့်အစုံမကျင့်နိုင်ရင် မေတ္တာပွားလို့ ရတော့ဘူးလား၊ လောကီလူသားတွေအနေနဲ့ အကုန်လုံးပြည့်စုံဖို့ တော့ မလွယ်ဘူးထင်တယ်။

**(ဆရာတော်)**။ အပြည့်အစုံမကျင့်နိုင်သော်လည်း မေတ္တာပွားလို့ကတော့ ရပါတယ်၊ ထိရောက်မှု မထိရောက်မှုကတော့ ကွာပါလိမ့်မယ်၊ မေတ္တာဟာ ပါရမီကုသိုလ်ဖြစ်ရုံ ပွားများနည်း၊ ဈာန်ရတဲ့အထိ ပွားများနည်းလို့ နှစ်မျိုးရှိတယ်၊ ဘယ်အတွက် ပွားများသည်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



တကယ့်သဒ္ဓါတရားနဲ့ ဝီရိယရှိရှိ ပွားများမယ်ဆိုရင် မိမိလိုရာဆန္ဒ ပြည့်ဝနိုင်ပါတယ်။

မဇ္ဈိမပဏ္ဏာသ၊ ဓနဉ္စာနိသုတ်မှာလာတဲ့ ဓနဉ္စာနိပုဏ္ဏားကြီးဟာ သေခါနီး နာရီဝက်လောက်အလိုကျမှ အရှင်သာရိပုတ္တရာရဲ့ ကျေးဇူးနဲ့ မေတ္တာဘာဝနာကို ပွားများမိတယ်၊ နာရီဝက်အတွင်းမှာပဲ ပဌမဈာန်ကိုရပြီး ဗြဟ္မာ့ဘုံရောက်ခဲ့ရတယ်၊ ဆိုလိုတာက ကိုယ်ကျင့်တရား အားလုံးဟာ စိတ်တစ်လုံးကိုနိုင်အောင် စောင့်ရှောက်လိုက်ရင် အကုန်ပါသွားတာပါပဲ။

ရဟန်းတော်များ စောင့်ရှောက်ရတဲ့ သိက္ခာပုဒ်များဟာ အကျဉ်းချုပ်ရင် ၂၂၇ ပုဒ်သာရှိပေမယ့် အကျယ်ချဲ့လိုက်ရင် ကုဋေကိုးထောင့် တစ်ရာရှစ်ဆယ့်ငါးသန်းသုံးသောင်းခြောက်ထောင်ရှိတယ်၊ သိက္ခာပုဒ်တွေ များလွန်းလို့ မစောင့်ရှောက်နိုင်ဘူးဆိုပြီး ရဟန်းတစ်ပါးက လူထွက်ချင်ကြောင်း ဘုရားကို လျှောက်တယ်၊ ဒီတော့ ဗုဒ္ဓက ဘာပြန်ပြီးမိန့်တော်မူလဲဆိုတော့—

ချစ်သား၊ အဲဒါဆိုရင် သိက္ခာပုဒ်တစ်ခုတည်းဆိုရင်ကော စောင့်နိုင်ပါ့မလားလို့ မေးလိုက်တယ်၊ တစ်ခုတည်းဆိုရင်ဖြင့် စောင့်ရှောက်နိုင်ပါတယ်ဘုရားလို့ လျှောက်တာနဲ့ ဗုဒ္ဓက—

စိတ္တံရက္ခေထမေဓါဝီ

စိတ္တံဂုတ္တံသုခါဝဟံ

ချစ်သား၊ ပညာရှိဆိုတာ စိတ်ဆိုတဲ့ သိက္ခာပုဒ်တစ်ခုကိုပဲ စောင့်ရှောက်ပါ၊ စိတ်ကိုသာ စောင့်ရှောက်နိုင်ရင် နိဗ္ဗာန်ဆိုတဲ့ ချမ်းသာကိုတောင် ရောက်နိုင်ပါတယ်လို့ ဩဝါဒပေးတော်မူပါတယ်။



စိတ်ဆိုတဲ့ သိက္ခာပုဒ်တစ်ခုတည်းကိုပဲ စောင့်ရှောက်ပြီး ကျင့်ကြံလိုက်တာ ရဟန်းကိစ္စပြီးစီးတဲ့အထိ အောင်မြင်သွားခဲ့ပါတယ်။

မေတ္တာရဲ့ ရှေးဦးအကျင့် ၁၅ မျိုးဟာလည်း မေတ္တာဘာဝနာကိုသာ စိုက်လိုက်မတ်မတ် သဒ္ဓါတရားရှိရှိနဲ့ ပွားများနေမယ်ဆိုရင် အလိုလို ပြည့်စုံလာနိုင်ပါတယ်။ လောကီဥပမာနှစ်ခုနဲ့ ကြည့်ကြရအောင်။ ကျောင်းသုံးအထက်တန်း ကဗျာလက်ရွေးစင်စာအုပ်ထဲမှာ အရွေးခံရတဲ့ ကဗျာဆရာတစ်ယောက်က ပြောပြတယ်။

ကျွန်တော့်ကဗျာကို ကျောင်းသုံးအဖြစ် ရွေးချယ်ရခြင်းအကြောင်း သုံးသပ်ချက်ကို ဖတ်ကြည့်တော့ ကျွန်တော့်မှာ အတော်အံ့ဩရတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကဗျာထဲမှာ သိင်္ဂါရရသ၊ ကရုဏာရသ၊ ဝဏ်ဝုဋ္ဌိအလင်္ကာစတဲ့ ရသတွေ၊ ဂုဏ်တွေ အများကြီးပါတဲ့အကြောင်း ဖတ်ရတယ်။ တကယ်ကျတော့ အဲဒီ ရသတွေ၊ ဂုဏ်တွေကို ကျွန်တော် အခုမှသိရတာပါတဲ့။

နောက်တစ်ယောက်ကတော့ မန္တလေးမြို့က ဓာတ်အဖွဲ့ကြီးတွေမှာ သီချင်း၊ ငိုချင်း၊ လေးချိုး၊ ဒွေးချိုးတွေကို ရေးပေးနေတဲ့ ဆရာတစ်ယောက်ရှိတယ်။ ဘယ်အချိန်မှာ ဘာကိုပဲရေးခိုင်းရေးခိုင်း ခဏချင်း လက်တန်းရေးပေးလိုက်တာပဲ။ တစ်နေ့ကျတော့ အံ့ဩလှတဲ့ ဓာတ်ဆရာတစ်ယောက်က သေချာမေးကြည့်တယ်။

ဆရာ ဘာကိုပဲရေးရေး ကဗျာလင်္ကာရဲ့ ကာရန်နဲ့ဘေ စည်းကမ်းချက်တွေကိုလည်း ဂရုစိုက်တာ မတွေ့ရဘူး။ ရေးပြီးတဲ့ အခါ သေချာစစ်ကြည့်တော့လည်း စည်းကမ်းချက်အားလုံးနဲ့ ကိုက်နေတာချည်းပဲ။ ဒီစည်းကမ်းချက်တွေ ကျေညက်နေအောင် ဘယ်လိုများ

www.burmeseclassic.com

www.burmeseclassic.com



လေ့လာထားပါသလဲဆိုတော့၊ ဘယ်လိုမှ မလေ့လာဖူးပါဘူးတဲ့။ တွေ့သမျှ ကဗျာလင်္ကာတွေကို နှုတ်ထဲမှာ အကုန်အာဂုံဆောင်ထားတော့ ဘာကိုပဲ လာရေးခိုင်းရေးခိုင်း ကာရန်ကိုက်ပြီးသား ဖြစ်နေတာပါပဲတဲ့။ အခုလည်းပဲ မေတ္တာဘာဝနာကိုသာ ထိထိရောက်ရောက် ပွားများလာပြီဆိုရင် မေတ္တာရှေးဦးအကျင့် ၁၅ ပါးဟာ အလိုလိုပါဝင်လာနိုင်ပါတယ်။

ဤဆွေးနွေးမေးမြန်းချက်ဖြင့်ပင် မေတ္တာရှေးဦးအကျင့် ၁၅ ပါးနှင့် ပတ်သက်၍ ပြည့်စုံပေပြီ။

* * *



## အခန်း (၆)

# ဘိရှော့ဂ်တို့၏ မေတ္တာအစွမ်းအံ့မခန်း

အမေ့မှာ သားသမီးဆယ်ယောက်ရှိသည်။ ဒီလောက် များတဲ့ ကလေးတွေအတွက် မေတ္တာကို ဘယ်လိုပိုင်းခြား ခွဲဝေပေးမလဲဟု မိတ်ဆွေတစ်ယောက်က မေးပါသည်။

မေတ္တာဆိုတာ ပိုင်းခြားခွဲဝေတဲ့ အစားလက္ခဏာမဟုတ်ပါဘူး။ တိုးပွားအောင်လုပ်ရတဲ့ အမြှောက်လက္ခဏာပါဟု အမေက ပြန်ပြောလိုက်ပါသည်။**(မစွက်ဘရောင်း)**

အပြန်အလှန်မေတ္တာထားခြင်းအမှုက နိယာမလောက ကို ဆက်လက်တည်မြဲနေစေသည်။ **(မဟာဌ္ဌာမဂန္ဒီ)**

အလွန်ကျယ်ပြန့်သော၊ အတိုင်းအဆမရှိသောစကြဝဠာသည် မိဘမေတ္တာနှင့် နှိုင်းစာပါက အပ်နဖားလောက်ပမာဏသာ ရှိပေ၏။

**(မာတုပေါ်သာသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



မိခင်သည် မည်သည့်နေရာတွင်မဆို အစားဝင်နိုင်သော်လည်း သူ့နေရာကို မည်သူမျှအစားမဝင်နိုင်။

***(အမေရိကန်ဘုန်းတော်ကြီးတစ်ဦး)***

## နန္ဒိယမိဂဇာတ်

ကောသလတိုင်း၊ သာကေတမြို့မှ ကောသလမင်းသည် သမင်သားစား အလွန်ကျူးသည်။ မြို့သူမြို့သားများကို နေ့စဉ်ခေါ်ကာ တောတွင်းသို့ သမင်လိုက်ထွက်လေ့ရှိသည်။ နေ့စဉ် သမင်ချည်းလိုက်ခြောက်ပေးနေရရာ ကြာသောအခါ အလုပ်ပျက် အကိုင်ပျက်ဖြစ်လာသောကြောင့် မြို့သူမြို့သားအားလုံးတိုင်ပင်ပြီး၊ တောထဲရှိသမျှ သမင်များကို ဘုရင့်ဥယျာဉ်ထဲ မောင်းသွင်းလိုက်ကြလေသည်။

သမင်များမှာ တစ်နေ့တစ်ကောင်ကျ ဘုရင့်မြားချက်ဖြင့်အသက်ထွက်ကာ အစားခံကြရရှာသည်။ တိရစ္ဆာန်အကောင်တစ်ရာတွင် ၉၉ ကောင်တို့မှာ အသားစားချင်သော လူသားများကြောင့် အသတ်ခံနေကြရခြင်းဖြစ်သည်ကို သတိပြုစရာပါပင်။ တစ်နေ့တွင် ဘုရားအလောင်းဖြစ်သော နန္ဒိယသမင်ကြီး အသတ်ခံရမည့် အလှည့်သို့ ရောက်လာပါတော့သည်။

အပစ်ခံရမည့်နေရာရောက်သည်နှင့် နန္ဒိယသမင်မင်းက အပစ်လာမည့် ဘုရင်ထံရည်မှန်း၍ ဥဒ္ဒိဿ=ရည်ရွယ်သော မေတ္တာပို့သလိုက်လေသည်။ ကောသလမင်းကား လေးမြားအစုံနှင့် ရောက်လာပေပြီ။ ဝဝဖြိုးဖြိုး သမင်ကြီးကို မြင်သည်နှင့် လေးကိုတင်ကာ တစ်ခါတည်း ပစ်ချလိုက်လေတော့သည်။



အံ့မခန်းစရာပါတကား။ တိရစ္ဆာန်တစ်ကောင်၏ မေတ္တာပင်ဖြစ်သော်လည်း အစွမ်းထက်မြက်ပေစွ။ ကောသလမင်း၏မြားကဘယ်လိုမှ ပစ်၍မရတော့ပေ။ အသားစားကျူးသော်လည်း ပညာဉာဏ်ရှိသော ကောသလမင်းကား အမှန်တရားကို တွေးခေါ်မိသွားလေပြီ။

အဝိညာဏက=အသက်မရှိတဲ့ လေးနဲ့မြားကမှ သမင်မင်း၏မေတ္တာတရား ဂုဏ်ကျေးဇူးကို သိနားလည်သေးတယ်၊ ငါကားသက်ရှိထင်ရှား လူသားတစ်ယောက်ဖြစ်လျက် မသိယောင်တကား၊ ဤသို့တွေးမိသည်နှင့် သမင်မင်းထံ ဝန်ချတောင်းပန်ရှာလေသည်။ သမင်မင်း၏ ကျေးဇူးကြောင့် ထိုနေ့မှစ၍ တိရစ္ဆာန်အားလုံးကို ဘေးမဲ့ပေးကာ အသက်ထက်ဆုံး ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းသွားလေတော့သည်။

## ဖခင်ခြင်္သေ့၏မေတ္တာ

သီရိလင်္ကာနိုင်ငံရာဇဝင် (မဟာဝံသ)၌ သီဟဗာဟုမင်းဟူ၍ရှိခဲ့ဖူး၏။ ဝင်္ဂတိုင်းဖွား (ဗင်္ဂလား) မင်းသမီးတစ်ယောက်သည်ခြင်္သေ့နှင့် သင့်မြတ်ကာ လိုဏ်ဂူတစ်ခု၌ နေရသည်။ သားတစ်ယောက်၊ သမီး တစ်ယောက် ပေါက်ဖွား၏။ ခြင်္သေ့ကြီးသည် အစာရှာထွက်တိုင်း ဂူပေါက်ဝ၌ ကျောက်တုံးကြီးပိတ်၍ သွားလေ့ရှိရာ သားဖြစ်သူသီဟဗာဟု ၁၆ နှစ်အရွယ်သို့ရောက်လျှင် အကြောင်းစုံသိရသဖြင့် ခြင်္သေ့ကြီး အစာရှာထွက်သွားခိုက် ကျောက်တုံးကြီးကို တွန်းဖယ်ကာ မိခင်နှင့် နှမကိုခေါ်၍ ထွက်ပြေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့ကြီးသည် သားမယားများ ပျောက်သွားသဖြင့် တောတောင်အနှံ့ လိုက်လံရှာဖွေရင်း မစိတ်မွန်ကာ တောစွန်အုံဖျားရွာများကိုပင် ဖျက်လေ့ရှိ၏။ ထိုအခါ ဘုရင်က ခြင်္သေ့ကြီး နှိမ်နင်းမည့်သူကို မောင်းကြေးနင်းခတ်၍ ကြေညာသောအခါ သီဟဗာဟုသည် ဆုတော်ငွေသုံးထောင်ကိုယူ၍ ခြင်္သေ့ကိုနှိမ်နင်းရန် တာဝန်ယူလိုက်၏။ ဘုရင့်ထံရောက်သောအခါ ခြင်္သေ့ကိုနိုင်လျှင် နိုင်ငံကိုအပ်မည်ဟု ဆိုပြန်သည်။

သီဟဗာဟုလည်း ခြင်္သေ့ရှိရာအရပ်သို့သွားရာ ခြင်္သေ့ကြီးသည် သားသီဟဗာဟုကိုမြင်လျှင် ပူပန်မှုသောကများ အတန်ငယ်ပြေပျောက်၍သွားကာ သားဟူသော ချစ်ခြင်းမေတ္တာများ ဖြစ်ပွားလျက်ရှိ၏။ သီဟဗာဟုသည် ဆိပ်လူးမြားဖြင့် ဖခင်ခြင်္သေ့ကြီးအား ပစ်ခတ်ရာ ဖခင်၏ မေတ္တာကြောင့် မြားပစ်၍မရပေ။ သုံးကြိမ်တိုင်တိုင် ပစ်သော်လည်း မရဘဲ မိမိပစ်သောမြားများ ပြန်လည်လာကာ မိမိခြေရင်း၌သာ ကျကုန်၏။

“ငါ့သားကတောင် ငါ့ကို ရန်မူနေမှကော”ဟု ခြင်္သေ့ကြီးလည်း ရုတ်တရက် ဒေါသထွက်၍ ဟိန်းဟောက်လိုက်သောအခါ သီဟဗာဟု၏ မြား;သည် ခြင်္သေ့ကြီး၏ ငယ်ထိပ်မှစူးဝင်ကာ ထိုနေရာ၌ပင် ခြင်္သေ့ကြီး သေရှာ၏။ သီဟဗာဟုလည်း မင်းပြုရလေတော့သည်။

မေတ္တာနှင့် ဒေါသ(ဝါ) အအေးဓာတ်နှင့် အပူဓာတ်နှစ်မျိုး လျှပ်တစ်ပြက် အပြောင်းအလဲဖြစ်ရာ အခိုက်အတန့်ကလေးသည် မကြာလှသော်လည်း ထိုမကြာမညောင်း တိုတောင်းလှသော ာချိန်ကလေးအတွင်း အပူအအေးဓာတ်နှစ်ခုတို့၏ ဆန့်ကျင်ဘက်စွမ်းအင်ကိုမူ မြင်သာလှပေသည်။



မှတ်ချက်။ ။ မင်းဖြစ်သောအခါတွင်မှ ပညာရှိများ၏ လျှောက်ထားသတိပေးချက်အရ သတ်ခဲ့မိသောအပြစ်များ လျော့ပါးပေါ့လျော့စေခြင်းအကျိုးငှာ စေတီနှင့်အတူ ခြင်္သေ့ရုပ်ကိုပါ ထုလုပ်၍ရှိခိုးခဲ့သည်။ ထိုအခါမှစ၍ စေတီတည်တိုင်း ခြင်္သေ့ရုပ်ပါသော ထုံးစံရှိခဲ့သည်ဟုဆိုသည်။ လူဇာတ်ဖြစ်သော မိခင်၊ ဖခင်ကို သတ်မိသူသာ အနန္တရိယကံထိုက်သည်ဟု ကင်္ခါအဋ္ဌကထာ၌ဆိုသောကြောင့် တိရစ္ဆာန်ဖြစ်သော ဖခင်ကို သတ်မိရာ၌ကား အနန္တရိယံထိမရောက်ကြောင်း မှတ်သားရမည်။

## မိခင်နွားမ၏မေတ္တာ

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရအခန်းလာ ရှေးအခါ သီရိလင်္ကာနိုင်ငံ၌ ဖြစ်ပျက်ခဲ့သော တိရစ္ဆာန်များနှင့် မေတ္တာဝတ္ထုတစ်ခုလည်း ရှိပေသေးသည်။

အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

(ဝိသုဒ္ဓိ–၁။ ၃၀၇။)

ဤမေတ္တာဘာဝနာအရာ၌ ရှေးဆရာတို့သည် နွားမဝတ္ထုကိုလည်း ပြောဆိုကြကုန်၏။ တစ်ခါက နွားမကြီးတစ်ကောင်သည် မိမိနို့စို့သားငယ်အား ရပ်လျက်နို့တိုက်ကျွေးနေ၏။ မုဆိုးတစ်ဦးသည် ထိုနွားမကြီးကို ထိုးသတ်မည်ဟု လှံရှိုးရှည်ကြီးကို လက်ဖြင့်အရှိန်မူ လွှဲကိုင်၍ ထိုးပစ်၏။ ထိုလှံသည် နွားမကြီး၏ ကိုယ်၌ထိသောအခါ ထန်းရွက်ကဲ့သို့ လိပ်ခွေ၍ကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကား ဥပစာရ အင်အားရှိသော မေတ္တာကြောင့်လည်း မဟုတ်၊ အပ္ပနာအင်အားရှိသော မေတ္တာကြောင့်လည်းမဟုတ်ချေ။ စင်စစ် မိမိ၏ သားငယ်အပေါ်၌ အလွန်အမင်း ချစ်ခင်ခြင်းရှိသော စိတ်ကြောင့်သာလျှင်ဖြစ်ပေ၏။ မေတ္တာ၏ အာနုဘော်ကား သို့စဉ် ကြီးမားလှပေ၏။

## မြွေမိခင်--ရယ်

မိခင်စိတ်ဓာတ်ရှိသော သတ္တဝါအပေါင်းတွင် ဗိုက်မှ ဖောက်ထွက်ကာ သားဖွားရသော မြွေပွေးမများကား အသာဆုံးဟုပင် ဆိုရပါမည်။ ဗိုက်ဖောက်ထွက်ကာ အသေခံပြီးဖွားရမည့် သားသမီးများဟု သိသော်လည်း တစ်စက်ကလေးမှ မေတ္တာမပျက်ရှာကြ။ သားဖွားရန် အချိန်နီးကပ်လာသည်နှင့် လူသူကင်းရှင်းကာ နေအပူဒဏ်များများရမည့်နေရာကို ရွေးချယ်၍ရှာရရှာသည်။

စိတ်ချလောက်သော နေရာကိုရသည်နှင့် ပက်လက်လှန်ကာ ဝမ်းဗိုက်ကို နေပူလှန်းပါတော့သည်။ မွန်းတည့်နေပူရှိန်နှင့် မိခင်၏ မေတ္တာဓာတ်တို့ကား ယှဉ်ပြိုင်ကြလေပြီ။ နေပြင်းလာသည်နှင့်အမျှ မိခင်၏ ဝမ်းဗိုက်များမှာ တစ်စထက်တစ်စ ပျော့၍ပျော့၍လာခဲ့သည်။ အပျော့ဆုံးအချိန်သို့ရောက်သည်နှင့် မမြင်ရဘဲ ချစ်ခဲ့ရသော သားသမီးများက မိခင်၏ဝမ်းဗိုက်ကိုဖောက်ကာ မိမိလိုရာသို့ အသီးသီးထွက်ခွာသွားခဲ့ကြလေပြီ။

အသေခံ၍ မွေးဖွားပေးလိုက်ရရှာသော မိခင်ကြီး၏ ဖြစ်အင်ကိုကား ဘယ်သားသမီးကမှ မသိလိုက်ရှာကြပေ။ မိဘတို့၏ ကျေးဇူး



ကို သားသမီးများ သေချာသိသောအချိန်တစ်ချိန်သာရှိ၏။ ထိုအချိန်ကား မိမိတို့ကိုယ်တိုင် မိဘဘဝသို့ ရောက်သောအချိန်ပင် ဖြစ်ပါတော့သည်။

မေတ္တာတရားခေါင်းပါး၍ အကြင်နာကင်းမဲ့သော ဤကမ္ဘာကြီးတွင် စွမ်းအားအကြီးမားဆုံး၊ အနက်ရှိုင်းဆုံးနှင့် ထာဝစဉ်ရှင်သန်နေသော မေတ္တာထုကို မိခင်များ၏ နှလုံးသားတွင်သာ အစဉ်အမြဲ တွေ့မြင်နိုင်၏။

**အင်္ဂလိပ်ကဗျာဆရာကြီး မစ္စက်ဖလက်ရှား**

## မေတ္တာဒ ရဝမ်

ဖွတ်၊ လိပ်စသော သတ္တဝါတို့သည် ဥများကိုဥသောအခါ သဲများ မြေများနှင့် လုံခြုံစွာဖုံးဖိပြီးမှ အစာရေစာအတွက် သွားလိုရာ ဌာနသို့ သွားလေ့ရှိကြ၏။ ဖွတ်များ၊ လိပ်များသည်ပင်လျှင် မိခင်၏ မေတ္တာဓာတ်ကို (တစ်နေရာ၌ ဖုံးဖိုက်၍ထားခဲ့သော) ဥများ၌ အမြဲတစေ ပို့လွှတ်ဆက်သွယ်နေကြောင်း တွေ့မြင်နိုင်သည်။ မိခင်သည် မည်မျှဝေးကွာသော အရပ်ဒေသ၌ သွားရောက်နေစေကာမူ ဥခွံအတွင်း၌ရှိသော သားငယ်သည် မိခင်နှင့် အဆက်အသွယ်မပြတ်ချေ။ မိခင်၏မေတ္တာသည် မိမိဥများ၌ ပို့လွှတ်ထား၏။

အဘယ့်ကြောင့်ဆိုသော် မိခင်ဖွတ်၊ လိပ်များသည် အကြောင်းတစ်စုံတစ်ရာကြောင့် အဝေးတစ်နေရာ၌ သေလွန်သွားလျှင် ထိုဥများသည်း (မိခင်၏ မေတ္တာအဆက်အသွယ်ကို မရရှိကြသဖြင့်) သတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com



အကောင်အဖြစ်သို့ ရောက်မလာဘဲ သိုးပုပ်၍သွားကြရသောကြောင့်ပါပင်။ မေတ္တာအစောင့်အရှောက်ကား လုံခြုံခိုင်ခံ့ပါပေစွ။

ကမ္ဘာလောကကြီးကိုတစ်ဖက် အမေကိုတစ်ဖက်
ချိန်ခွင်တွင်ထည့်၍ချိန်ပါက အမေဘက်က ဇောက်ထိုးကြီးသာနေမည်။

*(အင်္ဂလိပ်တရားသူကြီး လော်စီလင်ဒေလ်)*

**နိယာမကိုပင် ပြောင်းလဲစေသော မိခင်မေတ္တာ**

သားလှချစ်စွာ၊ မိမာတာ၏
နိတျာကွေးကွေး၊ နှလုံးသွေးသည်
သည်းခြာသူ့သား၊ နို့စို့ငြားသော်
သားမြတ်အဖျား၊ ရောက်လာငြား၍
ဘော်သာခွာသွေး၊ ဖြူဖြူဖွေးသည်
ချစ်သွေးလူလှချစ်သောကြောင့်။ *(ဦးသုမန)*

မှတ်ချက်။ ။ နို့မှာ ခန္ဓာဗေဒအစဉ်အရ သွေးပင်ဖြစ်ပါသည်။ အရောင်မှာလည်း အနီရောင်ပင်။ သားကိုချစ်သော မိခင်၏ မေတ္တာစွမ်းအားကြောင့် သားမြတ်သို့ ရောက်သောအခါ အဖြူရောင်ဖြစ်လာရသည်ဟု ဆိုလိုခြင်းဖြစ်သည်။ မူလ ပဏ္ဏာသအဋ္ဌကထာ၊ မဟာတဏှာသင်္ခယသုတ် ၂၁၀ လာ အဓိပ္ပါယ်နှင့်အညီပင်ဖြစ်သည်။ (ဤအင်္ဂါ ၄.ချက်နှင့်ညီမှသာ သားသမီးတို့က မိဘများကို လုပ်ကျွေးနိုင်ခွင့်ရှိသည်။)



၁။ ကျွေးမွေးကျေးဇူးဆပ်ရကောင်းမှန်းသိသော စေတနာရှိခြင်း။
၂။ ကျွေးမွေးနိုင်လောက်သော အခြေအနေရှိခြင်း
၃။ မိဘများ မိမိထံမှီခိုနေခြင်း။
၄။ မိဘများ အသက်ရှင်နေခြင်းတို့ဖြစ်သည်။

အံ့လောက်စရာ၊ မိမာတာနှင့်
ပိတာအဘ၊ မြတ်ဂုဏအား
ဆပ်ပြားပါလို၊ မိကိုလက်ယာ
ဖကိုလက်ဝဲ၊ အမြဲထားလျက်
ပခုံးထက်တွင်၊ သို့ပင်နိစ္စ
လုပ်ကျွေးကြလည်း၊ ရှေးကပြုဖူး
မွေးကျေးဇူးကို၊ အထူးမြဲခိုင်
မဆပ်နိုင်တည့်။ *(ပုဏ္ဏောဝါဒပျို့)*

သတ္တပါတွေမှာ ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ မီးသုံးပါးတွေ တဟုန်းဟုန်းလောင်နေသည်။ မြင်ရတဲ့ဉာဏ်နဲ့ကြည့်ရင် မြင်ရတဲ့ မီး ၃ ပါး၊ တစ်ခါ ဉာဏ်နဲ့ကြည့်ရင် မြင်ရမယ့် အကျိုးမီးက ငရဲမီး၊ ဣတိဝုတ်ပါဠိတော်လာ အဂ္ဂိသုတ်မှာ ဟောထားပုံက-

၁။ လောဘမီးကို အကြောင်းပြုပြီးတော့ မောဟမီး တောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဒေါသမီးကို အကြောင်းပြုပြီးတော့ မောဟမီး တောက်သည်။

၃။ မောဟမီးတောက်တော့ ငရဲမီးတွေတောက်ကုန်သည်။

၄။ ငရဲမီးတောက်ရင် သတ္တဝါတွေဟာ ဒုက္ခမီးတွေ တဟုန်းဟုန်းတောက်သည်။

လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ငရဲမီးတွေကို ငြိမ်းစေတတ်သည်မှာ မေတ္တာဘာဝနာပွားခြင်းသာဖြစ်သည်။

မေတ္တာပို့သူသည် မိမိအား လောင်မြိုက်နေသော မီးကြီးများကို ချက်ချင်းငြိမ်းသတ်နိုင်သဖြင့် ချမ်းသာသောဘဝကို လက်ငင်းရရှိသည်။ ထို့ပြင် မေတ္တာအာနိသင်ဖြင့် သတ္တဝါအချင်းချင်း ချစ်ခင်ကြင်နာလာကြသဖြင့် သာယာငြိမ်းချမ်းသော လောကကြီးကို တည်ဆောက်ရာ၌လည်း အထောက်အကူပြုသည်။

မေတ္တာဘာဝနာသည် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ငြိမ်းသတ်နိုင်သည့်အတွက် မေတ္တာပွားပို့ရသော ကုသိုလ်သည် ဒါနကုသိုလ်၊ သီလကုသိုလ်တို့ထက် ပို၍ကြီးမားသည်။

***(မင်းကွန်းတိပိဋကဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ)***

* * *



## အခန်း (၇)

# လူတို့၏ မေတ္တာအစွမ်းအံ့မခန်း

လောကတစ်ခွင်၊ မဆန့်ကျင်ဘဲ၊
ချစ်ခင်မြတ်လေး၊ ကျွမ်းဝင်ဆေးကား၊
ကြည်အေးမေတ္တာ၊ လက်တွေ့သာတည်း၊
ကိုယ်မှာအမြဲ၊ ဆောင်သုံးစွဲက၊
ဘေးရန်လွှဲကာ၊ စိတ်ချမ်းသာလျက်၊
စိန္တာမဏိ၊ တန်ခိုးရှိဖို့၊
သိဒ္ဓိသီးသီး၊ ဘုန်းတန်ခိုးကြီးသည်၊
ရှိန်းပြီးမေတ္တာ မန္တာန်တည်း။

***(လယ်တီပဏ္ဍိတဦးမောင်ကြီး)***

မူလဘူတစာတ်ကြီးလေးပါးကို ဆွဲငင်ပေါင်းစည်းပေးသောအရာမှာ မေတ္တာဖြစ်၍ ကွဲပြားအောင်ပြုလုပ်သောအရာမှာ မုန်းတီးမှု (ဒေါသ)ဖြစ်သည်။

***(အတွေးအခေါ်ပညာရှင် အင်ပီဒေါ့ကလီ)***

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာတွင်မဆို လူသားတွေ ဆင်းရဲဒုက္ခခံစားနေကြရသည်။ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများနှင့်ကြုံတွေ့နေရသည်။ ဤဆင်းရဲဒုက္ခ၏ အရင်းအမြစ်မှာ မေတ္တာဓာတ်ကင်းမဲ့မှုပင်ဖြစ်သည်။

**(တော်လ်စတွိုင်း)**

လူသားတစ်ရပ်လုံး၏ မေတ္တာကို ကျွန်ုပ်မျှော်ကိုးသည်။ ကြီးမားသော ယင်းမေတ္တာဖြင့် အမှန်တရားကိုပြင်းပြင်းထန်ထန် တုန့်ပြန်ရန်သာဖြစ်သည်။

**(မဟတ္တမဂန္ဓီ)**

BURMESE CLASSIC

### ဘုရားပေးသောအနိုင်ယူနည်း

၁။ အမျက်ဒေါသထွက်လာသူကို မေတ္တာပွားခြင်း၊ အမျက်ဒေါသမထွက်ခြင်းဖြင့် အနိုင်ယူရမည်။

၂။ အကျင့်မကောင်းသူကို အကျင့်ကောင်းဖြင့် အနိုင်ယူရမည်။

၃။ နှမြောစေးနဲသူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူရမည်။

၄။ လိမ်ညာပြောသူကို အမှန်ပြောခြင်းဖြင့် အနိုင်ယူရမည်။

**ဓမ္မပဒပါဠိတော်**

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဘုရားအလောင်းတော် ဃဋမင်းသည် တရားနှင့်အညီ စိုးစံအုပ်ချုပ်နေ၏။ တစ်နေ့တွင် နန်းတွင်းအမှုဆောင်ရွက်သော အမတ်တစ်ယောက်သည် ပြစ်မှုကျူးလွန်သဖြင့် တိုင်းပြည်မှ အနှင်ထုတ်ခံခဲ့ရသည်။ ထိုအမတ်သည်



ဃဋမင်းနှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သော သာဝတ္ထိပြည် ဓင်္ကမင်းထံသို့ သွားရောက်ခစားပြီးလျှင် ထိုမင်းအား ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းပိုက်ယူရန် တိုက်တွန်းလေ၏။

အချိန်မကြာမြင့်မီမှာပင် ဓင်္ကမင်းသည် ဗာရာဏသီပြည်သို့ အလုံးအရင်းနှင့် ချီတက်လာလေတော့သည်။ မည်သူ့ကိုမှ မသေစေလိုသော ဃဋမင်းသည် စစ်တိုက်ခြင်းမပြုဘဲ အေးချမ်းစွာပင် နိုင်ငံကို အပ်လိုက်လေတော့သည်။ ဓင်္ကမင်းသည် ထီးနန်းရသည်နှင့် ဃဋမင်းအား သံခြေကျင်းခတ်၍ နှောင်အိမ်အချုပ်တွင်း၌ သွင်း၍ထားစေ၏။

ပါရမီရှင် သူတော်ကောင်းတို့သည် မည်သို့ ဆိုးဝါးသော လောကဓံတရားနှင့် ကြုံတွေ့ရစေကာမူ တုန်လှုပ်ချောက်ချားခြင်းမရှိ၊ စိုးရိမ်ပူပန်ခြင်းမရှိ။ အရှုံးထဲမှ အမြတ်ထွက်အောင် ကြံဖန်နေထိုင်ကြမြဲတည်း။

"ငါသည် ယခုအခါ တိုင်းရေးပြည်ရေး ကိစ္စများမှ အနားရကာ အေးအေးချမ်းချမ်း ဘာဝနာပွားနိုင်ပေပြီ၊ ဓင်္ကမင်းအား အထူးကျေးဇူးတင်ဖွယ်ကောင်းလှပေ၏"

ဤသို့ နှလုံးသွင်းလျက် ဃဋမင်းသည် မေတ္တာကမ္မဋ္ဌာန်းကို နုံးစုံးစိုက်စိုက် စီးဖြန်းပွားများလေ၏။ မကြာမီ သမာဓိအားကောင်းလာပြီးလျှင် ဈာန်အဘိညာဉ်ရလျက် ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေနေနိုင်သောအဆင့်သို့ ရောက်လေ၏။ ဈာန်ချမ်းသာသည် ကာမဂုဏ်ချမ်းသာအပေါင်းထက် သာလွန်၏။ ထို့ကြောင့် ဃဋမင်းသည် အချိန်ရှိသ၍ ဈာန်ဝင်စားပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကာလအတွင်း၌ ခက်မင်းသည် မနေနိုင် မထိုင်နိုင်လောက်အောင် တစ်ကိုယ်လုံး ပူလောင်လာ၏။

ရွှေသလွန်ထက်တွင် စံမြန်းရပါလျက် မအိပ်နိုင် မစားနိုင် ဖြစ်ကာ ပင်ပန်းညှိုးနွမ်းနေလေ၏။

"ငါ့ရန်သူ ဃဋမင်း ဘယ်လိုဖြစ်ပါလိမ့်"ဟု ခက်မင်း အတွေးဝင်လာသဖြင့် အချုပ်ခန်းဆီသို့ လှည့်လာ၏။ ဃဋမင်းသည် အလွန်ဆင်းရဲပင်ပန်းနေလိမ့်မည်ဟု သူထင်မှတ်ခဲ့၏။ သို့သော် သူ့အထင်မှာ မျက်မြင်နှင့် ပါစင်အောင်လွဲချော်နေတော့၏။

"အို ဃဋမင်း၊ တစ်ပါးသောသူတို့သည် အချုပ်အနှောင် ခံရလျှင် စိုးရိမ်ကြောက်လန့်ပြီး ပူဆွေးငိုကြွေးကြတယ်၊ ခန္ဓာကိုယ် မှာလည်း ညှိုးနွမ်းပိန်ချုံးသွားကြတယ်၊ အသင်မူကား စိုးရိမ်ကြောက် လန့်ခြင်းလည်းမရှိ၊ ညှိုးနွမ်းပိန်ချုံးခြင်းလည်းမရှိ၊ သင်၏ မျက်နှာကား လပြည့်ဝန်းနှယ် ကြည်လင်ဝင်းပနေပါတော့တယ်၊ အဘယ့်ကြောင့် ဤသို့ဖြစ်ရသလဲ"

"အဆွေခက်မင်း၊ ကျွန်ုပ်သည် အချုပ်အနှောင်ခံနေရပါသော် လည်း သင့်အားလည်းကောင်း၊ ကုန်းချောသောအမတ်အားလည်း ကောင်း၊ မင်းချင်းတို့အားလည်းကောင်း အာဃာတမထားပါ၊ ကျွန်ုပ် သည် အေးအေးလူလူ မေတ္တာဘာဝနာပွားများခွင့်ရတဲ့အတွက် သင် တို့ကိုပင် ကျေးဇူးတင်လျက်ရှိပါတယ်"



"အဆွေတော်မင်းကြီး၊ စိုးရိမ်ပူပန်ခြင်းအလုပ်ဟာ လွန်ပြီးခဲ့ တဲ့ ချမ်းသာကိုလည်း ပြန်မဆောင်နိုင်ပါ၊ ထို့ကြောင့် ကျွန်ုပ်သည် စိုးရိမ်ပူပန်မှုကို အလာမခံပါ၊ ရှာနံ့တည်းဟူသော အဖော်ကောင်းနှင့် သာ ပျော်ပိုက်လျက်ရှိပေတယ်၊ ဤအဖော်မွန်ကြောင့် ကျွန်ုပ်သည် ကြည်လင်လန်းဆန်းလျက်ရှိပေတယ်"

"အဆွေတော်မင်းကြီး၊ အကြင်သူတစ်ဦးမှာ မိတ်ဆွေအရာ အထောင်ပင်ရှိစေကာမူ မိမိ၏ကိုယ်တွင်း၌ကား မေတ္တာနှင့်ယှဉ်တဲ့ ရှာန်ချမ်းသာကိုရအောင် မစွမ်းဆောင်နိုင်ပါလျှင် တစ်လောကလုံးမှာ ရှိကြတဲ့ မိတ်ဆွေအပေါင်းအသင်းများက ထိုလူကို ချမ်းသာအောင် လုပ်ဆောင်မပေးနိုင်ကြပါ"

ခက်မင်းသည် လွန်စွာအံ့အားသင့်သွား၏။ မိမိက ဃဋမင်း၏ စည်းစိမ်ဥစ္စာအားလုံးကို သိမ်းပိုက်လိုက်ရုံမျှမက ဃဋမင်းကိုပါ အကျဉ်းချထားပါလျက် မိမိအပေါ်၌ ရန်ငြိုးမသိထားဘဲ မေတ္တာပင် ပွားများနေသော ဃဋမင်းသည် သူတော်ကောင်းစစ်စစ်ဖြစ်သည် ကို သိမြင်လာ၏။

စင့်စစ် ကာမဂုဏ်ချမ်းသာကို အထင်ကြီးပြီး ကာမဂုဏ် စည်းစိမ်အလယ်၌ နစ်မွန်းနေသူတို့သည် စင်စစ်တွင် ပူပင်သောက တို့၏ ဖိစီးမှုဒဏ်ဖြင့် တစ်ကိုယ်လုံးပူလောင်လျက်ရှိကြ၏။ ကာမဂုဏ် စည်းစိမ်တို့ကို စွန့်ပယ်နိုင်ပြီး ရှာန်ရအောင် အားထုတ်နိုင်သူတို့သာ လျှင် အပူအပင်ကင်းသည့် လောကီချမ်းသာကို တကယ်ခံစားကြရ ပါကလားဟု သိနားလည်လာ၏။

www.burmeseclassic.com



"အဆွေတော် ဃဋမင်း၊ ကျွန်ုပ်ကား သူတော်ကောင်းကို ပြစ်မှားမိချေပြီ၊ ဤပြစ်မှုဒဏ်ကြောင့် ကျွန်ုပ်၏ တစ်ကိုယ်လုံး ပူလောင်နေရပါ၏။ ကျွန်ုပ်သည် ကာမဂုဏ်စည်းစိမ်အလယ်၌ ခံစားနေရပါသော်လည်း ပျော်ပိုက်ခြင်းအလျဉ်းမရှိပါ၊ ကျွန်ုပ်အား မေတ္တာထား၍ ချမ်းသာစွာနေထိုင်နည်းကို ညွှန်ပြပေးတဲ့အတွက် အဆွေတော်အား ကျေးဇူးတင်၍မဆုံးပါ"

"အို အဆွေတော်မင်းမြတ်၊ သင့်အား ကျွန်ုပ် ရှိခိုးတောင်းပန်ပါ၏၊ ကျွန်ုပ် ကျူးလွန်မိသည်ကို အနူးအညွတ် ခွင့်လွှတ်ပါလော့၊ သည်၏ နိုင်ငံနှင့် ထီးနန်းစည်းစိမ်ကို ယနေ့ပင် သင့်အား ပြန်လည် အပ်နှင်းပါ၏"

ဃဋမင်းကြီးသည် မိမိ၏ထီးနန်းတွင် ပြန်လည်စံမြန်းရသော်လည်း လူ့တော၊ အပူတောထဲတွင် မပျော်ပိုက်တော့ချေ။ သို့အတွက် မှူးမတ်တို့အား တိုင်းပြည်ကိုလွှဲအပ်ပြီး ကောတွက်တော်မူ၏။ ဟိမဝန္တာတောကြီး၌ ရသေ့ရဟန်းဝတ်၍ ဗြဟ္မဝိဟာရတရားလေးပါးကို မပြတ်ပွားများလျက် ဈာန်ချမ်းသာဖြင့် အသက်ထက်ဆုံး နေထိုင်သွားလေ၏။

ကွယ်လွန်သောအခါ ဈာန်ကုသိုလ်၏ အကျိုးကြောင့် ဗြဟ္မာ့ဘုံသို့လားရောက်ရလေ၏။ မေတ္တာ၏စွမ်းအားကား ရန်သူကို မိတ်ဆွေအဖြစ်သို့ ပြောင်းလဲစေ၍ လက်ရှိဘဝ၌ စိုးရိမ်ပူပန်ခြင်းကင်းစေလျက် အချမ်းသာဆုံးသော လောကီချမ်းသာကို စံစားစေနိုင်သည့်အပြင် တမလွန်ဘဝ၌လည်း ဗြဟ္မာ့ချမ်းသာကို ကမ္ဘာပေါင်းများစွာ စံစားစေနိုင်စွမ်းရှိသည်တကား။ (၅၅၀ သေယျဇာတ်)



## မေတ္တာပွားကျိုး ၁၁ မျိုး

၁။ ချမ်းချမ်းသာသာအိပ်ရခြင်း
၂။ ချမ်းချမ်းသာသာနိုးရခြင်း
၃။ အိပ်မက်ဆိုးများကို မမက်တော့ခြင်း
၄။ လူမှန်သမျှက ချစ်ခင်ခြင်း
၅။ နတ်မှန်သမျှကချစ်ခင်ခြင်း
၆။ နတ်များက ဘေးမရောက်အောင် စောင့်ရှောက်ခြင်း
၇။ မီး၊ အဆိပ်၊ ဓား၊ လှံ၊ လေး၊ မြား စသော လက်နက်များ မကျရောက်နိုင်ခြင်း
၈။ စိတ်သည်လျင်မြန်စွာသမာဓိရလွယ်ခြင်း
၉။ မျက်နှာအဆင်းကြည်လင်သန့်ရှင်းခြင်း
၁၀။ မတွေမဝေ သတိရှိရှိသေရခြင်း
၁၁။ အမြင့်မြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မရသေးလျှင် သေပြီးနောက် ဗြဟ္မာ့ဘုံသို့ရောက်ရခြင်း။

## မေတ္တာပွားကျိုးပြသနာ

ဤနေရာ၌ မေတ္တာပွားသူအား မီး၊ အဆိပ်၊ ဓား၊ လှံစသော လက်နက်များ မကျရောက်ဟူသောအချက်နှင့်ပတ်သက်၍ မေတ္တာပွားများလေ့လာသူတိုင်း သိသင့်သောမေးခွန်းတစ်ခုကို မိလိန္ဒမင်းကြီးက ရှင်နာဂသိန်အား အောက်ပါအတိုင်း မေးမြန်းခဲ့ပါသည်။

မေး- အရှင်ဘုရား၊ ဘုရားရှင်သည် ရဟန်းတို့ မေတ္တာဖြင့် နေသော ရှိသောသူသည် ချမ်းသာစွာအိပ်ရခြင်း၊ ချမ်းသာစွာနိုးရခြင်း စသော ၁၁ ပါးသော အကျိုးကိုရနိုင်၏ဟု ဟောတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်လည်း မေတ္တာဖြင့် နေလေ့ရှိသော သုဝဏ္ဏသာမ သတို့သားသည် သမင်အပေါင်းခြံရံလျက် မိဂသမ္မဒါမြစ်အနီး တောတွင်းလှည့်လည်သော် ပိဠိယက္ခမင်းသည် ဆိပ်လူးမြားဖြင့်ပစ်သည်ရှိသော် ထိုနေရာ၌ပင် မိန်းမောလဲကျလေပြီဟု ဟောတော်မူပြန်၏။

ထိုစကား နှစ်ခုတို့သည် ဆန့်ကျင်နေပါသည်၊ မဆန့်ကျင်အောင် ဖြေကြားပေးတော်မူပါ။

ဖြေ– မင်းမြတ်ချမ်းသာစွာအိပ်ရခြင်း၊ (ပ)လက်နက်သည် မကျရောက်ဟု ဟောတော်မူသည်မှာမှန်၏။

တစ်ဖန် သုဝဏ္ဏသာမ သတို့သား ဆိပ်လူးမြားမှန်၍ လဲကျသည်မှာလည်း မှန်၏၊ အကြောင်းကား–

ဤချမ်းသာစွာအိပ်ရခြင်းစသော ဂုဏ်ကျေးဇူးတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးမဟုတ်၊ မေတ္တာဘာဝနာ၏ ဂုဏ်ကျေးဇူးသာ ဖြစ်၏။

မင်းမြတ် သုဝဏ္ဏသာမ သတို့သားသည် ထိုအခါ ရေအိုးကို ချီမခိုက်ဖြစ်၍ မေတ္တာဘာဝနာပွားမှုကို မေ့လျော့ခဲ့၏၊ မင်းမြတ် မေတ္တာဘာဝနာပွားဆဲပွားနေစဉ်အတွင်းသာ လက်နက်၊ အဆိပ်မီး စသည်မကျရောက်နိုင်။

မင်းမြတ် လောက၌ မကွဲမပျက်နိုင်သော ချပ်ဝတ်တန်ဆာကွန်ယက်ကို ဝတ်ဆင်ထားသော စစ်သားသည် စစ်မြေပြင်သို့ဆင်းရာ ပစ်လိုက်သောမြားတို့သည် ထိုစစ်သားထံသို့ ရောက်သော်လည်း ထိမှန်ခြင်းမရှိ၊ ဤကဲ့သို့ မြားထိမှန်ခြင်း မရှိသည်မှာ ထိုစစ်သား၏ ဂုဏ်ကျေးဇူးကြောင့် မဟုတ်၊ ချပ်ဝတ်တန်ဆာ၏ ဂုဏ်ကျေးဇူးကြောင့်သာဖြစ်၏၊ ဤဥပမာကဲ့သို့ မှတ်ပါမင်းကြီး။



အထက်ပါအဖြေကိုကြည့်၍ သာမာဝတီမိဖုရားကို ဥတေနမင်းက မြားဖြင့်ပစ်သော်လည်း မြားတံမထွက်ခြင်း၊ ဥတ္တရာဥပါသိကာမကို သိရီမာက ဆီပူဖြင့်လောင်းသော်လည်း အေးမြနေခြင်းတို့မှာ မေတ္တာ၏ ဂုဏ်ကျေးဇူးကြောင့်ဟု သဘောပေါက်နိုင်ပါသည်။ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများပင်ဖြစ်သော်လည်း မေတ္တာရှိမှသာ တကယ်လုံခြုံကြောင်း သဂါထာဝဂ္ဂသံယုတ်၊ မဏိဘဒ္ဒသုတ်၌ အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း၊ မဏိဘဒ္ဒဘီလူး၏ ဗိမာန်ဖြစ်သော မဏိမာလိကနတ်ကွန်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ မဏိဘဒ္ဒဘီလူးသည် မြတ်စွာဘုရားကို အောက်ပါအတိုင်း လျှောက်ထားသည်။

သတိရှိသောသူအား အခါခပ်သိမ်းကောင်းမြတ်၏။
သတိရှိသောသူသည် ချမ်းသာရ၏။
သတိရှိသောသူအား အမြဲသာလျှင်မြတ်၏။

ဘေးရန်မှလည်း ကင်းလွတ်၏ဟု လျှောက်ထားရာ ဗုဒ္ဓက–

သတိရှိသောသူအား အခါခပ်သိမ်းကောင်းမြတ်ခြင်းချမ်းသာရခြင်း၊ အမြဲမြတ်ခြင်းဖြစ်နိုင်သော်လည်း ဘေးရန်မှမူကား ကင်းလွတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



အကြင်ပုဂ္ဂိုလ်အား အလုံးစုံသော နေ့ညဉ့်ပတ်လုံး သတ္တဝါတို့အပေါ်၌ မေတ္တာပွားများ၍နေ၏။ ထိုပုဂ္ဂိုလ်အား တစ်ဦးတစ်ယောက်ကြောင့်မျှ ဘေးရန်မရှိဟု မိန့်တော်မူပါသည်။

ဤအခန်းကိုဖွင့်သော ဋီကာဆရာကြီးက ရဟန္တာပင်ဖြစ်သော်လည်း မေတ္တာ၊ ကရုဏာ၊ ဘာဝနာ မပွားလျှင် သူတစ်ပါးက ရန်ပြုနိုင်သေးသည်။ ပွားများလျှင်ကား ဘေးရန်မရှိနိုင်ဟု တိတိကျကျ ညွှန်ပြလိုက်ပါသည်။ ထိုညွှန်ပြချက်ကို ထင်ရှားစေသော သာဓကနှစ်ခုကို တင်ပြပါအံ့။ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာဆိုလျှင် အစစအရာရာ ပစ္စေကဗုဒ္ဓါက သာလွန်ကြောင်း ထင်ရှားပါသည်။

ဤနေရာ၌ ဓမ္မပဒ၌လာသော သံကိစ္စသာမဏေရဟန္တာနှင့် ၅၅၀ လာ ပစ္စေကဗုဒ္ဓါတို့ကို လေ့လာသုံးသပ်ကြည့်လျှင် သံကိစ္စသာမဏေမှာ ရဟန္တာသာဖြစ်သော်လည်း မေတ္တာဘာဝနာ၏ ကာကွယ်စောင့်ရှောက်မှုကြောင့် ထိုးစိုက်လာသော ဓားပြခေါင်းဆောင်၏ဓားမှာ သုံးကြိမ် တိတိ ခွေခေါက်သွားခဲ့ရသည်။

အံ့မခန်းအောင် စွမ်းလှသော မေတ္တာတန်ခိုးကို ကြည်ညိုလှသဖြင့် သာမဏေနှင့်အတူ ဓားပြငါးရာလုံး မြတ်စွာဘုရားထံ ရောက်သွားကြရာ ဗုဒ္ဓက–

ယောစဝဿသတံဇီဝေ၊
ဒုဿီလော အသမာဟိတော။
ဧကာဟံဇီဝိတံသေယျော၊
သီလဝန္တဿဈာယိနော။



"ချစ်သားတို့၊ သင်တို့တစ်တွေ ခိုးဆိုးလုယက်ကာ သီလမရှိ၊ သမာဓိမတည်ဘဲ အသက်တစ်ရာ ရှင်နေရတာထက် ယခုကဲ့သို့ သီလရှိပြီး မေတ္တာစျာန် သမာဓိနှင့် တစ်ရက်အသက်ရှင်ရခြင်းက အလွန်အကျိုးများပေတယ်"ဟု ဟောကြားတော်မူရာ ပဋိသမ္ဘိဒါ လေးတန်နှင့်တကွ အားလုံးရဟန္တာဖြစ်တော်မူကြလေသည်။

၅၅၀ ဇာတ်တော်တစ်ခု၌လာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်မှာ ညအခါ ဘုရင့်ဥယျာဉ်တော်အတွင်း ကျောက်ဖျာထက်၌ ထိုင်နေတော်မူရာ ဥယျာဉ်စောင့်က သားကောင်အထင်နှင့် လေးနှင့်ပစ်လိုက်သောကြောင့် ပရိနိဗ္ဗာန်စံရရှာသည်။

ဤနေရာ၌ သိစေလိုသည်မှာ မေတ္တာကို လက်သုံးပြုသောကြောင့် ပစ္စေကဗုဒ္ဓါထက် နိမ့်ကျသော ရဟန္တာပင်ဖြစ်သော်လည်း မိမိအသက်ကို ကာကွယ်နိုင်သည့်အပြင် ရန်သူများကိုပင် ရဟန္တာဖြစ်သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။ ရဟန္တာထက် အဆင့်မြင့်သော ပစ္စေကဗုဒ္ဓါပင်ဖြစ်သော်လည်း မေတ္တာကို လက်သုံးမပြုသောကြောင့် မိမိအသက်ကိုပင် မကာကွယ်နိုင်ရှာခဲ့ပါ။ **(ရာမညအနော်ရထာ)**

## တောင်ထိပ်ပေါ်က မိခင်မေတ္တာ

မိခင်မေတ္တာဟူသော စကားပုဒ်သည် သာယာချမ်းမြေ့မှုအဝဝကို စုစည်းထား၏။

**ရောဘတ်ပိုလော့=စကော့လူမျိုးကဗျာဆရာ**

စကော့တလန်ပြည်၊ တောင်ကုန်းအရပ်ဒေသ၌ ကြီးမားသော လင်းယုန်ငှက်ကြီးတစ်ကောင်ရှိ၏။ တစ်နေ့သ၌ ထိုလင်းယုန်ကြီး

www.burmeseclassic.com



သည် ပုခက်အတွင်း၌ အိပ်နေသော ကလေးရှိရာသို့ ထိုးဆင်းပြီးလျှင် ကလေးကို သုတ်ချီယူသွားလေသည်။ အလွန်မြင့်မားစွာ ပျံတက်သွားပြီး တောင်ထိပ်၏ ကျောက်ငူအစွန်အဖျား၌ ကလေးကိုချထားလေ၏။ မိခင်သည် ရူးမတတ်ဖြစ်နေရရှာသည်။

တစ်ရွာလုံး ဆူညံလျက် ပူပန်သောစိတ်ဖြင့် တောင်မခြေရင်းသို့ စုရုံးလိုက်သွားကြ၏။ သို့ရာတွင် ကလေးကိုယူရန် မည်သို့ပြုလုပ်ရမည်ဟု မသိကြချေ။ အမျိုးမျိုး စဉ်းစားဉာဏ်ထုတ်နေကြ၏။ နောက်ဆုံး၌ ခွန်အားကြီးသော သဘော်သားတစ်ယောက်က သူတက်ယူမည်ဟုဆို၍ မတ်စောက်သော တောင်ကိုဟက်လေ၏။

တစ်ဝက်မရောက်မီ ပြန်၍ဆင်းလာပြီးလျှင် သူ မတက်နိုင်ဟုဆို၏။ ထို့နောက် တောင်တက်သမားတစ်ယောက်က သူတက်မည်ဟုဆို၍ တက်ပြန်၏။ ထိပ်သို့ရောက်အောင် တိုး၍မသွားနိုင်သောနေရာသို့ ရောက်သောအခါ ပြန်ဆင်းပြန်လေ၏။ နောက်ဆုံး၌ တောသူမိန်းမတစ်ယောက်က သူတက်မည်ဟုဆို၍ အားတက်သရောတက်လေ၏။

လူအများတို့က မဖြစ်နိုင်၍ မကြိုးစားရန် ဆီးတားကြလေသည်။ မိန်းမသည် သူတို့ ဆီးတားခြင်းကို နားမထောင်ဘဲ မြင့်မားမတ်စောက်သော တောင်ကို ကြိုးစား၍ ကုတ်ခြစ်ကာ တွယ်ကပ်၍တက်လေ၏။ တဖြည်းဖြည်း ကြိုးစားအားထုတ်၍ တစ်ဆင့်ပြီးတစ်ဆင့် သက်စွန့်ကြိုးပမ်း တက်သဖြင့် တောင်ထိပ်ဖျားသို့ရောက်လေ၏။



ကလေးကိုယူ၍ တစ်ထစ်ပြီးတစ်ထစ် ခက်ခဲစွာ ပြန်ဆင်းလာသဖြင့် အဆုံး၌ ချောချောမောမော မြေသို့ရောက်လေ၏။ ခွန်အားကြီးမားသော သဘော်သားနှင့် အမောခံနိုင်သော တောင်တက်သမားသည် အဘယ့်ကြောင့် တောသူမိန်းမလောက် အစွမ်းမရှိဘဲ ထိုမိန်းမသာ တက်နိုင်ရသနည်း၊ အခြားမဟုတ်၊ ထိုမိန်းမသည် သူငယ်၏ မိခင်ဖြစ်၍ မေတ္တာကြီးဖြင့် ချည်နှောင်ထားသောကြောင့်ဖြစ်ပါသတည်း။

## မေတ္တာကို သစ္စာဆိုတဲ့သား

မိခင်၏ မြင်နေရသော ကယက်မေတ္တာစွမ်းကို မဆိုထားဘိ၊ မမြင်ရသော မနောကံမေတ္တာစွမ်းသည်ပင်လျှင် အတိုင်းအဆမရှိအောင် ကြီးမားလှပါ၏။ (သီဟိုဠ်) သီရိလင်္ကာမှ တကယ့်ဖြစ်ရပ်တစ်ခုကိုကြည့်ပါ။ တောထဲတွင် ထင်းခွေလိုက်ချင်သော သားငယ်ကို မိခင်ဖြစ်သူက မလိုက်ရန်တားမြစ်သည်။

အလိုလိုက်ခံထားရသော သားငယ်က မိခင်စကားကို ဂရုမထားဘဲ တောထဲသို့ ဖွက်ထွက်သွားတော့သည်။ "မိဘစကားနားမထောင်တဲ့သား၊ တောထဲက ကျွဲရိုင်းခတ်ပါစေတော်" ဟူသော မိခင်၏ ကျိန်ဆဲသံက သား၏နားထဲတွင် ကပ်ပါသွားတော့သည်။ မရောက်ဖူးသော နေရာဖြစ်သောကြောင့် တောထဲရောက်စတွင်တော့ သားငယ် ပျော်လိုက်ရသေးသည်။

တောထဲတွင် အဖော်များနှင့်ကွဲ၍ တစ်ယောက်တည်းဖြစ်သွားသော အချိန်တွင်ကား သားငယ်ထံ၌ အပျော်ဟူ၍ တစ်ခုမှ မရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ရှာပါ။ စိတ်အားငယ်စွာနှင့် တစ်ယောက်တည်း ယောင်လည်လည် ဖြစ်နေစဉ် မိခင်ကျိန်လိုက်သည့်အတိုင်း တရှူးရှူးနှင့် ဒေါသထွက်နေသော ကျွဲရိုင်းကြီးသည် ပြေးပေါက်ပိတ်နေသော သားငယ်ထံသို့ တစ်ရှိန်ထိုး ပြေး၍လာခဲ့လေပြီ။

ခလုတ်ထိမှ အမိတဟူသော စကားအတိုင်း မေတ္တာ ကရုဏာရောင် ယှက်သမ်းလျက်ရှိသော မိခင်၏မျက်နှာသည်သာ သားငယ်၏ ကိုးကွယ်ရာအဖြစ် ရှိပါတော့သည်။ ကျိန်ဆဲလိုက်သော စကားသံနှင့် မိခင် စိတ်ဓာတ်တို့မှာ တခြားစီဖြစ်နေမည်ကိုလည်း သားငယ်အလိုလို သဘောပေါက်လာသည်နှင့် မိခင်၏မေတ္တာကို တိုင်တည်ကာ အောက်ပါအတိုင်း မိခင်၏မေတ္တာကို သစ္စာဆိုလိုက်ပါတော့သည်။

မိဘမုန်က၊ သက်ဆုံးတိုင်ဘဲ၊
ပစ်နိုင်ခဲမို့၊ ဝမ်းထဲရှုပ်ထွေး၊
စိတ်မအေး၍၊ မြွေပွေးကြီးကိုက်၊
ကျားကြီးကိုက်ဟု၊ ကျိန်လိုက်လေငြား၊
ဆဲဆိုငြားလည်း၊ စိတ်ထားမငြူ၊
သန့်ရှင်းဖြူ၏။

"မိခင်၏ ကျိန်ဆဲလိုက်သော စကားသံအတိုင်း မဖြစ်ဘဲ မိခင်၏စိတ်ထဲကအတိုင်းသာ ဖြစ်ပါစေ"

သားငယ်၏ သစ္စာစကားဆုံးသည်နှင့် တရှိန်ထိုးပြေးလာသော ကျွဲရိုင်းကြီးမှာ ရုတ်တရက် တုန့်ကနဲရပ်သွားပြီးလျှင် နောက်ကြောင်းလှည့်ကာ ပြန်သွားပါတော့သည်။ နှုတ်က အယ်လိုပင် ဆဲဆိုကျိန်စာ



တိုက်နေသော်လည်း မိခင် ဖခင်တို့၏ စိတ်ဓာတ်ကား မေတ္တာ၊ ကရုဏာတို့ဖြင့် အမြဲတမ်းဖြူစင်လျက်ပင် ရှိပါတော့သည်။

မန်လည်ဆရာတော်

## မြွေဆိပ်နှင့်မေတ္တာ

၁၂၆၀ ခုနှစ်ခန့်ကပင် ဖြစ်ပါသည်။ ဝက်လက်မြို့နယ်ခေါ်တောရွာမှ ဦးအောင်ကျော်ခေါ် အဘိုးတစ်ယောက်သည် သိတတ်သော အရွယ်မှစ၍ မေတ္တာဘာဝနာကို ပွားများလာခဲ့သူဖြစ်ပါသည်။ တစ်နေ့တွင် အဘိုးကျော်၏လယ်ကို ကာလသားများ လုပ်အားပေးဝိုင်းရိတ်ပေးနေချိန်ပင် ဖြစ်ပါသည်။ လယ်တစ်ဝက်ခန့် ရိတ်သိမ်းပြီးစအချိန်မှာပင် ကာလသားတစ်စုဘက်မှ ရုတ်ရုတ်သဲသဲနှင့် ဆူဆူညံညံ အသံများ ထွက်လာကြသည်။

အသံကြားရာဆီသို့ အဘိုးကျော် ရောက်သွားချိန်တွင်ကား သက်ကောက်ဝတ်ခန့်ရှိသော မြွေပွေးတစ်ကောင်ကို ကာလသားများ အသေရိုက်သတ်ရန် ကြိုးစားနေချိန်ပင်ဖြစ်ပါသည်။ လူနှင့် မြွေတို့၏ ဒေါသနှစ်ခု မတွေ့ဆုံမိသေးသော အချိန်ကလေးအတွင်းမှာပင် အဘိုးကျော် အမိအရ ဝင်တားဆီးလိုက်နိုင်သည်။

"ဘာမှမလုပ်ကြပါနဲ့ကွယ်၊ အဘကိုယ်တိုင် ဒီမြွေကို ဘေးကင်းမယ့်နေရာ ဖယ်ပေးပါ့မယ်"

ပြောပြောဆိုဆိုပင် အဘိုးကျော်၏ လက်အစုံက ဒေါသထွက်နေသော မြွေပွေးဆီသို့ လှမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘိုး မကိုင်နဲ့ ကိုက်လိမ့်မယ်" အလန့်တကြား ဝိုင်းတားလိုက်ကြသော စကားသံများမဆုံးမီမှာပင် အဘိုး၏လက်က မြွေပွေးကို ကိုင်မိပြီးဖြစ်နေပါပြီ။ ထိမိသည်နှင့်တစ်ပြိုင်နက် နောက်ပြန်တွတ်ကာ ပေါက်လိုက်သော မြွေပွေး၏ အစွယ်နှစ်ချောင်းက အဘိုးကျော်၏ ညာဘက်လက်၊ လက်မနှင့် လက်ညှိုးကြားထဲသို့ မြုပ်ဝင်သွားပါတော့သည်။

"ဟာ အဘိုးကို ကိုက်မိသွားပြီ၊ အဘိုး အောက်ကို တအားခါချလိုက်၊ ကျွန်တော်တို့ ရိုက်သတ်မယ်"

ဆူညံနေသော ဒေါသသံများကြားမှ အဘိုးကျော်၏ အေးမြသော မေတ္တာသံက ဖောက်ထွင်း၍ ထွက်ပေါ်လာသည်။

"သားရယ်၊ မင်းရဲ့အသက်ကို ကယ်မလို့ပါကွယ်"

ဆူညံအော်ဟစ်နေကြသော လူအုပ်များကို တိုးခွေ့၍ ဘေးလွတ်မည့်နေရာရောက်အောင်သွားကာ မြွေပွေးကို လွှတ်လိုက်ပါတော့သည်။ ထိုနေ့မှစ၍ အဘိုးကျော်တစ်ယောက် ရွာနီးချုပ်စပ်တွင် နာမည်ကြီးသွားသည်။ ပိုးထိတာ ဘာဆေးမှမကုဘဲနဲ့ ပျောက်တယ်ဟူ၍။ သို့သော်-

မေတ္တာဘာဝနာတည်းဟူသော အဆိပ်ဖြေဆေးကြီးကို အဘိုးကျော်တစ်ယောက် သိတတ်သောအရွယ်မှစ၍ အမြဲမှီဝဲနေသည်ကိုကား ပညာရှိသူတော်ကောင်းများသာ သိကောင်းသောအရာဖြစ်ပါတော့သည်။

*(၁၃၅၂ ခုနှစ် တန်ဆောင်မုန်းလထုတ် ရတနာမွန်မဂ္ဂဇင်းမှ)*



မြတ်စွာဘုရား ခန္ဓသုတ်ကိုမဟောမီက ရဟန်းတော် တော်တော်များများ ပိုးထိ၍ မကြာခဏ ပျံလွန်တော်မူကြရရှာသည်။ တစ်ခါကလည်း ရဟန်းတော်သုံးလေးပါးခန့် စုပေါင်း၍ တောတွင်း ဂူတစ်ခုတွင် တရားအားထုတ်နေကြရာ၊ တစ်ရက်တွင် ဂူအမိုးထက်မှ မြွေတစ်ကောင်သည် ရဟန်းတစ်ပါးကိုယ်ပေါ်သို့ ပြုတ်ကျလာသည်။ ရဟန်း၏ ခန္ဓာကိုယ်တစ်ခုလုံး မီးဝင်းဝင်းတောက်သွားသည်။

မကိုက်ပါ။ ထိမိရုံထိမိခြင်းဖြစ်သည်။ တရားအာရုံချကာ ကျလာသော မြွေကို ကြည့်လိုက်ရသည်နှင့် ရဟန်း နားလည်လိုက်ပြီ၊ ထိမိရုံနှင့် ခန္ဓာကိုယ်တစ်ခုလုံး အရည်ပျော်လောက်အောင် အဆိပ်ပြင်းထန်လှသော မြွေမျိုးပင်။

"အရှင်ဘုရားတို့ တပည့်တော်ကို ဂူအပြင်ရောက်အောင် မြန်မြန်ထုတ်ပေးကြပါ"

မိမိ၏ အသွေးအသားများ ဂူထဲတွင် မညစ်ပေစေလိုသောကြောင့်ပင်။ ဂူအပြင်ရောက်သည်နှင့် ရဟန်း၏ အသွေးအသားအားလုံး အရည်ပျော်ဆင်းကာ ခန္ဓာဝန်ချရရှာသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓက မြွေရန်နှင့် နီးနီးကပ်ကပ်နေသော သာဝကများ ဘေးရန်မှ လွတ်စေရန် မြွေများကို သီးသန့်မေတ္တာပို့ရန် ခန္ဓသုတ်ကို ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။

မြွေရန်နှင့်နီးသော တောသူတောင်သားများနှင့် ယောဂီများ ရိုးရိုးမေတ္တာဘာဝနာအပြင် ခန္ဓသုတ်ရွတ်ခြင်းဖြင့် မြွေများကိုလည်း သီးသန့်မေတ္တာပို့သင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စိန်ဘုံမိုင်းက မေတ္တာရှင်

ထားဝယ်တွင် သတ္တုမိုင်းအလုပ် တွင်ကျယ်နေသော အချိန်ကပင် ဖြစ်ပါသည်။ တစ်လ ၁၀ ကျပ်ပေးကာ ငှားထားရသော အိမ်ခန်းကျဉ်းလေးထဲတွင် ဦးဗသက်တစ်ယောက် မေတ္တာဘာဝနာကိုသာ တွင်တွင်ပွားနေမိသည်။ ဦးဗသက်တစ်ယောက် အိမ်ငှားအဖြစ်မှ အိမ်ရှင်ဖြစ်အောင် မကြိုးစားဘဲ ဘာ့ကြောင့် မေတ္တာကိုသာ ပွားနေရသနည်း။

အကြောင်းရှိပေသည်။ ဦးဗသက်၏ ပညာအရည်အချင်းမှာ လေးတန်းသာရှိသောကြောင့် စိန်ဘုံမိုင်းတွင်းတွင် အလုပ်စဝင်စဉ်က သတ္တုမိုင်းများ၌ ရေမြောင်းထဲဆင်း၍ ခဲသံများကို ယင်းခွက်နှင့် ကျင်နေရသောအလုပ်ကို စလုပ်ရသည်။ ထို့နောက် ခဲသားများကို ယင်းပုံးနှင့် ဖမ်းရသော ခဲဖမ်းသမားဖြစ်လာသည်။ ထို့နောက် ယမ်းဘီလူးဖောက်ခွဲသမားဖြစ်လာသည်။

ထိုမှတစ်ဆင့် မိုင်းသူဌေးကိုယ်တိုင်ခန့်သော အိုဗာစီယာ (ကြီးကြပ်ရေးမှူး)၊ ထိုမှ သတ္တုမိုင်း အထွေထွေအရောင်းစာရေး၊ ထိုမှ သတ္တုတွင်းမန်နေဂျာ၊ ထိုမှ သံနှင့်ခဲအဝယ်တော်။ တစ်နှစ် အတွင်းတွင် လေးတန်းအဆင့်သာရှိသော ဦးဗသက်သည် အဘယ့်ကြောင့် ရာထူး အဆင့်ဆင့် မြင့်တက်ခဲ့ရသနည်း။ မောင်ဗသက် အသက် ၁၅ နှစ်မှ စ၍ ဗုဒ္ဓပူဇေမိ သတ္တဝါများ ချမ်းသာပါစေ၊ ဓမ္မံ ပူဇေမိ သတ္တဝါများ ချမ်းသာပါစေ၊ သံဃံပူဇေမိ သတ္တဝါများချမ်းသာပါစေ။

၎င်းမေတ္တာပို့နှင့် အရဟံဂုဏ်တော် တစ်နေ့ပုတီးဆယ်ပတ် ရအောင် စိပ်မှုတို့ကြောင့်ပင် ဖြစ်ပါတော့သည်။ ရိုးသားကြိုးစားမှု



ရှိသောသူဖြစ်သောကြောင့်သာ ဆိုခဲ့ပြီးသော မေတ္တာဘာဝနာနှင့် ဗုဒ္ဓဂုဏ်တော်တို့က အကျိုးပေးစွမ်းနိုင်ခြင်းလည်း ဖြစ်ပေသည်။

အသက် ၂၀ ကျော် အရွယ်ကောင်း အလုပ်ကောင်းနေသော အချိန်မှာပင် တီဘီရောဂါစွဲကပ်ကာ ဆေးရုံတက်ရရှာသည်။ ဆရာဝန်များ ဘယ်လိုပင် ဂရုစိုက်ကုသသော်လည်း တဖြည်းဖြည်း ပိန်ချုံးလာကာ သွေးများ အတုံးလိုက်အတစ်လိုက် အန်ခြင်းဖြင့် အဆုပ်တစ်ခြမ်းပင် မရှိရှာတော့ပါ။

ခြောက်လသာ အသက်ရှည်တော့မည်ဟူသော ဆရာဝန်များ၏ မှတ်ချက်ကိုယူ၍ ဦးဗသက်တစ်ယောက် ဆေးရုံမှ ဆင်းလိုက်ရတော့သည်။ အလုပ်မှ အပြီးထွက်ပြီးလျှင် ဓေယျဝတီ သာသနာ့ရိပ်သာသို့သွားကာ အများနည်းတူ တရားထိုင်ချိန်တွင် အပြည့်ထိုင်၍ ကျန်သောအချိန်များတွင် မေတ္တာဘာဝနာပွားခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်းတို့ဖြင့် ခြောက်လတာအသက်ရှင်ခွင့်ရသော အချိန်လေးကို အပြည့်အဝ အသုံးချရပါတော့သည်။

> ကြီးပွားချမ်းသာလိုသူဟူသမျှတို့သည် မည်သည့်လူမျိုးမဆို၊ မည်သည့်နာရီ မိနစ် စက္ကန့်မဆို ပညာ၊ ကုသိုလ်၊ ဥစ္စာ ဤသုံးမျိုးတို့တွင် တစ်မျိုးမျိုးကိုရအပ်၏။ အကယ်၍ ထိုသုံးမျိုးမှ တစ်မျိုးမျိုးကို မရခဲ့ပါမူ အချိန်ကို အလွဲသုံးစားပြုသည်မည်တော့၏။
>
> ***(လောကီလောကုတ္တရာစွယ်စုံပညာရှင်ဦးဗဂို)***

www.burmeseclassic.com

www.burmeseclassic.com



မိမိအသက်ကို ချစ်ခင်ပါလျှင် အချိန်ကလေးများကို နည်း၏ဟူ၍ အကုန်မခံပါစေနှင့်။ ထိုအချိန်ကလေးများကို စုပေါင်းထားခြင်းသည်ပင် အသက်မည်၏။

*(ဖရင်ကလင်)*

အချိန်ကာလဟူသည် သင့်ဘဝမှာ သုံးစရာဒင်္ဂါး ဖြစ်ပေသည်။ ထိုဒင်္ဂါးသည် သင့်မှာသာရှိသည်။ မည်သို့ သုံးစွဲရမည်ဟူသည်ကို သင်သာလျှင် ဆုံးဖြတ်စီမံနိုင်သည်။ သူတစ်ပါးက သင့်ကိုယ်စား သုံးသွားမှာကို သင်သတိထားပါ။

*(ကားလ်ဆင်းဒ်ဗတ်ခ်)*

ဓမ္မောဟဝေရက္ခတိဓမ္မစာရီ = တရားကျင့်သုံးသောသူကို တရားက ပြန်လည်စောင့်ရှောက်လေပြီ။ တရားအားထုတ်၍ သုံးလခန့် ကြာသောအခါ ဦးဗသက် အကြီးအကျယ် ချောင်းဆိုး၍ သွေးအတုံးလိုက် အတစ်လိုက် လေးငါးရက် ဆက်အန်ပြီးနောက် တီဘီရောဂါမှာ အပြစ်ပြတ်ပျောက်ကင်းသွားပါတော့သည်။

ဤကဲ့သို့ လက်တွေ့ကောင်းကျိုးများကို ခံစားခဲ့ရသောကြောင့် လည်း ဦးဗသက်တစ်ယောက် တရားနှင့် မေတ္တာဘာဝနာကို တွင်တွင်ကြီး ဖိပွားနေခြင်းဖြစ်သည်။ ဤနေရာ၌ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သော တရားထိုင်ခြင်းနှင့် ရောဂါပျောက်ကင်းခြင်းတို့၏ အကြောင်းအကျိုးဆက်စပ်ပုံကို အကျဉ်းချုပ်တင်ပြပါဦးမည်။

ရုပ်တရားထက် စိတ်ဟူသောနာမ်တရားကသာ ပဓာနကျပုံ၊ အရေးကြီးပုံနှင့်ပတ်သက်၍ ဗုဒ္ဓနှင့်တကွ ပညာရှင်အသီးသီးတို့က အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ကြသည်။



စိတ္တေနနီယျတေလောကော၊
ရုပ်လောကကြီးတစ်ခုလုံးကို စိတ်ကဦးဆောင်လျက်ရှိသည်။
မနောပုဗ္ဗင်္ဂမာဓမ္မာ၊
တရားအားလုံးတို့တွင်လည်း စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ဖြစ်သည်။ *(ဗုဒ္ဓ)*

စိတ်ဆန္ဒသည်သာ တစ်လောကလုံးတွင် အရာရာကို စိုးမိုးသည်။ ဤလောကကြီးအတွင်း ရှိရှိသမျှ သက်ရှိသက်မဲ့ အရာအားလုံးမှာ စိတ်ဆန္ဒအားကြောင့်သာ ဖြစ်ပေါ်နေကြရသည်။ မည်သည့် ဘုရားသခင်၊ အနန္တ ဝိညာဉ်တော်ကြောင့်မျှ ဖြစ်ပေါ်လာကြရသည်မဟုတ်။

*(ရှိုပင်ဟောင်းဝါး)*

ဒြပ်(ရုပ်ဝတ္ထု)ဖြင့် ဖန်တီးထားသော ဤကမ္ဘာကြီးထဲသို့ စိတ်သည် မတော်တဆ ရောက်လာရသည်မဟုတ်။ စိတ်သည် ရုပ်ဒြပ်နယ်ကို ဖန်တီးသူ၊ စိုးမိုးအုပ်ချုပ်သူဖြစ်တန်ရာသည်ဟု ကျွန်ုပ်တို့ သံသယဖြစ်စပြုလာရပေသည်။

*(ဆာဂျိမ်းဂျင်းစ်(စ်))*

(သာမန်ဓွထရိုးယပ်စ်ယုနီဗားစ်=နက်နဲလှစွာစကြဝဠာစာအုပ်ကိုရေးသားသူ)

ဖော်ပြပါအချက်တို့ကို ထောက်ထား၍ ရုပ်တရားထက် စိတ်ဟူသော နာမ်တရားက သာလွန်ထက်မြက်ပုံကို သတိပြုခဲ့ပါ။ အပေါ်ယံကြည့်လျှင် ရုပ်ခန္ဓာကြီး တိုးပွားလာမှုမှာ အစားအသောက်ဟူသော အာဟာရတစ်ခုတည်းကြောင့်ဟု ထင်စရာပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းမသိသော ရုပ်ဖြစ်ခြင်း၏ အကြောင်းလေးပါးကို ဗုဒ္ဓက ဤကဲ့သို့ ညွှန်ပြခဲ့သည်။

ဤခန္ဓာကိုယ်ရုပ်တရားကြီးသည်

၁။ အတိတ်၊ ပစ္စုပ္ပန် စေတနာဟုဆိုအပ်သောကံ

၂။ လက်ဖျောက်တစ်ချက်တီးချိန်တွင် အကြိမ်ပေါင်း ကုဋေ တစ်သိန်းခန့် ဖြစ်နေသောစိတ်

၃။ အအေးအပူဟူသောဥတု

၄။ စားသောက်လျက်ရှိသော အာဟာရ

ဤအကြောင်းလေးပါးတို့ကြောင့် ဖြစ်နေရခြင်းဖြစ်သည်။ ထိုလေးပါးတို့တွင်လည်း စိတ်တရားသည်သာလျှင် ရုပ်ကို ဖြစ်စေရာ၌ စွမ်းအားအကောင်းဆုံးဖြစ်နေပါသည်။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာများဖြင့် စိတ်ညစ်ညမ်းနေလျှင် ရုပ်ပါညစ်ညမ်းပြီး ရောဂါရမည်။

မကောင်းသော ဒေါသစိတ်ကလေးကြောင့် ရောဂါများစွာ ဖြစ်ရပုံကို မေတ္တာနှင့် ဒေါသအခန်း၌ ပြန်လည်ကြည့်နိုင်ပါသည်။ ကိလေသာကင်းစင်ပြီး ဘာဝနာစိတ်ဖြင့် စိတ်ကြည်လင်နေလျှင် ရုပ်ပါကြည်လင်ပြီး ကျန်းမာရေးကောင်းသည်။ တရားအားထုတ်ခြင်း ဆိုသည်မှာ စိတ်ကြည်လင်သန့်ရှင်းအောင် ကြိုးစားခြင်းဖြစ်သောကြောင့် ရုပ်များပါ ကြည်လင်သန့်ရှင်းလာကာ ရောဂါပျောက်ရခြင်းဖြစ်သည်။

ဦးဗသက်၏ မေတ္တာဘာဝနာနှင့် ဘုရားဂုဏ်တော်တို့၏ ကျေးဇူးတော်ကား ကြီးမားပေစွ။ မနက်ငါးနာရီခန့်မှာပင် နှစ်နှင့်ချီ



ကာ အဆက်အသွယ်ပြတ်နေသော မိုင်းသူဌေး တရုတ်ကပြား တစ်ယောက်ရောက်လာသည်။

"မောင်ဗသက် ရှိသလားဟေ့"

"သြော်–ဆရာပါလား၊ ကြည့်ထိုင်ပါခင်ဗျာ၊ ကျွန်တော် နေမကောင်းလို့ ကောင်းကောင်းမထနိုင်လို့ပါ"

"အေး၊ နေမကောင်းလည်း ကိစ္စမရှိဘူးကွ၊ ငါက မင်းကိုပဲ ခန့်ချင်လို့ ကိုယ်တိုင်လာခဲ့တာ၊ ရော့–ငွေယူထား၊ မင်း မြန်မြန် နေကောင်းအောင် ဆေးဝယ်စားကွာ၊ ကျန်းမာတဲ့အခါ ငါ့ဆီအမြန် လာခဲ့"

ငွေ ၅၀ ကျပ်။ ဦးဗသက် အလွန်ဝမ်းသာသွား၏။ သုံးလေးရက် ကြာသော် နေကောင်းလာသဖြင့် မိုင်းသူဌေးထံ အရောက်သွားရာ သူဌေးက စာတစ်စောင်ကိုရေးပြီး လက်ရှိမန်နေဂျာ သူ့တူကို ပေးရန် မှာလိုက်သည်။ ဦးဗသက် မိုင်းသို့ရောက်သည့်အခါ သူဌေးတူသည် စာကိုဖတ်ပြီးနောက် သူထိုင်နေသည့် စားပွဲကုလားထိုင်မှ ထပေးကာ–

"ဦးဗသက် ဒီမှာထိုင်ပါ"

"နေပါစေ၊ ကျွန်တော် ဒီရှေ့မှာပဲထိုင်မယ်"

သူဌေးတူက စာကမ်းပေးပြီး ဖတ်ခိုင်း၏။ စာကိုဖတ်ကြည့်လိုက်ရာ–

"ဒီစာရလျှင် မင်းပြန်လာတော့၊ မင်းရဲ့နေရာမှာ ခုစာယူလာသူ မောင်ဗသက်အား မန်နေဂျာအဖြစ် ခန့်ထားလိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဦးဗသက် အလွန်အားနာသွား၏။ သူဌေးသည် အဘယ်ကြောင့် မိမိတို့ ပညာတတ်ကို ဖယ်ရှား၍ လေးတန်းအဆင့်မျှသာရှိသော မိမိကဲ့သို့သော သူစိမ်းယောက်ျားကို မန်နေဂျာခန့်လေသနည်း။ မေတ္တာဘာဝနာ ပွားများတတ်အောင် သင်ကြားပြသပေးကြသော ဆရာသမားများကို အာရုံပြု၍ လက်အုပ်ချီမိသည်။

သူဌေးတို့သည် ပစ္စည်းများကိုသိမ်းယူ၍ ထွက်ခွာသွားလေသည်။ စိန်ဘုံမိုင်း၏ အလုပ်တာဝန်နှင့် နေအိမ်ကို ဦးဗသက်အား လွှဲအပ်ခဲ့၏။ ဦးဗသက်သည် မေတ္တာစေတနာထား၍ ကြိုးစားလုပ်ကိုင်သည့်အတွက် မိုင်းလုပ်သားသုံးရာတို့၏ ချစ်ခင်လေးစားခြင်းကို ခံယူရသည်။

လကုန်ရက်တစ်ရက်တွင် ဦးဗသက်သည် မြို့သို့တက်၍ အလုပ်သမားများအတွက် လခငွေထုတ်ရ၏။ မိုင်းအဝင်လမ်းဝအထိ ကားကြုံစီးလာ၏။ ထိုလမ်းဝမှ သုံးမိုင်ခန့်ဝေးသော စိန်ဘုံမိုင်းဆီသို့ တောလမ်းခရီးဖြင့် ခြေကျင်သွားရ၏။ နှစ်ဖာလုံခန့်လျှောက်ဝင်မိလျှင် အရုပ်မြင့်မြင့် ဗလကောင်းကောင်းနှင့် လူနှစ်ယောက်သည် ဓားရှည်ကိုယ်စီဖြင့် ချုံကွယ်မှ ထွက်လာကြ၏။

“ဟေ့ကောင်၊ မင်း စိန်ဘုံမိုင်းက မန်နေဂျာ ဗသက် မဟုတ်လား”

“ဟုတ်ပါတယ်ဗျာ”

“မင်းလွယ်အိတ်ထဲမှာ ငွေတွေပါလာတယ်မဟုတ်လား”

“ဟုတ်ပါတယ်၊ ငွေတွေပါ”

“ဟန်ကျလိုက်လေကွာ၊ သူပြောတာမှန်သားပဲ”



လူဆိုးနှစ်ယောက်တို့သည် အချင်းချင်း တိုင်ပင်ကြ၏။ ဦးဗသက်က ကြောက်ကြောက်နှင့် သူတို့အား စိုက်ကြည့်နေမိ၏။ ထို့နောက် သတိရကာ အနန္တငါးပါးကိုရှိခိုးပြီး မေတ္တာပွားပို့၏။ မေတ္တာပို့ပုံမှာ–

ဗုဒ္ဓပူဇေမိ သတ္တဝါများချမ်းသာပါစေ

ဓမ္မပူဇေမိ သတ္တဝါများချမ်းသာပါစေ

သံဃပူဇေမိ သတ္တဝါများချမ်းသာပါစေ

“ကဲ လာခဲ့၊ မင်းကိုသတ်ဖို့ တို့စောင့်နေတာ”

ဦးဗသက်အား ကျောကို ဓားနှင့်ထောက်၍ လမ်းဘေးတောစပ်သို့ ခေါ်သွား၏။ ဦးဗသက်က ထိုင်၍ရှိခိုး၍–

“ငွေလိုချင်ရင် ယူကြပါဗျာ၊ ကျွန်တော့်အသက်ကိုတော့ ချမ်းသာပေးပါ”

လူဆိုးနှစ်ယောက်သည် ဦးဗသက်၏ မျက်နှာကို စိုက်ကြည့်နေ၏။ ထို့နောက် အသက်ပိုကြီးသည့် လူဆိုးက “ဟင်း” ဟု သက်ပြင်းချလိုက်၏။

“ငါ မလုပ်ချင်တော့ဘူးကွာ၊ ဒီကောင့်ကို သနားပါတယ်”

မျက်နှာပေါက်ဆိုးသော သူ့အဖော်က သူ့ဘက်လှည့်ပြီး–

“မင်း ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ၊ မရဘူး သတ်မှာပဲ”

ထိုလူဆိုးသည် ဦးဗသက်ဘက်လှည့်ပြီး သူ့ဓားရှည်ကို မြှောက်လိုက်၏။ ဦးဗသက်က မျက်စိမှိတ်ကာ ထိုသူတို့အား မေတ္တာပို့နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မလုပ်နဲ့၊ ဘာလဲ၊ မင်းက လူမိုက်လုပ်ချင်သလား၊ လုပ်ကြည့်စမ်း၊ မင်းနဲ့ ငါနဲ့ သိမယ်"

သူတို့အချင်းချင်း စကားများကြ၏။ ဦးဗသက်ကား မေတ္တာကိုသာ နာနာပွားပို့နေသည်။ လူဆိုးတို့အပေါ်၌ မုန်းစိတ်မရှိဘဲ အစ်ကိုရင်းများသဖွယ် သဘောထား၏။ ထိုစဉ်အခါက ဦးဗသက်အသက်သည် ၃၅ နှစ်သာရှိသေးသည်။ အတန်ကြာသော် လူဆိုးနှစ်ဦး ကျေအေးသွားကြ၏။

"ဟော့ကောင် ထထ၊ မင်းကို တို့ မသတ်တော့ဘူး၊ ငွေလည်း မယူတော့ဘူး၊ မင်းလိုရာသွားနိုင်ပြီ"

"ဗျာ"

ဦးဗသက်သည် မယုံနိုင်အောင် အံ့ဩသွား၏။

"ဗျာမနေနဲ့၊ မင်းကို တို့ ကားလမ်းအထိ လိုက်ပို့မယ်၊ မင်းကားစီးပြီး မြို့ကိုပြန်သွားတော့"

"ဟာ ကျွန်တော် မြို့ပြန်သွားလို့ မဖြစ်ဘူး၊ မိုင်းလုပ်သားတွေက လခထုတ်ဖို့ စောင့်မျှော်နေကြတယ်၊ ဒီလခလေးရမှ သူတို့လိုတာလေး ဝယ်ခြမ်းစားသောက်နိုင်ကြမှာ"

"ဟော့-မင်းကို တို့ပြောတာနားထောင်၊ အခု မင်း မိုင်းဆီဆက်သွားရင် ငသော့ဆိုတဲ့အကောင်က မင်းကိုသတ်ပြီး ငွေယူလိမ့်မယ်"

"ဗျာ ငသော့တဲ့လား၊ ကျွန်တော့်မိုင်းလုပ်သား ငသော့က ကျွန်တော့်ကို သတ်မှာတဲ့လား"



"အေး၊ မင်းနားလည်အောင် ငါရှင်းပြမယ်၊ မဲသံတောင်နယ် နတ်ပွဲမှာ ကစားဝိုင်းကောင်းလို့ တို့ဝင်ကစားတယ်၊ ငသော့လည်း ကစားတယ်၊ တို့ကနိုင်ပြီး ငသော့ကရှုံးတယ်၊ တို့ဆီက ငသော့ ငွေသုံးရာ ချေးတယ်၊ ဒီငွေကိုတောင်းတော့ ငသော့က မပေးနိုင်ဘူး၊ တို့က သတ်မယ်လုပ်တော့ ငသော့က တောင်းပန်တယ်၊ ကနေ့ မင်းလာတဲ့အခါ မင်းကိုသတ်ပြီး ငွေလုယူမယ်၊ ပြီးတော့ တို့ငွေကို ပေးဆပ်မယ်တဲ့၊ တို့က သင်းထက်အရင်ဦးအောင် တို့ ဒီမှာလာစောင့်နေတာ၊ မင်းဆက်သွားရင် ငသော့နဲ့တွေ့ပြီး သေမှာပဲ"

ဦးဗသက် လိပ်ပတ်လည်သွား၏။ ရှေ့၌ ငသော့ ဓားနဲ့ စောင့်နေမည်ကိုလည်း မြင်ယောင်မိ၏။ သို့စေကာမူ-

"မိတ်ဆွေတို့ကို ကျွန်တော် သိပ်ကျေးဇူးတင်တယ်ဗျာ၊ ကျွန်တော့် မိုင်းလုပ်သားတွေက ဆန် ဆီ ဆားကလေး ဝယ်စားဖို့ လောက် ငွေမရှိကြရှာဘူး၊ သိပ်သနားစရာကောင်းတယ်၊ သူတို့ကို လခထုတ်ပေးနိုင်အောင် ကျွန်တော် ဆက်သွားမှဖြစ်မယ်ဗျာ"

"ကဲ-ဒါဆိုလည်း မင်းရဲ့သဘောအတိုင်းပါပဲ၊ တရားသမားနဲ့ ဓားသမား တွေ့ကြဦးတာပေါ့"

### တရားသမားနဲ့ ဓားသမား

ဦးဗသက်သည် ငွေအိတ်ကိုလွယ်ပြီး မိုင်းဆီသို့ ထွက်လာ၏။ တစ်လမ်းလုံး မေတ္တာပွားပို့သွား၏။ တစ်မိုင်သာသာခန့် လျှောက်မိမည့်အခါ ဝါးရုံတောနောက်ကွယ်မှ ငသော့သည် ဓားလွတ်ကိုင်၍ ခုန်ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဗသက် လာ လိုက်ခဲ့"

ငသော့သည် လက်တစ်ဖက်ဖြင့် ဦးဗသက်၏လည်ကုပ်ကို ဆွဲညှစ်၍ ဝါးရုံတောထဲသို့ ဆွဲခေါ်သွား၏။ ငွေအိတ်ကို ဆွဲယူလိုက်၏။ ဦးဗသက်အား ထိုင်စေပြီး ခေါင်းငုံ့ထားစေ၏။ ဦးဗသက် ခေါင်းချွေးပြန်ပြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေ၏။

"ငွေကိုယူချင်ယူပါဗျာ၊ ကျွန်တော့်ကို မသတ်ပါနဲ့"

"ဝမ်းနည်းပါတယ် ဗသက်ရာ၊ ငွေယူပြီးမှတော့ မင်းကို အစဖျောက်မှ ဖြစ်တော့မှာပေါ့၊ မင်းက သူတော်ကောင်းဆိုတော့ အခွင့်အရေးတစ်ခုတော့ ပေးလိုက်မယ်၊ မသတ်ခင် ဘုရားရှိခိုးချင် ရှိခိုးကွာ"

ဦးဗသက်သည် မြတ်စွာဘုရားအား အာရုံပြုပြီး သစ္စာဆို၏။

"တပည့်တော်သည် ရတနာသုံးပါးနဲ့ မိဘဆရာတို့ကို အမြဲ အောက်မေ့သတိရပါတယ်၊ သတ္တဝါများအားလုံးကိုလည်း မေတ္တာထားပါတယ်၊ ယခု မိုင်းလုပ်သားများ ဒုက္ခရောက်မှာစိုးလို့ ဒီလမ်းကို လာခဲ့ခြင်းဖြစ်ပါတယ်၊ ဤမှန်ကန်သော သစ္စာစကားကြောင့် သေဘေးမှ လွတ်ရပါစေသား"

ဦးဗသက်သည် ငသော့ကို အာရုံစိုက်၍ ဗုဒ္ဓပူဇေမိ၊ ငသော့ ချမ်းသာပါစေ၊ ဓမ္မံပူဇေမိ၊ ငသော့ ချမ်းသာပါစေ၊ သံဃံပူဇေမိ ငသော့ ချမ်းသာပါစေဟု လှိုက်လှိုက်လှဲလှဲ မေတ္တာပို့နေ၏။ မျက်ရည်များလည်း ယိုစီးကျနေ၏။

ငသော့သည် ချီတုံချတုံဖြစ်ပြီးနောက် ဓားရှည်ကို တအား မြှောက်ပင့်လိုက်၏။ ဝှီးဟူသော အသံကို ဦးဗသက် ကြားရပြီးနောက် လည်ပင်းပေါ်တွင် ပူခနဲ နာကျင်မှုဝေဒနာတစ်ခုကို ခံစားလိုက်ရ၏။ ဦးဗသက် လဲကျပြီး သတိမေ့သွားလေသည်။



တအောင့်မျှကြာသောအခါ ဦးဗသက် သတိဝင်လာ၏။ သူ့အနီး၌ တအီးအီးငိုရှိုက်နေသံကို ကြားရ၏။ တမလွန်လောကသို့ ရောက်နေပြီဟု ဦးဗသက် ထင်မိ၏။ သူ့ခန္ဓာကိုယ်ကို လှုပ်ကြည့်သည်။ လှုပ်၍မရ။ ငိုရှိုက်သံက ပို၍ပီသလာ၏။ ဦးဗသက် မျက်စိဖွင့်လိုက်၏။ သူ မသေသေးပါကလား၊ သူမြင်ရသော မြင်ကွင်းက အလွန်အံ့သြစရာ။

လူမိုက်ကြီးငသော့သည် ဦးဗသက်၏ ခြေရင်းတွင် ပြားပြားဝပ်၍ ရှိခိုးကာ တဟီးဟီးငိုနေ၏။

"ခင်ဗျား ဘာဖြစ်လို့ ငိုနေတာလဲ၊ ကျွန်တော့်ကို ဘာဖြစ်လို့ ရှိခိုးနေတာလဲ၊ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် ငရဲကြီးနေပါဦးမယ်"

"ဗသက်ရာ၊ မင်းက ငယ်ပေမယ့် ဘုရားတရားမြဲတဲ့လူပါ၊ ငါက အသက်ကြီးပေမယ့် ဘုရားမှန်း တရားမှန်းမသိတဲ့ လူမိုက်ပါ၊ ငါက မင်းကို အသေသတ်ဖို့ ဓားကို တအားမြှောက်ပြီး ခုတ်လိုက်တာ ဘယ်ကနေဘယ်လိုမှန်းမသိဘူး၊ ဝါးကိုင်းတစ်ခုက ရုတ်တရက် ကျလာပြီး မင်းရဲ့လည်ပင်းကိုထိတယ်"

ငါ့ဓားကတော့ အပေါ်ဘက်လွင့်ထွက်သွားပြီးတော့ ငါ့ ဦးခေါင်းပေါ် တည့်တည့်စိုက်ကျလာတယ်၊ ငါ အရှောင်မြန်ပေလို့ ပေါ့ကွာ၊ ပြီးတော့ ငါ့ကို ကြိမ်းမောင်းတဲ့ အသံဗလံတွေကိုလည်း ကြားရတယ်၊ ငါ မှားမိပါပြီကွာ၊ ငါ့ကိုခွင့်လွှတ်ပါ ဗသက်ရာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ ငသော့တစ်ယောက် သေတစ်ပန်သက်တစ်ဆုံး သူတော်ကောင်းဘဝသို့ ရောက်သွားခဲ့ရပါသည်။ ရတနာသုံးပါးနှင့် မေတ္တာ၏ကျေးဇူးကား ကြီးမားလှပါပေစွ။ ရတနာသုံးပါးနှင့်မေတ္တာ၏ တန်ခိုးကြောင့်ပင် ဦးဗသက်တစ်ယောက် ငါးတောင်အကွာထိ ရောက်လာသော ကျား၏ အန္တရာယ်မှ လွတ်မြောက်ခဲ့ရပါသေးသည်။ ယခုထက် အကျယ်သိလိုပါက ဆရာမင်းသုဝဏ်၏ ဗုဒ္ဓဂုဏ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များစာအုပ်၌ ဆက်လက်လေ့လာပါရန်။

## မေတ္တာပြယုဂ်အတွက် ဆင်းဂါးအပ်ချုပ်စက်

လူ့လောကတွင် အမြင့်ဆုံးသဘောထားရမည့်အရာမှာ လူသားနှင့် ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။

ဆင်းဂါးအပ်ချုပ်စက်အကြောင်းကို ကြည့်ပါ။ တီထွင်သမျှအရာထဲတွင် အသုံးဝင်သရွေ့ထဲမှ စက်တစ်မျိုးဖြစ်သည်။

ယင်းဆင်းဂါးအပ်ချုက်စက် တီထွင်လာရပုံမှာလည်း စိတ်ကူးယဉ်စရာ နောက်ခံအကြောင်းကလေးနှင့်ဖြစ်၏။

ဆင်းဂါးဆိုသော ပုဂ္ဂိုလ်သည် မိမိ၏ဇနီးသည်၏ လက်ဖြင့် ငြီးငွေ့ဖွယ်ရာ အပ်ချုပ်သီတွက်နေရသည့်အမှုကို မြင်ပြီး ဇနီးသည်အပေါ် ချစ်မြတ်နိုးလွန်းမှုကြောင့် အားမစိုက်သင့်ဘဲ အချိန်ကုန်လုပ်အားထုတ်နေရသည့်အဖြစ်မှ ကယ်တင်ရန် အပ်ချုပ်စက်တစ်ခုကို တီထွင်လုပ်ကိုင်လိုက်၏။

သို့သော် ဆင်းဂါးသည် မိမိဇနီးသည်၏ လုပ်အားကိုသာ သက်သာစေသည်မဟုတ်တော့ဘဲ အပ်ချုပ်စက်ဝယ်နိုင်သူအားလုံးကိုပါ အကျိုးပြုခဲ့ခြင်းဖြစ်လာပါလေတော့သည်။



ဤသည်မှာ ကျွန်ုပ်လိုချင်လွန်းသော လုပ်အားဆိုင်ရာ အပြောင်းအလဲဖြစ်သည်။ ယနေ့ဖြစ်ပေါ်နေသော ဥစ္စာပစ္စည်းနောက် အရှူးအမူးလိုက်နေရသည့်အဖြစ်ကိုမူ ရပ်ပစ်လိုက်ရလိမ့်မည်။

ဆင်းဂါးအပ်ချုပ်စက်သည် ချစ်ခင်မှုအရင်းခံဖြင့် ပေါ်လာသည်။ ဤတွင် သူ့ဇနီးတည်းဟူသော လူသားတစ်ဦးချင်းကို အမြင့်အမြတ်သဘောထားခြင်း ပါဝင်၏။

လူတစ်ဦးချင်း၏ လုပ်အားစိုက်ရမှု သက်သာခွင့်သည် ရည်ရွယ်ရင်းအချက်ဖြစ်သည်။ ထို့အပြင် ရိုးသားသောလူမှုရေးဆိုင်ရာ သဘောထားသည် လောဘရမ္မက်၏နေရာ၌ အစားဝင်ကာ စေတနာတရားဖြစ်လာသည်။ လောဘကို မေတ္တာစိတ်ဖြင့် အစားထိုးနိုင်လျှင် အရာခပ်သိမ်းသည် အမှန်သို့ရောက်လာပါလိမ့်မည်။

မဟာဓမ္မဂန္ထီ

## မေတ္တာပေါက်ရောက်ရန် အင်္ဂါရှစ်တန်

- အာသေဝိတ = မိမိမှာဖြစ်သော မေတ္တာစိတ်ကို ပျက်မသွားရအောင် တရိုတသေ ဂရုတစိုက်ရှိစေရမည်။
- ဘာဝိတ = မေတ္တာစိတ် လျော့မသွားစေဘဲ တိုးပွားလာအောင် လုပ်ရမည်။
- ဗဟုလီကတ = မေတ္တာကို တစ်ခါတလေသာမက အကြိမ်ကြိမ်ဖြစ်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ယာနီကတ = မေတ္တာကို စီးစရာယာဉ်လို သဘောထားပြီး မိမိသွားရာ မေတ္တာအမြဲပါရမည်။

၅။ ဝတ္ထုကတ = မေတ္တာသည် ငါ၏တည်ရာမှီရာဟု စိတ်စွဲထားရမည်။

၆။ အနုဋ္ဌိတ = မေတ္တာကို ရှေ့သွားပြုရမည်။ ဘယ်သွားသွား၊ ဘာလုပ်လုပ် မေတ္တာကို ရှေ့ကထားရမည်။

၇။ ပရိစိတ = မိမိဝန်းကျင်မှာ မေတ္တာစိတ်ဖြင့် ရံထားရမည်။

၈။ သုသမာရဒ္ဓ = ကောင်းစွာပြုရမည်။ ကောင်းစွာအားထုတ်ရမည်။

ဝါးလုံးသစ်လုံးကြီးများကို ဝါးဖောင်သစ်ဖောင်ဖြစ်အောင် ကြိုးကြိမ်တို့ဖြင့် ကောင်းစွာချည်နှောင်ဖွဲ့ရသည်။ ကြိုးကြိမ်မရှိလျှင် မဖြစ်နိုင်။

အိမ်၊ ကျောင်း၊ လှေ၊ သင်္ဘောစသော အဆောက်အဦးကြီးတွေဖြစ်အောင် သံစို့တို့ဖြင့် ရိုက်နှက်ဆက်သွယ်ရသည်။ သံစို့မရှိလျှင် မဖြစ်နိုင်။

အထပ်ပေါင်းများစွာရှိသော တိုက်တာ၊ ဘုရားစေတီများ တည်ဆောက်ရာဝယ် ဘိလပ်မြေ၊ အင်္ဂတေတို့ဖြင့် ဖွဲ့နှောင်ရာ၏။ ဘိလပ်မြေ အင်္ဂတေမရှိက မဖွဲ့နိုင်သကဲ့သို့ပင်

လောက၌ မေတ္တာစိတ်စွမ်းရည်သည် အကောင် အထည် မရှိသော်လည်း ဖွဲ့နှောင်ချည်တွယ်တာမှုကို ဖြစ်စေ သော သတ္တိထူးရှိလေသည်။

တက္ကသိုလ်သျှင်သီရိ(မွေ့စရိယ၊ ဘီ-အေ)



မေတ္တာစိတ်ထိရောက်ပုံနှင့် ပတ်သက်၍ ကမာရွတ်မှ ဦးဉာဏ်ထွန်း၏ လက်တွေ့ဖြစ်ရပ်ကို ဦးဉာဏ်ထွန်း ပြန်ပြောပြသည့်အတိုင်းပင် ဤ၌ဖော်ပြလိုက်ပါသည်။

"ကျွန်တော်က လက်တွေ့သမားဆိုတော့ သူများအပြောနဲ့ မယုံတတ်ဘူး၊ ဘိုးမင်းခေါင်ကို ဟိုနားတွေ့လိုက်တယ်၊ ဒီနားတွေ့လိုက်တယ် မကြာမကြာ ကြားဖူးနေတော့ ဘိုးမင်းခေါင်အကြောင်းကို သေချာသိချင်တယ်၊ တွေ့လည်းတွေ့ဖူးချင်တယ်၊ အဲဒီအချိန်က ကျွန်တော် ရဟန်းဘဝပဲရှိသေးတယ်၊ လေးဝါလောက်ရနေပြီ။

ဘိုးမင်းခေါင်အကြောင်း သိချင်တော့ ဘိုးမင်းခေါင်ကြောင့် ဘာသာခြားကနေ သာသနာပြုရဟန်းတစ်ပါးဖြစ်လာတဲ့ ပုပ္ပါးဦးကုမာရကို သတိရမိတယ်၊ ဒါနဲ့ပဲ မြင်တော်မမြင်ဖူးသေးတဲ့ ဦးကုမာရကို မှန်းမှန်းပြီး မေတ္တာပို့မိတယ်၊ နိုင်ငံမှာ ဟိုးလေးတကျော်ကျော်ဖြစ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုတော့ ရင်းနှီးဖို့နေနေသာသာ လူချင်းတွေ့ဖို့တောင် မလွယ်လှဘူး။

တစ်ခါတော့ ကျောက်ပန်းတောင်းက အသိဘုန်းကြီးကျောင်းတစ်ကျောင်းမှာ အလည်ရောက်နေခိုက် တစ်ရက်တော့ သံဃာအစည်းအဝေးတစ်ခုရှိတယ်၊ ပုပ္ပါးဦးကုမာရလည်း ပါမယ်ဆိုတာနဲ့ ဆရာတော်နဲ့အတူ အစည်းအဝေးကို လိုက်သွားမိတယ်၊ အစည်းအဝေးရောက်တော့ ပုပ္ပါးဦးကုမာရဆိုတာ ဘယ်သူလဲလို့ သေချာမေးပြီး ဘယ်သူဆိုတာသိတာနဲ့ အဝေးကနေ မျက်နှာကို သေချာစိုက်ကြည့်ပြီး မေတ္တာပို့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပုံကို ဘာရုံထဲမှာ မြင်ပြီဆိုတာနဲ့ မျက်စိမှိတ်ပြီး ဆက်ပို့တယ်၊ မေတ္တာပို့ရင်းပဲ အစည်းအဝေး ခဏနားတော့ လူသူရှင်းတဲ့ ခန်းမတစ်နေရာမှာ လမ်းလျှောက်ရင်း မေတ္တာကိုပဲ ဆက်ပို့နေမိတယ်၊ ဒီအချိန်မှာပဲ မေတ္တာရဲ့ ထိရောက်မှုကစလာတယ်၊ ပုပ္ပါးဦးကုမာရလည်း ကျွန်တော် လမ်းလျှောက်တဲ့နေရာမှာပဲ လာပြီး လမ်းလျှောက်တယ်။

ကျွန်တော့်ကိုလည်း လှည့်ကြည့်လှည့်ကြည့် လုပ်နေတာကို လည်း သတိထားမိတယ်။ သုံးလေးခေါက်လောက် လျှောက်ပြီးတော့ ကျွန်တော့်ကို သေချာကြည့်ပြီး မေးတယ်။

"ဦးပဥ္ဇင်းလေး ကျောက်ပန်းတောင်းကပဲလား"တဲ့။ ကျွန်တော် က မဟုတ်ကြောင်း၊ ရန်ကုန်က ခဏလာတာ ဖြစ်ကြောင်း၊ လျှောက်နေချိန်မှာပဲ အစည်းအဝေးပြန်စဖို့ အချက်ပေးလာလို့ ကျွန်တော်တည်းတဲ့ ကျောင်းလိပ်စာကိုမေးပြီး ခန်းမထဲကို ကြွသွား တယ်။ အစည်းအဝေးပြီး နောက်တစ်ရက်မှာပဲ မေတ္တာဘာဝနာရဲ့ ထိရောက်မှုကို ထင်ထင်ရှားရှားသိရတော့တာပဲ။ မနက်ခင်းကြီးမှာ ပုပ္ပါးဦးကုမာရ လွှတ်လိုက်တဲ့ ကားတစ်စီး ရောက်လာတယ်။ ကျောင်းက ဆရာတော်ဆီကိုလည်း စာတစ်စောင် ရေးလိုက်တယ်။ စာထဲမှာ ဘာရေးထားသလဲဆိုတော့—

ရန်ကုန်က ကြွလာတဲ့ အသားဖြူဖြူဝဝ၊ မျက်လုံးမွေးကော ကောင်း ဦးပဥ္ဇင်းလေးကို ဖြစ်နိုင်ရင် တပည့်တော်ကျောင်းမှာ ဝါဆို ဖို့ ခွင့်ပြုစေချင်ပါတယ်။ ဦးပဥ္ဇင်းလေးရဲ့ ဘဝတစ်သက်တာ ဘာ



မပူရအောင် စောင့်ရှောက်ပေးပါမယ်ဆိုတဲ့ စာပါပဲ။ ကျောင်းက ဆရာတော်လည်း သိပ်ဝမ်းသာသွားတာပေါ့။

နိုင်ငံကျော် ဆရာတော်တစ်ပါးရဲ့ အကူအညီ အထောက်အပံ့ ရဖို့ ကိစ္စဆိုတာ လွယ်တာမှမဟုတ်ဘဲ။ ကျွန်တော်လည်း ကားနဲ့ တစ်ခါတည်း ပါသွားတယ်။ ဟိုရောက်တော့ တကယ့်ကို အံ့ဩစရာ ပါပဲ။ ကျွန်တော့်ကို အနှစ်နှစ်အလလက ကွဲကွာနေတဲ့ လေးစားရတဲ့ မိတ်ဆွေတစ်ယောက်လို ပျူပျူငှာငှာ ကြိုဆိုတယ်။

နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ အတူကူထိုင်ခိုင်းတယ်။ နှုတ် ကလည်း ဖွင့်ပြောရှာတယ်။

တပည့်တော်မှာ အရင်က အခုလို ရင်းရင်းနှီးနှီးနေရတဲ့ ရဟန်းမိတ်ဆွေ လူမိတ်ဆွေ တစ်ယောက်မှမရှိဘူး။ ဦးပဥ္ဇင်းလေးကို အစည်းအဝေးမှာ တွေ့တဲ့နေ့ကစပြီး ကနေ့အထိ မမြင်ရရင် မနေနိုင် အောင်ကို သတိရနေတယ်။ ဦးပဥ္ဇင်းလေး တပည့်တော်ကို ဆရာတော် ကြီးတစ်ပါးလို ဆက်ဆံနေစရာမလိုဘူး။

သူငယ်ချင်း မိတ်ဆွေတစ်ယောက်လိုပဲ ဆက်ဆံပြီး ပျော်သလို နေပါ။ နေချင်သလောက်နေပါ။ လိုအပ်တာ အကုန်လုံး ပြောပါလို့ သေချာလျှောက်တယ်။ ကျွန်တော်ကလည်း ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ်ဆိုတော့ သူ့စကားဆုံးတာနဲ့ သိချင်နေတဲ့ အကြောင်းတွေကို ခမေးလိုက်တယ်။

ဓာတ်ခန်းထဲဝင်ပြီး ပုတီးစိပ်ရမှာကတော့ မဝံ့မရဲဖြစ်တာနဲ့ ဘပည့်တော်ကို တိတ်ဆိတ်တဲ့နေရာတစ်ခုကို ညွှန်ပြပါ။ အရပ်

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်တော် ပုတီးစိပ်နေကျမို့ပါလို့ လျှောက်လိုက်တော့ သူ့အခန်းသော့ကို ထုတ်ပေးရှာတယ်။ သူ့အခန်းထဲကို သူမှမခေါ်ရင် ဘယ်သူမှ မလာရဲပါဘူးတဲ့။ ဒါနဲ့ပဲ ဆရာတော့်အခန်းထဲမှာ သေချာထိုင်ပြီး အဓိဋ္ဌာန်တစ်ခုပြုလိုက်တယ်။

ဒီနေရာမှာ ဘိုးမင်းခေါင်နဲ့ ကိုယ်တိုင်တွေ့နိုင်၊ မတွေ့နိုင် ဆိုတာက လိုရင်းမဟုတ်ပါဘူး။ မေတ္တာဘာဝနာရဲ့ စွမ်းရည်ကြောင့် ဘယ်တုန်းကမှ မသိခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို တကယ့်သားသမီးအရင်း၊ မိတ်ဆွေအရင်းလို ချစ်ခင်လာစေနိုင်တယ်ဆိုတဲ့အချက်ကို သိစေချင်တာပါပဲ။

တစ်ခါကလည်း အသိရဟန်းတစ်ပါးနဲ့အတူ အောက်ဘက်က ရွာတစ်ရွာကို လိုက်သွားတယ်။ အကျင့်ရနေပြီဖြစ်လို့ ဘယ်သွားသွား မေတ္တာကတော့ လူထက်အရင်ရောက်တာပဲ့။ မနက် ကိုးနာရီလောက် ရွာထဲက ဖြတ်ကြပြီး ကျောင်းရောက်တယ်ဆိုရင်ပဲ လာပို့လိုက်ကြတဲ့ ဆွမ်းအုပ်တွေ၊ ကျောင်းမှာရှိတဲ့ စားပွဲခုံ (၇) လုံးလောက်ဟာ ပြည့်လျှံသွားလို့ အောက်မှာတောင် ချထားရတယ်။

ညနေကျတော့လည်း ဖျော်ရည်၊ သကာရည်၊ စတုမဓုရတို့ ဆေးပစ္စည်းတွေ ရွာလုံးကျွတ်နီးနီး လာလှူကြတယ်။ ပြန်မယ့်ရက်ကျကာမှ ဒကာလေးငါးယောက်လောက်က ဖွင့်ပြီးတော့ကို လျှောက်ကြတယ်။ "အရှင်ဘုရားမှာ အဆောင်လေးများပါရင် တပည့်တော်တို့ကို စွန့်ကြဲခဲ့ပါဦး"တဲ့ ပြောလိုက်တယ်။ ဦးပဉ္ဇင်း အမြဲတမ်းဆောင်တာကတော့ မေတ္တာဘာဝနာပါပဲလို့။



## မေတ္တာသည်သာ

မေတ္တာမရှိလျှင် ဆင်းရဲသူကိုမြင်၍ သနားသော ကရုဏာနှင့် ချမ်းသာသူကိုမြင်၍ ဝမ်းမြောက်သော မုဒိတာလည်း မဖြစ်နိုင်တော့ပါ။ မိမိစိတ်ကိုသာ ကောင်းသည်ထက် ကောင်းအောင် ပြုပြင်ကြပါ။ အကျိုးဆောင်ခွင့်ကြုံလာလျှင် မိမိကို မလိုလားသူ၏ အကျိုးကိုပင် စိတ်ပါလက်ပါဆောင်လျက် အဖိုးတန်လှစွာသော မေတ္တာလက်နက်ကို အချက်ကျကျ သုံးစွဲသင့်ပါသည်။ ထိုသို့ သုံးစွဲနိုင်မှသာလျှင် ပါရမီရှင်ဟု ထင်မြင်နိုင်ပါသည်။ မေတ္တာသည် ရေနှင့်တူ၏။ ဒေါသသည် မီးနှင့်တူ၏။ ရေများလေ မီးငြိမ်းလေ။

(အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ဆဋ္ဌမကျမ်းစာ၊ ကိုယ်ကျင့်အဘိဓမ္မာမှ)

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

## ရဟန်းတော်တို့၏ မေတ္တာအစွမ်း အံ့မခန်း

မေတ္တာဟာ နှစ်ဖက်သွားဓားနဲ့တူတယ်၊ ဒီဓားကို လာလုရင် လုတဲ့လူသာ အထိအရှဖြစ်မှာပဲ။

**လယ်တီဆရာတော်**

အီတလီနဲ့ အဗက်ဆီးနီးယား (အီသီယိုပီးယား) စစ်ဖြစ်နေကြလို့ သတ္တဝါတွေ သေကြေပျက်စီးလိုက်ကြတာ အလွန်သနားစရာကောင်းတယ်။ သူတို့ အဲဒီဘေးကလွတ်အောင် မေတ္တာပို့ကြရမယ်။ ထိုစစ်ဘေးကြီး တစ်နည်းနည်းနဲ့ အေးသွားတယ်ဆိုရင်ပဲ ကိုယ့်ရဲ့မေတ္တာအောင်ပြီလို့ မှတ်ရမယ်။

**မိုးညှင်းဆရာတော်**



ယုံကြည်စွာ သက်ဝင်ရှိခိုးခြင်းနှင့် မေတ္တာထားခြင်းသည် ဘဝလွတ်မြောက်ရေးလမ်းပင်ဖြစ်သည်။

**တာဂိုး**

ဘုရားရှင်နှင့် အနီးစပ်ဆုံး အသက်ရှင်သူသည် လူသားများအပေါ် မေတ္တာအကြီးမားဆုံးထားသူဖြစ်သည်။

**ဝီလျံဘာကလေ**

လောကမှာ မိဘမရှိရင်လည်း အသက်ရှင်နိုင်တယ်။ စားစရာ ဝတ်စရာ နေစရာမရှိရင်လည်း အသက်ရှင်နိုင်တယ်။ မေတ္တာမရှိရင်တော့ အသက်မရှင်နိုင်ဘူး။

**တော်စတွိုင်း**

ရဟန်းတော်များ၏ မေတ္တာအစွမ်းနှင့် ပတ်သက်၍ လူသိနည်းလှသော စလင်း၊ ကန်လည်ဆရာတော်ကြီး၏ ဖြစ်ရပ်ကို ဆရာတော်ဟောကြားချက်အတိုင်း ဦးစွာတင်ပြအပ်ပါသည်။

ဘုန်းဘုန်းစလင်းအောင်နိုင်ကုန်းမှ သိတင်းသုံးနေစဉ်မှာ သုဿန်တွင် အမြဲတည်ဆောက်ဆဲကာလက အဖြစ်အပျက်ကလေးတွေ ပြောရဦးမယ်။ တစ်နေ့မှာ စလင်းမြို့က မစိန်မေဆိုတဲ့ အပျိုကြီး တစ်ယောက် သေဆုံးတယ်။ အဲဒီ မိန်းကလေးအလောင်း ချတဲ့နေ့ကျရင် ဒီအလောင်းကို လွယ်လွယ်ဖော်ရအောင် စီစဉ်ပေးရန် သုဘရာဇာကြီး ဦးဘိုဆယ်ကို မှာထားခဲ့တယ်။

ဘာပြုလို့ အလောင်းကိုဖော်ပြီး ရှုချင်သလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လူ့ခန္ဓာမှာ လက်ရိုး ခြောက်ဆယ်လေး၊ ခြေရိုး ခြောက်ဆယ့်လေး စသည်ဖြင့် သူ့အပိုင်းနှင့်သူ ဟောထား

www.burmeseclassic.com

www.burmeseclassic.com



လေတော့ ဘုရားရှင်ဉာဏ်တော်ကြီးကို ကြည်ညိုသည်ထက် ကြည်ညိုချင်လွန်းလို့။

လက်တွေ့ရှုလိုက်တဲ့အခါမှာလည်း သုံးဆယ့်နှစ် ကောဋ္ဌာသ တစ်ခုစီ ကွဲသွားတော့ တရားအရမြန်အောင်ပေါ့။ ညအချိန်ကျတော့ စေတီလှသချိုင်း အမြဲသွားနေကျဖြစ်သော်လည်း ဘုန်းဘုန်းဦးဘိုဆယ်ကို မှာထားခဲ့တဲ့နေ့ကျတော့ သုသာန်အသွားမှာ ခွေးနက်ကြီး တစ်ကောင်က ပတ်ရပ်ပြီး ဆီးပြီးတားသကဲ့သို့ ခုန်ပြီးကိုက်မယ့် ဟန်ပြုတာနဲ့ ဒါဟာဖြင့် တစ်ခုခု အနှောင့်အယှက်ပဲဆိုပြီး ဘုန်းဘုန်း သုသာန်မသွားတော့ဘဲ အောင်နိုင်ကုန်းကို ပြန်ခဲ့တယ်။ နောက်တစ်နေ့လည်း ဒီလိုပဲ ကြက်လျှာဆူးကြီးက ခြေဖမိုးအထိ ထိုးပြန်တယ်။ တတိယနေ့မှာ သွားနေတဲ့ ခြေလှမ်းဟာ ရှေ့မတိုးဘဲ နောက်ဆုတ်နေပြန်တယ်။ စတုတ္ထနေ့ သွားတဲ့အခါမှာ အနှောင့်အယှက်မရှိဘူး။

သုသာန်ကို ချောမောစွာ ရောက်သွားတယ်။ သုသာန်သို့ ရောက်တဲ့အခါမှာ ရဟန်းတစ်ပါးနှင့် လူပုဂ္ဂိုလ်လေးငါးခြောက်ဦးတို့ကို ထူးဆန်းစွာ တွေ့ရတော့တယ်။ အဲဒီရဟန်းနှင့် လူတွေက "အရှင်ဘုရား၊ တပည့်တော်တို့ အရှင်ဘုရားအပေါ် ပြစ်မှားမိခြင်းကို ခွင့်လွှတ်ပါဘုရား"လို့ တုန်တုန်ရီရီနဲ့ လျှောက်ကြတယ်။

ဦးပဥ္စင်းတို့၊ ဒါယကာတို့ ခင်ဗျားတို့ကို ကျုပ် အခုမှပဲ တွေ့ဖူးပါတယ်။ ကျုပ် ခင်ဗျားတို့အပေါ် ဘာအပြစ်မှ မရှိပါဘူး။ ကျုပ် သတ္တဝါ ဝေနေယျအပေါ် အမြဲမေတ္တာပို့ထားသူဖြစ်ပါတယ်။ တောင်းပန်စရာမလိုကြောင်း ပြောရာ–



"အရှင်ဘုရားအား တပည့်တော်များ အထင်မှားမိပါသည် ဘုရား၊ အရှင်ဘုရားဟာ ဦးဘိုဆယ်ကို အဖော်ခိုင်းပစ်ခဲ့တဲ့ အလောင်းဟာ တပည့်တော်များ၏ နှမ မစိန်မေရဲ့ အလောင်းဖြစ်ပါတယ်၊ ဒီအလောင်းကိုဖော်ပြီး လောကီအတတ်ပညာနှင့် စီရင်ဖို့ဖြစ်လိမ့်မယ်ဟု တပည့်တော်တို့ယူဆပြီး အရှင်ဘုရားလာလျှင် သတ်ပြီး မြေမြှုပ်မယ်ဆိုပြီး တပည့်တော်တို့ သုံးညဆက်တိုက် စောင့်နေခဲ့ပါတယ်။

အဲဒီသုံးညစလုံး တပည့်တော်တို့ဟာ မနေနိုင်၊ မထိုင်နိုင် ယားယံတဲ့ ဝေဒနာကို ခံစားနေရတော့ တပည့်တော်များ သူတော်ကောင်းကို ပြစ်မှားရန် ကြံစည်မိတာ ဖြစ်လေမလားဆိုတာ သံသယဖြစ်လာပြီး စတုတ္ထမြောက်မှာ ကြွလာတဲ့ပုဂ္ဂိုလ်ဟာ သူတော်ကောင်းဖြစ်ရမယ်လို့ ယုံကြည်စွာစောင့်ဆိုင်းနေတဲ့အခါ ယခု အရှင်ဘုရားကြွလာသည်နှင့် ကြုံကြိုက်နေခြင်းကြောင့် အရှင်ဘုရားကို ပန်ချတောင်းပန်ခြင်း ဖြစ်ပါတယ်ဘုရားဟု လျှောက်ထားရာ ဘုန်းဘုန်းကျုပ်ဟာ အောင်နိုင်ကုန်းမှာ သီတင်းသုံးနေတဲ့ ရပ်ရွာအခေါ်အားဖြင့်တော့ ပတ္တပိုဏ်ကိုယ်တော်ဖြစ်ပါတယ်။ ကျုပ်ဟာ မှုးမှုးယောင်နေတဲ့ အလောင်းကို ဘုရားရှင်အလိုတော်ကျ ကမ္မဋ္ဌာန်းရှုချင်လို့သာ စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ လောကီအတတ်ပညာအတွက် မဟုတ်ကြောင်း ရှင်းပြလိုက်မှ အရှင်ဘုရားအလိုတော်အတိုင်း ရှုတော်မူရန် လျှောက်ထားကြတယ်။ ဒါဟာ ဘုန်းဘုန်းရဲ့ တကယ့်ကိုယ်တွေ့အဖြစ်များထဲက အကြောင်းတစ်ခုပဲ။ မေတ္တာဘာဝနာ စွဲမြဲကြသော သူတော်စင်တို့အား ပြစ်မှားမိလျှင် များသောအားဖြင့် ခန္ဓာကိုယ်တစ်ခုလုံး ယားယံသော ဝေဒနာကို ခံစားရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူသားတို့၏ မေတ္တာအစွမ်း အံ့မခန်းကဏ္ဍ၌ ဖော်ပြခဲ့သော သေယျဇာတ်တော်တွင် မေတ္တာရှင် ဃငှမင်းကို ချုပ်နှောင်ထားမိသော ဓက်မင်းမှာ ယခုကဲ့သို့ပင် ယားယံသော ဝေဒနာကို ခံစားရသည်။ ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလထုတ် သင့်ဘဝ မဂ္ဂဇင်းတွင်လည်း ဦးလေးကြီး ဦးတင်မောင်က မေတ္တာရှင်ကို ပြစ်မှား၍ ယားယံကာ ဒုက္ခရောက်ခဲ့ရသော ပြန်ပေးလူဆိုးများအကြောင်းကို ဤကဲ့သို့ ဖော်ပြထားသည်။

၁၉၅၂ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ နံနက်စောစော ၅ နာရီခန့်တွင် လမ်းလျှောက်နေသော အရေးပိုင် ဦးဘိုးစကို လူဆိုးသုံးဦးက ဂျစ်ကားပေါ် ဖွတ်တင်ကာ မောင်းပြေးလေတော့သည်။ ငွေငါးသိန်းအတွက် လူကို ပြန်ပေးဆွဲကြခြင်းပင်၊ ဦးဘိုးစကား မေတ္တာရှင်ပီပီ မေတ္တာပွားလျက်သာ အေးအေးသက်သာ လိုက်သွားခဲ့ပါသည်။ မေတ္တာရှင်က အေးအေးသက်သာ လိုက်ပါနိုင်သော်လည်း မေတ္တာရှင်ကို ပြစ်မှားမိသော လူဆိုးသုံးဦးမှာ မနေနိုင်၊ မထိုင်နိုင်အောင် ယားယံလာကြသဖြင့် ကားပေါ်တွင် ဣန္ဒြေပျက်လောင်အောင်ပင် တွန့်လိမ်ကောက်ကွေးနေရာ။

သံသယဝင်လာသော အမေရိကန်သံရုံးကားက နောက်မှ မောင်းလိုက်လာပါတော့သည်။ ပြန်ပေးကား ကမာရွတ်မှ အဖြတ်တွင် ကမာရွတ်ရဲစခန်းကိုလည်း ဝင်၍တိုင်တန်းခဲ့လေသည်။ ထိုမှ တစ်ဆင့် သက်န်းကျွန်းနှင့် ရန်ကုန်ရဲများပါ သိကုန်ကြသဖြင့် ပြန်ပေးကားမှာ ပြေးပေါက်ပိတ်လာလေတော့သည်။



ပြန်ပေးကား တံတားလေးရွာသို့ ရောက်သောအခါ နောက်မှ လိုက်လာသော သံအရာရှိကား၊ ရဲကားနှင့် ပြန်ပေးကားမှာ မိလုမိခင် ဖြစ်လာ၍ ပို၍ပင် ရုတ်ရုတ်သဲသဲ ဖြစ်လာသည်။ တံတားလေးရွာ မီးကင်းသမားများကလည်း သံချောင်းတဒေါင်ဒေါင်ခေါက်ကာ ပြန်ပေးကားနောက်သို့ ဝိုင်းအုံလိုက်ပါသွားကြသည်။

ပြန်ပေးဂျစ်ကားမှာ တံတားကလေး လမ်းမပေါ်မှ ဆင်းကာ ဓမိုးရိပ်ချောင်း (ယခု မြောက်ဥက္ကလာပ)ဘက် ဦးတည်၍ လယ်ကွင်း ထဲသို့ ဖြတ်မောင်းသွားရာ လိုက်လံဖမ်းဆီးသော ကားများမှာ လမ်းကြမ်းလှ၍ ဂျစ်ကားကို မမီနိုင်ဘဲရှိသည်။ လူဆိုးသုံးဦးမှာ ဓမိုးရိပ်ချောင်းရောက်လျှင် ကားဆက်သွား၍ မရကြသဖြင့် ကားပေါ်မှ ဦးဘိုးစကို ဆွဲချကြသည်။

## လူဆိုးဖမ်းတဲ့မြွေ

ချောင်းကို ဖြတ်ကူးခေါ်ဆောင်ရန် ခရာတောကိုဖြတ်၍ ရွှံ့နွံပြင်သို့ အဆင်း ရေထဲ၌ မြွေဟောက်ကြီးတစ်ကောင်က ရှေ့မှ ဆီးကြိုနေသည်ကို တွေ့ရပြန်သဖြင့် ချောင်းရေကို ရုတ်တရက် မဖြတ်ကူးရဲဘဲ အံ့အားသင့်ကာ ဆုတ်ဆိုင်းဖြစ်နေကြစဉ် အရပ်သားများမီလာ၍ လူဆိုးများ အားလုံး ရိုက်နှက်ဖမ်းဆီးခြင်း ခံရတော့သည်။

မေတ္တာခြုံမှ တကယ်လုံပေသည်တကား။

## ကပ်ကြီးသုံးပါးကို ကျော်လွှားနိုင်သောမေတ္တာ

မေတ္တာတရားနှင့် ပြည့်စုံသောသူများသည် ကပ်ကြီးသုံးပါးကို ကျော်လွှားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(က) လောဘတရားလွှမ်းမိုး၍ ဖြစ်တတ်သော ဝေါ်မှတ်
ခေါင်းပါးမှု (ဒုဗ္ဘိက္ခန္တရ)ကပ်

(ခ) ဒေါသတရားလွှမ်းမိုး၍ ဖြစ်တတ်သော လက်နက်ဘေး
(သတ္တန္တရ)ကပ်

(ဂ) မောဟတရားလွှမ်းမိုး၍ ဖြစ်တတ်သော အနာရောဂါ
ဖိစီးနှိပ်စက်မှု (ရောဂန္တရ)ကပ်တို့ဖြစ်သည်။

ဒီ၊ ၄၊ ၃။ ၃၀

### ကမ္ဘာပျက်ဘေးကို ကျော်လွှားနိုင်သောမေတ္တာ

ကမ္ဘာလောကကြီး ပျက်စီးခါနီးအချိန်တွင် ကမ္ဘာလောကကြီး မပျက်စီးမီ အနှစ်တစ်သိန်းလောက်က လောကဗျူဟာ ကာမာဝစ[ရ] နတ်များသည် ကမ္ဘာလောကကြီး ပျက်စီးမည့်အကြောင်းကို ကြွေးကြော်၍ ဗြဟ္မစိုရ်တရားပွားများကြရန် တိုက်တွန်းနှိုးဆော်ကြပါသည်။ ထိုသို့ တိုက်တွန်းနှိုးဆော်သည့်အတိုင်း လူများသည် ဗြဟ္မစိုရ်တရား ကို ပွားများအားထုတ်ကြပါက နတ်ပြည်သို့ရောက်ခြင်း၊ နတ်ပြည်မှ တစ်ဆင့် ဈာန်ဖြင့် ဗြဟ္မာ့ပြည်သို့ရောက်၍ ကမ္ဘာပျက်ဘေးကြီးမှ လွတ်မြောက်ကြပါသည်။ ဗြဟ္မစိုရ်တရား လေးပါးတွင် မေတ္တာလည်း တစ်ပါးပါဝင်သဖြင့် မေတ္တာပွားများအားထုတ်နေသူသည် ကမ္ဘာပျက် ဘေးကြီးမှ ကင်းကြပါသည်။

အံ၊ ၄။ ၃၊ ၁၈၀။ ဝိသုဒ္ဓိ၊ ၂။ ၄[၃]

မေတ္တာအကျိုးအားနိသင်သည် အလွန်များပြား၏။ ကြီးမားမြင့်မြတ်၏။ ဘဝအကျိုးပေးသန်သော ကံတကာထဲ



တွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သောကံဟူ၍ မရှိတော့။

**(သောက္ကျတောင်ဆရာတော် ဦးတိလောက)**

မေတ္တာသည် စကားပြောတတ်၏။ မေတ္တာစကားကို နားမကြားသူတို့သည် ကြားသိကြ၏။ မျက်စိမမြင်သူတို့ပင် မြင်သိကြ၏။

**(အင်္ဂလိပ်စကားပုံ)**

### နတ်ချစ်ဆေး

ရေပူရေချမ်း ဘာမှမလိုဘူး၊ နတ်တွေက အကုန်တည်ပေး၊ ရေချိုးရေလိုလည်း ခပ်ပေးတယ်။ သုံးရေလိုလည်း ခပ်ပေးတယ်။ သောက်ရေလိုလည်း ခပ်ပေးတယ်။ ရေနွေးလိုချင်တယ်ဆိုလည်း တည်ပေးတယ်။ အဲဒီနတ်တွေ အဲဒီလို ရေပူရေချမ်း ကမ်းလှမ်းပြီး တော့ သားရဲတိရစ္ဆာန်တွေရဲ့ဘေးက ကာကွယ်စောင့်ရှောက်၊ ဖျား တယ်၊ နာတယ်၊ ပင်ပန်းတယ်ဆိုတဲ့ ကိုယ်တော်တွေကို ပြုစု၊ နတ်တွေက ဂိလာနဥပဋ္ဌာကလည်းဖြစ်၊ ဝေယျာဝစ္စကာရကလည်း ဖြစ်တယ်။ ကပ္ပိယကာရကလည်းဖြစ်တယ်။ တို့ ပရိသတ်နတ်တွေ က ကပ္ပိယကာရက၊ ဝေယျာဝစ္စကာရကတွေဖြစ်အောင် ကန်တော့ပွဲ နဲ့ လုပ်တာလား။

"မဟုတ်ပါဘုရား"

"မေတ္တာနဲ့ လုပ်လိုက်ကြတာနော်"

"မှန်ပါဘုရား"

(သဲကုန်းအရှင်ဉာဏိသသရ၏ မေတ္တာသုတ္တန်တရားတော်မှ)

www.burmeseclassic.com



## မေတ္တာဂုဏ်ရည်ငါးမျိုး

မေတ္တာစိတ်ဟူသည်
၁။ ကျယ်ကျယ်ပြန့်ပြန့်ထားရှိအပ်သောစိတ်
၂။ အထက်တန်းကျသောစိတ်
၃။ ပိုင်းခြားကန့်သတ်ချက်မရှိသောစိတ်
၄။ ဒေါသကင်းသောစိတ် (ဝါ) ရန်လိုမှုကင်းသောစိတ်
၅။ ဖျက်ဆီးလိုခြင်းကင်းသောစိတ်ဖြစ်သည်။

*(ကေသမုတ္တိသုတ်)*

## ဓားစွမ်းနှင့်မေတ္တာစွမ်း

အုံမခန်းသည့် မေတ္တာစွမ်းကို ပြမည့် ရဟန်းတစ်ပါးဖြစ်လာမည့် အီတလီနိုင်ငံ၊ မိလန်မြို့သားလေး ဆာဗာတိုရေစီအိုဗီသည် ယခင်က ဘာသာခြားတစ်ယောက်ပင် ဖြစ်ပါသည်။ ဓမ္မပဒကို ဖတ်မိရာမှ ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါး ဖြစ်လာရခြင်းဖြစ်သည်။ သီရိလင်္ကာနိုင်ငံမှရလာသော ဝမ်းကိုက်ရောဂါကိုကုသရန် အီတလီရှိ ဦးလေး ဖြစ်သူအိမ်သို့ ရောက်ခဲ့ရသည်။

ရောဂါပျောက်သော်လည်း ဘာသာခြားဦးလေးက အိန္ဒိယနိုင်ငံသို့ ပြန်မလွှတ်ဘဲ အကျပ်ကိုင်ထားသဖြင့် သုံးရက် အစာမစားဘဲ ဆန္ဒပြသောအခါတွင်မှ အိန္ဒိယသွားရန် နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးသော်လည်း ဘာသာနှင့် တစ်ဆွေမျိုးလုံးကို ဆန့်ကျင်သူဖြစ်၍ ခရီးစရိတ် တစ်ပြားတစ်ချပ်မျှ မထောက်ပံ့လိုက်ပေ။ သပိတ်တစ်လုံး၊ သုံးထည်သောသင်္ကန်းဖြင့် ပြင်သစ်ပြည် မာဆေးမြို့သို့ ဦးစွာခြေကျင် ထွက်ခွာလာခဲ့သည်။



ဗုဒ္ဓဘုရားကဲ့သို့ သားတော်ဖြစ်သော ငါလည်း ခြေကျင်ခရီးကို ပျော်ပျော်ကြီးသွားတော့မည်ဟု ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုကာ ပြင်သစ်မှ ဆွစ်ဇာလန်၊ ဩစတြီးယား၊ ယူဂိုစလားဗီးယား၊ ဘုလ်ဂေးရီးယား၊ တူရကီ၊ ဆီးရီးယား၊ ပါလက်စတိုင်းတို့ကို ခြေကျင်ဖြတ်သန်းပြီးနောက် အိန္ဒိယဗုဒ္ဓအောင်မြေသို့ လာခဲ့ရသည်။

မိုင်ပေါင်းများစွာ ရှစ်လကျော် ကြာခဲ့သည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံ၊ ပြင်ဦးလွင်မြို့တွင် ပျံလွန်တော်မူသည်အထိ သီတင်းသုံးသွားတော်မူခဲ့ပါသည်။ အဘယ်ကြောင့် ဤမျှထိ ပင်ပန်းဆင်းရဲခံကာ ခွန်စွန့်စားစားဖြင့် မြန်မာနိုင်ငံသို့ရောက်အောင် လာခဲ့ရပါသနည်း။

လူသားဖြစ်ရခြင်း၊
ယောကျ်ားဖြစ်ရခြင်း၊
ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်း၊
ရဟန်းတော်ဖြစ်နေခြင်း၊
မြန်မာနိုင်ငံ၌နေရခြင်း။

နောက်ဘဝများတွင် ဤအင်္ဂါငါးချက်နှင့် ပြည့်စုံရန် ဘယ်လိုမှ ဖြစ်နိုင်ဟု သိထားသောကြောင့်ပင် ဖြစ်ပါတော့သည်။ မြန်မာနိုင်ငံတွင် နေထိုင်သီတင်းသုံးသောအခါမှစ၍ အီတာလျံဘုန်းတော်ကြီး ဦးလောကနာထဟူ၍ ထင်ရှားလာခဲ့ပါသည်။ သူ ဗုဒ္ဓဘာသာ ဖြစ်လာရခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း မှတ်တမ်း ရေးသားတော်မူခဲ့ပါသည်။

ကျွန်ုပ်သည် အီတလီ၌ မွေးဖွားသည်။ အမေရိကန်၊ နယူးယောက်မြို့၌ ကြီးပြင်းသည်။ ပညာသင်ကြားသည်။ ကျွန်ုပ်သည်

www.burmeseclassic.com



ဝိဇ္ဇာနှင့် သိပ္ပံ ပညာနှစ်ရပ်စလုံးကို သင်ကြားသည်။ သို့ရာတွင် ဓာတုဗေဒပညာကို အထူးဝါယမစိုက်ပြီး သင်ကြားသည်ဖြစ်၍ ဘီအက်စ် (ဓာတုဗေဒ) ဘွဲ့ကို ရရှိခဲ့သည်။

ကျွန်ုပ်၏ သိပ္ပံပညာအသိသည် ကျွန်ုပ်၏ အမြင်ဟောင်း ဖြစ်သည့် ရိုမန်ကက်သလစ်အမြင်နှင့် တိုက်ခိုက်ကြတော့သည်။ ချက်ချင်း သိပ္ပံပညာက အပေါ်စီးရ၍ ရိုမန်ကက်သလစ်ဝါဒ နောက်ဆုတ်သွားသည်။ ကျွန်ုပ် ဘာသာတရားက တဖြည်းဖြည်း သိပ္ပံပညာ၏ ဘာသာတရားဖြစ်လာခဲ့လေသည်။ သို့ရာတွင် ကျွန်ုပ်သည် ယေရှုခရစ်နှင့် စိန်ဖရန့်စစ်ကိုမူ ကြည်ညိုနေတုန်းပင်

တစ်နေ့တွင် (၁၉၂၂ ခုနှစ်) ကျွန်ုပ်သည် အမေရိကန် စက်ရုံကြီးတစ်ခု၏ ဓာတ်ခွဲခန်း၌ ဓာတ်ခွဲသည့် အလုပ်ကို အာ စူးစိုက်နေစဉ် မိတ်ဆွေ ဓာတုဗေဒအရာရှိတစ်ဦးက စာအုပ်ကြီး တစ်အုပ် ကျွန်ုပ်ကို ပေးလာ၏။ ထိုစာအုပ်တွဲကြီးထဲ၌ အခြားစာသား များအပြင် ပါမောက္ခမက်စ်မူလာ ဘာသာပြန်ထားသည့် ဓမ္မ ပါဠိတော်နှင့် အဿဃောသရေး ဗုဒ္ဓဝင်နှစ်အုပ်လည်း ပါရှိ၏။

ကျွန်ုပ်၏ မိတ်ဆွေသည် ထိုစာအုပ်ကို ဖတ်သည်။ သို့ရာတွင် သူသည် ခရစ်ယာန်အဖြစ်က ပြောင်းလဲမသွားပေ။ ကျွန်ုပ်သည် ထိုစာအုပ်ကို ဖတ်သည်။ ကျွန်ုပ်ကမူ ဗုဒ္ဓဘာသာ ဖြစ်လာခဲ့၏။ ကျွန်ုပ်သည် သိပ္ပံနည်းကျသော ဘာသာတရားကို အစဉ်တစိုက် စုံစမ်းရှာဖွေနေလာခဲ့ရာ နောက်ဆုံးတွင် ကျွန်ုပ် လိုလားနေခဲ့သော အရာကို တွေ့ရလေ၏။



ဗုဒ္ဓဘာသာသည် ကျွန်ုပ် ကြာမြင့်စွာ တောင့်တလာခဲ့သော အရာကို ဖြည့်တင်းပေးလိုက်၏။ ကျွန်ုပ် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်သည် ဗုဒ္ဓစာပေကျမ်းဂန်အမျိုးမျိုးကို စိတ်အားထက်သန်စွာ ရှာဖွေဖတ်ရှုသည်။ ကျွန်ုပ်ကား ရေဆာလောင်မွတ်သိပ်နေသည့် သဲကန္တာရခရီးသည်နှင့် ပမာတူ၏။

နောက်ဆုံး၌ ကြာမျိုးစုံပေါက်နေသည့် ရေကန်ကြီးတစ်ခုကို တွေ့ရသည်နှင့် ကြည်လင်အေးမြနေသောရေကို အားပါးတရ သောက်ပစ်လိုက်တော့သည်။ နိုင်ငံရှစ်နိုင်ငံကို ရှစ်လကျော်ကြာ ခြေကျင်လျှောက်လာစဉ်က တူရကီတောင်ပိုင်း တောင်တန်းတစ်ခုကို ဖြတ်ကျော်စဉ် တူရကီတောပုန်းဓားပြများနှင့် သေလုနီးပါး ရင်ဆိုင်ခဲ့ရရာ မေတ္တာဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ပုံကို ဤသို့ ကိုယ်တွေ့မှတ်တမ်း ရေးသားတင်ပြထားပေသည်။

ကျွန်ုပ်သည် ဆိုးသွမ်းမှုအရာတွင် နာမည်ကြီးလှသည့် တူရကီ တောင်ပိုင်းရှိ တိုးရပ်(စ်)တောင်တန်းကို ဖြတ်ကျော်စဉ် တူရကီ တောပုန်းဓားပြများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရ၏။ သူတို့သည် ချောင်ကျသော တစ်နေရာသို့ ကျွန်ုပ်ကို ခေါ်ဆောင်သွားသည်။ ထို့နောက် သူတို့၏ ဓားသွားများ မည်မျှထက်သည်ကို စမ်းသပ်သည့် အနေဖြင့် ကျွန်ုပ်၏ လည်မျိုကို ခုတ်ပိုင်းရန် စီစဉ်ကြ၏။

ကျွန်ုပ် သေရပေတော့မည်။ ထိုအချိန်၌ ဘုရားဂုဏ်ကို အာရုံပြုထားလိုက်၏။ ၃၁ ဘုံ၌ ကျင်လည်ကြရကုန်သော သတ္တဝါ အပေါင်းအား လိုက်လိုက်လှဲလှဲ မေတ္တာထားသူကို ဓား လက်နက်တို့

www.burmeseclassic.com

www.burmeseclassic.com



မစွးဝင်နိုင်၊ မိုးလည်းမလောင်၊ အဆိပ်လည်း မထိရောက်နိုင်ဟု ဟောတော်မူသော ဘုရားရှင်၏စကားတော်ကို ကြားယောင်မိသည်။

သို့ဖြင့် ကျွန်ုပ်သည် သန့်စင်မြင့်မြတ်လှသော မေတ္တာလက်နက်ကို အသုံးပြုမိတော့သည်။ ဦးစွာ မြေပေါ်၌ တင်ပျဉ်ခွေထိုင်လိုက်၏။ မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။ ရန်သူ လူဆိုးဓားပြများအပေါ် စူးစိုက်လှိုက်လှဲစွာ မေတ္တာပို့လွှတ်နေ၏။ မိခင်သည် မိမိ၏ တစ်ဦးတည်းသောသားကို အသက်စွန့်၍ စောင့်ရှောက်သည့်နည်းတူ သတ္တဝါတို့၏ အပေါ်၌ အကန့်အသတ် အပိုင်းအခြားမရှိသော မေတ္တာစိတ်ထားရမည်ဟု ဗုဒ္ဓရှင်တော်မြတ် ဆုံးမခဲ့သည် မဟုတ်ပါလော။ သို့ဖြင့် ကျွန်ုပ်သည် မိမိကိုယ်ကို မိခင်နေရာ၌ထားလျက်၊ ကျွန်ုပ်အား သတ်မည်ပြုသော ဓားပြနှစ်ဦးကို သားအရင်းနှစ်ဦးပမာ သဘောထားလျက် ငါ့သားနှစ်ဦးသည် ချစ်ခင်နှစ်လိုဖွယ်ကောင်းလှပေသည်တကား ငါ့သားနှစ်ဦးအတွက် ငါ့အသက်ကို ကြည်ဖြူစွာပေးအပ်တော့မည်တကားဟူ၍ အာရုံပြုထားပါသည်။

ထိုသို့ အာရုံပြုရင်း သူတို့နှစ်ဦးအပေါ် စူးစိုက်လှိုက်လှဲစွာ မေတ္တာပွားနေမိပါသည်။ ထူးခြားသည်ကား ကျွန်ုပ်သည် ယခင်က ကမ္မဋ္ဌာန်းကို ကျနစွာ မထိုင်ဖူးပါ။ ယခုမှသာ အလိုလို ကျနစွာ ကမ္မဋ္ဌာန်းထိုင်မိပြီး မေတ္တာဘာဝနာပွားများနေခြင်း ဖြစ်ပါသည်။ ဤ၌ ကျွန်ုပ်၏ ယုံကြည်ချက်ကို ဖွင့်ဟပြောလိုပါသည်။ အကယ်၍ သင်သည် သေဘေးကြီးနှင့် ရင်ဆိုင်တွေ့ကြုံရမည်ဆိုပါက တစ်ခု တည်းသော လက်နက်ဖြစ်သည့် မေတ္တာကိုသာ စူးစိုက်ပွားများပါလော့။



ထိုသောမှ မုချ သင်လွတ်ပါလိမ့်မည်။ ယခုအရေးတွင်လည်း ကျွန်ုပ်သည် မေတ္တာကိုသာ ပွားနေခဲ့ပါသည်။ ထိုသို့နေစဉ် လည်ကုပ်ပေါ်၌ ဓားသွားကျအလာကို စောင့်မျှော်နေမိပါသည်။ ထိုစဉ်က တစ်မိနစ်သည် အနှစ်တစ်သန်းလောက် ကြာရှည်သည်ဟု ထင်မိပါသည်။

နောက်ဆုံး၌ လည်ကုပ်ပေါ် ဓားသွားကျမလာတော့ပါ။ ဓားပြများက ကျွန်ုပ်အား နေရာမှ ထခိုင်းပြီး သွားတော့ဟု ဆိုလိုက်ပါသည်။ မေတ္တာတန်ခိုးကား ကြီးမားလှပါဘိ။ တကယ်တော့ ဓားပြများသည် သူတို့၏ မိခင်ကို မသတ်နိုင်ကြပါ။ ထို့အတူ မိခင်မေတ္တာထားနေသော ကျွန်ုပ်ကိုလည်း သူတို့မသတ်နိုင်ကြတော့ပါ။

ဗုဒ္ဓရှင်တော်မြတ်၏ မေတ္တာလက်နက်သည် ကျွန်ုပ်၏ အသက်ကို ချမ်းသာရာရစေခဲ့ပါသည်။ ကျွန်ုပ်အတွက် မေတ္တာအောင်ပွဲကို ဖြစ်စေခဲ့ပါသည်။

ဦးလောကနာထသည် ထိုအချိန်မှစ၍ သီလ၊ ခန္တီနှင့် မေတ္တာစသော ကမ္မဋ္ဌာန်းဘာဝနာများကို ကိုယ်တိုင်လည်း တိုး၍ဖြည့်ကျင့်ကာ ရောက်လေရာ၌လည်း ပို၍အလေးအနက် နှိုးဆော်တိုက်တွန်းလာလေသည်။

တစ်ခါကလည်း ရန်ကုန်မြို့ သရက်တောကျောင်းတိုက်ကြီးအတွင်း ကျောင်းတစ်ကျောင်း၌ ထိုင်းနိုင်ငံဘုန်းကြီး တစ်ပါးက သူ့အား ရန်ငြိုးထားပြီး တုတ်ကြီးဖြင့် အားကုန်ရိုက်နက်ဖူး၏။ ဦးလောကနာထကား အပြုံးမပျက် မျက်စိမှိတ်လျက် ထိုဘုန်းကြီး

www.burmeseclassic.com



အပေါ် မေတ္တာပွားစေ၍နေလိုက်ရာ သေသေချာချာချိန်၍ ရိုက်သော်လည်း တုတ်မှာ လွဲချော်သွားသည်ဟု မျက်မြင်ကိုယ်တွေ့ ပုဂ္ဂိုလ်တစ်ဦးက ပြောပြဖူးသည်။

ဦးလောကနာထသည် ကိုယ်တိုင်လည်း အသက်လွှတ်ဘုဉ်းပေး၍ အသက်လွှတ်စားရန်လည်း အထူးဟောကြားလေ့ရှိသည်။ အသက်လွှတ်စားခြင်းသည် မေတ္တာဘာဝနာအတွက် အကျိုးပြုသည်ဟု ယုံကြည်သောကြောင့်ဖြစ်လေသည်။

### မေတ္တာရေချမ်း ပက်၍ဖြန်း

ကမ္ဘာကြီးကို ဗုဒ္ဓဘာသာတို့ရဲ့ မေတ္တာ ကရုဏာ မျက်စိနဲ့ကြည့်ရင် အလွန်စိုးရိမ်စရာ၊ သနားစရာကောင်းနေပါသည်။ ဒီတော့ ကမ္ဘာကြီးမှာ လောဘမီး တဟုန်းဟုန်း၊ ဒေါသမီးတဟုန်းဟုန်း တောက်နေကြတာတို့ လက်ပိုက်မကြည့်ဘဲနဲ့ မေတ္တာဘာဝနာ အပ္ပမညာကမ္မဋ္ဌာန်း မေတ္တာရေချမ်းကို သွန်းဖြန်းကြရအောင်။

***(မင်းကွန်းတိပိဋကဓရဆရာတော်)***

**မေး။** သတ္တလောကကြီးတွင် လူမိုက်နှင့် လူလိမ္မာလူမိုက်က များသောကြောင့် လိမ္မာသူတချို့တလေသာ ပို့ကြသော မေတ္တာကုသိုလ်အအေးဓာတ်သည် လူမိုက်များစွာ၏ ဒေါသအကုသိုလ် အပူဓာတ်ကို လွှမ်းမိုးပယ်ဖျောက်နိုင်ပါမည်လော။

**ဖြေ။** စိတ်ပိုင်းဆိုင်ရာ အင်အားတို့ကို အကြမ်းအားဖြင့် ခွဲပြလျှင် (အကုသိုလ်ဒုစရိုက်) အပူလှိုင်းနှင့် (ကုသိုလ်သုစရိုက်) အအေးလှိုင်း



ဟူ၍ နှစ်မျိုးသာလျှင်ရှိသည်။ အကုသိုလ်=အပူလှိုင်းသည် ကမ္ဘာကြီးကို မျက်စီးစေနိုင်သည်အထိ အားကြီးသည်မှန်သော်လည်း ကုသိုလ်အအေးလှိုင်းနှင့်စာသော်ကား ဘာမျှမပြောပလောက်ပါတော့ချေ။

ဗုဒ္ဓအဘိဓမ္မာအမြင်အရဆိုသော် အကုသိုလ်သည် ပဟာတဗ္ဗ=အပယ်ခံတရားဖြစ်၍ ကုသိုလ်သည် ပဟာယက=ပယ်တတ်သော၊ လွှမ်းမိုးသတ်ဖြတ်နိုင်စွမ်းသော တရားဖြစ်ပေသည်။ ထိုကုသိုလ်သည်လည်း ကာမကုသိုလ်စိတ်၊ မဟဂ္ဂုတ်ကုသိုလ်စိတ်၊ လောကုတ္တရာကုသိုလ်စိတ်ဟူ၍ သုံးမျိုးရှိရာ ထိုသုံးမျိုးတွင် တစ်ခုထက်တစ်ခုသာလွန်၍ အင်အားကြီးမားပါသည်။

ကုသိုလ်တစ်စုံတစ်ခု ပြုလုပ်သူသည် မိမိကုသိုလ်ကို (ဆီမီးတစ်တိုင်မှ ဆီမီးကို အဆင့်ဆင့်ကူးသော်လည်း မကုန်နိုင်သကဲ့သို့) အခြားသူတို့အား ပေးဝေ၍ မကုန်နိုင်ကြောင်း၊ ခိုးမှုသတ်မှုသော အကုသိုလ်မှုတို့ကား တစ်ဆင့်ပေးဝေလောက်အောင် အင်အားမရှိကြောင်း (မိလိန္ဒပဉ္စာပါဠိတော် ပုဗ္ဗပေတာဒိသပဉ္စာ၌) အရှင်နာဂသိန်က မိလိန္ဒမင်းကြီးအား ဟောပြခဲ့ဖူးသည်။

အရှင်နာဂသိန်၏ ဟောကြားချက်ကို အနည်းငယ်မျှ ဖော်ပြရသော်

"မင်းကြီး အံ့ကုသိုလ်သည် အင်အားနည်း၏၊ ကုသိုလ်ကား အင်အားကြီးမား၏၊ အကုသိုလ်သည် အင်အားနည်းသောကြောင့် ပြုလုပ်သူကိုသာ သိမ်းကျုံးလွှမ်းမိုးနိုင်၏။ ကုသိုလ်ကား အင်အားကြီးမားသောကြောင့် (ပြုလုပ်သူသာမက) လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် တစ်လောကလုံးကိုပင် သိမ်းကျုံးလွှမ်းမိုးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှကျလာသော မိုးရေတစ်ပေါက်သည် ထိုကျသော နေရာ၌ပင် ချုပ်ပျောက်သွား၏။ သဲသောင် ကုန်းမြေထူထပ်သော မြစ်ကောက်ကြီးထဲသို့ အညာမှ စီးဆင်းလာသော ရေအနည်းငယ်သည် ရောက်သောနေရာ၌သာလျှင် ခန်းစုပ်ချုပ်ပျောက်သွား၏။ ရှေ့သို့ ဆက်၍ လွှမ်းမိုးစီးဆင်းသွားနိုင်အားမရှိချေ။

ထို့အတူ အကုသိုလ်စိတ်သည်လည်း ပြုလုပ်သူအားသာ ပူပန်လောင်ကျွမ်းစေ၏။ ညှိုးငယ်စေ၏။ တွန့်ဆုတ်စေ၏။ သတိရ ဆင်ခြင်လိုက်တိုင်း နောင်တပွားများ အားငယ်စေ၏။ တက်ကြွ လန်းဆန်းကာ အင်အားတိုးတက်စေခြင်းမရှိ။ သည်းထန်စွာ ရွာသွန်းသော မိုးကြီးသည်ကား မိုးရေပေါက်ကျရောက်သော နေရာ၌သာ မရပ်မတည် မချုပ်ပျောက်ဘဲ အင်းအိုင် ချောင်းမြောင်း ကန်အပေါင်းတို့သို့ စီးဝင်လွှမ်းမိုး၍သွား၏။

ကုသိုလ်ပြုလုပ်သူမှာလည်း မိမိသာမက ပတ်ဝန်းကျင် (၁၀) ဘုံလုံး၌ ရွှင်ပြကြည်နူးသွားစေ၏။ နှစ်သက်ရွှင်လန်း ဝမ်းမြောက်၍ သွားစေ၏။ စိတ်အင်အား ထက်သန်တက်ကြွစေ၏။ တစ်လောကလုံးကို ဖုံးလွှမ်းခြုံလွှမ်းစေ၏။ နှစ်ပေါင်းများစွာ တစ်ရာပတ်လုံး မိမိ ပြုလုပ်သော ကုသိုလ်ကိုဆင်ခြင်အောက်မေ့လိုက်တိုင်း ပီတိသောမနဿ လှိုင်းတို့သာဖြစ်၍ အသစ်အသစ် ပြုလုပ်နေရသကဲ့သို့ အမြဲတမ်း ရွှင်လန်းတက်ကြွနေရ၏။ အားသစ်တိုး၍တိုး၍သာ နေတော့၏။

စမ်းရေတွင်းသည် ထွက်ပေါက်ရှိနေစေကာမူ ကုန်ခန်းသည် မရှိ။ တစိမ့်စိမ့် တသွင်သွင် အလျှဉ်မပြတ်နိုင်သကဲ့သို့ ဖြစ်သည်ဟု ဟောပြတော်မူခဲ့ပါသည်။



လောကုတ္တရာနယ်ပယ်တွင် အသခ်တခတ်အင်အားကြီးသည် အကြီးအမြူးဖြစ်သကဲ့သို့ လောကီနယ်ပယ်တွင်ကား မေတ္တာဓာတ်ကို လွှမ်းမိုးနိုင်သော အင်အားဟူ၍ မရှိစကောင်းချေ။

**(မွှာစရိယဦးဒွေးလှိုင်)**

ဓားသွားထက် ကလောင်သွား ပိုထက်သည်၊ ဓားစောင်းထက် ရေစောင်း ပိုထက်သည်ဟူသော စကားများကဲ့သို့ နူးညံ့သိမ်မွေ့သော မေတ္တာတရားသည် ကြမ်းတမ်းခက်ထန်သော ဒေါသတရားထက် ပို၍အစွမ်းထက်၏။

***(ဒေါက်တာမင်းတင်မွန်)***

မိမိ တကယ်ချမ်းသာချင်လျှင် သူတစ်ပါးကို ချမ်းသာစေလိုတဲ့စိတ် (မေတ္တာစိတ်) ဖြစ်အောင် အရင်ထားပါ၊ မုချ ချမ်းသာလာပါလိမ့်မည်။

***(မော်လမြိုင်မြို့နယ်၊ ကောလှရွာကျောင်းဆရာတော်)***

## ဖုံး၏အစွမ်း မေတ္တာလွှမ်း

မြန်မာနိုင်ငံ ပဋိပတ်သာသနာတွင် မေတ္တာဓာတ် အပေါက်မြောက်ဆုံး ဆရာတော်များရှိသည့်အနက် မိုးညှင်းဆရာတော် (၁၂၄၄–၁၃၂၆) သည်လည်း တစ်ပါးအပါအဝင် ဖြစ်ပါတော့သည်။ ဝေဿန္တရာ ခင်းကြီး၏ မေတ္တာစွမ်းအင်ကြောင့် ပတ်ဝန်းကျင် သုံးယူဇနာ (၂၄ မိုင်) အတွင်းရှိ တိရစ္ဆာန်များအားလုံး အချင်းချင်း မေတ္တာသက်ဝင် ယဉ်ပါးကြကုန်လေ၏။ (စရိယာပိဋကအဋ္ဌကထာ–၉၁) ဟူသော

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဆိုချက်၏ အထောက်အထားဖြစ်သော လက်တွေ့သာဓက မေတ္တာသတင်းတစ်ခုကို ဖတ်ခဲ့ရဖူးသည်။

၁၃၂၃ ခုနှစ် နတ်တော်လပြည့်ကျော် (၆) ရက်နေ့က ထုတ်ဝေသော မိုးကြိုးသတင်းစာ၌ ဖော်ပြထားသည်မှာ ရန်ကုန်မြို့ (၈) မိုင်၊ နာဂလိုဏ်ဂူ၊ သစ္စာဝါဒီကျောင်းအတွင်း တရားအားထုတ်နေသော နေရာတစ်ခုတွင် ခွေနေသော မြွေပေါ်တွင် အစာဖြစ်သော ဖားတစ်ကောင် အေးချမ်းစွာထိုင်နေသော ဓာတ်ပုံသတင်းလေးပင် ဖြစ်ပါသည်။

အကြောင်းကို သေချာစုံစမ်းကြည့်သောအခါ ထိုကျောင်း၌ သီတင်းသုံးတော်မူကြသော ဆရာတော် ဦးသုမနနှင့် ဦးဝိမလသည် မေတ္တာဘာဝနာကို ထက်ထက်သန်သန် ပွားများကြောင်း သိခဲ့ရသည်။ တင်စား၍ ဖွဲ့ဆိုရပါလျှင် မိုးညှင်းဆရာတော်၏ မေတ္တာဓာတ်ကား သဝိညာဏက = အသက်ရှိသော သတ္တဝါတို့ကိုမဆိုထားနှင့် အဝိညာဏက = အသက်မရှိသော ဗုံးဆံ၊ အမြောက်ဆံများကိုပင် မပေါက်မကွဲအောင် ယဉ်ကျေးသိမ်မွေ့စေနိုင်သည်ဟု ဆိုသင့်လှပါတော့သည်။

အဘယ့်ကြောင့်ဆိုသော် မိုးညှင်းကျောင်းတိုက်ပေါ်သို့ ပစ်ချ လိုက်သော ဗုံးလေးလုံးသည် တစ်လုံးမှ မပေါက်ကွဲသောကြောင့် ပါတည်း။ ထို့ကြောင့်လည်း ဒုတိယကမ္ဘာစစ်အတွင်းက ဆရာတော် ကျောင်းဝိုင်းထဲတွင် ဗုံးခိုသူ ထောင်နှင့်ချီ၍ပင် ရှိခဲ့ပါသည်။ အင်္ဂလိပ် များ ပြန်ဝင်အလာတွင်ကား ဗုံးဆံတစ်လုံးသည် ဆရာတော် စကြံ လျှောက်နေစဉ် ဗွပ်ဝင်၍ ထိမှန်ရာ စကြံကျောင်းမှာ စိစိညက်ညက်



ကြေမွသွား၏။ ဆရာတော်လည်း ထိုနေရာကပင် မတ်တတ်က လဲကျသွားရာ ဖုန်မှုန့်နှင့် မီးခိုးလုံးကြီးများကြားတွင် မြုပ်ကွယ်သွား၏။ လူအများကမူ ဆရာတော်တော့ ဒီတစ်ခါ ပျံလွန်တော်မူရပါပြီ ဟုဆိုကာ စိုးရိမ်တကြီး ဝိုင်းအုံလာကြရာမှ ဆရာတော်မှာ ဖုတ်ဖက် ခါထလာသည်ကို မူးတွေ့ကြရသဖြင့် အံ့သြကြည်ညိုကြရပြန်သည်။

မေတ္တာခြံမှ လုံသည်ဆိုသော စကားသည် မှန်ကန်ပေစွ။ ဒုတိယကမ္ဘာစစ် မဖြစ်မီလေးက ဖြစ်ပွားသော အီတလီနှင့် အဗက်ဆီး နီးယား (ယခု အီသီယိုးပီးယား) နှစ်ပြည်ထောင်တို့၏ စစ်ပွဲကိုလည်း ၅ ရက်အတွင်းပြီးအောင် မေတ္တာပို့ပေးနိုင်ခဲ့ပါသည်။ ယခု စာကို ဖတ်မိသူများလည်း စစ်ပွဲများဖြစ်ပွားရာ နိုင်ငံများကို ရည်မှန်း၍ အချိန်ရသလောက် သတိရတိုင်း ဥဒ္ဒိဿ = ရည်စူးသော မေတ္တာကို ပို့သင့်လှပါသည်။

## ဆရာတော့်မေတ္တာနှင့် ဂျပန်စစ်ဘက်အရာရှိ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း မုံရွာမြို့ပေါ်သို့ တာဝန်အရ ရောက်ရှိလာသော ဂျပန်စစ်ဘက်အရာရှိကြီးသည် မိုးညှင်းတောရ တိုက်ကြီးအတွင်းရှိ စစ်ပြေးဒုက္ခသည် နှစ်ထောင်ခန့်ကို ဘယ်လို သုံးသပ်မိသည်မသိ။ မြို့ခံအုပ်ချုပ်သူလူကြီးများအား ဆရာတော်နှင့် တွေ့ဆုံပေးရန် ဆင့်ဆိုအမိန့်ပေးပါတော့သည်။ လာတွေ့မည့် သူ့ အတွက်လည်း အောက်ပါအချက်သုံးချက်ကို တောင်းခံထားသည်။

၁။ ဖိနပ်၊ ဦးထုပ် မချွတ်ဘဲ လက်နက်ဖြင့် ဝင်ခွင့်ပြုရန်

၂။ အရိုအသေမပေး (ရှိမခိုး) ဘဲ ဝင်ခွင့်ပြုရန်

၃။ တန်းတူ ကုလားထိုင်ဖြင့် ထိုင်ခွင့်ပြုရန်

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်များပါသောစာကို မိုးညှင်းဆရာတော်အား ကြိုတင်ပြီး လာကပ်ရာ မေတ္တာရှင်ဖြစ်သော ဆရာတော်က

"ဩော် ဒီကိစ္စလား၊ အရေးမကြီးပါဘူး၊ သူ စိတ်ချမ်းသာသလို လာလိုတဲ့အချိန် လာပါစေ"ဟု မိန့်တော်မူပါသည်။ နောက်တစ်ရက် အဲဆိုပါစစ်အရာရှိကြီးနှင့်အတူ မြို့ခံလူကြီးများ မိုးညှင်းတောရတိုက်ကြီးသို့ သွားကြရာ မြို့ခံလူကြီးများ အားလုံး အံ့အားသင့်ကုန်ကြတော့သည်။ အကြောင်းကား–

၁။ အရာရှိကြီးသည် ဆရာတော်ကို မဖူးတွေ့ရမီ မိုးညှင်းတောရအဝင်ကပင် ဦးထုပ် ဖိနပ်များ သူ့အလိုလို ချွတ်၍ လက်နက်ကိုပင် မကိုင်ဆောင်ဘဲ ဝင်သွားခြင်း၊

၂။ ဆရာတော်ကိုတွေ့လျှင် မြန်မာများကဲ့သို့ ကုန်း၍ ဦးချခြင်း၊

၃။ အသင့်ယှဉ်ချထားသော ကုလားထိုင်ကို ဆရာတော်က ထိုင်ရန် လက်ညှိုးထိုးပြ၍ ခွင့်ပြုသော်လည်း အများနည်းတူ နိမ့်ရာကပင်ထိုင်၍ တစိမ့်စိမ့် ကြည့်ရှုနေခြင်းတို့ကြောင့်ပါတည်း။

အနည်းငယ် အလ္လာပ သလ္လာပစကား ပြောဆိုပြီးနောက် ပြန်ကာနီးတွင်–

"ကျွန်တော်တို့ နိပ္ပွန်လူမျိုးများ စစ်နိုင်အောင် ဆုတောင်းပေးပါ"ဟု လျှောက်ရာ ဆရာတော်က–



"ကောင်းပါပြီ၊ သတ္တဝါအားလုံး ချမ်းသာအောင် မေတ္တာပို့ပေးပါမယ်"ဟု (ပရိယာယ်အားဖြင့်) မိန့်တော်မူလိုက်လေသည်။

စကားပြန်ကမူ မည်သို့ ဘာသာပြန်လေသည်မသိ၊ ဂျပန်စစ်အရာရှိကြီးမှာ မြန်မာလို ဦးချရှိခိုးပြီး ဝမ်းသာအားရ ပြန်သွားလေတော့သည်။ စစ်ပြေးဒုက္ခသည်များကိစ္စနှင့် ပတ်သက်၍ ဘာမှ မပြောတော့ပါ။ ဤအကြောင်းအရာနှင့် ပတ်သက်၍ လူတိုင်း သတိထားသင့်သော မှတ်ချက်တစ်ခုကို မြွှာစရိယ ဦးဌေးလှိုင်က ယခုလို ရေးသားပြခဲ့သည်။

မှတ်ချက်။ ။ ယင်းသို့ဖြစ်ရသည်မှာ မိမိချမ်းသာအောင်၊ အနှောင့်အယှက်မရှိအောင်၊ မိမိအသာရအောင် စသော စိတ်မျိုးနှင့် ထူထောင်သော မေတ္တာမဟုတ်ချေ။ သတ္တဝါ တစ်စုံတစ်ယောက်ကို မြင်ရုံကြားရုံမျှဖြင့် ထိုသူ၏ အခြေအနေကို သိမြင်တော်မူကြသည့် အားလျော်စွာ သူတော်ကောင်းကြီးများ၌ လွန်စွာ သနားစောင့်ရှောက်လိုစိတ်ဖြစ်တော်မူကြရလေသည်။

ထိုကရုဏာစိတ်ကို အရင်းခံ၍ သတ္တဝါများ ချမ်းသာ ကောင်းစားစေလိုသော စိတ်ထားများ အလိုလိုပင် ဖြစ်ပွားနေတတ်ကြ၏။ မည်သည့် လောကီမျှော်လင့်ချက်မျှ မပါသော မေတ္တာဖြစ်ကြောင်း သတိပြုအတုယူကြရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## သာသနာမပျက်စေချင် မေတ္တာဆင်

ပခုက္ကူ သံပုံတောရဆရာတော် ဦးကိတ္တိမှာ တစ်ချိန်က ရဟန္တာဟု ကျော်ကြား၍ မြို့ပေါ်ရှိ သူဌေးများအားလုံးလိုလို အကိုးကွယ်ခံရသော ဆရာတော်တစ်ပါးဖြစ်သည်။ ထိုအချက်ကို ကြည့်၍ တစ်နေ့သောအခါ ပြန်ပေးလူဆိုးများသည် ဆရာတော်အား အလှူအတန်းပင့်လေဟန် လိမ်ညာလျှောက်ထားပြီးလျှင် မေတ္တာ ဘာဝနာပွားကာ ထမ်းစင်ပေါ် ကြွလာသော ဆရာတော်ကို ထမ်းစင် ကိုပါထမ်း၍ ပြန်ပေးဆွဲကြလေတော့သည်။

သူတော်စင်တို့၏ မေတ္တာစွမ်းရည်ကား အံ့သြဖွယ်ကောင်းပေစွ ပြန်ပေးလူဆိုးများ နှစ်နာရီကျော်ကြာသည်အထိ ထမ်းစင်ကို ထမ်းလာ ပြီးနောက် လုံခြုံသောနေရာသို့ ရောက်လောက်ပြီအထင်နှင့် ထမ်းစင် ကိုချ၍ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်လိုက်သောအခါ ပြန်ပေးလူဆိုးများမှာ ဓားချွေးများပျံလာသည်အထိ ကြောက်ရွံ့ တုန်လှုပ်ပြီးလျှင် ဆရာတော်အား လွန်သမျှဝန်ချ၍ ထွက်ပြေးကြ ပါတော့သည်။ အဘယ့်ကြောင့်ဆိုသော် နှစ်နာရီကျော် ကြာသည်အထိ ခပ်မြန်မြန် လျှောက်လာခဲ့ကြသော်လည်း တစ်ဧကပင်မပြည့်တတ်သော တောရကျောင်းဝင်းကလေး၏ အပြင်သို့ပင် မရောက်နိုင်သေးသော ကြောင့်ပါတည်း။

၁၂၅၅ ခုနှစ်တွင် ဆရာတော် အိန္ဒိယသို့ ဘုရားဖူးကြွရောက် ရာ ပျက်စီးယိုယွင်းနေသော သာသနာ့အဆောက်အဦများကို ကြည့်၍



လိုက်ပါလာသော ဒကာများက တခြားဘာသာဝင်များ ဖျက်ဆီးသော ကြောင့်သာ အိန္ဒိယတွင် ဗုဒ္ဓသာသနာ ကွယ်ပရခြင်းဖြစ်ကြောင်း လျှောက်ထားရာ ထိုဒကာများအား ဆရာတော်က အောက်ပါအတိုင်း သြဝါဒပေးသနားတော်မူပါသည်။

"အင်း–ကုသိုလ်ရအောင် ကြိုးစားလာခဲ့တာ အကုသိုလ် ပါမလာကြစေနဲ့၊ မြတ်စွာဘုရား ပွင့်တော်မူတဲ့ အိန္ဒိယတိုင်းပြည်ကြီး မှာသာ သာသနာကွယ်ခဲ့ရတာ တခြားဘာသာ၊ တခြားရန်သူတို့ ကြောင့် မဟုတ်ဘူး၊

ဘုရားရှင်ရဲ့အမွေခံ သားတော်တွေကိုယ်တိုင်က ကိုယ့်သဏ္ဍာန် မှာ ကိုယ်ပိုင်သာသနာ အားနည်းကြလို့ပဲ၊ သီလ၊ မေတ္တာ ခေါင်းပါး ကြလို့ပဲ။

သူများကိုအပြစ်ရှာတာ မမှန်ကန်ဘူး၊ သံယုတ်ပါဠိတော်၊ အင်္ဂုတ္တရပါဠိတော်ကြီးတွေမှာ နောင်ကာလ သာသနာတော် ဘယ်လို ဆုတ်ယုတ်မယ်ဆိုတာ ဟောထားတာ အလွန်ကျယ်ဝန်းတယ်၊ လိုရင်း ချုပ်လိုက်တော့ သူများကြောင့်မဟုတ်ဘူး၊ ဘယ်သူမပြု မိမိမှုဆိုသလို ကိုယ်တရားပျက်လို့ မာရ်နတ်က အခွင့်သာတာပဲ၊ သီလကို ကြိုးစား ဆောက်တည်ပြီး မေတ္တာပို့အမျှဝေကြ၊ ကိုယ့်သာသနာမပျက်ကြစေနဲ့။"

## သီလစွမ်းအင် မေတ္တာရှင်

ပစ္စည်းနှင့် အင်္ဂါခြေလက် တစ်ခုခု အန္တရာယ်နှင့်
တွေ့လျှင် အင်္ဂါခြေလက် အထိမခံနှင့်၊ ပစ္စည်းအလျှော်ခံ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါခြေလက်နှင့် အသက် တစ်ခုခု အန္တရာယ်နှ
တွေ့လျှင် အသက် အထိမခံနှင့်၊ အင်္ဂါခြေလက် အပျက်ခံ

အသက်နှင့် သီလ တစ်ခုခု အန္တရာယ်နှင့် တွေ့လျှ
သီလ အထိမခံနှင့်၊ အသက် အပျက်ခံ။

ဖော်ပြပါ ဩဝါဒကား ၁၂၂၂ ခုနှစ်မှ ၁၂၆၉ ခုနှစ်တိ အောင် မြန်မာတစ်ပြည်လုံး၌ သီလ၊ မေတ္တာနှင့် အရဟတ္တဖို အရာတွင် သိမ့်သိမ့်တုန်အောင် နာမည်ကြီးခဲ့သော ဘုန်းတော်ကြ ဦးသီလ၏ ဩဝါဒပင် ဖြစ်ပါတော့သည်။ အထက်ပါ ဩဝါဒနှင့်အ သီလကို အသက်နှင့်လဲကာ စောင့်ရှောက်ခဲ့သော တကယ့်ဖြစ်ရပ် ဦးစွာတင်ပြလိုပါသည်။

၁၂၄၄ ခုနှစ်လောက်တွင် ရွှေကျင်ဆိတ်ကလေး တောကျော ၌ နေတော်မူစဉ် ဝမ်းခနိမ်းရွာသို့ နံနက်စောစော ဆွမ်းခံကြွ တောလမ်းအတွင်း ခြေတော် ညှတ်ကွင်းမိလေ၏။ ထိုနေရာ မကြွဘဲ တန့်ရပ်ကာနေလေသည်။ ညှတ်ကွင်းရှင် မြင်သောအ အကြောက်လွန်၍ အနီးမကပ်ဘဲ ရှောင်တိမ်းကာနေ၏။

အတန်ကြာ၍ တစ်ဖန်လာကြည့်ပြန်လည်း ရပ်တော်မူလျ သာ တွေ့ရပြန်၏။ ဤနည်းဖြင့် သုံးလေးကြိမ် လာကြည့်ပြီးလျ အလွန်အမင်း သောကဖြစ်၍ အခြားလူတစ်ယောက်ကို ဤအကြော ပြောပြ၍ ညှတ်ကွင်းသွားဖြုတ်ပေးစမ်းပါဟု တောင်းပန်၏။ ထို သည် လျင်စွာသွား၍ ဖြုတ်လတ်သော်–



“ဒါယကာ နင်၏ ညှတ်ကွင်းလား”ဟုမေး၏။ “မဟုတ် ပါ”ဟု လျှောက်လတ်သော် “သူတစ်ပါး၏ ညှတ်ကွင်းကို မဖြုတ် နှင့်”ဟု ဆို၏။ ထိုသူလည်း ပြန်သွား၍ ညှတ်ကွင်းရှင်ကို “မင်း ကိုယ်တိုင် သွားဖြုတ်မှ နေရာကျမည်”ဟု ထိုအကြောင်း ပြန်ပြော၏။ ပြောသော်လည်း မသွားဝံ့သဖြင့် နေမွန်းတည့်လုနီးအချိန်သို့ ရောက် လေ၏။

“ဟဲ့အကောင် စဉ်းစားကြည့်၊ ဘုန်းတော်ကြီးသည် ကိုယ်တိုင် လည်းမဖြုတ်၊ ညှတ်ကွင်းရှင်မဟုတ်သူကိုလည်း အဖြုတ်မခံ၊ မွန်းတည့် ချိန်လည်းနီးပြီ၊ ဆွမ်းမစားရ၍ ပျံတော်မူသွားလျှင် အဝီစိလောက် တော့ မင်း သေချာပြီ”ဟု ပြောလေ၏။ သည်တွင်မှ ညှတ်ကွင်း သမား စွန့်စားကာ ထသွား၍ အနီးသို့ရောက်သောအခါ–

“တပည့်တော် တောကြက်ထောင်တဲ့ ညှတ်ကွင်းပါ၊ နောင် တစ်သက်လုံး ရှောင်ကြဉ်ပါတော့မည်”ဟု ငိုယိုလျက် ညှတ်ကွင်း ဖြုတ်လေ၏။ တယ်ကြက်နှင့် ညှတ်ကွင်းကိုလည်း လှူသည်။ ညှတ်ကွင်းဖြုတ်စဉ် မွန်းလွဲသွား၍ ထိုနေ့တစ်နေ့လုံး ဆရာတော် ဘာမှမဘုဉ်းပေးရတော့ပါ။ ဧကာသနိက်=တစ်နေရာ၊ တစ်ထိုင်၊ တစ်ထပ်၊ တစ်ခါသာ စားရသော ဓုတင်ကို ဆောင်ထားသောကြောင့် တခြားရဟန်းတော်များကဲ့သို့ အအေးလေးပင် မဘုဉ်းပေးရတော့ပါ။ သို့သော် ဘုန်းတော်ကြီး ဆွမ်းတစ်ထပ် လပ်ရကျိုးတော့နပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ညှတ်ကွင်းထောင်သော တောင်ဘက်သား ကိုဘိုးတုတ်သည် တစ်သက်လုံး ဒုစရိုက်မှုမှ ရှောင်ကြဉ်သွားသော ကြောင့်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ညွှတ်ကွင်းပြဿနာ

**မေး။** ညွှတ်ကွင်းမိ၍ မဖြုတ်ဘဲနေခြင်း၊ ဖြုတ်ခြင်းတို့၏ အကျိုး အပြစ်များကို ဖြေပါ။

**ဖြေ။** မဖြုတ်ဘဲနေလျှင်ကား မိမိအသက်သေသော်လည်း အပြစ်မရှိ။ ဖြုတ်ခဲ့လျှင် မိထိုက်သော သားကောင်လွတ်သွားသည့်အတွက် ညွှတ်ကွင်းရှင်အား ဘဏ္ဍာစားပေးလျော်ရသည်။ ဖြုတ်ပြီး ပကတိ အတိုင်း ပြန်ထားလျှင် ပါဏာတိပါတ၏ အင်္ဂါပယောဂဖြစ်သည်။

**ဝိနည်းအဋ္ဌကထာ**

ဘုန်းတော်ကြီး ဦးသီလနည်းတူ သီလကို အသက်နှင့် လဲခဲ့သော မထေရ်တစ်ပါးကို ဓမ္မပဒအဋ္ဌကထာ၊ ဒုတွဲ၊ ပါပဝဂ်၊ မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု၌ အံ့သြကြည်ညိုစွာ ဖူးတွေ့ရပါသဖြင့် အကျဉ်းချုပ် ဖော်ပြပါဦးမည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ကပင် ဖြစ်ပါသည်။

တိဿမည်သော မထေရ်တစ်ပါးသည် ကျောက်သွေးသမား ဆွမ်းဒါယကာအိမ်၌ ဆွမ်းဘုဉ်းပေးလာသည်မှာ ၁၂ နှစ်ပင် ကြာခဲ့လေသည်။ တစ်နေ့သ၌ ကျောက်သွေးသမားသည် မထေရ်ရှေ့တွင် အမဲသားကို စဉ်းခုတ်နေစဉ် ပသေနဒီကောသလမင်းက သွေးဖောက်ပြီး ပို့ရန် ပတ္တမြားတစ်လုံး အပ်နှံခိုင်းလာသည်။

ကျောက်သွေးသမားသည် သွေးပေကျံသောလက်ဖြင့်သာလျှင် ထိုပတ္တမြားကို လက်ခံ၍ ကြုတ်ပေါ်၌ တင်ထားကာ လက်ဆေးရန်



အတွင်းသို့ ဝင်သွား၏။ ထိုအချိန်တွင် အိမ်၌မွေးထားသော ကြိုးကြာငှက်က အသားတုံးအမှတ်ဖြင့် ပတ္တမြားကို မထေရ်ရှေ့တွင်ပင် မြိုချလိုက်လေသည်။ ကျောက်သွေးသမားသည် ထွက်လာ၍ ပတ္တမြားကို မမြင်လျှင် ပတ္တမြားကို အဘယ်သူ ယူသနည်းဟု မယားကိုလည်းကောင်း၊ သားကိုလည်းကောင်း အစဉ်အတိုင်းမေး၍၊ ထိုသူတို့က မယူကုန်ဟုဆိုကုန်သော် မထေရ်ယူသည် ဖြစ်လတ္တံ့ဟုကြံ၍ ပတ္တမြားကို မထေရ်ယူလိမ့်မည်ဟု မယားနှင့် တိုင်ပင်၏။ မယားက "အရှင် ဤသို့မဆိုပါလင့်၊ ဤမျှလောက် ကာလပတ်လုံး မထေရ်၏ အပြစ်တစ်စုံတစ်ရာကို မမြင်ဖူးပါ၊ ထိုမထေရ်သည် ပတ္တမြားကို ယူမည်မဟုတ်"ဟုဆို၏။ ကျောက်သွေးသမားသည် မထေရ်ကို-

"အရှင်ဘုရား၊ ဤနေရာ၌ ပတ္တမြားရတနာကို အရှင်ဘုရား ယူသလော"ဟု မေး၏။ "ဒါယကာ မယူပါ"ဟုဆိုလျှင် "အရှင်ဘုရား၊ ဤနေရာ၌ တစ်ပါးသူမရှိ၊ အရှင်ဘုရားသာလျှင် ယူသည် ဖြစ်လတ္တံ့၊ တပည့်တော်အား ပတ္တမြားကို ပေးပါ"ဟု စွပ်စွဲတောင်းဆို၏။ ကျောက်သွေးသမားသည် မထေရ်က ဝန်မခံလေသော် ကြိုးကို ယူကာ မထေရ်၏ ဦးခေါင်းကို ရစ်ပတ်လျက် တုတ်ဖြင့်ရိုက်နှက်လေ၏။ မယားက တားသော်လည်း ဘယ်လိုမှမရတော့ပေ။ မထေရ်၏ ဦးခေါင်း၊ နားရွက်၊ နှာခေါင်းတို့မှ သွေးတို့သည် ယိုစီးကျလာခဲ့သည်။

မျက်စိတို့သည် ထွက်ကျတော့မလောက်ပင် ယောင်ကိုင်းလာခဲ့သည်။ မထေရ်သည် ဝေဒနာကြောင့် သတိမေ့လျော့၍ မြေ၌ လဲကျလေရာ မထေရ်၏ ခေါင်းစသည်မှ ထွက်သော သွေးများကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာငှက်က လာသောက်လေသည်။ ထိုအခါ ကြိုးကြာငှက်ကို ကျောက်သွေးသမားသည် မထေရ်အပေါ်၌ ဖြစ်နေသော ဒေါသ အရှိန်ဖြင့် ခြေဖြင့်ကန်ရာ ကြိုးကြာငှက်သည် တစ်ချက်တည်းဖြင့်ပင် ပက်လက်လန်ကာ သေရှာသည်။

မထေရ်သည် ထိုကြိုးကြာကိုမြင်၍ "ဒါယကာ ခေါင်း၌ ရစ်ထားသောကြိုးကို ရှေးဦးစွာ ငါ့အားလျှော့ပေး၍ ကြိုးကြာ သေမသေကို ကြည့်ပါလော့"ဟုဆိုလျှင် ကျောက်သွေးသမားသည် မထေရ်ကို "ဤကြိုးကြာ သေသလို အသင်ရဟန်းလည်း သေရမည်"ဟု ပြောသောအခါတွင်မှ ကြိုးကြာသေပြီဖြစ်ကြောင်း သေချာသိသွားလေသည်။

ထိုအခါကျမှ မထေရ်က "ဒါယကာ ကြိုးကြာသည် ပတ္တမြား ကို မျိုလိုက်သည်၊ အကယ်၍ ကြိုးကြာသာ မသေခဲ့လျှင် ငါ့အသက် ကိုသာ အသေခံမည်၊ ပတ္တမြားကို ကြိုးကြာမျိုကြောင်း ပြောလိမ့် မည်မဟုတ်"ဟု ဆိုသောအခါတွင်မှ ကျောက်သွေးသမားသည် ကြိုးကြာ၏ရင်ကို ခွဲလိုက်ရာ ပတ္တမြားကို တွေ့ရလေသည်။ ထိုအခါ တွင်မှ အံ့သြတုန်လှုပ်ခြောက်ခြားသွားကာ-

"အရှင်ဘုရား၊ တပည့်တော်အား သည်းခံတော်မူပါ၊ တပည့် တော် မသိ၍ ပြုမိခြင်းဖြစ်ပါသည်"ဟု မထေရ်၏ ခြေရင်းတွင် ဝပ်စင်း၍ တောင်းပန်ရှာလေသည်။

"ဒါယကာ၊ သင့်အား အပြစ်မရှိ၊ ငါ့အားလည်း အပြစ်မရှိ၊ ထိုအပြစ်ကာ သံသရာဝဋ်ဆင်းရဲ၏ အပြစ်တည်း၊ သင့်အား သည်းခံ၏"ဟုဆဲ့လျှင် -



"အရှင်ဘုရား၊ တပည့်တော်အား သည်းခံတော်မူပါကုန်မူ ကြတော့အတိုင်းပင် တပည့်တော်၏အိမ်၌ နေ့ဆွမ်းကို ခံတော်မူ ပါ"ဟု လျှောက်၏။

"ဒါယကာ၊ ယခု ငါသည် ဤနေ့မှစ၍ သူတစ်ပါးအိမ်အမိုး အတွင်းသို့ မဝင်တော့အံ့၊ အိမ်အတွင်းသို့ဝင်သော ရဟန်းအားသာ ဤအပြစ်သည်ဖြစ်၏၊ ဤနေ့မှစ၍ ခြေတို့သည် သယ်ပိုးဆောင်ရွက် နိုင်ကုန်သော် အိမ်ပေါက်ဝ၌သာလျှင်ရပ်၍ ဆွမ်းကိုခံတော့အံ့"ဟု မိန့်တော်မူပြီးလျှင် ထိုနေ့မှစ၍ ရပ်ဆွမ်းဖြင့်ပင် ရောင့်ရဲမှုတတော် မူလေသည်။

သို့သော် မကြာမြင့်မီပင် အရိုက်ခံရသော ဝေဒနာဖြင့် ပရိနိဗ္ဗာန်ဝင်စံရရှာသည်။ ကျောက်သွေးသမားသည် သေသောအခါ ငရဲ၌ကျလေသည်။ ဥစ္စာပျောက် ငရဲရောက်ဟူသော စကားသည် ဤမှစခဲ့လေသလောဟု ထင်စရာပင်။ မယားဖြစ်သူသည် ရဟန်း အပေါ် သနားကရုဏာစိတ်ဖြစ်ခြင်းကြောင့် သေသောအခါ နတ်ပြည် သို့ ရောက်ရသည်။

မှတ်ချက်။ ။ ကျောက်သွေးသမားသေ၍ ငရဲ၌ဖြစ်ခြင်းကား မထေရ် ကို ပြစ်မှားသောကံကြောင့်မဟုတ်၊ အခြားအကုသိုလ် ကံကြောင့်ဖြစ်၏။ မထေရ်ကို ပြစ်မှားသောကံမှာ မထေရ်၏ ခြေရင်း၌ ဝပ်၍တောင်းပန်ခြင်း၊ မထေရ်က သည်းခံခြင်းတို့ကြောင့် အဟောသိကံ =(အကျိုးမပေး သောကံ) ဖြစ်ခဲ့၏ဟု မဟာဋီကာ၌ဆို၏။

မဟာဋီကာ-၁၄၆

www.burmeseclassic.com

www.burmeseclassic.com



ပါတိမောက္ခံ ဝိသောဓေန္တော
အပ္ပေဝ ဇီဝိတံဇဟေ
ပညတ္တံလောကနာထေန
နဘိန္ဒေ သီလသံဝရံ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ပါတိမောက္ခ သံဝရသီလကို သုတ်သင်စောင့်ထိန်းသော ရဟန်းသည် အသက်ကိုစွန့်သော်လည်း စွန့်ရာ၏။ မြတ်စွာဘုရား ပညတ်တော်မူအပ်သော သီလစောင့်ထိန်းခြင်းကို မဖျက်ရာ။

## မျက်ရည်ကျသောဆင်ဆိုး

၁၂၅၀ ပြည့်နှစ်လောက်တွင် ကျိုက်ထိုနယ်၊ ကတိပေါလေးချောင်းအကွေ့ ငှက်ပျောတောရွာ၏ မြောက်ဘက်၊ သက်ငယ်ကျင်းရွာမှ ဒါယကာသုံးယောက်တို့သည် ဘုန်းတော်ကြီးကို မိမိတို့ရွာအနီး၌ သီတင်းသုံးရန် မောင်းတောင်တောမှ ပင့်လာကြ၏။ ထိုရွာအနီး၌လည်း ဆင်ဆိုးတစ်ကောင်ရှိ၏။ လူပေါင်းများစွာကို နင်းသတ်ဖူးပြီး သက်ငယ်ကျင်းအနီး တစ်မိုင်ခန့်သို့ ရောက်သောအခါ ထိုဆင်ဆိုးနှင့် ရင်ဆိုင်တွေ့ကုန်၏။ တွေ့လျှင်တွေ့ချင်း ဒါယကာနှစ်ယောက်မှာ ဦးလှည့်၍ ပြေးမိပြေးရာ ပြေးကုန်၏။ တစ်ယောက်ကား သစ်ပင်ထက်သို့ တက်ပြေး၍ ကြည့်နေ၏။ ဘုန်းတော်ကြီးကား ရှေ့မတိုး နောက်မဆုတ် စုံရပ်လျက်နေ၏။ ဆင်သည် ဘုန်းတော်ကြီးရှိရာသို့ ပြေးလာပြီးလျှင် အနီးသို့ရောက်သောအခါ ပုဆစ်တုပ်ဝပ်လျက်နေ၏။



ဘုန်းတော်ကြီးလည်း မတုန်မလှုပ် ရပ်မြဲရပ်လျက်နေ၏။ အတန်ငယ်ကြာသောအခါ ဆင်သည် မျက်ရည်တွေ ဖြိုင်ဖြိုင်ယိုစီးလျက် တဖြည်းဖြည်း နောက်ဆုတ်ကာ ဖဲသွားလေသည်။

(ပြောပြသူ=ကျိုက်ထိုငယ်ဒိုးရွာ၊ ဦးဘိုးကြင်)

## သရဲစီးသော ကျော့မှူးဆင်ဆိုး

စစ်တောင်း ကျိုက်ထီးရိုးလမ်း၊ မိုးပေါ်ရွာ၌နေသောအခါ သက်ငယ်တောင်သို့ ကြွမည်ဟု ကျိုက်ထီးရိုးလမ်းစဉ်ဖြင့် ကြွသွား၏။ (သက်ငယ်တောင်သည် ရွှေကျင်မြို့အရှေ့ဘက် ၃ ရက်ခရီးခန့်ဆေး၏။ ကျိုက်ထီးရိုးဘက်မှလည်း လာနိုင်သည်ဟု ကရင်ဒါယကာတစ်ဦး ပြောဖူး၏။) ပဲခူးပန်းလှိုင်ဆရာဖိုးကလေးသည် သပိတ်လွယ်လျက် နောက်တော်၌ ပါသွား၏။

ဘုရားဖူးပြန်နှင့် အနီးအနား ရွာသားတို့က ဤခရီးအကြား၌ ကျော့မှူးခေါ် ဆင်ကြီးတစ်ကောင် လွတ်နေပါသည်။ လူမြင်တိုင်း လိုက်သတ်ပါသည်။ မကြာမီက ရှမ်းကြီးလေးယောက် သတ်၍ သုရဲဖြစ်ပြီး ထိုဆင်ကို စီးနေပါသည်။ ကြွတော်မူရန် မသင့်ပါဟု လျှောက်၏။ ပန်ချာပီ သုံးယောက်နှင့် ဗိုလ်တစ်ယောက်လည်း သေနတ်ကိုယ်စီကိုင်လျက် ဘုန်းကြီးမသွားပါနှင့်ဟု တားကြသေး၏။ တားသော်လည်းမနေ၊ ကြွမြဲကြွလေသော် ခရီးအကြားတွင် မကြာမီ ဆင်ကျော့မှူးနှင့် ရင်ဆိုင်တွေ့၏။ ဆရာဖိုးကလေးကား ဘုန်းကြီးကို ယုံသူဖြစ်၍ ထိတ်လန့်ခြင်း များစွာမရှိ။ တဖြည်းဖြည်း နီးကပ်လာသောအခါ ဆင်သည် ဦးခေါင်းနှိမ်လျက် ချဉ်းကပ်လာပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းမြေစိုက်၍ အော်ဟစ်ကာနေ၏။ ထိုအခါတွင် ခမောက်နီနီ ဆောင်းလျက် ဆင်ဦးကင်းမှ လူလိုလို လေးယောက် ဆင်းပြေးဟန် တွေ့ပြီး ကွယ်ပျောက်ကုန်၏။ ဆင်ကျော့မှူးလည်း လမ်းရှောင်၍ တောထဲသို့ ဝင်သွားလေတော့သည်။

(ပဲခူးဆရာကျော၊ ကျိုက်ကော်ဦးဘိုးရင်)

## မေတ္တာထက်မြတ် ကျည်မထွက်

အခါတစ်ပါး ကျိုက်ဒေးယျုတောတွင် ထူရှုပ်သော ချုံပိတ်ပေါင်းတစ်ခု၌ ဘုန်းတော်ကြီး ငြိမ်သက်စွာ နေလေ၏။ ရွှေလေ့ရွာသား မုဆိုးကြီး ဦးကော်သည် သမင်ဒရယ် တစ်ခုခုဖြစ်ရာ၏ဟု သေနတ် ချိန်၍ပစ်၏။ မီးမထွက်သည်နှင့် ဆင့်ကာဆင့်ကာ ပစ်ပြန်၏။ သုံးကြိမ်တိုင် မီးမထွက်သောအခါ အဘယ့်ကြောင့်နည်းဟု ကောင်းကင်သို့ မျှော်၍ပစ်ကြည့်၏။

သည်တွင်မှ အလွယ်တကူ မီးထွက်လေသည်။ မီးထွက်၍ သေနတ်သံ မြည်ဟိန်းသွားသော်လည်း ချုံထဲက သမင်က အဘယ့်ကြောင့် မပြေးသနည်းဟု အနီးကပ်၍ ကြည့်ရှုလေရာ ဘုန်းတော်ကြီး ဖြစ်နေသည်ကိုတွေ့၍ ခြေတော်တို့ကို ဖက်ပြီးလျှင် "တပည့်တော်၏ အပြစ်များကို သည်းခံတော်မူပါ"ဟု တုန်တုန်ခိုက်ခိုက် တောင်းပန်၏။

"ဒါယကာ၊ မိမိအပြစ်ကိုမြင်၍ တောင်းပန်ကူစားခြင်းသည် ကောင်း၏၊ နောင် ကြီးပွားကြောင်းဖြစ်၏၊ ငါ သည်းခံ၏"ဟု



...မြွက်တော်မူလေသည်။ ထိုမိန့်ခွန်းသည် မုဆိုးကြီး ဦးကော်အား ...တ်ရေစဉ်သွန်းသကဲ့သို့ဖြစ်၏။ ဘုရားတပည့်တော်သည် ယနေ့မှ ...၍ အသက်ထက်ဆုံး ဤဒုစရိုက်အကျင့်ယုတ်မှ ရှောင်ကြဉ်ပါတော့ ...ည်ဟု ဝန်ခံ၍ အိမ်ပြန်လေ၏။ ထို့နောက် မကြာမီ ဦးကော်သည် ...သေပြု၍ ဆယ်ပါးသီလ စောင့်ထိန်းကာနေ၏။ ထို့နောက်တစ်ဖန် ...ုန်းတော်ကြီးကဲ့သို့ ကျင့်ပါတော့မည်ဟု ခိဋ္ဌာန်၍ ရဟန်းပြု၏။

ကေသနိက်၊ ပတ္တပိုဏ်၊ ပံသုကူစုတင်ဆောင်၍ တောကျောင်း...လည်း နေ၏။ ၁၂၆၃ ခုနှစ်တွင်ကား ဘုန်းတော်ကြီး ဦးကော်ဟု ...ကျော်စောလျက် တိုက်ကလားတောင်ခြေ၊ ကျောက်တစ်လုံးတောရ၌ ...ကပ်၍နေလေသည်။ (ရှေးစာ)

## ကျားကိုရေချိုး မေတ္တာမိုး

ပဲခူးမြို့၊ ဇောင်းလျားကုန်းရွာအနီး သုံးဖာလုံခန့်ဝေးသည့် ...တာမြိုင်တောထဲတွင် ရှေးဟောင်းစေတီတစ်ဆူရှိသည်။ စေတီ၏ ...နီးရှိ ဂူတစ်ခုထဲတွင် ဘုန်းတော်ကြီး သီတင်းသုံးနေခိုက်ဖြစ်သည်။ ...နာကြီးရောဂါရှိသူ ယောကျ်ားကြီးတစ်ယောက်သည် ကပ္ပိယလုပ်၍ ...ယျာဝစ္စ ဆောင်ရွက်နေ၏။

ထိုကပ္ပိယ၌ အနာကြီးရောဂါရှိသည်ကို ဘုန်းတော်ကြီးသည် ...စေ့စပ်စပ် သိပုံမပေါ်ချေ။ ပိဏ္ဍပါတ်စုတင်အရ ဆွမ်းခံရလာသမျှ ... သပိတ်ပါ ကပ္ပိယကြီးအားပေး၍၊ ပတ္တပိုင်အဖြစ် နယ်စေပြီး ...သွက်သွက်ဖြစ်လာအောင် ရေနစ်ခွက်ခန့် ရောပေးရ၏။ ကပ္ပိယ ...ပြင်ဆင်ပေးသမျှကိုသာ ဘုဉ်းပေးတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဘုဉ်းပေးအပြီးတွင် "ဟဲ့ ကပ္ပိယကြီး၊ နင့်လက်ချောင်းလေးတွေ အစေ့ရှိရဲ့လား"ဟု မေး၏။ လက်သန်းကလေးတစ်ဆစ်ပြတ်ပါသွားကြောင်း လျှောက်၏။ အကြောင်းမှာ နူနာရောဂါမှာ လွန်စွာဆိုးဝါး၍ ပြတ်စားလျက် သပိတ်၌ ဆွမ်းများ နယ်ရင်း ပြတ်ပါသွားလေ၏။ ဖယ်ယူသိမ်းမထားလိုက်မိဟု ဆိုလေသည်။ ဘုန်းတော်ကြီးမှာ ဤမျှထိအောင်ပင် သည်းခံတော်မူနိုင်လေသည်။

ဘုန်းတော်ကြီးသည် ယင်းကပ္ပိယကြီး၏ အကြောင်းခြင်းရာကို သိသွားသဖြင့် တစ်နေ့တွင်–

"ကပ္ပိယကြီး၊ ဝဲစွဲနေတဲ့ ကျားကြီးတစ်ကောင် မကြာခဏ လာတတ်တယ်၊ သူ့မှာ မအိပ်နိုင်အောင်ဘဲ ဝဲတွေကုတ်နေရလို့ ဒုက္ခရောက်နေတယ်၊ သူ့ဝေဒနာလည်းပျောက်၊ သင့်ဝေဒနာလည်း ပျောက်အောင် ငါကုပေးမယ်၊ အဲဒီကျားကြီးကို ငါ အခုခေါ်ထားတယ်၊ မကြာမီ ရောက်လာလိမ့်မယ်"

မကြာမီ ရောက်လာ၍ ဟိန်းဟောက်နေတော့သည်။ 'နင့်ရောဂါတွေကို ငါကုပေးမယ် ငြိမ်ငြိမ်နေ"ဟုဆိုပြီး ကပ္ပိယကြီးကို ရေချိုးပေးစေ၏။ ကျားကြီးမှာ နေ့စဉ်လာရောက် ရေချိုးခံ၏။ ၁၅ ရက်ခန့် ကြာသောအခါ ကျားကြီး၏ ခန္ဓာကိုယ်မှ ယားယံသည့် ဝေဒနာများနှင့် ကပ္ပိယကြီး၏ ကုဋ္ဌနူနာဝေဒနာများပါ အားလုံး ပျောက်ကင်းသွားတော့၏။

သီလနှင့် မေတ္တာတန်ခိုးကြောင့် ဘုန်းတော်ကြီး ရောက်လေရာ အရပ်တိုင်း ရွာလုံးကျွတ်၊ မြို့လုံးကျွတ် ထွက်၍ကြိုဆိုပူဇော်ခြင်းကို ခံရသည့်အပြင် ဘုန်းတော်ကြီး သွားလေရာနောက်သို့ လှည်း ၁၀



စီးခန့် အမြဲလိုလို နောက်မှလိုက်ပေးရသည်။ ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ထီး၊ ဖိနပ်စသော ပစ္စည်းများကို တောင်ပုံရာပုံ လှူနေကြ သောကြောင့် ဖြစ်ပါသည်။

ဘယ်လိုပင် လှူကြသော်လည်း ဆရာတော်ကား သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ထက် အပိုလက်ခံတော်မမူပါ။ ရသမျှကို အနီးဆုံး ဘုန်းကြီးကျောင်းများသို့သာ သံဃာများအား ခွဲလှူရန် အာလယပြတ်လွတ် စွန့်ကြဲခဲ့သည်သာဖြစ်သည်။

## မေတ္တာဒလံ

ပဲခူးမြို့၊ ကျောင်းတိုက်ကြီးတစ်ခုမှ ဆရာတော်တစ်ပါးသည် ဘုန်းတော်ကြီးရောက်ရာ လာဘ်ပေါခြင်းစသည်ကား ဒလံကြောင့်ဟု စိတ်စွဲလျက်ရှိ၏။ တစ်နေ့သ၌ နံနက်သုံးနာရီခန့်တွင် ကျောင်းတံခါး ခေါက်သံ ကြားရ၏။ ဖွင့်ကြည့်သောအခါ ဘုန်းတော်ကြီးဖြစ်နေသဖြင့် ကျောင်းတဲ၌ နေရာပေး၍ ဝတ်ပြုကာနေလေ၏။

ထိုအခါမှစ၍ မထသာအောင် ကိုယ့်ကျင့်တရားအတွက် ဟော၏။ ကျောင်းရှင်ပုဂ္ဂိုလ် အကြံဖြစ်သည်ကား ဘုန်းတော်ကြီးသည် ဆွမ်းခံ၍သာ စားသည်။ ဒါယကာတို့အားလည်း အကြောင်းကြားရန် အချိန်မရှိ။ နံနက်ဆွမ်းခံကြွလျှင် ကျောင်းသား ကပ္ပိယတို့ကို မုန့်သေတ္တာများ လောင်းခိုင်းရပေလတ္တံ့ဟု ကြံစည်နေသဖြင့် ဘာ တရားဟောသည်ဟူ၍ပင် မသိလိုက်ဟူ၏။

အရုဏ်တက်ပြီး လင်းချိန်ရောက်သောအခါ အချိန်တော်လောက်ပြီဟု သပိတ်လွယ်လျက် ထ၏။ ထပ်ချပ်မကွာ လိုက်သွား၍

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ပေးလိုက်သောအခါ လူပေါင်းများစွာ ဆွမ်းလောင်းရ စောင့်နေသည်ကို မြင်ရ၏။ ထင်ရှားသော ကျောင်းဒကာကြီး ဦးမှိ ကိုလည်း ရောက်နေသည်ကို မြင်ရ၏။ ထိုအခါ စိတ်မသက်မသာ ဖြစ်လာ၏။

ဆွမ်းလောင်းပြီးနောက် ဦးမှိန်အား မေးကြည့်ရာ "တပည့် တော်အိမ်မှ လာစဉ်က မသိပါ၊ ရဟန္တာတစ်ပါး ကြွလာသည် သွား၍ ဆွမ်းလောင်းချေဟု အိပ်မက်မက်ပါသည်၊ အိပ်မက်မှန်မှ မှားမှား ဆွမ်းလောင်းခြင်းကား မမှားဟု ရောက်လာမှ ဘုန်းတော်ကြီ ရောက်နေသည်ကို သိရပါသည်"ဟု လျှောက်၏။ အချို့ကလည် "တပည့်တော်လည်း ဤသို့ပင်မက်ပါသည်" "တပည့်တော်ကား အိမ်နီးချင်းတစ်ယောက် ဤသို့မက်သည်ဟု ပြောသဖြင့် လိုက်လာ ပါသည်"ဟု လျှောက်ကုန်၏။

ထိုအခါမှ ငါ့အထင်လုံးလုံးမှားချေပြီဟု သာ၍မသက်မသာ ဖြစ်ပြန်လေ၏။ ထိုနောက်မှ စိတ်ကိုကုစား၍ ဘုန်းတော်ကြီးသည် ဒလ်ကြောင့်မဟုတ်၊ ရိုးရိုးဘုန်းကံကြီးပါပေသည်။ ငါ့အကြံကိုလည် သိဟန်တူသည်ဟု ယုံကြည်လေ၏။ ဤအကြောင်းကို ပျဉ်ပုံကြ ဦးကဝိဓဇ စသော တပည့်တို့အား ချဲ့ပြောပြီးလျှင် ငါကိုယ်တို ဘုန်းတော်ကြီးကို ဤသို့ စိတ်ပြစ်မှားဖူးသည်ဟု ရွှေရိုးအော ဆရာတော်ကြီး မိန့်တော်မူဖူးသည်။

**(ပျဉ်ပုံကြီး ဦးကဝိဓဇ၊ သထုံဦးနန္ဒဝံသ**

ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ခါ၊ ယူမိစ္ဆာ
သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏။ ပရမတ်အရာ၊ မလိမ်



ဘဲ၊ သဒ္ဓါနုံ့နဲ့၊ ပညာကဲလည်း၊ အလွဲပြေးဝင်၊ အမြင်ယွင်စွ
တိမ်းပါးကြလျက်၊ မီးပြသမား၊ တွင်းကျွံများလို့၊ ဆယ်ပါး
ကောင်းမှု၊ လှူဝတ္ထုကို၊ ဇွန့်ပြုမလွတ်၊ စိတ္တုပ္ပါဒ်မျှ၊ ဒါနအရှု၊
မြောက်သောဟူ၍၊ အယူဖောက်လွဲ၊ မိစ္ဆာစွဲ၏။

**မန်လည်ဆရာတော်**

## ပညာသဒ္ဓါ ချိန်ခွင်လျှာ

ရူးစမ်းဆင်ခြင်သော ပညာနှင့် ယုံကြည် ကြည်ညိုသော သဒ္ဓါတရားတို့မှာ အမြဲတမ်း ချိန်ခွင်လျှာလို ညီမျှနေရမည်။ တစ်ခုမှ အပိုအလွန် မရှိစေရပါ။ သဒ္ဓါ၊ ပညာနှင့် ပတ်သက်၍ ဆရာတော် ကြီးများ ပေးခဲ့ကြသော ဩဝါဒများမှာ လွန်စွာမှ မှတ်သားနာယူ ဘွယ်ရာ ကောင်းလှသည်။

တန်ဆောင်း ပြသာဒ် စသည်တို့ကို လက်သမားတို့
ဆောက်လုပ်ကြရာ ပညာသာတတ်၍ လက်နက်မစုံလျှင်လည်း
ကောင်း၊ လက်နက်သာစုံ၍ ပညာမတတ်လျှင်လည်းကောင်း
ဖြစ်နိုင်အံ့လော၊ လက်နက်ပညာ နှစ်ပါးစုံမှ ဖြစ်နိုင်သည်
မဟုတ်လော။

သာသနာလုပ်ငန်း၌လည်း လက်နက်ပညာစုံမှ သဒ္ဓါ
နှင့် ပညာ ညီညာစွာစုံလင်မှ သင့်အောင်ပြုနိုင်သည်။ ထို့
ကြောင့် ကုသိုလ်အရာတိုင်းမှာ သဒ္ဓါပညာ စုံလင်စေကြ။

**(ဘုန်းတော်ကြီး ဦးသီလ)**

ဗာလသည် ချီးမွမ်းစကားဖြင့် ပဏ္ဍိတအား ဒဏ်ပေး
တတ်၏။ သဒ္ဓါဖြင့် ယုံကြည်လျက် ပညာမဆင်ခြင်လျှင်
အရှက်ကွဲတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာဖြင့် ဆင်ခြင်လျက် သဒ္ဓါမယုံကြည်လျှင် စဉ်းလဲတတ်သည်။

သဒ္ဓါနှင့် ပညာ ညီမျှလျှင် အပြစ်ကင်းသည်။

**(အဂ္ဂမဟာပဏ္ဍိတ၊ ညောင်လေးပင်တောရဆရာတော်)**

ပညာဉာဏ်များ၊ သဒ္ဓါပါး အမှားဖြစ်တတ်သည်။

ပညာဉာဏ်နဲ့၊ သဒ္ဓါကဲ အလွဲဖြစ်တတ်သည်။

ပညာနှင့်ဉာဏ်၊ နှစ်ခုသန်မှ လမ်းမှန်သို့ကျသည်။

**(ဒီပဲရင်းဆရာတော်)**

ဘုန်းတော်ကြီးဘဝ ဖြစ်စဉ်ကျမ်းစာတွင် ပါဝင်သော သဒ္ဓါ၊ ပညာ ချိန်ခွင်လျှာထွက်မှုကြောင့် လွဲနေကြသော တပည့်များအား ပေးခဲ့သော အဆုံးအမ ဩဝါဒနှစ်ခုမှာ နှောင်းခေတ်လူများပင် မှတ်သားစရာကောင်းလှပါသဖြင့် အောက်တွင်ဖော်ပြအပ်ပါသည်။

## လန့်လိုက်လေကွယ် ဘိုးအင်ရယ်

ညောင်လေးပင်မြို့၌ ရှေ့နေဦးဘိုးကြီး ပြောပြဖူးသည်မှာ ရွှေကျင်မြို့၌ နေစဉ်က ငါတို့ ခြောက်အိမ်ကို စူဠပဏ္ဍိတွေဟု အများခေါ်ကြ၏။ ငါတို့ကလည်း ဘုန်းကြီးတိုင်းကို ရှိမခိုး၊ အပြစ်တွေ့လျှင်လည်း ကဲ့ရဲ့မိကြ၏။ တစ်နေ့သ၌ ဘုန်းတော်ကြီး မကြားတန်ဟု ဆွမ်းစားကျောင်းတွင် အလဇ္ဇီဒုဿီလ အပြစ်တွေကို စု၍ပြောနေကြစဉ် ဘုန်းတော်ကြီးက အနီးသို့ခေါ်၍–

"ဟဲ့ ငတို့၊ ရှင်ဘုရင်တစ်ဦးမှာ သားတော်နှစ်ပါးရှိသည်။ အကြီးက တရားရှိသူတော်ကောင်း၊ ချစ်ခင်ကြည်ညိုသူ ပေါများသည်၊ အငယ်က တရားမဲ့သူယုတ်မာ၊ မျက်မုန်းကျိုးသူ ပေါများသည်၊ ထိုသူယုတ်မာကလေးကို လက်ဖြင့်သွားပုတ်လျှင် ဘယ်လိုဖြစ်မည်ထင်သလဲ" ဟု မေး၏။

"လက်ဖြတ်ခံရပါလိမ့်မည် ဘုရား" အားရပါးရ ဖြေလိုက်မိ၏။

"ခြေဖြင့်ကန်လျှင်ကော"

"ခြေဖြတ်ခံရပါလိမ့်မည် ဘုရား"

"ဆဲရေးတိုင်းတွာလျှင်ကော"

"အာဟက်ခံရပါလိမ့်မည် ဘုရား"

"ဘာဖြစ်လို့လဲဟဲ့"

"ရှင်ဘုရင့်သားတော်မို့ပါ ဘုရား"

"အေး သည်လိုသိလျှင်တော်ပြီ၊ ဘုရားရှင်သားတွေအပေါ်လည်း နင် သတိထားတတ်ရောပေါ့"ဟု မိန့်တော်မူသကွယ့်။ လန့်လိုက်လေကွယ် မောင်ဘိုးအင်ရယ်ဟု ဦးတိုးကြီး ပြောပြဖူးလေသည်။

**ညောင်လေးပင်၊**
**တော်ပသိကျေးလက်သမဝါယမအသင်းဥက္ကဋ္ဌ**
**ဦးဘိုးအင်**

## ပုတီးစိပ်ရင် လူလိမ်တဲ့

ဘုန်းတော်ကြီးသည် ၁၂၆၀ ခုနှစ်မှ ၁၂၆၂ ခုနှစ်အထိ ရွှေကျင်နယ်၌ သီတင်းသုံးလျက် ဒကာဦးထွန်းအောင် ပင့်သဖြင့် ခရွဲတောင်သို့ ကြွ၏။ ကျိုက်ထိုမြို့သို့ရောက်၍ ဆိတ်ဖူးတောင်၊

www.burmeseclassic.com

www.burmeseclassic.com



သေက္ခုတောင် စသည်တို့ကိုလည်း ရောက်၏။ သေက္ခုတောင်တွင် ရသေ့ဦးတိလောကနှင့် တွေ့ကြ၏။ ရသေ့ဦးတိလောကမှ အမျိုးမျိုး လျှောက်ထားလေသည်။

တစ်ခုလျှောက်သည်မှာ ပုတီးစိပ်ခြင်းသည် (လိမ်ကွင်း) စိပ်ခြင်းပင်ဖြစ်ကြောင်း လျှောက်၏။ လိမ်လည်ခြင်းသာဖြစ်သည်ဟု ဆိုလို၏။ ယင်းပြဿနာကို ဘုန်းတော်ကြီးက နွားလှည်းဥပမာဖြင့် ဖြေရှင်းပေးတော်မူ၏။ ဖြေရှင်းပုံမှာ–

နွားလှည်းကို နွားများဆွဲသွားလေ၏။ နွားများ နောက်သို့ လှည်းပါသွားရလေ၏။ နွားများကြောင့် လှည်းသည် လှုပ်ရှားသည် မှန်၏။ သို့သော် ထိုလှည်း လမ်းမှန်သို့ရောက်အောင် လှည်းမောင်းသူ က နွား၏ကြိုးကို မလွှတ်ဘဲ ထိန်းသိမ်းတည့်မတ်ပေး၏။ လမ်းမှန်သို့ ရောက်ဖို့သည် နွား၏အဓိကတာဝန်မဟုတ်ပေ။ လူ၏တာဝန်သာ ဖြစ်သည်။ ယခု ပုတီးစိပ်ရာ၌လည်း ပုတီး၏တာဝန်မဟုတ်။ စိပ်သူ၏တာဝန်သာဖြစ်သည်။ စိပ်သူ မိမိကိုယ်တိုင်က မလိမ်ဖို့ နှလုံးသွင်းကောင်းဖို့လို၏။ မိမိကိုယ်တိုင်က မလိမ်လျှင် ယင်းပုတီး ကို လိမ်ကွင်းဟု မခေါ်နိုင်ပါ။ မိမိကိုယ်တိုင်က နွားလှည်းမောင်းသူ ဥပမာကဲ့သို့ လမ်းမှန်ရောက်အောင် (သမာဓိဖြစ်အောင် ရေတွက်၍ ရအောင်) ပုတီးကိုင်သော်လည်း ပုတီးကို အဓိကမထားဘဲ စေတနာ ဖြူစင်၍ အားထုတ်ဖို့လိုကြောင်း ဩဝါဒပေးတော်မူလေသည်။

**မှတ်ချက်**။ ။ ဆရာတော်သည် တစ်သက်ပတ်လုံး အသားငါး မစားပါ။ ထို့ကြောင့် မေတ္တာစွမ်းပိုထက်သည်ဟု ယူဆနိုင်သည်။



ဒေါသကို လက်ခံရင် မိမိကိုယ်တိုင် အရင်ပူလောင် တယ်၊ ပြီးတော့ သူတစ်ပါးကိုပါ ပူလောင်စေတယ်။

မေတ္တာကို လက်ခံရင် မိမိကိုယ်တိုင် အရင်အေးချမ်း တယ်၊ ပြီးတော့ သူတစ်ပါးကိုပါ အေးချမ်းစေတယ်။

**စာချဆရာတော်တစ်ပါး**

၁၂၅၇–၁၃၃၉ ခုနှစ်အတွင်းတွင် ဘုန်းတော်ကြီး ဦးသီလ ကဲ့သို့ပင် မေတ္တာမှတ်တိုင်ကို စိုက်ထူနိုင်သော ဆရာတော်တစ်ပါး ပေါ်ပေါက်ခဲ့သည်။ ထိုဆရာတော်ကား ကျောက်ဆည်မှ ဝေဘူဆရာ တော်ပင် ဖြစ်ပါသည်။ ဝေဘူဆရာတော်၏ မေတ္တာကိုယ်တွေ့နှစ်ခုကို မွှာစရိယ ဦးဌေးလှိုင်က ဖော်ပြပါခေါင်းစဉ်လေးများဖြင့် မေတ္တာ ဝါဒကျမ်းစာတွင် ကြည်ညိုအားကျဖွယ်ရာ တင်ပြထားပါသည်။

## လူမသေသောတိုက်ပွဲ

ဆရာတော်သည် ဒုတိယကမ္ဘာစစ်အတွင်း ကျောက်ဆည် ဝေဘူတောင်နှင့် အင်ကြင်းပင်တောကျောင်း၌ သိတင်းသုံးရာ ထို နှစ်ဌာနလုံး၌ပင် ဗုံး သေနတ်စသော လက်နက်ဘေးရန်များ မကျ ရောက်ခဲ့ပေ။ အထူးသဖြင့် ဂျပန်များ ဝင်လာသောအခါ ကျောက်ဆည် ဝေဘူချောင်၌ ဂျပန်နှင့် တရုတ်တပ်များ တောင်ပေါ်နှင့် တောင်အောက် အပြန်အလှန် တစ်နေကုန် ပစ်ခတ်ကြ၏။ မည်သူ တစ်ဦးတစ်ယောက် မှ ထိခိုက်ခြင်းမရှိ။

ကျောက်ဆည်မြို့၊ ဝေဘူချောင်၏ အနေအထားသည် စစ်ရေး ခင်းရာအတွက် အကွက်အကွင်းကျသော ဌာနဖြစ်သည့်အတိုင်း ဝေဘူ

www.burmeseclassic.com



ချောင် တောင်ဝှမ်းမြေပြန့်ရှိ လျှိုမြောင်အကြား၌ ဆရာတော်နှင့်အတ
ယောဂီများ နေထိုင်ကြစဉ် တရုတ်တပ်များကမူ သုံးဘက်သုံးတ
ဝန်းရံလျက်ရှိသော တောင်ရိုးအမြင့်ပေါ်၌ တပ်စွဲထားကြသည်။

ဂျပန်များမှာ ယောဂီများနေသော မြေပြန့်တောင်ဝှမ်း၌ တပ်
ကြကုန်၏။ တောင်ပေါ်နှင့် တောင်အောက်တပ်များ တစ်နေ့ကု
အပြန်အလှန် ပစ်ခတ်ကြရာ ကျည်ဆန်များ မိုးရွာသကဲ့သို့ရှိသည်
ဆရာတော်နှင့် ယောဂီများမှာ မိမိတို့ တရားကျောင်းကလေးအသီးသ
၌ နေထိုင်ကြရာ ဆရာတော်နှင့် ယောဂီများသာမက နှစ်ဖက်စစ်သာ
များမှာ တစ်ဦးတလေမျှ ထိမှန်သေဆုံးခြင်းမရှိ၍ အားလုံး အံ့သြ
ရ၏။

ယခုတိုင် ပြောစမှတ်ကြီး တွင်နေတော့သည်။ ကျောင်းဒကာ
ကြီး သူဌေးဦးပျော့တို့၏ မိသားစုလည်း စစ်အတွင်း ဝေဘူချောင်
ဆရာတော်၏ မေတ္တာရိပ်ကို ခိုလှုံကြရာ တစ်နေ့သောအခါတွ
ကျောင်းဒကာကြီး၏ သမီးကို ဂျပန်စစ်သားများက ဖမ်းဆီး ခေါ်ဆော
သွားကြ၏။ ကျောင်းဝင်း အထွက်မှာပင် လွတ်မြောက်လာခဲ့
သည်။

ဝေဘူချောင်သည် တောင်ဝှမ်းတောချုံများ ထူထပ်ရာအရ
ဖြစ်၍ အစောပိုင်းက ကျားများ၊ မြွေဆိုးများ အလွန်ပေါသောအ
ဖြစ်၏။ ယခုတိုင် မည်သည့် ယောဂီတစ်ဦးတလေမျှ တောတိရစ္ဆာ
များကြောင့် အန္တရာယ်မရှိခဲ့ဘူးချေ။

မေတ္တာအစွမ်းကား အံ့မခန်းပါတကား။



## နွားနှစ်ကောင်က ဟောပြသောတရား

ထို့ထက် အံ့သြဖွယ်ကောင်းသည်မှာ ဆရာတော်နှင့်တကွ သံဃာတော်များ ဆွမ်းခံကြွလျှင် ရှေ့ဆုံးမှ ကြေးစည်တီး၍ နိဗ္ဗာန်ဆော် လုပ်ရသူ ဦးမောင်ကြီး၏ ကိုယ်တွေ့ဖြစ်သော ဆရာတော်၏ မေတ္တာ စွမ်းပင် ဖြစ်ပါသည်။ ဦးမောင်ကြီးကား ဝေဘူချောင်နှင့် ကပ်လျက် ရှိသော ဖောင်ရွာဇာတိဖြစ်၏။ ဝေဘူဆရာတော်သည် နေ့စဉ် ထိုရွာကိုဖြတ်လျက် ဆွမ်းခံကြွမြဲဖြစ်သည့်အပြင် ဖောင်ရွာသည် ကျောင်းဒကာကြီး ဦးပျော့ နေထိုင်သော ရွာဖြစ်၏။

ဆရာတော်၏ ကျေးဇူးဂုဏ်ကို တစ်ရွာလုံး သိရှိကြ၏။ ကုလားလူမျိုးများပင် ဆရာတော်ထံ ရဟန်းပြုခဲ့ကြသည်။ ယင်း အထဲမှ ငါးဆယ်ကျော် တိုင်းပြည်နှင့်အဝန်း ကျော်ကြား၍ လူအများ စည်ကားသိုက်မြိုက်စွာ ဝင်ထွက်ပူဇော်နေကြသော်လည်း ဦးမောင်ကြီးတစ်ယောက် ဆရာတော်ထံ ချဉ်းကပ်ဦးချရမှန်း မသိခဲ့ချေ။ သေစ်သောက်စား၍ ဖောက်ပြားဟောရမ်းနေသူလည်းမဟုတ်။

ဘာသိဘာသာနေလာခဲ့ရာ အသက် ၅၀ ပင်ကျော်လာ၏။ တစ်နေ့တွင် ဦးမောင်ကြီးသည် ဖောင်ရွာတောင်ဘက် လမ်းမသို့ ထွက်အလာ နွားသိုးနှစ်ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် အနိုင်မခံ၊ အရှုံးမပေး၊ ပြေးလိုက်ဝှေ့လိုက်လုပ်နေရာ နှစ်ကောင်စလုံး သွေးသံ ရဲရဲ ဖြစ်နေ၏။ ဦးမောင်ကြီးလည်း တုတ်၊ ခဲများဖြင့် နွားရန်ပွဲကို ဖျက်လေရာ မရဘဲ တရွေ့ရွေ့နှင့် ဝေဘူချောင်ဘက်သို့ ဦးတည်ကာ ပြေးလိုက်ဝှေ့လိုက် လုပ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ကြီးလည်း နောက်မှလိုက်၍ ခဲနှင့်ပေါက်ရာ မရဘဲ ဖြစ်နေ၏။ နွားနှစ်ကောင်စလုံး ချောင်အတွင်း ကျောင်းဝင်းနယ်နိမိတ်သို့ ဝင်ရောက်သွားသောအခါ ဦးမောင်ကြီးမှာ လက်ထဲက ခဲပင် လွှတ်ကျသွားကာ အံ့အားသင့်ပြီး ငေးကြည့်နေမိသည်။ သွေးသံတစက်စက်ကျနေသော နွားနှစ်ကောင်မှာ ချက်ချင်းပင် စိတ်ပြောင်းကာ တစ်ကောင့်တစ်ကောင် အချင်းချင်း အပြန်အလှန် သွေးစသွေးန များကို လျှာဖြင့်လျက်၍ နွားသားအမိ ကလူကျီစယ်နေသကဲ့သို့ တွေ့မြင်ရ၏။ ဦးမောင်ကြီးလည်း အနီးရှိ မန်ကျည်းပင်ရိပ်၌ ခိုနားကာ နွားနှစ်ကောင်ကို ကြည့်ရင်း အသိထူးတစ်ခု ဝင်လာလေတော့သည်။

ဝေဘူချောင် နယ်နိမိတ်ထဲ ဝင်မိရုံနဲ့ အဟိတ်တိရစ္ဆာန်များက တောင် ဒေါသတွေ ပြေပျောက်ပြီး ဆရာတော်၏ မေတ္တာရိပ်ကို ခိုလှုံရကောင်းမှန်း၊ လေးစားရကောင်းမှန်း သိကြတယ်၊ ဆရာတော်ရဲ့ မေတ္တာဓာတ်ဟာ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ တိရစ္ဆာန်တွေကိုတောင် ယဉ်ကျေးသိမ်မွေ့အောင် ဆွဲဆောင်တော်မူနိုင်ပါပေတယ်။ ငါမှာ ဖောင်ရှာသားဖြစ်သော်လည်း နေ့စဉ် ဖူးမြင်နေရတဲ့ ဆရာတော်ရဲ့ ဂုဏ်ကျေးဇူးကို မသိလေခြင်း။

ဦးမောင်ကြီးလည်း မန်ကျည်းပင်ရိပ်၌ သက်ပြင်းချကာ ထိုင်နေရာမှ ချက်ချင်းထ၍ ဆရာတော် သီတင်းသုံးသော ကမ္မဋ္ဌာန်း ကျောင်းကလေးဆီသို့ ခေါင်းငိုက်စိုက်ကျကာ တရွေ့ရွေ့ လှမ်းသွားလေတော့၏။ နောက်တစ်ရက်မှစ၍ ဆွမ်းခံသံဃာတန်းရှေ့၌ ဦးမောင်ကြီးတစ်ယောက် ကြေးစည်တီးကာ နိဗ္ဗာန်ဆော် အဖြစ်



လိုက်ပါလာသည်ကို တွေ့မြင်ရသဖြင့် ဖောင်ရှာသားတို့ အံ့သြနေကြ၏။

ဦးမောင်ကြီးအား နွားနှစ်ကောင်က ဟောပြလိုက်သော ဝေဘူဆရာတော်၏ မေတ္တာတရားကိုမူ ဖောင်ရှာသားတို့ မကြားလိုက်ကြရပေ။

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊
ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ မေတ္တာ
ပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြွက်စွာမိန့်ခွန်းတည်း။

**(မဟာစည်ဆရာတော်)**

သတ္တလောကတွင် မေတ္တာဓာတ်လောက် ကြီးမားသော
တန်ခိုးမရှိ။

**(တောင်တန်းဆရာတော် ဦးဥတ္တမသာရ)**

## ကြီးပွားချမ်းသာလိုသူ မေတ္တာခံယူ

အိုမဟာနာမ်၊ တိုင်းပြည်အုပ်ချုပ်သော မင်းအစိုးရ၊ အိမ်ရှေ့မင်း၊ စစ်သူကြီး၊ ရွာသူကြီး၊ အိမ်ရှင်ဖြစ်သူ အသင်းခေါင်းဆောင် မည်သူမဆို ဤငါးပါးနှင့် ပြည့်စုံပါလျှင် ဧကန်ကြီးပွားမည်၊ ဆုတ်ယုတ်ဖို့မရှိ၊ ယင်းတရားငါးပါးဟူသည်ကား–

အိုမဟာနာမ်–မည်သူမဆို လုံ့လဝီရိယ အားထုတ်၍ တရားသဖြင့် ရှာဖွေရရှိသော စီးပွားဥစ္စာဖြင့် မိဘနှစ်ပါးတို့ကို ဝတ္တရားမပျက် ပြုစုလုပ်ကျွေး၏။ ထိုသားသမီးတို့ကို မိဘတို့က ငါ့သားသမီးတို့ ကျန်းမာချမ်းသာပါစေဟု မေတ္တာဓာတ် ပို့သွတ်၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာနာမ် မိဘတို့ မေတ္တာတို့ ပို့လွှတ်ခံရသော သားသမီးများသည် ကြီးပွားချမ်းသာကြသည်။

အိုမဟာနာမ်–မည်သူမဆို လုံ့လဝီရိယ အားထုတ်၍ တရားသဖြင့် ရှာဖွေရရှိသော စီးပွားဥစ္စာဖြင့် သားမယားတို့ကိုလည်းကောင်း၊ လက်အောက်ငယ်သားတို့ကိုလည်းကောင်း ပြုစု၏။ မြတ်နိုးကြင်နာ၏။ ထိုသူတို့က ငါ့လင်၊ ငါ့သခင် ကျန်းမာချမ်းသာပါစေဟု မေတ္တာဓာတ် ပို့လွှတ်၏။ မဟာနာမ် သားမယား၊ ကျေးကျွန်၊ လက်အောက်ငယ်သားတို့ မေတ္တာပို့လွှတ်ခံရသော အမျိုးသား၊ အမျိုးသမီးတို့သည် ကြီးပွားချမ်းသာကြသည်။

အိုမဟာနာမ်–မည်သူမဆို လုံ့လဝီရိယ အားထုတ်၍ တရားသဖြင့် ရှာဖွေရရှိသော စီးပွားဥစ္စာဖြင့် အိမ်နီးချင်း၊ လယ်နီးချင်း၊ အလုပ်နီးချင်းတို့ကို ကောင်းစွာပြုစု၏။ အလေးအမြတ်ပြု၏။ ထိုသူတို့က ပြုစုသူအား ကျန်းမာချမ်းသာပါစေဟု မေတ္တာဓာတ် ပို့လွှတ်၏။ မဟာနာမ် အိမ်နီးချင်း၊ လယ်နီးချင်း၊ အလုပ်နီးချင်းတို့၏ မေတ္တာပို့လွှတ်ခံရသောသူသည် ကြီးပွားချမ်းသာ၏။

အိုမဟာနာမ်–မည်သူမဆို လုံ့လဝီရိယ အားထုတ်၍ တရားသဖြင့် ရှာဖွေရရှိသော စီးပွားဥစ္စာဖြင့် နတ်ကောင်းနတ်မြတ်တို့ကို အရိုအသေပြု၏။ အလေးအမြတ်ပြု၏။ ပူဇော်၏။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့က ထိုအမျိုးသမီးတို့အား ကျန်းမာချမ်းသာပါစေဟု မေတ္တာဓာတ်ပို့လွှတ်၏။ မဟာနာမ် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့ မေတ္တာပို့လွှတ်ခံရသောသူတို့သည် ကြီးပွားချမ်းသာကြသည်။



အိုမဟာနာမ်–မည်သူမဆို လုံ့လဝီရိယ အားထုတ်၍ တရားသဖြင့် ရှာဖွေရရှိသော စီးပွားဥစ္စာဖြင့် ရဟန်းသံဃာ သူတော်သူမြတ်တို့ကို အရိုအသေပြု၍ ပူဇော်၏။ ထိုရဟန်းသံဃာမြတ် သူတော်သူမြတ်တို့က ထိုသူတို့အား ကျန်းမာချမ်းသာပါစေဟု မေတ္တာဓာတ် ပို့လွှတ်၏။ မဟာနာမ် ရဟန်းသံဃာ သူတော်သူမြတ်တို့ မေတ္တာပို့လွှတ်ခံရသောသူတို့သည် ကြီးပွားချမ်းသာကြသည်။

အိုမဟာနာမ်–ဘုရင်ဖြစ်စေ၊ အိမ်ရှေ့မင်းဖြစ်စေ၊ စစ်သူကြီးဖြစ်စေ၊ တိုင်းပြည်ခေါင်းဆောင်ဖြစ်စေ မည်သူမဆို ဤငါးပါးနှင့် ပြည့်စုံလျှင် ဆုတ်ယုတ်ပျက်ပြားခြင်းမရှိ၊ ကြီးပွားမည်သာဖြစ်သည်။

**(ပဥ္စအင်္ဂုတ္တိုရ်၊ နိဝရဏဝဂ်၊ လိစ္ဆဝိကုမာရသုတ်)**

## မေတ္တာတောင်တန်း

တောင်တန်းသာသနာပြုဆရာတော်ဟုဆိုလျှင် မေတ္တာဟူသော စကားလုံးသည် အလိုလို လိုက်ပါလာပြီးဖြစ်နေပါပြီ။ မေတ္တာဘာဝနာနှင့် ဆရာတော်မှာ ခွဲခြား၍ပင် မရနိုင်တော့ပါ။ အင်္ဂလိပ်အစိုးရလက်ထက်မှ ယနေ့ထိ ချင်း၊ ကချင်၊ နာဂတောင်တန်းများ၌ လှည့်လည်၍ သာသနာပြုတော်မူခဲ့ရာ သာသနာပြုသော ကာလမှာ နှစ် ၅၀ ပင် ကျော်ခဲ့ပါပြီ။ ဆရာတော်ကြီး၏ သက်တော်သည်ပင် ၈၀ ကျော်ခဲ့လေပြီ။

အသက်ထက်ဆုံး အသားငါးမစားခြင်း၊ ပရိတ်ကြီး (၁၁) သုတ်ကို တစ်နေ့နှစ်ခေါက်မှန်မှန်ရွတ်ခြင်း၊ မေတ္တာဘာဝနာကို အချိန်ရှိ[illegible] ပွားများခြင်းတို့ကြောင့် ဆရာတော်၏ ပရိတ်နှင့် မေတ္တာ[illegible]တို့မှာ

www.burmeseclassic.com

www.burmeseclassic.com



သူမတူအောင် ထက်မြက်နေကြခြင်းဖြစ်သည်။ ဆရာတော် ပရိတ်ရွတ်လျှင် ပရိတ်ရေ ဆူပွက်သည်သာများသည်။ ထိုပရိတ်ရေကို ယုံယုံကြည်ကြည် သောက်သုံးသူများသည် ရောဂါပျောက်ကင်းကြ၏။

ရန်ကုန် ပုဇွန်တောင်မှ အစာအိမ်ကင်ဆာရောဂါသည် တစ်ဦးသည် ပရိတ်ရေသောက်သဖြင့် ရောဂါပျောက်ကင်းသွားကြောင်း ဆရာတော်အား လျှောက်ထားသည်။ ဓနုဖြူမြို့ တစ်ဖက်ကမ်းရှိ ပက်တန်းရွာတွင် မြွေအကိုက်ခံရသူ တစ်ဦးသည် အဆိပ်မွှန်ပြီး မျက်စိမဖွင့် စကားမပြောနိုင်၊ အိပ်ရာထဲ၌ လဲနေ၏။ ဆရာဝန်က သွေးစစ်ကြည့်သည့်အခါ သွေးဆုတ်နေကြောင်း တွေ့ရ၏။

ပရိတ်ရေတိုက်ပါဟု အကြံပေးသဖြင့် ပရိတ်ရေတိုက်၏။ မျက်စိဖွင့်လာ၏။ နောက်ရက်တွင် ဆုတ်နေသောသွေးများ ပုံမှန်ဖြစ်လာ၏။ သုံးရက်ကြာသည့်အခါ မြွေဆိပ်ကင်းရှင်းသွား၏။ ရန်ကုန်ဆေးရုံကြီး၌ အသက် ၆၀ ကျော် အစာအိမ်ကင်ဆာရောဂါဖြစ်နေသူ အမျိုးသမီး လူနာတစ်ဦးကို ၅-၂-၈၈ ရက်နေ့တွင် ခွဲစိတ်ကုသရန် ရက်ချိန်းပေးထား၏။ လူနာက အားနည်းနေသည့်အတွက် သူ့အား သွေးသွင်းပြီး ခေတ္တအနားပေးထား၏။

ထိုစဉ် လူနာသည် တောင်းတန်းသာသနာပြု ဆရာတော်နှင့် ဆုံတွေ့သဖြင့် မိမိခွဲစိတ်ကုသခံရမည်ကို စိုးရွံ့ကြောင်း လျှောက်ထား၏။

"ပရိတ်ရေသောက်ပါ၊ ပျောက်ကင်းချမ်းသာသွားမှာပါ၊ ဆေးရုံတက်ပြီး မခွဲရပါဘူး၊ စိတ်ချပါ၊ ဘုန်းကြီးကလည်း မေတ္တာပို့ပေးနေမယ်"ဟု စိတ်ချမ်းသာအောင် ဆရာတော်က အားပေးစကား



ပြောကြား၏။ လူနာသည် စိတ်အားတက်လာပြီး ပရိတ်ရေကို သောက်၏။ ခွဲစိတ်ရန် ချိန်းထားသည့်နေ့တွင် ဆရာဝန်များ စမ်းသပ်ကြ၏။ ရောဂါရှာဖွေ၍ မတွေ့တော့ချေ။

"ရောဂါမရှိတော့ဘူး၊ ခွဲစိတ်ကုသဖို့ မလိုတော့ဘူး၊ ဆေးရုံက ဆင်းနိုင်ပြီ"

သမားတော် ဆရာဝန်ကြီး ဦးစံတင်နှင့် ဆရာဝန်များက အံ့အားသင့်ကြကာ လူနာအား ရောဂါပျောက်ကင်းသွားပြီဖြစ်ကြောင်း မိန့်ကြားလိုက်ကြ၏။ ပရိတ်ရေကြောင့် ရောဂါပျောက်ကင်းခဲ့ကြောင်း သိရှိကြသည့်အခါ ဆရာဝန်များကလည်း ပရိတ်ရေကို တောင်းယူကြ၏။

## အံ့လောက်စရာ ပရိတ်မေတ္တာ

ဆရာတော် ချင်းတောင်တွင် သာသနာပြုစဉ်ကဖြစ်သည်။ တစ်ညတွင် ချင်းဒကာတစ်ယောက် ရောက်လာပြီးလျှင် အောက်ပါအတိုင်း လျှောက်သည်။

"သခင်ကြီး၊ ကလေးက ကန့်လန့်ခံနေလို့ ကျုပ်မိန်းမ မီးမဖွားနိုင်တာ သုံးရက်တောင်ရှိပြီ၊ ဆေးခန်းကရော လက်သည်ကရော မတတ်နိုင်ကြတော့ဘူး၊ အိမ်လိုက်ပြီး ကြည့်ပေးပါဦး"

ဆရာတော်သည် ချင်းဒကာနှင့် ချက်ချင်းလိုက်သွား၏။ သို့သော် အိမ်ထဲသို့ မဝင်ချေ။ အိမ်အပြင်က သစ်ပင်တန်း၌ နေခဲ့၏။ သောက်ရေတစ်ခွက် တောင်းပြီးလျှင် မေတ္တာသုတ်ပရိတ်ကို ဦးစွာ ရွတ်ပြီးလျှင် အင်္ဂုလိမာလသုတ်ကို ၇ ခေါက် ရွတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆေးကို ယုံယုံကြည်ကြည် သောက်လို့ပြော ပြီးတော့ ဒီရေခွက်ကို ကြိုးတန်း အဝတ်တန်းအောက်က ယူမသွားနဲ့" ပြီးလျှင် ဥဒ္ဒိသ မေတ္တာပွားပို့နေလိုက်သည်။

မကြာမီပင် အမျိုးသမီးသည် ချမ်းချမ်းသာသာ မီးဖွားနိုင်ပါတော့သည်။

ရန်ကုန်မြို့လယ်မှ အမျိုးသမီးတစ်ဦးသည် အသားဝါရောဂါဖြစ်ပြီး အဖျားတက်နေ၏။ မီးလည်းမဖွားနိုင် ဖြစ်နေ၏။ သို့အတွက် ဆရာဝန်က လူနာရှင်အား မေး၏။

"လူကြီးအသက်ကို ယူမလား၊ ကလေးအသက်ကို ယူမလား၊ နှစ်သက်စလုံး ရဖို့တော့ မလွယ်ဘူး"

ထိုအခါ မိတ်ဆွေတစ်ယောက်က တောင်တန်းဆရာတော်၏ ပရိတ်ရေကို ပေး၏။ လူနာက အားကိုးတကြီးဖြင့် ယုံယုံကြည်ကြည် သောက်၏။ မကြာမီ ချမ်းချမ်းသာသာ မီးဖွား၏။ မိခင်ရော ကလေးပါ ကျန်းကျန်းမာမာ ရှိကြလေသည်။

## မေတ္တာရှိရာမိုးရွာ

ဖ-ဆ-ပ-လ ခေတ်ကဖြစ်၏။ ချင်းတောင်၊ ဖလမ်းမြို့မှာ တပေါင်းလကစပြီး မိုးရွာလေ့ရှိသော်လည်း ဒုတိယဝါဆိုလအထိ မိုးတစ်ပေါက်မှ မကျသေးချေ။ ချင်းအမျိုးသားတို့က ရိုးရာဓလေ့အတိုင်း နွားနောက်သွေးဖြင့် မိုးနတ်သားအား ပူဇော်ပသရန် စီစဉ်ကြ၏။ ဆရာတော် ကြားသိသည့်အခါ (၇) ရက် ဆိုင်းငံ့ရန် မေတ္တာရပ်ခံ၏။ ထို့နောက် မိုးနတ်သား၊ လေနတ်သားတို့ကအစ



တောစောင့်နတ်၊ တောင်စောင့်နတ် စသည်တို့ကိုလည်းကောင်း၊ မိုးခေါင်ရေရှားသဖြင့် ဒုက္ခရောက်နေသည့် လူအားလုံးကိုလည်းကောင်း မေတ္တာပို့၏။

ထို့နောက် မိုးပရိတ် (ငါးရံ့မင်းပရိတ်) ကို (၇) ခေါက် (၃) ရက် ဆက်ပြီးရွတ်ဆိုရာ နေပူကျဲကျဲတွင် မိုးပေါက်ကြီး သုံးရက်ဆက်တိုက်ပင် ရွာချ၏။

မိတ္ထီလာနှင့် မြင်းခြံတို့ဘက်၌ မိုးအလွန်ခေါင်သည့် အချိန်တွင် ဆရာတော်ထံ စာအားဖြင့် အကြောင်းကြား လျှောက်ထားကြ၏။ ဆရာတော်က တောင်ပေါ်မှပင်မှန်းပြီး ပရိတ်ရွတ်ပေး၏။ ထို့နောက် ရေဒီယိုက သုံးရက်ဆက်တိုက် မိုးရွာကြောင်း သတင်း ကြားရ၏။

## အဆိပ်မသင့် မီးမလောင်တာ မေတ္တာ

မေတ္တာကိုယ်တွေ့များနှင့် ပတ်သက်၍ ဆရာတော်ကိုယ်တိုင် ရေးသား ဟောပြောချက်များကို အောက်တွင် ဖော်ပြအပ်ပါသည်။

ဤအရှင်ကို ပျားမတုပ်ပါ။ ယခင် ၁၅ နှစ်ကျော်က ဤအရှင် နေထိုင်သော ကျောင်းသခ်္ခမ်းအနီးရှိ ကျောက်တောင်ကြီးကမ်းပါး၌ လှည်းဘီးပမာဏ ပျားအုံကြီးများ နှစ်စဉ်လာ၍ စွဲလေ့ရှိရာ တစ်နှစ်သော ဆောင်းရာသီတွင် အစိုးရ စိုက်ပျိုးရေးခြံ အလုပ်သမား ချင်းလူမျိုးများက တက်ရောက်၍ မြက်ခြောက်တွေ မီးရှို့ပြီး ပျားအုံများကိုယူရန် ကြိုးစားကြသည်။ ပျားကောင်တွေမှာ မီးခိုးမွှန်း၍ စိတ်ဆိုးပြီး ရပ်ထက်ဝန်းကျင်သို့ ပျံသန်းကြရာ တွေ့မြင်ရာလူများ ခွေးများ၊ နွား၊ ဝက်၊ ကြက်ပါမကျန် ဒေါသကြီးစွာနှင့် လိုက်လံတုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ပြင်းသော ပျားကြီးမျိုးဖြစ်၍ ပျားတုပ်ချက် အများဆုံး ခံကြရသော ပျားဖွပ်သမားများအား ဆေးရုံတင်ပို့ ကုသကြရသည်။ ထိုအချိန်အတွင်း ဤအရှင်သည် ထောင်ပေါင်းများစွာသော ပျားကောင်တွေ ရှုပ်ယှက်ခတ် ပျံသန်းနေကြရာအောက်၌ သွားလာလှုပ်ရှားနေခဲ့ရာ ပျားတစ်ကောင်မျှ တုပ်ခြင်းမရှိချေ။ ဤအဖြစ်ကို ချင်းများနှင့် ဂေါရခါးဒကာများ အံ့သြကြဖူးသည်။

ထိုနည်းတူ ပဆုပ်ပနီသည်လည်း မတုပ်ပါ။ နယ်ခြားတောင်စဥ်တစ်လျှောက် လှည့်လည်နေစဉ်က တစ်နှစ်တွင် ခုနစ်ရွာဗိုလ်တဲနှင့် စာသင်ကျောင်းအနီးရှိ တောင်ဇီးချုံ၌ ပဆုပ်ပနီအုံရှိရာ ဇီးသီးဆွတ်ယူစားကြသော ကျောင်းသားများအား ထွက်၍ တုပ်တတ်ကြသည်။ အချို့ဒေသ ပိတုံးပနီခေါ်ကြသော အရည်မတည်သော ပျားတစ်မျိုးဖြစ်၏။ ထိုပျားတုပ်လျှင် နာလွန်း၍ အော်သူအော်၊ ငိုသူငို၍ ပြေးလာတတ်ကြသည်။

တစ်နေ့တွင် ဘုန်းကြီးကို တုပ်မည်မဟုတ်ကြောင်း အနီးကပ်၍ ရပ်ပြမည်ဟုပြောရာ ကျောင်းသားများ လက်တွေ့သိလိုကြ၍ ဝိုင်းအုံလာကြသည်။ ဇီးချုံနှင့် မလှမ်းကမ်းရောက်လျှင် ပျားကောင်များ ထွက်လာကြပြီး ကျောင်းသားများအား တရကြမ်းတုပ်ကြ၍ အော်ဟစ်ပြေးသွားကြသည်။ ဤအရှင်တစ်ပါးတည်း ဣန္ဒြေမပျက် ရှေ့သို့တိုးသွားပြီး ဇီးချုံအနီးကပ်၍ ရပ်ကြည့်နေသော်လည်း ပျားတစ်ကောင်မျှ မတုပ်။ ထိုအခါ ကျောင်းသားများက လက်တွေ့အံ့သြကြပါသည်။

ထို့အပြင် အရှင်၏ ကျောင်းပရိဝုဏ် (ကျောင်းဝင်း)အတွင်း၌ တောမီးမလောင်ပါ။ နွေရာသီကာလ ရောက်ပြီဆိုလျှင် နှစ်စဉ် တောမီးများ သုံးဘက်သုံးတန်မှ အဟုန်ပြင်းစွာ လောင်လေ့ရှိကြပေသည်။ သို့သော် ဤအရှင်၏ ကျောင်းပရိဝုဏ် အပိုင်းအခြားနယ်စပ်ရောက်လျှင် လူကမငြိမ်းသတ်ရဘဲ မီးမှာ အလိုလို ရပ်တန့်ပြီး ငြိမ်းစဲသွားလေ့ရှိကြပါသည်။



ဤအရှင်၏ ကျောင်းသခ်န်းသည် တောင်ကြီးပေါ် တောအုပ်ကြီး အတွင်း၌ရှိရာ တောလည်း တစ်စပ်တည်း၊ မြက်သစ်ရွက်ခြောက်များ ရောထွေးစပ်ယှက်လျက် ရှိနေကြပါသည်။ သဘာဝအတိုင်းဆိုလျှင် တောက်လျှောက် လောင်လာနိုင်ပါသည်။ ထူးထူးခြားခြား ဆက်မလောင်ဘဲ သူ့အလိုလို ရပ်တန့်ပြီး ငြိမ်းစဲသွားတတ်ကြပါသည်။ မီးကို သစ္စာရှိသည်ဟု ဆိုရမလို ထင်မိ၏။

နတ်များကလည်း ချစ်ခင်ကြည်ညိုနေကြဟန် တူပါသည်။ ဤအရှင်၏ ကျောင်းအနီးရှိ ခန္တီနိတောင်ကြီးပေါ်၌ ဘုမ္မစိုးနတ်ကြီးရှိသည်။ သိသာအောင်ပြတတ်၍ ရှိကြောင်းသိရသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်က အဆိုပါ တောင်စောင့်နတ်ကြီးသည် ဝတ်ဖြူစင်ကြယ်နှင့် ပကတိလူအသွင်ဖြင့် ညချမ်းအခါ ဤအရှင်ထံသို့ ခြောက်ကြိမ်တိုင်တိုင် လာရောက်ဖူး၏။

အရှင်ဘုရား၊ တခြားအရပ်သို့ ကြွမသွားပါနှင့်၊ ဒီတောင်မှာပဲ အမြဲနေပါ၊ တပည့်တော် အရှင်ဘုရားကို အမြဲတမ်း စောင့်ရှောက်ပါ့မယ်ဟုလည်း လျှောက်ထားဖူး၏။

တောင်းတန်းဆရာတော်နည်းတူ ဝိသာခမည်သော မေတ္တာရှင် ရဟန္တာ မထေရ်တစ်ပါး သီဟိုဠ်တွင် ပေါ်ထွန်းခဲ့ဖူးသည်။ ထိုမထေရ်သည် စိတ္တလတောင်၌ သီတင်းသုံးပြီးနောက် တခြားအရပ်သို့သွား

www.burmeseclassic.com

www.burmeseclassic.com



ရန် ပြင်လိုက်သည်နှင့် သပြေပင်စောင့်နတ်က ငိုယိုပြီး ဘေးသို့ မကြွရန် ယခုလို လျှောက်ထားလေသည်။

"အရှင်ဘုရား၊ တခြားအရပ်သို့ မကြွပါနဲ့ဘုရား၊ အရှင်ဘုရားရဲ့ မေတ္တာအာနုဘော်ကြောင့် နတ်တို့အချင်းချင်း ချစ်ခင်မြတ်နိုးကြပါတယ်၊ အလွန်အေးချမ်းကြပါတယ်၊ အရှင်ဘုရား အရပ်တစ်ပါးကြွသွားလျှင် နတ်အပေါင်းတို့က ရှေးကအတိုင်း ခိုက်ရန်ဒေါသဖြစ်ကြပါလိမ့်မယ်၊ ဒါကြောင့် အေးချမ်းစွာ နေထိုင်ရတော့မည်မဟုတ်ပါဘုရား"

"ဤသို့ဖြစ်လျှင် ဤအရပ်၌ နောက်ထပ် လေးလ သီတင်းသုံးပေးပါအံ့"

မထေရ်၏ မေတ္တာစက်ကွင်းကြောင့် နတ်တို့ ခိုက်ရန်မဖြစ်ဘဲ အေးချမ်းစွာ နေထိုင်ကြ၏။ လေးလပြည့်၍ မထေရ် ထွက်ခွာမည်ပြုတိုင်း သပြေပင်စောင့်နတ်က ငိုယိုတောင်းပန်သဖြင့် မထေရ်သည် စိတ္တလတောင်၌ပင်လျှင် ပရိနိဗ္ဗာန်စံတော်မူသည်အထိ ဆက်လက်သီတင်းသုံးသွားရပါသည်။

## တကယ်နိုင်ချင်လျှင်

ဤလောက၌ ရန်ပြုသူကို ရန်တုန့်မူခြင်းအားဖြင့် ရန်ငြိမ်းသွားသည်ဟု တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဖူးချေ။ ရန်တုန့်မမူခြင်းအားဖြင့်သာလျှင် ရန်ငြိမ်းသွားလေသည်။ ဤကားရှေးအစဉ်အလာဖြစ်သော သဘောတရားဖြစ်၏။

(ဓမ္မပဒ၊ ယမကဝဂ်



အထက်ပါ ဗုဒ္ဓ၏ ဟောကြားချက်ကို ဖော်ပြလတ္တံ့သော တောင်တန်းဆရာတော်ကြီး၏ ရေမေတ္တာအောင်ပွဲ လက်တွေ့ဖြစ်ရပ်နှစ်ခုက သက်သေခံလျက်ရှိသည်။

မေတ္တာတရားကို လက်ကိုင်ထား၍ အထုံရနေပြီးသော ပုဂ္ဂိုလ်သည် လောကကြီးတစ်ခုလုံးကို မေတ္တာဖြင့် စိုးအုပ်နေနိုင်သည်။ ဘာပဲဖြစ်ဖြစ် တွေ့ကြုံလာသော လောကဓံဟူသမျှကို မေတ္တာစိတ်ဖြင့် ကျော်လွှားသွားလိမ့်မည်။ ပြဿနာဟူသမျှ မေတ္တာစိတ်ဖြင့် ပြေငြိမ်းစေမည်။ ရန်သူကိုပင် ကြည်လင်အေးမြသော မေတ္တာစာတ်ဖြင့် မိတ်ဆွေကောင်းအဖြစ် ရောက်စေနိုင်ပါသည်။

ဤတွင် နည်းပေးမည်။ ဥပမာ- ဘာအကြောင်းကြောင့်ဖြစ်စေ တစ်စုံတစ်ယောက်သောသူက ရန်မူလာလျှင် ရန်မူသောထိုသူကို စိတ်အာရုံညွတ်၍-

သူ့ခမျာ ငါ့ကို ရန်မူနေတဲ့အတွက် စိတ်နှလုံး ပူလောင်နေရှာမှာပဲ စသည်ဖြင့် ကရုဏာစိတ်ကို ဦးစွာဖြစ်စေပါ။ သနားထိုက်သော၊ သနားစရာကောင်းသော သတ္တဝါအဖြစ်ထား၍ ကရုဏာစိတ်ဝင်စားပြီးလျှင် နောက်မှတစ်ဆက်တည်း တကယ်ချမ်းသာကောင်းစားစေလိုသော စေတနာဖြင့် လှိုက်လှိုက်လှဲလှဲ မေတ္တာပို့လွှတ်ပေးရမည်။ အမြဲမပြတ် မလုပ်နိုင်သော်လည်း မေတ္တာပို့နေသောအခိုက်တွင် လှိုက်လှဲသော စေတနာထက်သန်မှု ရှိစေရမည်။

ထက်သန်မှုရှိမှ ထိရောက်သည်။ တန်ခိုးထက်မြက်သည်။ အထူးသတိပြုရန်မှာ မေတ္တာပို့သော မိမိစိတ်ထဲသို့ ဒေါသဝင်မလာဆေရပါ။ တစ်ဖက်သား ပျက်စီးစေလိုခြင်း၊ ဒုက္ခရောက်သွားစေလိုခြင်း

www.burmeseclassic.com

www.burmeseclassic.com



စသော ဒေါသစိတ် (အာဃာတ–ရန်ငြိုးစိတ်၊ ဒေါမနဿ–မကျေမချမ်း နှာကျည်းသောစိတ်) ဝင်တတ်သည်။ ဝင်လာလျှင် လွှတ်အောင် ဖယ်ထုတ်ပစ်ပါ။ ယင်းဒေါသစိတ်ကင်းအောင် ဖယ်ထုတ်ပစ်နိုင်လျှင် ရန်သူအပေါ် မိမိက အောင်နိုင်ပြီဟုမှတ်ပါ။

အကယ်၍ ရန်သူကို စိတ်အာရုံညွှတ်၍ မေတ္တာပို့ရုံသက်သက်ဖြင့် အမြန်ပြေအေးသွားမည်မထင်လျှင် ဖန်ခွက်ဂါစ်ခုကို ဆေးကြော၊ ရေအေးအေးသန့်သန့်ထည့်ပြီး အမှိုက်သရိုက်မကျအောင် အဖုံးဖုံး၍ ဘုရားစင်မှာ တင်ထား၊ ရန်မူသူကို ကိုယ်စားရည်မှတ်၍ ကျောက်ခဲကလေးကို ဖြစ်စေ၊ တုတ်ချောင်းကလေးကိုဖြစ်စေ ထိုဖန်ခွက်ထဲချပြီး စိမ်ထည့်ထား။ "သူ့ကို အေးချမ်းသွားစေရန် မေတ္တာရေစိမ်ထားပြီ" ဟု စိတ်ရှင်းစွာထား၍ မေတ္တာပို့လွှတ်ပေးနေပါ။

ထိုရန်မူသူကို ကောင်းစားချမ်းသာစေလိုသော မေတ္တာစိတ်ပို့လွှတ်နေလျှင် ခုနစ်ရက်အတွင်း မူပြောင်းလာလိမ့်မည်။ ထူးခြားသည်မှာ သူ့မှာ ဒေါသမရှိလျှင်၊ ဒေါသနည်းလျှင် ချစ်ခင်လာလိမ့်မည်။ ကိုယ့်ကို သနားစိတ်ဝင်လာလိမ့်မည်။ သူ ပြောမှားဆိုမှားရှိသမျှ ဝန်ချတောင်းပန်လာလိမ့်မည်။ အကယ်၍ လူကိုယ်တိုင် လာရောက်မတောင်းပန်စေကာမူ ဆက်လက်၍ ရန်မမူတော့ချေ။ မီးကို ရေနှင့်ဖျန်းလိုက်သလို ငြိမ်းသွားလိမ့်မည်။

သို့သော် သူ့မှာ မကျေနိုင် မအေးနိုင်လောက်အောင် ဒေါသရှိနေသေးလျှင်ကား ကိုယ့်အနားမှာ နေလို့မရ၊ ဝေးရာသို့ တစ်နည်းနည်းဖြင့် ဖယ်ခွာသွားရတတ်သည်။ အားလုံး ဤပုံစံချည်းပင် ထုံးစံပင်တည်း၊ မလွဲချေ။



ထိုမှတစ်ပါး အခြားမည်သည့် လုပ်ငန်း[illegible]တွေ့ကြုံရသော နှောင့်ယှက်သူကိုဖြစ်စေ၊ နေထိုင်စားသောက်ရေးကိစ္စ၌ တွေ့ကြုံရသူကိုဖြစ်စေ တွေ့ကြုံရလေသမျှ အထက်ပါနည်းအတိုင်းသာ လိုက်နာလုပ်ဆောင်ပါ။ မေတ္တာစိတ်ဓာတ် ခိုင်မြဲသော အဆောင်တန်ခိုးဖြင့် ကြည်လင်အေးမြခြင်းကို ဖြစ်စေရမည်၊ အောင်နိုင်ရမည်ဟူ၍ ညွှန်ကြားအပ်ပါသည်။

အိမ်မှ စိတ်ကောက်ပြီး ထွက်သွားသူကိုလည်း ဤနည်းအတိုင်း လုပ်ဆောင်ပါ၊ ပြန်ရောက်လာပါလိမ့်မည်။

သူတော်ကောင်းတို့မည်သည် မေတ္တာတရားကို လက်ကိုင်ထားရမည်။ အခြားနည်းကို လက်ကိုင်ထားလျှင် မှားရောမှတ်ပါ။ မေတ္တာလောက် ကောင်းတာ လောကမှာ မရှိပါ။

ရန်ကုန်မြို့ နိုင်ငံခြားရေးဆိုင်ရာရုံးတစ်ရုံးက အုပ်ချုပ်ရေးအရာရှိ ဒကာတစ်ဦးဟာ အချင်းချင်းမသင့်မတင့်ဖြစ်ကြပြီး အကြီးအကျယ် စိတ်မချမ်းမသာဖြစ်နေရရှာတယ်။ အဲဒီဒကာဟာ မေတ္တာ ညွှတ်ပေးရန် ဘုန်းကြီးအား စာရေးပြီး လျှောက်ထားတယ်။ ချက်ချင်းပဲ ဘုန်းကြီးလဲ စာပြန်လိုက်တယ်။ ရန်သူအပေါ် မေတ္တာညွှတ်ပုံရေးလိုက်တယ်။

အဲဒီလို မေတ္တာလုပ်နေချိန်မှာ အထူးသဖြင့်–

၁။ အရက်သေစာမသောက်စားဖို့၊

၂။ တတ်နိုင်လျှင် ဥပုသ်စောင့်ဖို့

၃။ ရန်ရှာတဲ့လူအပေါ်ကို ဒေါသစိတ်မထားနှင့်၊ စကားကို ညင်ညင်သာသာပြော၊ သုံးလအတွင်း ထူးခြားလိမ့်မယ်လို့ ရေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီအရာရှိဒကာလဲဘုန်းကြီးပြောတဲ့အတိုင်းလိုက်နာပြီး မေတ္တာပွားမည့်အကြောင်း ဝန်ခံလျှောက်ထားစာ ဘုန်းကြီးထံထည့်လိုက်တယ်။ သုံးလရှိတယ်ဆိုရင်ပဲ နောက်ထပ် စာတစ်စောင်ရတယ်။

၁။ ပထမလမှာ ရန်သူဟာ ရာထူးမှ နုတ်ထွက်သွားရပြီ။

၂။ ဒုတိယလမှာ မိမိအတွက် ရာထူးတက်ရန် ကောင်းသတင်းများထွက်လာတဲ့အကြောင်း နှစ်သက်ဖွယ် မင်္ဂလာသတင်းကြားရတယ်။

၃။ တတိယလမှာ ရာထူးတိုးတက်ခန့်ထားခံရတယ်လို့ ဝမ်းသာအားရ လျှောက်ထားတယ်။

နောက်တစ်ခုက ဘုန်းကြီးရဲ့မိတ်ဆွေ စာချဘုန်းကြီးကလေးတစ်ပါး၊ ဟို . . . သင်္ဂါယနာတင်နေချိန်က . . . ဘုန်းကြီးက ဆဋ္ဌသင်္ဂါယနာမှာ ဩဝါဒစရိယအဖြစ်နဲ့ ပုဗ္ဗဝိဒေဟဆောင်မှာ နေရတယ်။ အဲဒီအချိန်မှာ ပါဠိတက္ကသိုလ်တွေ မှိုလိုပေါက်နေတဲ့အခါဆိုတော့ စာချဘုန်းကြီးပေါက်စတွေ အလွန်စန်းပွင့်နေချိန်ပေါ့၊ ဟိုကျောင်းတိုက်က တက္ကသိုလ်ဖွင့်ချင်၊ ဒီကျောင်းတိုက်က တက္ကသိုက်ဖွင့်ချင်နဲ့ စာတော်တဲ့ဘုန်းကြီးကလေးများကို အထူးရှာဖွေအလေးပေးပြီး မွေးကြရတယ်။

ခုနကမိတ်ဆွေစာချဘုန်းကြီးကလေးဟာ ကျောင်းတိုက်ကြီးတစ်တိုက်က ကျောင်းထိုင်ဘုန်းကြီးနဲ့ တူတော်တယ်။ ရိုးသားတယ်။ စာတော်တယ်။ အနေအထိုင်ကောင်းတယ်။ သူ့ခမျာ အေးအေးပဲ နေလေ့ရှိတယ်။ သူ့နဲ့လုပ်ဖော်ကိုင်ဖက်သုံးပါးက တစ်စတစ်စနဲ့ သူ့ကိုရန်လုပ်ပြီး တခြားထွက်သွားအောင်လုပ်ကြတယ်။ သူ့ဦးလေး



ဆရာဘုန်းတော်ကြီးက တားတာနဲ့ စိတ်ဆင်းရဲနေပေမယ့် အခြားကို ထွက်မသွားနိုင်ဘူး။

အဲဒီအတောအတွင်း တစ်နေ့တော့ ဘုန်းကြီးဆီရောက်လာပြီး အကြောင်းစုံပြောပြ အကူအညီလဲ တောင်းလာတယ်။ ဒီတော့ ဘုန်းကြီးက "ကိုယ်တော် ဒါဘာခက်လဲ၊ ဘုန်းကြီးပဲဟာ၊ မေတ္တာလက်ကိုင်ထားရုံပေါ့၊ ဒါမျိုးမှာ တစ်ခြားနည်း လက်ကိုင်ထားရင်မှားရော ကိုယ်တော်၊ မေတ္တာသာထားနိုင်မယ်ဆိုရင် ကိုယ်တော်သံသရာလည်ရမှာတောင် မကြောက်နဲ့" ဆိုပြီး ရေမေတ္တာလုပ်နည်းပေးလိုက်တယ်။

စိတ်ချလက်ချ ယုံယုံကြည်ကြည်နဲ့ ရန်သူအပေါ်မှာ ကောင်းစား ချမ်းသာလိုတဲ့မေတ္တာစိတ်စစ်စစ်ကြီးဖြစ်အောင်ထားဖို့လဲ အထူးမှာကြားလိုက်တယ်။ အဲ မကြာပါဘူး၊ အဲဒီစာချဘုန်းကြီးကလေးကို နှင်ထုတ်ဖို့လုပ်နေကြတဲ့ ဘဝတူရန်သူသုံးပါးထဲက တစ်ပါးဟာ သူတို့ ကြံစည်ပြောဆိုမိတာတွေ မှားတဲ့အကြောင်း တောင်းပန်လာတယ်။ အဲ . . . ကျန်နှစ်ပါးကတော့ သူတို့အချင်းချင်းပဲ ရတ်တရက် ရန်ဖြစ်ပြီး အဲဒီကျောင်းက သူတို့ဘာသာသူတို့ ထွက်သွားကြရတယ်။ ဒေါသမရှိတဲ့ ရန်သူဆိုရင် ခင်မင်လာတယ်။

တောင်းပန်ဝန်ချလာတယ်။ ဒေါသရှိနေသေးရင်တော့ ဘာစ်နည်းနည်းနဲ့ အဝေးကို ထွက်သွားရတယ်။ အားလုံး ဒီပုံစံချည်းပဲ သွားတယ်။ စာရေးသူ ကမာရွတ်တွင် စာချစဉ်က တောင်သာဘုန်း ဆရာတော်ကြီး၏ ရေမေတ္တာကို အကျယ်ချဲ့၍ ဟောကြားဖူးရာ

www.burmeseclassic.com



လက်တွေ့စမ်းသပ်လာသော ဆရာမတစ်ယောက်က အောက်ပါအတိုင်း လာ၍လျှောက်ထားဖူးသည်။

"တပည့်တော် ဆရာတော် ဟောတဲ့အတိုင်း ရေမေတ္တာကို လက်တွေ့စမ်းသပ်ကြည့်တာ အကုန်အောင်မြင်တယ်ဘုရား။ ပထမတစ်ခုကတော့ တပည့်တော် ခင်ပွန်းရဲ့သူငယ်ချင်းဟာ အိမ်မှာ လာပြီး ခင်ပွန်းနဲ့အတူ သောက်စားမူးယစ်ကြတယ်ဘုရား၊ ဒီသတင်းကိုကြားသွားတဲ့ ခင်ပွန်းသူငယ်ချင်းဇနီးဟာ တပည့်တော်က မြှူဆွယ်ပြီးတိုက်လို့ သူ့ယောက်ျား အရက်သောက်ရပါတယ်ဆိုပြီး တပည့်တော်ကို ဆဲဆိုရန်တွေ့ပါတယ်။

အရင်တုန်းကဆိုရင် ပွဲကြီးပွဲကောင်းပေါ့၊ ခုတော့ မေတ္တာတရားကိုနာပြီး လက်တွေ့ကျင့်ကြံနေပြီဖြစ်လို့ ဘာမှပြန်မပြောဘဲ မေတ္တာပို့ပြီး သည်းခံနေလိုက်ပါတယ်။ ညကျတော့ ရေမေတ္တာကို ကျကျနနပို့လိုက်တယ်။ မနက်လဲလင်းရော ဆဲသွားတဲ့မိန်းမ ကန်တော့ပွဲနဲ့ကိုလာပြီး ကန်တော့ရှာတယ်။ တပည့်တော် တစ်သက်မှာ ရွယ်တူက ကန်တော့တာဆိုလို့ ဒီတစ်ခါပဲကြုံရသေးတယ် ဘုရားဟောတဲ့အတိုင်း ဒေါသကို မေတ္တာနဲ့ အနိုင်ရလို့ ဝမ်းသာမိတယ်။

နောက်တစ်ခုကတော့ တပည့်တော်ရဲ့မိတ်ဆွေတစ်ယောက်ဟာ တပည့်တော်ဆီက ငွေနှစ်သောင်းချေးပြီး ခြေရာဖျောက်နေလိုက်တာ သုံးနှစ်လောက်ရှိပြီဘုရား၊ အဲဒါ အရှင်ဘုရားဆီက ရေမေတ္တာတရားကို နာပြီးတဲ့ညကစပြီးပို့လိုက်တာ အံ့သြစရာပါပဲဘုရား



နှစ်ပတ်အတွင်းမှာပဲ မသိစေချင်လို့ ခြေရာဖျောက်နေတဲ့မိတ်ဆွေဆီက စာတစ်စောင် ရောက်လာပါတယ်။

စာထဲမှာ ရေးထားတာကတော့ သူငယ်ချင်းရဲ့ ချေးငွေကို ပြန်ဆပ်နိုင်ဖို့ ငွေရှာနေပါတယ်တဲ့၊ ငွေရတာနဲ့ ချေးငွေကို ပြန်ပေးလိုက်ပါမယ်လို့ ရေးထားတာပါပဲဘုရား"

ဗုဒ္ဓ၏မေတ္တာတရားကား လောကီ လောကုတ္တရာနှစ်ဖြာ ကောင်းကျိုးပေးသော တရားပါပေတည်း။

"ငါ့ကို ဆဲဖူးသည်၊ ငါ့ကို နှိပ်စက်ဖူးသည်၊ ငါ့ကို အနိုင်ကျင့်ဖူးသည်၊ ငါ့ဥစ္စာကို ခိုးယူဖူးသည်ဟု ရန်ငြိုးဖွဲ့ထားလျှင် ရန်မငြိမ်းချေ။ ရန်ငြိုးကို ဖျောက်ပစ်မှသာ ရန်ငြိမ်းလေသည်"

(ဓမ္မပဒ၊ ယမကဝဂ်)

"ရဟန်းတို့၊ သီတင်းသုံးဖော် (အတူတကွနေရသူ) များ၏ ချစ်ခင်ခြင်း၊ လေးစားခြင်းကို ပြုတတ်ကုန်သော ဤသာရဏီယတရား ခြောက်မျိုးတို့သည် သင်္ဂြိုဟ်ထောက်ပံ့ရန်၊ မငြင်းခုန်ရန်၊ ညီညွတ်ရန် တစ်ပေါင်းတည်း စည်းလုံးရန်ဖြစ်ကုန်၏။ တရားခြောက်မျိုးကား–

၁။ မေတ္တာကာယကံထားခြင်း၊

၂။ မေတ္တာဝစီကံထားခြင်း၊

၃။ မေတ္တာမနောကံထားခြင်း၊

၄။ မိမိပိုင်းပစ္စည်းများကို သီလရှိသော သီတင်းသုံးဖော်တို့နှင့် မခွဲခြား မကန့်သတ်ဘဲ အတူတကွ (အများဆိုင်ကဲ့သို့) သုံးစွဲခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၅။ တူညီသော ကိုယ်ကျင့် (သီလရှိခြင်း)၊
၆။ တူညီသော အယူဝါဒ (အမြင်) ရှိခြင်းတို့ ဖြစ်ကုန်၏”

**(ဆက္ကအင်္ဂုတ္တရပါဠိတော်၊ သာရဏီယသုတ်)**

၁။ နေထွက်နေဝင် ကိုးဂုဏ်ရှင်၊ နေ့စဉ်ရှိခိုးမယ်။
၂။ အနန္တငါး၊ ဂုဏ်တော်များ၊ ညွှတ်တွားကန်တော့မယ်။
၃။ မျက်နှာသစ်ရင်၊ ရေကိုမြင်၊ မြင်စဉ်မေတ္တာပွားပါ့မယ်။
၄။ သစ်ရင်းသစ်ရင်း၊ လျှော့ယိုယွင်း၊ ရုပ်ဆင်းသတိထားပါ့မယ်။
၅။ တန်းတူတွေ့ရင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။
၆။ ပြိုင်မယ့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၇။ ကိုယ့်အောက်တွေ့ရင်၊ ကရုဏာဝင်၊ မဝင်နိုင်က နှိုင်တတ်တယ်။
၈။ နှိုင်မယ့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၉။ ကိုယ့်ထက်သာရင် မုဒိတာဝင်၊ မဝင်လျှသာယှိုင်တတ်တယ်။
၁၀။ ယှိုင်မယ့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၁၁။ ရုပ်ကိုလဲပြင်၊ စိတ်လဲပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ၊ သုခနိဗ္ဗာန်တိုင်လိမ့်မယ်။

**(အဘိဓဇမဟာရဋ္ဌဂုရု၊ မစိုးရိမ်ပဏ္ဍာန်းဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါဘိဝံသ)**



**မီးငြိမ်းချင်လျှင် မေတ္တာဆင်**

အမှားအမှန်ကို တိကျစွာသိရန်ခဲယဉ်း၏။
အမှားအမှန်ကို စိစစ်ခဲ၏။
အမှားအမှန်ကို ဝေဖန်ခွဲခြား၍ပြောခဲ၏။
အမှားကိုပယ်၍ အမှန်ကိုပြုလုပ်ခဲ၏။
ထိုခဲယဉ်းခြင်းလေးမျိုးတို့ကို
လွတ်မြောက်အောင် အထူးအားထုတ်သင့်၏။
သာသနာကို မည်သူကစ၍ပြုမည်နည်း။
မိမိကိုယ်ကစ၍ပြုရမည်။
မိမိကိုယ်မှာ သာသနာမရှိလျှင်
သူတစ်ပါးကို သာသနာပြု၍ ဖြစ်နိုင်မည်မဟုတ်ပေ။
မေတ္တာကို ဘယ်သူကစ၍ ပို့ရမည်နည်း။
မိမိကိုယ်ကစ၍ပို့ရမည်။
မိမိကိုယ်မှာ မေတ္တာအပြည့်အဝရှိမှ
သူတစ်ပါးကို မေတ္တာပို့၍ဖြစ်နိုင်သည်။
ဥပမာ–သူတစ်ပါးထံ ငွေပို့လိုလျှင်
မိမိမှာ ငွေရှိဖို့လိုလေသည်။
မိမိကိုယ်ကို တကယ်ချစ်လျှင်
မိမိကိုယ်ကို လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ဖြင့်
မကြာမကြာ မရှို့သင့်ပေ။
တစ်မိသားစုလုံး စည်းကမ်းတကျဖြစ်စေလိုလျှင်
ဥပမာ–အိမ်ထောင်မှူးက ဆေးလိပ်သောက်ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်သားများအပေါ် ဆေးလိပ်မသောက်ရ
စည်းကမ်းလုပ်၍ ဖြစ်နိုင်မည်မဟုတ်ပေ။
လူတိုင်း လူတိုင်းမှာ
အဆင်ပြေမှု၊ အဆင်မပြေမှုဟူ၍ နှစ်မျိုးရှိရာ
အဆင်ပြေမှုသည် ကုသိုလ်ကြောင့်ဖြစ်၏။
အဆင်မပြေမှုသည် အကုသိုလ်ကြောင့်ဖြစ်၏။
ကုသိုလ်သည် အပူငြိမ်း၍၊ ကောင်းကျိုးကို ပေးစေတတ်၍
ရေနှင့်တူ၏။
အကုသိုလ်သည် အပူများ၍
လောင်ကျွမ်းဖျက်ဆီးတတ်သဖြင့်
မီးနှင့်တူ၏။
မီးလောင်သောအခါ မီးအလျှင်အမြန်ငြိမ်းစေရန်
ရေများများ လောင်းပေးရမည့်အစား
မီးလောင်စာများ များများထည့်ပေးနေလျှင်
မီးပို၍ပို၍ လောင်မည်သာဖြစ်၏။
ထို့အတူ အဆင်မပြေမှုဟူသော
အကုသိုလ်မီးလောင်သောအခါ
ကုသိုလ်တည်းဟူသော ရေ
မေတ္တာရေ များများလောင်းပေးရမည့်အစား
ဟိုသူ့ကိုအပြစ်တင်၊ ဒီသူ့ကိုအပြစ်တင်
ဟိုသူ့ကိုမုန်း၊ ဒီသူ့ကိုမုန်း
ဒေါသမီး တဟုန်းဟုန်းတောက်လောင်နေကြလျှင်



ငြိမ်းအေးမှုသုခမရနိုင်ဘဲ
ပူလောင်ဆင်းရဲမှုဟူသော ဒုက္ခသာ
တိုးပွားနေမည်ဖြစ်သည်။
သို့ဖြစ်၍ အဆင်မပြေမှု၏ အရင်းခံဖြစ်သော
အကုသိုလ်မီးကို
အဆင်ပြေမှု၏ အရင်းခံဖြစ်သော
ကုသိုလ်တည်းဟူသောရေဖြင့်
များနိုင်သမျှ များများလောင်းပေးရမည်။
သို့မှသာ ဒုက္ခအပူကင်း၍
ချမ်းသာအေးမြခြင်းသုခကို ရနိုင်ပေသည်။

ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ၊
၁၃၅၁ ခု၊ နယုန်လ၊ ၁၉၈၉ ခု၊ ဇွန်လ။

## လိုက်မမီရာ အိုမေတ္တာ

မြတ်စွာဘုရား၊ အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ သီဟနာဒဝဂ်ရဲ့ ဝေလာမသုတ်မှာ အလောင်းတော်ဘဝတစ်ခုဖြစ်တဲ့ ဝေလာမ ပုဏ္ဏားဖြစ်စဉ်က အလှူပွဲကြီးတစ်ခု ပေးလှူခဲ့ပါတယ်။ အခုလို ကြီးကျယ်တဲ့ ဒါနမှုရဲ့ အကျိုးဟာလည်း ကြီးမားလှပါတယ်။ ဒါပေမယ့် ဒါနမှုထက် သီလဆောက်တည်မှုကြောင့် ရရှိခံစားနိုင်တဲ့ အကျိုးကာ သာပြီးကြီးမားပုံကို ဟောပြခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပဲ မြတ်စွာဘုရားက မေတ္တာစိတ်ထားရှိခြင်းဟာ ဒါနမှု၊ သီလမှုတွေထက် မြတ်တယ်လို့ ဟောတော်မူခဲ့ပါတယ်။ ဒီအလှူပွဲမှာ ဝေလာမပုဏ္ဏားကြီးက–

၁။ ရွှေအပြည့်ထည့်ထားတဲ့ ရွှေခွက်ကြီး ရှစ်သောင်းလေးထောင်။

၂။ ရွှေပြည့်ထည့်ထားတဲ့ ငွေခွက်ကြီး ရှစ်သောင်း လေးထောင်။

၃။ ရတနာခုနစ်ပါး အပြည့်ထည့်ထားတဲ့ ကြေးခွက်ကြီး ရှစ်သောင်းလေးထောင်။

၄။ ရွှေတန်၊ ရွှေအလံ၊ ရွှေကွန်ယက်တွေ ဖုံးလွှမ်းထားတဲ့ တန်ဆာ ရှစ်သောင်းလေးထောင်။

၅။ ခြင်္သေ့ရေ၊ ကျားရေ၊ သစ်ရေကာထားတဲ့ ဖျော့တော့တဲ့ အဆင်းရှိတဲ့ ကမ္ဗလာနဲ့ကာထားတဲ့ ရွှေတန်ဆာ၊ ရွှေအလံ၊ ရွှေကွန်ယက်တွေဖုံးထားတဲ့ ရထား ရှစ်သောင်းလေးထောင်။

၆။ ငွေနဲ့ပြုလုပ်ထားတဲ့ နို့ရေကိုခံတဲ့ခွက်နဲ့ နို့ညှစ်ယူလို့ရတဲ့ နွားမရှစ်သောင်းလေးထောင်။

၇။ ပတ္တမြားနားငှောင်းဝတ်ဆင်ထားတဲ့ သတို့သမီး ရှစ်သောင်းလေးထောင်။

၈။ လက်လေးသစ်အမွေးရှည်တဲ့ ကော်ဇောအခင်း၊ ဖွေးလှတဲ့ သားမွေးအခင်း၊ ပန်းအတိပြည့်တဲ့ သားမွေးအခင်း၊ ကောင်းမြတ်တဲ့



ကျောက်ဝန်ပိုလ်ရေနဲ့ ပြုလုပ်ထားတဲ့ အခင်းထက်မှာ မျက်နှာကျက်နှင့်တကွ ခြေအုံး၊ ခေါင်းအုံးနှင့်တကွ ပလ္လင်ရှစ်သောင်း လေးထောင်။

၉။ သိမ်မွေ့နူးညံ့တဲ့ ခေါမတိုင်းဖြစ် ပုဆိုးလို့ဆိုရတဲ့ ပိုးပုဆိုးအဝတ်ပေါင်း ရှစ်သောင်းလေးထောင်။

၁၀။ ခဲဘွယ်၊ စားဘွယ်၊ သောက်ဘွယ်၊ လျက်ဘွယ်တွေကို ထမင်းရည်ချောင်းစီးပေးလှူပါတယ်။ ဒီနေရာမှာ ဗုဒ္ဓက အလှူဒါနပြုမှုကြောင့် အကျိုးရရှိတာကတော့အမှန်ပဲ၊ ဒါပေမယ့် အလှူခံပုဂ္ဂိုလ်နဲ့ အလှူအပေါ်မှာထားရှိတဲ့ စေတနာအဆင့်အလိုက် အကျိုးရရှိခံစားမှု မတူပုံကို ဆက်ပြီးရှင်းပြပါတယ်။ အဲဒီသုတ်မှာ မြတ်စွာဘုရားက–

၁။ အကြင်သူဟာ ဝေလာမပုဏ္ဏားရဲ့အလှူလို ကြီးကျယ်ခန်းနားတဲ့ အလှူမျိုးကိုပေးလှူတာထက် မှန်ကန်တဲ့အယူနဲ့ပြည့်စုံတဲ့ သောတာပန်တစ်ပါးကို ပေးလှူတာက ပိုပြီး အကျိုးကြီးမားတယ်။

၂။ အကြင်သူဟာ တစ်ရာမကသော သောတာပန်ပုဂ္ဂိုလ်တွေကို ဆွမ်းကျွေးလှူတာထက် သကဒါဂါမ်တစ်ပါးကို ပေးလှူတဲ့ အကျိုးက ပိုပြီး အကျိုးကြီးမားတယ်။

၃။ အကြင်သူဟာ သကဒါဂါမ်တစ်ရာကို ပေးလှူတာထက် အနာဂါမ်တစ်ပါးကို ပေးလှူတဲ့အကျိုးက ပိုပြီးကြီးမားတယ်။

၄။ အကြင်သူဟာ အနာဂါမ်တစ်ရာကို ပေးလှူတာထက် ရဟန္တာတစ်ပါးကို ပေးလှူတဲ့အကျိုးက ပိုပြီးကြီးမားမြင့်မြတ်တယ်။

၅။ အကြင်သူဟာ ရဟန္တာတစ်ရာကို ပေးလှူတာထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို ပေးလှူတဲ့အကျိုးက ပိုပြီးကြီးမားတယ်။

www.burmeseclassic.com

www.burmeseclassic.com



၆။ အကြင်သူဟာ ပစ္စေကဗုဒ္ဓါတစ်ရာကို ပေးလှူတာထက် သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူကို ပေးလှူတဲ့အကျိုးက ပိုပြီးကြီးမားတယ်။

၇။ အကြင်သူဟာ သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူကို ပေးလှူတာထက် ဘုရားအမှူးရှိတဲ့ သံဃာတော်များကို လှူဒါန်းတဲ့အကျိုးက ပိုပြီးအကျိုးကြီးမားတယ်။

၈။ အဲဒီထက် အကြင်သူဟာ အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာတော်များကို ရည်ညွှန်းပြီး လေးတောင်မျှသာရှိတဲ့ ကျောင်းကို ဆောက်လုပ်ပြီး လှူဒါန်းတဲ့အကျိုးက ပိုပြီးကြီးမားတယ်။

၉။ အဲဒီထက်အကြင်သူဟာ ကြည်ညိုလှတဲ့စိတ်နဲ့ ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း ဆည်းကပ်ကိုးကွယ်ပြီး သရဏဂုံဆောက်တည်ရတဲ့ အကျိုးက ပိုပြီးကြီးမားတယ်။

၁၀။ အဲဒီထက် အကြင်သူဟာ သူတစ်ပါးအသက်ကို မသတ်ခြင်း၊ သူတစ်ပါးရဲ့ပစ္စည်းဥစ္စာကို မခိုးခြင်း၊ သူတစ်ပါးရဲ့ သားမယားနဲ့ မလွန်ကျူးခြင်း၊ မဟုတ်မမှန်တဲ့စကားကို မပြောဆိုခြင်း၊ မူးယစ်စေတဲ့ အရာများကို မသုံးစွဲခြင်းဆိုတဲ့ ငါးပါးသီလစောင့်ခြင်းက ပိုပြီးတော့ အကျိုးကြီးမားတယ်။

၁၁။ အဲဒီထက်အကြင်သူဟာ နံ့သာတစ်ရှူခန့် (သို့) နွားနို့တစ်ညှစ်ခန့်မျှ အချိန်ကြာအောင် ကိုယ့်မှာ မေတ္တာစိတ်ကို ထားရှိခြင်း (သို့) ကိုယ့်ရဲ့ မေတ္တာစိတ်ကို ပွားများခြင်းက ပိုပြီး အကျိုးကြီးမားတယ်ဟု ဟောကြားတော်မူခဲ့သည်။

* * *



## အခန်း (၉)

# အဆင့်ဆင့်မေတ္တာပွားနည်းများ

မေတ္တာပွားနည်းသည် ပါရမီကုသိုလ်ဖြစ်ပွားနည်း၊ ဈာန်ရအောင်ပွားနည်း၊ ဈာန်မှ တစ်ဆင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ထိရအောင်ပွားနည်းဟူ၍ ၃ မျိုးသုံးစားခွဲခြားနိုင်ပါသည်။ ဆရာတော်ကြီးများ၏ ပါရမီကုသိုလ်ဖြစ်ပွားနည်းများကို ရှာဖွေတွေ့ရှိသလောက် တင်ပြသွားပါမည်။

### မင်းကွန်းတိပိဋကဆရာတော်၏ မေတ္တာပွားနည်းများ

၁။ အရှေ့အရပ်၌ရှိကြကုန်သော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့-

ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ

ဒေါသခပ်သိမ်းကင်းငြိမ်းကြပါစေ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခပ်သိမ်းကင်းငြိမ်းကြပါစေ
နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

၂။ အနောက်အရပ်၌ရှိကြကုန်သော
၃။ မြောက်အရပ်၌ရှိကြကုန်သော
၄။ တောင်အရပ်၌ရှိကြကုန်သော
၅။ အရှေ့တောင်ထောင့်အရပ်၌ရှိကြကုန်သော
၆။ အနောက်မြောက်ထောင့်အရပ်၌ရှိကြကုန်သော
၇။ အရှေ့မြောက်ထောင့်အရပ်၌ရှိကြကုန်သော
၈။ အနောက်တောင်ထောင့်အရပ်၌ရှိကြကုန်သော
၉။ အောက်အရပ်၌ရှိကြကုန်သော ထက်ဝန်းကျင်၊ အနန္တ စကြဝဠာ၊ အပါယ်ဘုံသား၊ အနန္တသတ္တဝါတို့-

ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ
ဒေါသခပ်သိမ်းကင်းငြိမ်းကြပါစေ
ဆင်းရဲခပ်သိမ်းကင်းငြိမ်းကြပါစေ
နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

၁၀။ အထက်အရပ်၌ရှိကြကုန်သော ထက်ဝန်းကျင်၊ အနန္တ စကြဝဠာ၊ အနန္တနတ်ဗြဟ္မာတို့-

ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ
ဒေါသခပ်သိမ်းကင်းငြိမ်းကြပါစေ
ဆင်းရဲခပ်သိမ်းကင်းငြိမ်းကြပါစေ
နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)



## (ထက်ဝန်းကျင် ပါသင့်ပုံရှင်းပြချက်)

အထက်အရပ်၊ အောက်အရပ်တို့၌ ထက်ဝန်းကျင်သဒ္ဒါ ပါသင့်ပုံနှင့် ပတ်သက်၍ ဆရာတော်က အောက်ပါအတိုင်း ရှင်းပြတော်မူပါသည်။

အထက်အရပ်နဲ့ အောက်အရပ်ကျတော့ နည်းနည်းထက်ဝန်းကျင် အနန္တ စကြဝဠာလို့ ထက်ဝန်းကျင်ကလေးထည့်ရတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ အဲဒီထက်ဝန်းကျင်ကလေးမထည့်ရင် အောက်အရပ်၌ရှိသော အနန္တ စကြဝဠာလို့ဆိုလိုက်ရင် ဒီစကြဝဠာအောက်မှာ စကြဝဠာတိုက်တွေ တစ်တိုက်ပြီးတစ်တိုက်၊ တစ်တိုက်ပြီး တစ်တိုက်အောက်မှာမှာပေါ့လေ၊ စကြဝဠာတွေအနန္တ ရှိတယ်လို့ ဒီလိုအဓိပ္ပာယ်ရောက်တယ်။ မဟုတ်ဘူး။

အမှန်က ဒီစကြဝဠာမှာ အခုမြေအောက်မှာ ရေရှိတယ်။ ရေအောက်မှာ လေရှိတယ်။ လေအောက်မှာ အဇဋာကာသဆိုတဲ့ ကောင်းကင်ကြီးပဲရှိတယ်။ အောက်မှာ စကြဝဠာတိုက်မရှိဘူး။ ဘေးပတ်ဝန်းကျင်မှာတော့ စကြဝဠာတိုက်တွေ အနန္တ ရှိတယ်။ အဲဒါတွေအားလုံးရောက်အောင်လို့ အောက်အရပ်၌ရှိသော နောက်နားက ထက်ဝန်းကျင်ဆိုတာ ဘေးပတ်ပတ်လည်လို့ ဆိုလိုတယ်။ အနန္တ စကြဝဠာ အဲဒီစကြဝဠာက ဘာပြုလို့ ဒီလိုပို့ရတုန်းဆိုတော့-

ခုနကအရပ်ရှစ်မျက်နှာပြောတုန်းက အပါယ်ဘုံသားတွေ စိတ်အာရုံမရောက်ဘူး။ ကိုယ်တိုင်ပို့ကြည့်လဲမရောက်တာတွေ့ရတယ်။ အဲဒါကြောင့် အပါယ်ဘုံသားတွေကို အာရုံရောက်အောင်လို့ အောက်အရပ်ကိုပါ ပွားရတယ်။ ထို့အတူပဲ အရပ်ရှစ်မျက်နှာပွားတုန်းက

www.burmeseclassic.com

www.burmeseclassic.com



အထက်ကနတ်တွေ၊ ဗြဟ္မာတွေမပါဘူး၊ အာရုံထဲမှာ မရောက်ဘူး၊ မိမိတို့လူတွေ တစ်ပြင်တည်းနေတဲ့လူတွေကိုသာ အာရုံရောက်လို့ အထက်ကနတ်တွေ ဗြဟ္မာတွေရော မေတ္တာပွားရအောင်ဆိုပြီးတော့—

အထက်အရပ်၌ရှိသော အနန္တစကြဝဠာလို့ဆိုတဲ့ ရှေ့နား က ထက်ဝန်းကျင်လို့ ထည့်တာလဲ ဒီအတိုင်းပဲ၊ ဒီထက်ဝန်းကျင် မထည့်လို့ရှိရင် ဒီစကြဝဠာရဲ့အထက်မှာ စကြဝဠာတိုက်တွေ ဆင့်ကဲဆင့်ကဲ အနန္တစကြဝဠာလို့ အဲဒီလိုထင်သွားမယ်။ အဲဒီလိုမထင်အောင် အဲဒီအထင်ကို တားမြစ်ပြီးတော့ ထက်ဝန်းကျင်ဆိုတော့ ဘေးပတ်ပတ်လည် အနန္တစကြဝဠာ၊ အနန္တနတ်ဗြဟ္မာတို့ ဒါလေးပဲ ထူးတယ်။ ဒါ ဒီသာဖရဏမေတ္တာလို့ခေါ်တယ်။

## မေတ္တသုတ်လာ မေတ္တာပွားနည်း

၁။ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
၂။ ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ
(ထည့်ဆိုပါ)
၃။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ
၄။ ဝေးနေနီးနေ နှစ်ထွေများစွာ သတ္တဝါ
၅။ ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါ
၆။ ရှည်တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ
၇။ ကြီးငယ်အလတ် သုံးရပ်ခန္ဓာ သတ္တဝါ
၈။ ဆူကြုံအလတ် သုံးရပ်ခန္ဓာ သတ္တဝါ



၉။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။
၁၀။ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။
၁၁။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။
(မေတ္တာသုတ်)

## ခက်ဆစ်အဓိပ္ပာယ်

ကြောက်တတ်၊ မကြောက်တတ်ဟူသောစကား၌ ကြောက်တတ်အရ=ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်တို့ကို ယူရမည်။ မကြောက်တတ်အရ–အနာဂါမ်၊ ရဟန္တာစသည်တို့ကိုယူရမည်။ ဒေါသပယ်ပြီးသောပုဂ္ဂိုလ်မှန်သမျှယူရမည်။ မြင်အပ်အရ=လူနှင့် တိရစ္ဆာန်တို့ကိုယူ။ မမြင်အပ်အရ=နတ်၊ ဗြဟ္မာ၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်များကို ယူ။ (မှတ်ချက်။ ။ကြောက်တတ်အရ အနာဂါမ်ကိုပါယူသော ဝါဒရှိသေးသည်။)

ဘဝဇာတ်ဆုံးအရ=ရဟန္တာမှစ၍ နောက်ထပ်ဘဝမကူးကြတော့သော ပုဂ္ဂိုလ်များကိုယူ။ ဘဝဇာတ်မဆုံးအရ=ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များကိုယူ။ ဆူဆိုသည်မှာ ဝသောသတ္တဝါကို ဆိုလိုသည်။ ကြုံဆိုသည်မှာ ပိန်သောသတ္တဝါကိုဆိုလိုသည်။ အလတ် ဆိုသည်မှာ မဝ၊ မပိန်အနေတော်သတ္တဝါများကို ဆိုလိုသည်။

## အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၏ မေတ္တာပို့

ရေသောက်ခါနီး၊ ရေချိုးခါနီး၊ မျက်နှာသစ်ခါနီးတွင် ရေတစ်ခွက်ကိုခပ်ပြီးသည်နှင့် မသောက်သေး၊ မချိုးသေး၊ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မသစ်သေးဘဲ ခွက်ယဲမှရေကိုကြည့်ပြီး စိတ်ထဲမှ ဤကဲ့သို့ မေတ္တာပို့ပါ။

ဤရေအေးမြသလို ငါအေးမြရပါလို၏။
ငါအေးမြသလို ငါ့ကိုချစ်သူများလည်း
အေးမြကြပါစေ၊ ငါ့ကိုမုန်းသူများလည်း
အေးမြကြပါစေ၊ သတ္တဝါအားလုံး
အေးမြကြပါစေ။

## တောင်တန်းဆရာတော်ကြီး၏ မေတ္တာပို့

စကြဝဠာအနန္တ၌ရှိကြကုန်သော
လူနတ်သတ္တဝါအားလုံး
ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ။

လူ မမာတစ်ဦးဦးကို ဥဒ္ဒိဿ=ရည်းစူးသော မေတ္တာပို့လိုလျှင် လူမမာ၏မျက်နှာကို စိတ်ထဲတွင်ပေါ်လာအောင် အာရုံယူပြီးလျှင် အောက်ပါအတိုင်း လူမမာမျက်နှာပြုံးလာသည်အထိ မေတ္တာပို့ပါ။

ကို...သည်
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ
ဘေးရန်ကင်းပါစေ
စိုးရိမ်ကြောင့်ကြကင်းပါစေ
ဆင်းရဲခြင်းကင်းပါစေ
ချမ်းသာသောကိုယ်စိတ်ကို ဆောင်နိုင်ပါစေ။

## ခရီးသွား မေတ္တာ

"ငါ၏ရှေ့တူရူအရပ်(သွားမည့်နေရာ)၌ရှိကြသော
နတ်လူသတ္တဝါအားလုံးတို့သည်
ဘေးရန်ကြောင့်ကြ ဆင်းရဲခြင်းကင်း၍
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ
ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ" ဟု စိတ်ထဲက အာရုံညွှတ်စေပြီး မနောက်မြောက်အောင် (စိတ်ပါ၊ လက်ပါ) မေတ္တာပို့ပါ။

ငါ၏နောက်အရပ်၌ ရှိခဲ့ကြကုန်သော
နတ်လူသတ္တဝါအားလုံးတို့သည်
(ပ)စေဟူ၍နည်းတူ မေတ္တာပို့ပါ။

ငါ၏ ဝဲအရပ်၌၊ ...ယာအရပ်၌ရှိကြကုန်သော နတ်လူသတ္တဝါအားလုံးတို့သည် (ပ) ...စေဟူ၍ ရှေးနည်းအတူ သတ္တဝါတို့အပေါ် စိတ်ထဲက အာရုံညွှတ်၍ မနောက်မြောက်အောင် မေတ္တာပို့ပါ။ အကျိုးကျေးဇူးကား ထိုခရီးတစ်လျှောက်လုံး မိမိအား ဘာအနှောင့်အယှက်မှမရှိ။ ဘေးရန်အန္တရာယ်ကင်းသည်။ ကောင်းမွန်ချောမောစွာ ခရီးပြီးဆုံးမည်။ ရောက်ရာဒေသတိုင်း၌ တွေ့ကြုံသူများက ချစ်ခင်လိုလားစွာနှင့် ကြိုဆိုနေကြောင်း တွေ့မြင်ရမည်။

ဤနည်းအတိုင်း စမ်းသပ်ကြည့်လျှင် ဟုတ်မှန်ကြောင်း လက်တွေ့သိကြရပါလိမ့်မည်။ အထူးမှာ...မိမိသွားမည့်ခရီးစဉ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံရမည့်သူကို အထူးစိတ်ညွှတ်၍ မေတ္တာပို့လွှတ်ပေးရမည်။ လူအများနှင့်တွေ့ကြုံရမည်ဖြစ်လျှင် အများကိုရည်မှတ်၍ မေတ္တာပို့လွှတ်ပေးပါ။ ထိုနည်းတူ သွားလိုရာဒေသတိုင်း၌ တွေ့ဆုံသွားရမည့်သူများကို စိတ်ညွှတ်ပိုင်းခြား၍ အသီးသီးပို့လွှတ်ပေးသွားပါ။ မိမိလိုရာဆန္ဒချောမောစွာပြည့်စုံ၍ အံ့သြလောက်အောင် ဝမ်းမြောက်ပြီးစီးခဲ့ပုံကို လက်တွေ့သိကြရမည်။

**(တောင်တန်းဆရာတော်)**

### မိုးညှင်းဆရာတော်၏ မေတ္တာပို့များ

၁။ တို့အိမ်တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၂။ တို့ရွာတွင်းမှာ...
၃။ တို့မြို့တွင်းမှာ...
၄။ တို့နိုင်ငံတွင်းမှာ...
၅။ တို့ကမ္ဘာတွင်းမှာ...
၆။ တို့စကြဝဠာတွင်းမှာ...
၇။ အနန္တစကြဝဠာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

### အရပ်ဆယ်မျက်နှာမေတ္တာပို့

၁။ အရှေ့အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၂။ အရှေ့တောင်ထောင့်အရပ်မှာ...
၃။ တောင်အရပ်မှာ...
၄။ အနောက်တောင်ထောင့်အရပ်မှာ...



၅။ အနောက်အရပ်မှာ...
၆။ အနောက်မြောက်ထောင့်အရပ်မှာ...
၇။ မြောက်အရပ်မှာ...
၈။ အရှေ့မြောက်ထောင့်အရပ်မှာ...
၉။ အောက်အရပ်မှာ...
၁၀။ အထက်အရပ်မှာ...

### တရုတ်နိုင်ငံသို့ မေတ္တာဩဝါဒပေးခြင်း

၁၃၀၁ ခု နတ်တော်လဆန်း(၃)ရက်နေ့တွင် တရုတ်ပြည်လုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ၊ သာသနာပြု ထိုင်ဆူ ဆရာတော်၏ လျှောက်ထားတောင်းပန်ချက်အရ မေတ္တာဩဝါဒပေးသနားတော်မူပုံ။

အထူးသိစေရန်မှာ သွားရောက်လတ္တံ့သော မြို့ရွာနယ်ပယ်များသို့မှန်းဆပြီးလျှင် ဥပမာဆိုသော် သီရိလင်္ကာသို့သွားမူ သီရိလင်္ကာကျွန်းရှိသမျှပုဂ္ဂိုလ်သတ္တဝါများကို ဉာဏ်ကွန်ယက်နှင့်အုပ်ပြီးလျှင် သီရိလင်္ကာတစ်ကျွန်းလုံးတို့ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ၊ ချမ်းသာကြပါစေဟု ပုတီးနှစ်ပတ်သုံးပတ်စိတ်ပါ။ အခွင့်မရပါမူ နှစ်ကြိမ် သုံးကြိမ် နှလုံးသွင်း၍သွားပါ။

အိန္ဒိယနှင့် အင်္ဂလန်စသည်တို့သို့ သွားလိုသောအခါမှာလည်း ရှေးနည်းအတူ ဉာဏ်ကွန်ယက်နှင့် အုပ်၍အုပ်၍ ပွားများအားထုတ်ပြီးမှ ကြွပါလေ။ ကြုံဆိုသောအခါ စသည်တို့မှာလည်း တွေ့ရှိသမျှသော ပုဂ္ဂိုလ်အပေါင်းတို့အပေါ်ကို ဉာဏ်နှင့်အုပ်ပြီးလျှင် "ဤတွေ့ရှိသမျှတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ" ဟု

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပွားၡ၍သွားပါလေ။ မိမိအထူးအလိုရှိသောအရာတို့၌ ကိစ္စပြီးစီးအောင် ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များကိုလည်း မိမိကိစ္စမပြီးမချင်း ဉာဏ်နှင့်ရှုးစိုက်၍ "ထိုသူကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ ချမ်းသာပါစေ"ဟု မပြီးမချင်း မေတ္တာပွားပါ။ မေတ္တာကိုပွားပြီးမှ အလိုရှိရာအလုပ်များကို အားထုတ်သွားပါလေ။ အတူပါပရိသတ်များကိုလည်း ကိုယ်တော်နှင့်အတူ မေတ္တာပွား၍သွားကြရန် သတိပေးပါလေ။ အထူးကူညီလိုသည်ကား ကိုယ်တော်၏ တစ်ကိုယ်လုံး ထင်ရှားသောဓာတ်ပုံတစ်ခုကိုရရှိက ဓာတ်ပုံအာရုံနိမိတ်ကိုယူ၍ မိုးညှင်းက တရုတ်ကိုယ်တော်အရှင်အား မေတ္တာပွားရမှု သာလို့ကောင်း၏။ ထိုမှတစ်ပါး ခက်ခဲသောဒုနေရာများ၌ အထူးမေတ္တာပွားကူညီရန်အလိုရှိပါက ရောက်ရာအရပ်က စာပေးပို့ပါလေ။

## မေတ္တာဝေဖြာ နှစ်ဘာသာ

၁၃၀၁ ခု တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့တွင် ပြုလုပ်မည့် အရိယပရတ်တိနိဒိဆဘာအသင်းကြီး၏ အစည်းအဝေးတွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာနှစ်ဘာသာတို့အတွက် မေတ္တာဩဝါဒပေးသနားရန် ရန်ကုန်မြို့ ပရတ်တိနိဒိဆဘာအသင်းကြီး၏ စက္ကရီတေရီ၊ ပရမာနန္ဒ၏ လျှောက်ထားချက်အရ ပေးသနားသော ဩဝါဒကောက်နုတ်ချက်။

ဘာသာကြီးနှစ်ပါးတို့ တစ်လုံးတစ်ပေါင်းတည်း ညီညွတ်စွာဖြစ်စေရန် အကြံဉာဏ်ပေးစေလိုကြောင်း တောင်းပန်ချက်အရ အကြံဉာဏ်ပေးရပါမူ ၎င်းအသင်းကြီးစည်းဝေးပြုလုပ်သည့်နေ့တို့မှာ အားလုံး



ကြီးတို့ကို ကြားသိကြစေရန်ကား အညီအညွတ်ဖြစ်ကြရန် အကြောင်းရင်းမှာ မေတ္တာရှေ့ထားသော ကိုယ်နှုတ်စိတ် သုံးပါးတို့ပေတည်း။

ထိုသုံးပါးတို့တွင် လိုရင်းအချုပ်ကား စိတ်ပေတည်း။ ကိုယ်နှင့်လည်း ညီညွတ်အောင်ပြုလုပ်နေထိုင်ကြကုန်ရာ၏။ နှုတ်ဖြင့်လည်း ညီညွတ်အောင် ပြောဆိုတိုင်ပင်ကြကုန်ရာ၏။ စိတ်ကောင်းရှိဖို့ကား အလိုလိုမဖြစ်နိုင်ကြပေ။ အားထုတ်၍ယူကြရကုန်၏။ အားထုတ်ရပုံကား စစဦး မိမိအမျိုးသားတို့ကို ဉာဏ်နှင့်ကြည့်၍ "ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ" ဟု အနည်းဆုံး ဆယ်ကြိမ် ဆယ့်ငါးကြိမ်လောက် စိတ်ဖြင့် ပွားများပြီးမှ မိမိတို့အမျိုးသားနှင့်အတူ။

ဟိန္ဒူဖြစ်မူ ဗုဒ္ဓဘာသာမြန်မာအမျိုးသားအားလုံးတို့ကို ဉာဏ်နှင့်ကြည့်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ" ဟု ဆယ်ကြိမ် ဆယ့်ငါးကြိမ်လောက်လည်း နေ့စဉ်ပွားများကြကုန်၏။ မြန်မာဖြစ်မူ ဟိန္ဒူအမျိုးသားအားလုံးတို့ကိုဉာဏ်နှင့်ကြည့်၍ "ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ" ဟု အကြိမ်ကြိမ်ပွားများကြပြီးလျှင် နောက်နောင် အမျိုးသားအချင်းချင်း တွေ့မြင်တိုင်း၊ တွေ့မြင်တိုင်းတို့မှာ ချမ်းသာကြောင်း မေတ္တာစိတ်ဓာတ်များကို ဖြစ်စေကြသောအခါ ထိုမေတ္တာတို့ ရင့်သန်လာကြ၍ တစ်ဦးနှင့်တစ်ဦး အကြောင်းညီညွတ်ကြသလောက် ချမ်းသာကြောင်းများကို ကိုယ်နှင့်လည်း ပြုလုပ်နေထိုင်ကြကုန်ရာ၏။

နှုတ်ဖြင့်လည်း ကောင်းစွာ ပြောဆိုခြင်း၊ အကြံဉာဏ်ပေးခြင်းစသည်တို့ကို ပြုလုပ်နိုင်ကြကုန်ရာ၏။ စိတ်ဖြင့်လည်း ချမ်းသာစေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများကို ကြံစည်အားထုတ်နိုင်ကြကုန်ရာ၏။ ဤသည်တို့ကား စိတ်ကောင်းများကို မွေးမြူကြပြီးလျှင် ကိုယ် စိတ် နှုတ်တို့ပါ ကောင်းမွန်လာကြ၍ ဘာသာကြီးနှစ်ပါးတို့ တစ်လုံးတစ်ပေါင်းတည်း ညီညွတ်စွာဖြစ်စေကြောင်း အကြံဉာဏ်ပေးချက်တို့ ဖြစ်ပါသတည်း။

### လူပုဂ္ဂိုလ်မှန်သမျှတို့ သတိရကြရန်
### မိုးညှင်းဆရာတော်၏ ဩဝါဒ

မည်သူမဆို မိမိတို့အတွင်းရှိ ရုပ်တရား၊ နာမ်တရားတို့ ဆိုးဝါးဖောက်ပြန်ချက်ကြောင့်လည်းကောင်း၊ မိမိတို့အပရှိ ဥတု၊ အာဟာရ၊ ပုဂ္ဂိုလ်စသည်တို့၏ ဆိုးဝါးဖောက်ပြန်ချက်ကြောင့်လည်းကောင်း ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း ဒုက္ခဝေဒနာတို့ ဖြစ်လာကြပါမူ မကောင်းမှုအကုသိုလ်တို့ကြောင့်ချည်းဖြစ်ကြရကုန်၏ဟု သေချာဂဏာစွာ မှတ်ယူကြပါလေ။ ထိုဆင်းရဲကြောင်း မကောင်းမှုအကုသိုလ်တို့ကိုလည်း သူတစ်ပါးပြုကြလို့ မဟုတ်ကုန်။

ယခုဘဝတွင်လည်းကောင်း၊ နောက်နောင်ဘဝကလည်းကောင်း မိမိတို့ကိုယ်တိုင် မိုက်မှားခဲ့ကြလို့သာ ဒုက္ခအမျိုးမျိုးတို့ တွေ့ကြုံကြရ၏ဟု မိမိမိုက်ခဲ့သောအပြစ်ကိုသာ ရှုကြည့်ပါလေ။ ဤသို့ရှုကြည့်ပြီးမှ ဤဒုက္ခမျိုး နောင်မဖြစ်ရန်ကား ယခုဘဝထပ်၍ မိုက်မှားကျူးလွန်ကြမှ ဤကဲ့သို့ဒုက္ခအသစ်ဖြစ်ရန် အကြောင်းတည်း။ ယခုဖြစ်နေရင်းဘေးဒုက္ခတို့ကား နောက်နောင်က အကုသိုလ် အဟောင်းကြောင့် ဖြစ်ကြရ၏ဟု သိရှိကြ၍ "ပြုလျှင် အသစ်၊ ဖြစ်လျှင် အဟောင်း" ဟု လူတိုင်းပါးစပ်တို့မှာ အရဆောင်ကြပြီး



လျှင် မိမိတို့တစ်မြို့လုံး၊ တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံးရှိ ပုဂ္ဂိုလ်သတ္တဝါတို့ကို ဉာဏ်ကွန်ယက်နှင့် အုပ်ခြုံကြပြီးလျှင် အဟုတ်ချမ်းသာကြစေလိုသော စိတ်ကောင်းထား၍ "တို့တစ်မြို့လုံး၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေဟူ၍လည်းကောင်း ပုတီးပတ်များများ ဖြစ်စေ၊ အနည်းဆုံး နှစ်ကြိမ်သုံးကြိမ်ဖြစ်စေ မေတ္တာပွားကြပါလေ၊ ကြားသိသူ အပေါင်း သူတော်ကောင်းတွေတို့။

(မိုးညှင်းဆရာတော်ဘုရားကြီး)

"မေတ္တာ ကရုဏာနှင့်ယှဉ်သော စိတ်ဓာတ်၏ စွမ်းအားသည် လွန်စွာကြီးမားလှသဖြင့် မေတ္တာစေလွှတ်ပို့သလိုက်သူ၏ မေတ္တာလှိုင်းသည် မေတ္တာခံယူမည့်သူထံ ရောက်ရှိသောအခါ ခံယူသူ၏စိတ်နှင့်တကွ ရုပ်ခန္ဓာတို့မှ အမြန်ပြောင်းလွဲ ရွေ့လျားထိခိုက်လှုပ်ခတ်သွားကြောင်း မုချ ယုံကြည်အပ်ပေသည်"

(ဒဂုန်နတ်ရှင်)

### မဟာစည်ဆရာတော်ကြီး၏ မေတ္တာပို့

၁။ ယခုရောက်လာ တို့သူငါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၂။ ရှင်လူများစွာ တို့သူငါ...
၃။ ဂုဏ်တော်နန္တာ မြတ်ဆရာ...
၄။ မိဘဆရာ ဂုဏ်နန္တာ...
၅။ တို့ကျောင်းတွင်းမှာ များသတ္တာ...

www.burmeseclassic.com

www.burmeseclassic.com



၆။ တို့မြို့တွင်းမှာ များသတ္တာ...
၇။ တို့နယ်တွင်းမှာ...
၈။ တို့ရွာတွင်းမှာ...
၉။ ရဟန်းသံဃာ အားလုံးမှာ...
၁၀။ ပစ္စည်းလေးဖြာ ဒါယကာ...
၁၁။ မင်းစိုးရာဇာ နယ်တကာ...
၁၂။ ခိုးသူတိုက်သူ လိမ်ကောက်သူ ထိုသူကိုယ်စိတ်ချမ်းသာစေ။
၁၃။ တို့စကြဝဠာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၁၄။ အနန္တစကြဝဠာ များသတ္တာ...
၁၅။ အပါယ်လေးရွာ များသတ္တာ...
၁၆။ လူနတ်ဗြဟ္မာအားလုံးမှာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၁၇။ သုံးဆယ့်တစ်ဘုံ အလုံးစုံ အကုန်ချမ်းသာစေ။

## သဲကုန်းအရှင်ဉာဏိဿရ၏ မေတ္တာပို့

၁။ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။
၂။ မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။
၃။ မေတ္တာရေချမ်း သွန်းကာဖျန်း အေးချမ်းကြပါစေ။
၄။ မေတ္တာမဥ္ဇူ မွှေးပျံ့ကြူ ကြည်ဖြူကြပါစေ။
၅။ ခပ်သိမ်းသောသူ တရားယူ သီတဂူသို့အေးပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။
ဆင်းရဲဒုက္ခမှ ကင်းလွတ်ပါစေ။

(ရဟန္တာဖြစ်သော ဝနဝါသီတိဿသာမဏေ)



လူနတ်ဗြဟ္မာ သတ္တဝါအားလုံး
စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ။

(စာချဆရာတော်တစ်ပါး)

## အစားထိုးကြ

ကမ္ဘာလောကကြီးမှာ မေတ္တာဓာတ်ဟာ အမွှေးဆုံး၊ အအေးဆုံး ပါပဲကွာ။

ဒေါသမီးတောက်ရင် ကြောက်စရာ၊ ဒေါသဖြစ်လာရင် အလကားရတဲ့ ရေကိုတောင် ဝအောင် မသောက်ရတော့ဘူးဟေ့၊ ဒေါသရဲ့နေရာမှာ မေတ္တာရောက်အောင် အစားထိုးကြ၊ အစားထိုးကြ။

ဂျိုးဖြူဆရာတော်
**ဦးအာဒိစ္စဝံသ**
တိုက်ကြီးမြို့နယ်
ဂျိုးဖြူရေလှောင်ကန်အနီး
ဇနိဖွေးကုန်းကျေးရွာ
သက္ကဝတီ၊ မဟာသိဝ
သုမင်္ဂလ၊ သာသနာပြုကုန်းမြေ။

## ဂျိုးဖြူဆရာတော် ဦးအာဒိစ္စဝံသ၏ မေတ္တာပွားနည်းမျိုးစုံ ၁၁–ဌာန ဣစ္ဆာသယမေတ္တာပို့

(၁) ဣဒ္ဓိပါဒ်သို့ ရောက်တော်မူကြကုန်သော သဲစုမကပ်(?)တော်မူကြကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့၏

www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ဤ **သာသနာတော်ကြီးနှင့်စပ်သမျှ** လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာအပေါင်း သတ္တဝါအနန္တတို့ (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

(၂) ဘေးကင်းခြင်းသို့ ရောက်တော်မူကြကုန်သော သံဃမက ပွင့်တော်မူကြကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ဤ **လောကကြီးနှင့်စပ်သမျှ** လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာအပေါင်း သတ္တဝါအနန္တတို့ (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

(၃) အောင်ခြင်းသို့ ရောက်တော်မူကြကုန်သော သံဃမက ပွင့်တော်မူကြကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ကျွန်ုပ်တို့မိသားစု၊ **ကျွန်ုပ်တို့မိသားစုနှင့်စပ်သမျှ** လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာအပေါင်း သတ္တဝါအနန္တတို့ (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

(၄) လာဘ်ပေါခြင်းသို့ ရောက်တော်မူကြကုန်သော သံဃမက ပွင့်တော်မူကြကုန်သော (ပ)ကြောင့် ဤမိသားစုတို့၊ ဤအိမ်မိသားစုတို့နှင့်စပ်သမျှ လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာအပေါင်း သတ္တဝါအနန္တတို့ (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

(၅) တန်ခိုးတေဇော် အာနုဘော်တော်လျှံခြင်းသို့ ရောက်တော်မူကြကုန်သော (ပ)ကြောင့် ဤမိသားစုတို့၊ ဤရွာသား တို့နှင့်စပ်သမျှ လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာအပေါင်း သတ္တဝါအနန္တတို့ (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃



(၆) အားတော်အနန္တနှင့် ပြည့်စုံတော်မူကြကုန်သော (ပ)ကြောင့် ဤမြို့သားစုတို့၊ ဤမြို့သားစုတို့နှင့်စပ်သမျှ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအနန္တတို့ (ချမ်းသာ ကိုယ်စိတ်မြဲပါစေ)၃

(၇) အခြံအရံပေါများခြင်းသို့ ရောက်တော်မူကြကုန်သော သံဃ(ပ)ကြောင့် ဤတိုင်းရင်းသားစုတို့၊ ဤဝိုင်းရင်းသားစုတို့နှင့် စပ်သမျှ လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာအပေါင်း သတ္တဝါအနန္တတို့ (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

(၈) အခြံအရံ (ပ)ကြောင့် မော်ဘိ ဘိုးတော်ကြီး၊ ရွှေတိဂုံ ဘိုးတော်ကြီး၊ ဆူလေဘိုးတော်ကြီး၊ သန်လျင်ဘိုးတော်ကြီး၊ ဤနက္ခကနတ်မင်းကြီး အားလုံးတို့သည် (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

(၉) တန်ခိုးတေဇော်(ပ)ကြောင့် ဘိုးတော်သိကြားမင်း၊ နတ်မင်းကြီးလေးပါး၊ ပိဋကသုံးပုံစောင့် မယ်တော်မြတ်နှင့် ဒေဝီ (၂၁) ပါး စန္ဒိပရမိသွာ မဟာပိန္နဲနတ်မင်းများ၊ ဘောဂဝတီနဂါးပြည်တွင် စောင့်ရှောက်ကြကုန်သော နဂါးမင်းကြီး၊ နဂါးမယ်တော်ဒေဝီ၊ ဒေဝါ အပေါင်းအားလုံးတို့သည် (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

(၁၀) ရန်ခိုးတေဇော် (ပ)ကြောင့် သိုက်ချုပ်ဘိုးတော်ကြီးများ၊ ရွှေကျိုးဖြူ မူလခဲသိုက်နန်းရှင်များအမှူးထား၍ ရှိရှိသမျှ သိုက်နန်းဒေဝီ၊ ဒေဝါအားလုံးတို့သည် (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

(၁၁) အသရေတိုးခြင်းသို့ ရောက်တော်မူကြကုန်သော သံဃမက ပွင့်တော်မူကြကုန်သော(ပ)ကြောင့် ဤကမ္ဘာသားတို့၊ ဤကမ္ဘာသားတို့နှင့်စပ်သမျှ လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာအပေါင်း သတ္တဝါအနန္တတို့ (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

www.burmeseclassic.com

www.burmeseclassic.com



(၁၂) ဘုန်းတော်အနန္တ စသည်တို့နှင့် ပြည့်စုံတော်မူကြကုန်သော ဘုရား၊ တရား၊ သံဃာ၊ ဆရာသမား၊ မိဘ၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်အပေါင်းတို့နှင့် အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်အသီးသီးတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် သုံးဆယ့်တစ်ဘုံ လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာအပေါင်း သတ္တဝါ အနန္တ တို့ (ချမ်းသာကိုယ်စိတ်မြဲပါစေ)၃

**အမှာ။** ။ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုလည်း ဤ(၁၁)ဌာနဖြင့် ဉာဏ်ရှိသလို မေတ္တာပို့ပါလေ။

### မြန်မာဘာသာ ဝိသေသမေတ္တာပို့

၁။ ငါဟုခေါ်ရာ ဤခန္ဓာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိဖြစ်ပါစေ
၂။ မာတာပိတာ၊ ဤနှစ်ဖြာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိဖြစ်ပါစေ
၃။ အာစရိယာ၊ သင်ဆရာ
၄။ ဉာတိမိတ္တာ၊ ဆွေသဟာ
၅။ ကိုယ်မှာစောင့်လာ၊ နတ်ဒေဝါ
၆။ အိမ်ခြံစောင့်လာ၊ နတ်ဒေဝါ
၇။ မြို့ရွာစောင့်လာ၊ နတ်ဒေဝါ
၈။ တောတောင်စောင့်လာ၊ နတ်ဒေဝါ
၉။ ဘုမ္မစိုးမဟာ၊ နတ်ဒေဝါ
၁၀။ ရုက္ခစိုးမဟာ၊ နတ်ဒေဝါ
၁၁။ အာကာသစိုးမဟာ၊ နတ်ဒေဝါ။



### ဗုဒ္ဓ၏ မေတ္တာသြဝါဒ

ရဟန်းတို့၊ ရဟန်းတစ်ပါးသည် လက်ဖျောက်တစ်ချက်တီးအချိန်မျှလောက် မေတ္တာပွားလိုက်တယ်ဆိုလျှင်ပင် ထိုရဟန်းကို ဈာန်တရားဖြင့်နေသော ရဟန်း၊ မြတ်စွာဘုရား၏ သာသနာကို စည်ပင်ပြန့်ပွားအောင် ကြိုးစားသောရဟန်း၊ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာကျင့်သုံးသောရဟန်း၊ တိုင်းသူပြည်သားတို့ဆွမ်းကို အလကားမဖြစ်စေဘဲ အကျိုးရှိအောင် စားသုံးသော ရဟန်းဟူ၍ ဆိုအပ်၏။

ထို့ထက်အလွန်ပွားများပါမူကား အဘယ်ဆိုဘွယ်ရာရှိပါတော့အံ့နည်း။

**(အင်္ဂုတ္တရနိကာယ၊ ဧကကနိပါတပါဠိ)**

### လယ်တီဆရာတော်ဘုရားကြီး၏ ဂေါဏသုရာဒီပနီကျမ်းမှ ပွားမေတ္တာစာ

ကျမ်းဝိဘင်အဋ္ဌကထာ၊ တိုက်ရိုက်ကြီးအလာမှာ၊
ပါဏာတိပါကပြုလုပ်သည့်ဌာနဝယ်၊ ကာယကံရှင်တစ်ခန်း၊
ချိုးမွမ်းသူ တစ်ယောက်၊ ဝမ်းမြောက်သူ တစ်ဖက်၊
သုံးဦးသားအနက်၊ အကျိုးဆက်မတူကြ
ကာယကံရှင်ဖလမှာ၊ နိရယတစ်လမ်း၊
ချီးမွမ်းသူပြိတ္တာရောက်၊ ဝမ်းမြောက်သူအနေမှာ
တိရစ္ဆာန်ဖြစ်စေဟု၊ ဝေပုံကျအပြီး၊
ဆုံးဖြတ်ချက်အသီးသီးတွင်၊ ပစ္စည်းရှင်ဝယ်လူစုမှာ

www.burmeseclassic.com

www.burmeseclassic.com



ချိုးမွှမ်းမှုတစ်စိတ်ပါ၊ ဝမ်းသာမှုတစ်သွယ်ထွက်၊
နှစ်ပါးစုံရောယှက်သော်၊ လက်သည်ထက်အပြစ်ကြီးမည်ဟု၊
ယူမှီးရန်ကျသော်လည်း၊
ကာယကံရှင်နှင့်တူလျှင်ပင်မနည်းပြီ
နောက်ဆွဲကလိုက်ရကြောင်းမှာ၊ တစ်ခုကောင်းအတွက်
ဝမ်းသာသည့်အချက်နှင့်ပင်၊ ဆက်ဆက်ကြီးပါရမည်ဟု၊
ဋ္ဌကထာရှိသည်ပင်၊ ယုတ္တိနှင့်စဉ်းစားလျှင်၊
ရောင်းသမား ဝယ်သမား၊ နှစ်ဦးသားသဘောတူ၊
ဝယ်သူကမူလ၊ ရောင်းသူမှာဘူတ၊
ဝယ်သူပေါမှ ရောင်းသူရှင်၊ ရောင်းသူရှင်မှတွင်တွင်သတ်၊
နဘောထပ်၊ လွှန်းပေါင်းတင်၊ သည်အတိုင်းမြင်ကြလျက်၊
ဖွတ်ငင်သည့်တဏှာကြောင့်၊ ဟင်းလျာသည်ဆိုလျှင်ပင်၊
ခိုပြီးသည့်အတိုင်း၊ ဝိုင်းကြသည် ကြွက်ကြွက်ဆူ၊
သူမရငါမရ၊ ငွေစကိုတစ်ပြင်ပြင်၊ ချိန်ခွင်ကိုတစ်ခါခါ၊
နက်ဖြန်လည်းလာပါနော်၊ သန်ဘက်လည်းမျှော်ပါ့မည်
ခေါ်လိုက်သူတစ်ချို့၊ လက်တို့၍မှာသူမှာ၊
ဟင်းလျာသည်လာခဲ့သည်ဟု၊ စိတ်ထဲကတ,သူတ၊
သို့ဖြစ်၍နေကြလျက်၊ ပါးစပ်ကပရိယာယ်၊
ရောင်းလာလို့ဝယ်ပါသည်၊ ဘယ်အပြစ်မရှိပေါင်ဟု၊
ယောင်လို့များမဟာနှင့်၊ ဝမ်းထဲကသဘောကို၊
မပြောဘဲကုန်စင်အောင်၊ မြင်ရင်းစွဲဖြစ်ကြသည်။
သည်ရသာတဏှာမွဲ၊ သူအတင့်ရဲတိုင်းကို၊



အထဲကမသန်၊ ဖွတ်လုံ၍ခံကြလျှင်၊
ပါယ်လေးတန်ဒုက္ခမှာ၊ မြုပ်ကြမည်စင်းစင်း၊
သည်တဏှာကင်းလျက်ပင်၊ တစ်တောလင်းအမိုက်၊
သည်လောဘစရိုက်ကို၊ အမြိုက်သီးအလား၊
အလိုက်ကြီးမှားကြလျှင်၊ ပါယ်လေးပါးယမဘုံတွင်
အိမ်ထောင်စုံဆေးတော်ထိုးရိုး၊ အမျိုးစာရင်းမှန်၊
ရွှေတိုက်တော်လက်ခံနှင့်၊ မပြန်တန်းအဟုတ်၊
ကမ္ဘာနှင့်စာချုပ်၍၊ စုံးစုံးကြီးမြုပ်ကြမည်၊
မဟုတ်ဘူးအထင်နှင့်၊ မယုံလျှင်ကိုယ်တွေ့၊
ဆိုသရွေ့မကဟု၊ လှလှကြီးသိလိမ့်မည်၊
ဇာတ်နိပါတ်သက်သေကို၊ ရှာဖွေကာထုတ်ဆိုလျှင်၊
ပိုအမိုများမည်ကြောင့်၊ တရားသားသက်သက်၊
စကားသွားညက်ညက်နှင့်၊ နားမျက်စိမခိုသာအောင်
လိုရာတွင် ဖြောင့်လိုက်သည်။
သူတို့ဘေး၊ သူတို့ဘိုး၊ သူတို့တိုင်မရိုး၊
တစ်မျိုးလုံး၊ တစ်ဆွေလုံး၊ သူတို့တိုင်မဆုံး၊
တို့တစ်တွေပခုံးမှာ၊ မီးဟုန်းဟုန်းထမတ်၊
တို့လုံ့တို့စွမ်းအံ၊ တို့အပင်ပန်းခံနိုင်လို့၊
ဆန်စပါးပြောင်းနှမ်း၊ ဘူးခရမ်း၊ ပဲအမျိုး
မြေပြင်လုံးမောက်ဖြိုးအောင်၊ တိုးတက်သည့်သဏ္ဌာန်နှင့်၊
လိုရာတိုင်းပြည့်စုံ၊ ကုံလုံကြအသီးသီး၊
ကျောင်းကြီးဆောက်၊ ဘုရားတည်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်တိုင်းလုံးကြွယ်သည့်မှာ၊ ဘယ်သူကအရင်းဟု
စဉ်းစားဖွယ်မရှိ၊ ထင်အလင်းသိပါလျက်၊
သတိပင်မပေါ်၊ မိတ်မတော်စိမ်းကား၊
စိတ်အချော်တိမ်းပါး၍၊ တို့အသား တို့အသည်း၊
တို့အဆီရွှဲရွဲကို၊ ထမင်းပွဲအလယ်၊
အနင့်သားတည်ပြီးလျှင်၊ ရယ်ကာပြုံးကာ၊
အရသာခံ၍၊ လင်မယားတစ်တွေ၊
မြိန်ကြသည့်အနေမှာ၊ မြိန်နေပေ့သူတို့ကိုယ်
မျိုးရက်ပေ့သူတို့ခံတွင်း၊ တို့လုပ်တဲ့ထမင်းနဲ့၊
တို့ဟင်းလျာအသား၊ စားကြသည့်ဖြစ်နဲ့၊
တို့အသည်းနာလိုက်ကဲ့ကွယ်။

**အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်၏ မေတ္တာပို့**

၁။ အရှေ့အရပ်၌နေကြကုန်သော ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျမ်းမာချမ်းသာကြပါစေ။
၂။ အရှေ့တောင်အရပ်၌ . . .
၃။ တောင်အရပ်၌ . . .
၄။ အနောက်တောင် . . .
၅။ အနောက်အရပ်၌ . . .
၆။ အနောက်မြောက် . . .
၇။ မြောက်အရပ် . . .
၈။ အရှေ့မြောက် . . .



၉။ အထက်အရပ် . . .
၁၀။ အောက်အရပ် . . .

**ဈာန်ရအောင် မေတ္တာပွားနည်း**

မေတ္တာဘာဝနာမှ ဈာန်တရား၊ ထိုမှတစ်ဆင့် မဂ်တရားသို့ တက်ရောက်ပုံကို တင်ပြရာတွင်-

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ဋီကာ
၂။ ပဏ္ဍိတဝေဒနီယကျမ်း
၃။ မင်းကွန်းတိပိဋကဆရာတော်၏ မေတ္တာတရား
၄။ ဆရာတော် ဦးဉာဏိဿရ၏ မေတ္တာသုတ္တန်
၅။ ဝန်းသိုဆရာတော်၏ မေတ္တာစေတောဝိမုတ္တိကထာကျမ်း
၆။ မဇ္ဈာစရိယ ဦးဒွေးလှိုင်၏ မေတ္တာဝါဒ။

ကျမ်း (၆) ကျမ်းကို အားကိုးအားထားပြု၍ လိုရင်းအကျဉ်းချုပ်တင်ပြသွားပါမည်။ အပ္ပနာဟုဆိုအပ်သော ဈာန်တရား၊ မဂ်တရားကိုရရှိအောင် ပွားများတော့မည်ဆိုလျှင် မေတ္တာဘာဝနာနှင့်ပတ်သက်သည့် အသေးစိတ်သိဖွယ်ရာများကိုသိရန် လိုလာပေပြီ။ ဦးစွာသိရမည့်အချက်ကား မေတ္တာ၏ အနီးရန်သူနှင့် အဝေးရန်သူ နှစ်မျိုးပင် ဖြစ်ပါတော့သည်။

မေတ္တာ၏ အနီးရန်သူကား တဏှာရာဂပင်ဖြစ်ပါတော့သည်။ ရာဂသည် သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို မြင်တတ်သလို မေတ္တာသည်လည်း သူတစ်ပါး၏ဂုဏ်ကျေးဇူးကို မြင်တတ်သည်။ ဤသို့ ဂုဏ်ကျေးဇူးကို မြင်တတ်ခြင်းအားဖြင့် ရာဂသည် မေတ္တာနှင့်

www.burmeseclassic.com

www.burmeseclassic.com



သဘောတူသောကြောင့် မေတ္တာအတုအယောင်ဆောင်ပြီး ပူးကပ်ကာ ဖျက်ဆီးတတ်သောကြောင့် အနီးကပ်ရန်သူမည်၏။ ထို့ကြောင့်လည်း ဝိသုဒ္ဓိမဂ်ဋီကာဆရာ နေတ္တိအဋ္ဌကထာဆရာများက မေတ္တာမှုခေနဟိရာဂေါ ဝဋ္ဋေတိ။

မေတ္တာကိုအကြောင်းပြု၍ တဏှာရာဂသည် လှည့်ပတ်တတ်၏ဟု သတိပေးတော်မူခဲ့ပါသည်။ သို့ဖြစ်၍ မေတ္တာပွားသူသည် တဏှာရာဂကို အထူးသတိထား၍ ရှောင်ရှားရပါမည်။ မေတ္တာ၏ အဝေးရန်သူကား ဒေါသပင်ဖြစ်ပါသည်။ တဏှာရာဂကဲ့သို့ မေတ္တာပွားများသူကို ဖျက်ဆီးဖို့ရန် မလွယ်ကူသောကြောင့် ဒေါသကိုကား စိုးရိမ်စရာမလိုပေ။ ဒုတိယသိသင့်သောအချက်ကား သေချာခွဲခြား၍ မပွားတတ်လျှင် အပြစ်ရှိတတ်သော ပုဂ္ဂလဒေါသပုဂ္ဂိုလ်များပင် ဖြစ်ပါသည်။

ပုဂ္ဂလဒေါသ (၆) မျိုးကို ဝိသုဒ္ဓိမဂ်၌ ဤသို့ ပြထားပါသည်။

၁။ အပ္ပိယပုဂ္ဂိုလ် = မိမိမချစ်မနှစ်သက်သောသူကို

၂။ အတိပ္ပိယပုဂ္ဂိုလ် = မိမိအလွန်ချစ်သောသူကို

၃။ မဇ္ဈတ္တပုဂ္ဂိုလ် = အလယ်အလတ်ဖြစ်သောသူကို

၄။ ဝေရီပုဂ္ဂိုလ် = ရန်သူကို

ဤပုဂ္ဂိုလ် လေးဦးတို့ကို ရှေးဦးစွာ မေတ္တာမပို့ရ(ဝါ) ရှေးဦးစွာ မေတ္တာမပို့ကောင်း၊ မပို့ကောင်းခြင်းအကြောင်းမှာ ဝေရီပုဂ္ဂိုလ်၌ မေတ္တာမဖြစ်ဘဲ ဒေါသဖြစ်တတ်သောကြောင့်ဖြစ်သည်။ ကြွင်းပုဂ္ဂိုလ်သုံးဦး၌ကား မေတ္တာပို့အစဉ်မကျသောကြောင့်ဟုယူရမည်။ သဋ္ဌ



ပထမံ အဟံသုခိတောဟောမိ နိဒုက္ခောတိဝါ အဝေရောၤ အဗျာပဇ္ဇောစသည်ဖြင့် ဝိသုဒ္ဓိမဂ်၌ မိမိကိုယ်ကိုသာ ဦးစွာပို့ရမည်ဟု ဆိုထားသောကြောင့် ဖြစ်ပေသည်။

အဘယ်အကျိုးငှာ မိမိကိုယ်ကို ရှေးဦးစွာပို့ရသနည်းဆိုသော်–

မိမိကိုယ်ကို သက်သေအရာ၌ထားခြင်းအကျိုးငှာ၊ တစ်နည်း ကိုယ်ချင်းစာတရားထားခြင်းအကျိုးငှာ ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာပို့ရသည်။ ဤကဲ့သို့ မိမိကိုယ်ကို သက်သေအရာ၌ထား၍ (ဝါ) ကိုယ်ချင်းစာတရားထား၍ မေတ္တာပွားခြင်းသည် မငြိုမငြင် မပင်မပန်းချမ်းချမ်းသာသာဖြင့် မေတ္တာဘာဝနာဖြစ်လွယ်ခြင်းအကျိုးကို ရရှိနိုင်ပေသည်။

၅။ သေလေပြီးသောသူကို အချင်းခပ်သိမ်း (ဝါ) ဘယ်တော့မှ မေတ္တာမပို့ရပါ။ မေတ္တာရောက်ဖို့ရန် မလွယ်ကူသောကြောင့်ဟု ယူဆရမည်။

၆။ လိင်္ဂဝိသဘာဂခေါ် လိင်မတူသူကို (ယောက်ျားက မိန်းမကို၊ မိန်းမက ယောက်ျားကို) ဥဒ္ဒိဿရည်စူး၍ မေတ္တာမပို့ရပါ။ တဏှာရာဂဝင်လာမှာစိုးသောကြောင့် တားမြစ်ခြင်းဖြစ်သည်။ မေတ္တာဘာဝနာကို တကယ်နိုင်လာလျှင်ကား တဏှာရာဂမဝင်နိုင်ပါ။ တဏှာရာဂမဝင်လာဖို့သာ အဓိကဖြစ်ပါသည်။ အစဉ်အတိုင်း ပွားများနည်းကို မှတ်မိလွယ်စေရန် မန်လည်ဆရာတော်က မာဃဒေဝလင်္ကာသစ်၌–

မိမိကိုယ်က၊ အဦးစ၍၊ ပိယမဇ္ဈ၊

ဝေရီကျအောင်၊ တစတစ၊ သုံးဝပုဂ္ဂိုလ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နှင့်အတူ၊ အမျှမူ၏ဟူ၍ စပ်ဆိုပြခဲ့သည်။ အဓိပ္ပာယ်မှာ မေတ္တာပွားသူသည် မိမိကိုယ်ကိုသာ ဦးစွာပွားရမည်။ ပြီးလျှင် အချစ်ဆုံးပုဂ္ဂိုလ်ကို ပွားရမည်။ ပြီးလျှင် မချစ်မမုန်း အလယ်အလတ် ပုဂ္ဂိုလ်၊ ထို့နောက် ရန်သူပုဂ္ဂိုလ် ဤကဲ့သို့ အစဉ်ကျအောင် ပွားရမည်ဟု ဆိုလိုသည်။

ကိုယ်နှင့်အတူ အမျှမူ၏ ဟူသောအပိုဒ်ကား ကျယ်ဝန်းသည်။ သိသာရုံရှင်းပြရလျှင် စာဒ္ဒီ သီမာသမ္ဘေဒ=အပိုင်းအခြားကို ကောင်းစွာ ဖျက်ဆီးခြင်းဟူသော စကားတစ်ခွန်းရှိသည်။ အဓိပ္ပာယ်ကား–

၁။ မိမိ

၂။ မိမိချစ်သောသူ

၃။ မချစ်မမုန်း အလယ်အလတ်ရှိသူ

၄။ ရန်သူ

ဤသို့ လေးဦးရှိရာတွင် ဓားပြများက ဤလေးဦးထဲမှ တစ်ဦးကို ကေန်မုချသတ်ရမည်ဖြစ်သောကြောင့် ကြိုက်ရာတစ်ဦး ကို ပေးပါဟု တောင်းလာခဲ့လျှင် ဘယ်သူ့ကိုမှ မပေးနိုင်အောင် မေတ္တာထားနိုင်လျှင် သီမာသမ္ဘေဒ ဖြစ်ပါတော့သည်။ အရပ်စကား နှင့် ပြောရလျှင် မေတ္တာအောင်ပြီဟု ဆိုနိုင်ပါသည်။ ကိုယ်နှင့်အတူ အမျှမူ၏ဟူသောအပိုဒ်ကား ဤအဓိပ္ပာယ်ကို ရည်ညွှန်းပါသည်။

ပါရမီကုသိုလ်ဖြစ် မေတ္တာပွားနည်းကို နိုင်နင်းအောင် ပွားများ လာနိုင်ပြီဆိုလျှင် ဈာန်ရအောင်ပွားများနည်းမှာ မခက်တော့ပါ။ တချို့က ဈာန်ဟုဆိုလိုက်သည့်နှင့် ကောင်းကင်ပျံသောအခြင်းအရာကို သာ မျက်စိထဲမြင်နေကြသည်။ တကယ်ကျ ကောင်းကင်ပျံသည်မှာ



ဈာန်အရာမဟုတ်တော့ဘဲ အဘိညာဉ်အရာဖြစ်သွားပေပြီ။ အဘိညာဉ် ဆိုသည်မှာလည်း ရရှိထားသော ဈာန်ငါးပါးလုံးကို အထက်အောက် အစုန်အဆန် ကျွမ်းကျွမ်းကျင်ကျင် ပွားများနိုင်မှသာ ရရှိသောအရာ ဖြစ်ပေသည်။

မိမိကိုယ်ကို ဦးစွာပွားပြီးသည်နှင့် မိမိအချစ်ဆုံးပုဂ္ဂိုလ်၏ ရုပ်ပုံလွှာကို အာရုံထဲမြင်အောင်ကြည့်ပြီးလျှင်–

ကို...သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ

ဘေးရန်ကင်းပါစေ

စိုးရိမ်ကြောင့်ကြကင်းပါစေ

ဆင်းရဲခြင်းကင်းပါစေ

ချမ်းသာသော ကိုယ်စိတ်ကို ဆောင်နိုင်ပါစေဟူ၍ အထပ်ထပ် အခါခါ အချိန်ရှိသရွေ့ ဆက်တိုက်ပွားများနေရမည်။ ပါရမီအနု အရင့်အလိုက် အနှေးနှင့်အမြန်မှာ တစ်ဦးနှင့်တစ်ဦး တူမည်မဟုတ် ပါ။ ထိုကဲ့သို့ပွားများနေရင်းမှ အောက်ပါ အမှတ်အသားငါးခုနှင့် ညီညွတ်လျှင် ပထမဈာန်ရပြီဟု ဆိုနိုင်ပါသည်။

၁။ မေတ္တာခံပုဂ္ဂိုလ်ကို မပေါ်ထင်၊ ပေါ်ထင်အောင် စိတ်ကူး အာရုံပြု၍ကြည့်ရခြင်း၊ ကြည့်ဖန်များသောအခါ လွယ်လွယ်ကူကူ စိတ်ထဲ၌ ဓာတ်ပုံရိုက်သကဲ့သို့ ပေါ်ထင်လာအောင် စိတ်ကူးရလွယ်ခြင်း။ (ဝိတက်)

၂။ မေတ္တာခံပုဂ္ဂိုလ်၏ ကိုယ်နေပုံဟန် (အာရုံနိမိတ်)ကို ထက်ထက်သန်သန် ဆင်ခြင်စဉ်းစားခြင်း။ (ဝိစာရ)

www.burmeseclassic.com

www.burmeseclassic.com



၃။ ပေါ်ထင်စွဲမြဲလာသဖြင့် ဝမ်းမြောက်တက်ကြွခြင်း၊ ကျေနပ်နေခြင်း။ (ပီတိ)

၄။ စိတ်ချမ်းမြေ့ခြင်း။ (သုခ)

၅။ တခြားသို့ ထွက်မသွားတော့ဘဲ (တခြားစိတ်ကူးမဝင်တော့ဘဲ) ထိုပုဂ္ဂိုလ်အပေါ်၌သာ သက်ဝင်စူးစိုက်၍ တည်ငြိမ်နေခြင်း။ (ဧကဂ္ဂတာ=သမာဓိ) ထိုငါးမျိုးသော အမှတ်အသားတို့ဖြင့် ပြည့်စုံပြီဟုဆိုလျှင် ပထမဈာန်ရပြီဟု မှတ်ယူနိုင်သည်။

## ဒုတိယဈာန်စသည်တက်ပုံ

(၁) ပထမဈာန်။ ။ထိုငါးချက်တွင် အာရုံကို ကြံစည်စိတ်ကူးနေရမှု (ဝါ) မေတ္တာပို့ရမည့်သူကို မပေါ်ပေါ်အောင်ရွေးထုတ်၍ စိတ်ကူးဖြင့် ပုံဖော်နေမှု (ဝိတက်) နှင့် စဉ်းစားဆင်ခြင်နေရသောမှု (ဝိစာရ) ရှိနေသဖြင့် အားမကောင်းတတ်၊ ဈာန်ဝင်စားနေတုန်းဘေးက အသံဗလံစသည် အတိုက်ကြမ်းလာလျှင် ပျက်သွားနိုင်သေး၏။ ယင်းသို့ပျက်သွားသည်ကို ဈာန်မှထသည်ဟုခေါ်သည်။ ထို့ကြောင့် ခိုင်မာအားကောင်းနေတဲ့ ဈာန်စိတ်ဖြစ်အောင် ထိုအာရုံတစ်ခုတည်းကို စွဲစွဲမြဲမြဲ သဲသဲမဲမဲ စူးစိုက်နေအောင် အထပ်ထပ်ပွားများပါ။

(၂) ဒုတိယဈာန်။ ။အာရုံကိုကြံစည်စိတ်ကူးနေမှု၊ စဉ်းစားနေရမှုမရှိတော့ဘဲ ခုအောက်မေ့ကြည့် ခုချက်ချင်းထင်မြင်လာလျှင် ကြမ်းတမ်းသော ဝိစာရမှလွန်မြောက်သွားသည်ဟုဆိုရ၏။ အာရုံကို တမင်ကြောင့်ကြစိတ်ဖြင့် စိတ်ကူးစဉ်းစားပုံဖော်မနေရတော့သဖြင့်



သမာဓိပို၍အားကောင်းလာလိမ့်မည်။ ပီတိသုခများ ရှေးကထက်ပို၍ ထင်ရှားလာလိမ့်မည်။

ဝမ်းမြောက်တက်ကြွမှုပီတိမှာ အထင်ရှားဆုံးဖြစ်ကာ ရှေ့တန်းသို့ထွက်လာလိမ့်မည်။ ဤသည်ပင် ဒုတိယဈာန်ရောက်နေသော အမှတ်အသားများဖြစ်၏။

(၃) တတိယဈာန်။ ။ဝမ်းမြောက်တက်ကြွမှုကိုလည်း ကြမ်းတမ်းသော အရသာဟုမြင်လာပြီးနောက် ဝမ်းမြောက်တက်ကြွနေရမှုကိုပင် မလိုလားဘဲ ထိုမေတ္တာခံပုဂ္ဂိုလ်ကိုသာ အထပ်ထပ်ရှုပွားသောအခါ ပီတိသဘောမရှိ၊ ချမ်းသာမှု (သုခ)နှင့် တည်ငြိမ်နေမှု(သမာဓိ)များသာ ထင်ရှားလာလိမ့်မည်။ တတိယဈာန်သို့ ရောက်နေပြီဟု ဆိုရသည်။

(၄) စတုတ္ထဈာန်။ ။ထို့နောက် စိတ်ချမ်းသာမှုကိုပင် ကြမ်းတမ်းသေးသည်ဟု ထင်မြင်လာကာ ချမ်းသာရမှုကိုပင် မလိုလား။ မေတ္တာခံပုဂ္ဂိုလ်အပေါ် အငြူးအားမထုတ်ရဘဲ အလွယ်တကူအာရုံကျရောက်ရုံသာကျရောက်၍ တည်ငြိမ်နေလိမ့်မည်။ ချမ်းသာဆင်းရဲခြင်းမရှိ၊ ကာမ္မသကတာ အမြင်အရ ချမ်းသာစေလိုခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်းမဖြစ်၊ စူးစူးစိုက်စိုက်အားမစိုက်ရဘဲ ကမ္မံသတ္တေဝိဘဇ္ဇတိ၊ သတ္တဝါသဘော သိရုံသာသိနေလိမ့်မည်။ စတုတ္ထဈာန်၏ အမှတ်အသားပင်တည်း။

(မှတ်ချက်) ဤကား စတုက္ကနည်းဖြင့် ပြထားခြင်းဖြစ်သည်။
ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်သုံးပါးကို
မေတ္တာ၊ ကရုဏာ၊ မုဒိတာ သုံးပါး ပွားရုံဖြင့်ရသည်။
စတုတ္ထဈာန်ကိုကား ဥပေက္ခာကို ပွားနိုင်မှ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဈာန်တရားမှ ဝိပဿနာ (မဂ်ဖိုလ်)သို့

မေတ္တာဈာန်ဝင်စားသူသည် အာရုံတစ်ခုတည်းအပေါ်၌ အကြိမ်ပေါင်း ထောင်သောင်းချီ၍ ထိုသူ ချမ်းသာကြီးပွားစေလိုသောစိတ်ဖြစ်နေ၏။ ထိုစိတ်ကို ဈာန်စိတ် မဟဂ္ဂုတ်စိတ်ဟုခေါ်သည်။ ထိုစိတ်ဖြစ်ပေါ်စေရန် သမာဓိစတင်မွေးမြူသော မူလမေတ္တာစိတ်မှာ ကာမာဝစရကုသိုလ်စိတ်ဖြစ်သည်။ အပြင်အဖျက်အဆီး အာရုံတစ်စုံ တစ်ခုကြောင့်ဖြစ်စေ ဝိပဿနာရှုရန်အလို့ငှာဖြစ်စေ ဈာန်ဝင်စားခြင်းမှ ရပ်စဲသွားသည်ကို ဈာန်မှထသည်ဟုခေါ်သည်။

ဈာန်မှထလျှင် မဟဂ္ဂုတ်စိတ်အစား ကာမာဝစရကုသိုလ်စိတ် ပြန်၍ဖြစ်လာသည်။ ဝိပဿနာရှုပွားခြင်းသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး မြင်အောင်ရှုပွားခြင်းဖြစ်သည်။ ပဋ္ဌာန်းပါဠိတော်၌ ဈာန်မှဝိပဿနာကူးပြောင်းပုံကို ဈာနာဝုဋ္ဌဟိတွာ ဈာနံပစ္စဝေက္ခတိ ...ဝိပဿတိ=ဈာန်မှာထပြီးလျှင် ထိုဝင်စားသော ဈာန်ကိုပင် ဆင်ခြင်ပြီးနောက် လက္ခဏာရေးသုံးပါး ရှုရမည်ဟု ပြသည်။

ဈာန်မှထပြီးလျှင် ထိုဈာန်စိတ်ကိုပင် ဝိပဿနာရှုသည် ဆိုခြင်းမှာ ဈာန်ဝင်စားလိုက်၊ ထိုဝင်စားသောဈာန်ကိုပင် ဝိပဿနာရှုလိုက် လုပ်ရခြင်းဖြစ်သည်။ ဈာန် (သမထ)နှင့် ဝိပဿနာကိုတွဲ၍တွဲ၍ ရှုပွားရသောနည်းဖြစ်သဖြင့် ယုဂနဒ္ဓ=ထမ်းပိုးထမ်းရှုနည်းဟု ခေါ်သည်။ မေတ္တာဈာန်မှာ အေးမြချမ်းသာလှသဖြင့် တချို့သော



ယောဂီများ ဝိပဿနာသို့ကူးမည်ဆိုလျှင် မကူးချင်ဘဲ ဖြစ်နေသည်ကို တွေ့ရသည်။

ရှေ့စိတ်သွားဘိ
နောက်စိတ်သိ
သိတိုင်း ကိလေ[illegible]င်

ဟူသော လင်္ကာအတိုင်း ဈာန်စိတ်က ရှေ့ကဖြစ်သွားလျှင် ဝိပဿနာစိတ်က နောက်ကလိုက်သိနေရမည်။ ဈာန်မှထပြီး ဝိပဿနာ ရှုသောအခါ ထိထိမိမိမရှိလျှင်၊ ကိုယ်စိတ်ပင်ပန်းလာလျှင် အသိ၊ အမှတ်၊ အရှု ကျဲနေသေးလျှင် မူလဈာန်ကိုပင် ပြန်၍ဝင်စားပါ။ ဈာန်နှင့်ဝိပဿနာတွဲရှုပွားသွားလျှင် ချမ်းသာပါစေဟု နှလုံးသွင်းနေသော ဈာန်စိတ်ကတခြား၊ နောက်ကလိုက်ရှုနေသော ရှုသိစိတ်က တခြားဖြစ်နေသည်ကို သဲသဲကွဲကွဲတွေ့မြင်လာမည်။

တဖန် ထိုကြဲသိသောစိတ်သည် ဤရုပ်ကိုယ်၌ပင် မှီတွယ်နေပုံ၊ ရုပ်တခြားနာမ်တခြားဖြစ်ပုံ (နာမရူပ ပရိစ္ဆေဒ) စသည် အသိအမြင်များရှင်း၍ ရှင်း၍လာလိမ့်မည်။ ပုတီးနှင့် ပုတီးအတွင်း၌ သီထားသောကြိုး နှစ်မျိုးလုံးကိုပင် အတူတကွရှိနေသော်လည်း တခြားစီပင်ဖြစ်ကြောင်းဖြင့် မြင်နေရသကဲ့သို့ မြင်ရမည်။

ထိုအခါ ချမ်းသာပါစေဟု ပုဂ္ဂိုလ်တစ်ခုံတစ်ဦး၊ သတ္တဝါတစ်စုံတစ်ဦးကို အာရုံယူ၍ရှုပွားနေသော မေတ္တာလုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



ပညတ်အားဖြင့် လူကောင် နတ်ကောင် အကောင်အထည်ဖြင့် မတည်၊ မွှားပို့ရသော်လည်း ဒိဋ္ဌိဥအနုပဂမှုဟု ဟောတော်မူသည် အတိုင်း ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တ၊ လိပ်ပြာ၊ ကာရက၊ ဝေဒက၊ ဖန်ဆင်းသူ၊ သိသူမရှိ၊ ရုပ်နာမ်တရားတို့ ကြောင်းကျိုးဆက်သွယ်နေခြင်းမျှသာပါတကားဟု အလိုလိုနားလည် သွားစေ၏။ အတ္တဒိဋ္ဌိကွာလေပြီ။

ထိုသို့ဈာန်စိတ်မျှလောက်ကိုသာမက ထိုဈာန်စိတ်နှင့်အတူ တကွဖြစ်နေသော ဝေဒနာ၊ သညာ စသော သဘောများနှင့် ထိုဈာန်စိတ်ကြောင့်ဖြစ်ပေါ်လာသော ရုပ်နာမ်တရားများကိုလည်း အသိဉာဏ်ရှင်းရာ ရှင်းရာ ရှုမှတ်နိုင်သည်။ ဈာန်စိတ်ကြောင့် ဖြစ်ပေါ်နေသော ရုပ်တရားများသည် တစ်ချိန်ထက်တစ်ချိန် နုပျို သွက်လက်၍နူးညံ့လာ၏။ စင်ကြယ်သန့်ရှင်း၍လာ၏။ ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်တိုက်တွန်းမှု၊ လုံ့လပြုမှုစသည်တို့လည်း ဈာန် စိတ်နှင့်အတူတကွ ပူးတွဲဖြစ်ပေါ်နေသဖြင့် ခန္ဓာငါးပါးလုံးပင် ပေါ့ပါး သွက်လက် ကြည်လင်နေတော့သည်။

ဈာန်ဝင်စားမှုကို ရပ်ဆိုင်းပြီးနောက် တစ်ကိုယ်လုံး (ခန္ဓာ ငါးပါးလုံး) ပေါ်ရာပေါ်ရာကို အနိစ္စစသည် ရှုကြည့်ခြင်းကိုပင် ဈာန်မှ ဝိပဿနာသို့ ကူးပြောင်းရှုပွားခြင်းမည်ပါတော့သည်။ ပိဋကသုံးပုံကို အနှစ်ချုပ်လျှင် သီလ၊ သမာဓိ၊ ပညာဟူ၍ သုံးပါးသာ ရသည်။ နံပါတ်တစ် သီလစင်ကြယ်ပြီးလျှင် ယောဂီတို့ အမြဲတစေ



ပြုလုပ်ရမည့်အလုပ်ကား သမာဓိအလုပ်ပင်ဖြစ်ပါသည်။ သမာဓိ အားကောင်းလာသည်နှင့်အမျှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟု ဆိုအပ်သော ပညာသည် အလိုလိုရောက်လာရမည် ဖြစ်ပါသည်။

လူ နတ် ဗြဟ္မာ သတ္တဝါအားလုံး
စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ။
မေတ္တာစိတ်ဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ။

မေတ္တာရှင်(ရွှေပြည်သာ)

ဦးဇဝန
မန္တလေးကျောင်းတိုက်
(၆)ရပ်ကွက်၊ သံလွင်လမ်း၊
ရွှေပြည်သာမြို့၊ ရန်ကုန်။